နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

**ကမ္ဘာဦးကျမ်းကို
ကြည်လင်ပြတ်သားစွာ
လေ့လာခြင်း
အတွဲ (၁)**

**CRYSTALLIZATION-
STUDY OF
GENESIS**

**Volume One**

# The Holy Word For Morning Revival

# 2013 Summer Training

## CRYSTALLIZATION-STUDY OF GENESIS

# ကမ္ဘာဦးကျမ်းကို ကြည်လင်ပြတ်သားစွာလေ့လာခြင်း


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁ | *ဘုရားသခင်၏စဉ်းစားခြင်းအလယ်မဟုတ်* | |
| | Outline | ၅ |
| | Day 1 | ၁၄ |
| ၂ | ဘုရားသခင်၏အကြံအစည်တော်ကို ပြည့်စုံစေခြင်းအတွက် ခရစ်တော်၌ဖန်ဆင်းခြင်း | |
| | Outline | ၃၄ |
| | Day 1 | ၄၁ |
| ၃ | *ကမ္ဘာဦး၊၁ ၌ ပုံဖော်ပြသထားသည့် အသက်တည်းဟူသောခရစ်တော်ကို တွေ့ကြုံခံစားခြင်း* | |
| | Outline | ၆၀ |
| | Day 1 | ၆၈ |
| ၄ | **ဘုရားသည် ကိုယ်တော်၏ထင်ရှားခြင်းအတွက် သူ၏ပုံသဏ္ဍာန်တော်၌ လူကိုဖန်ဆင်းခြင်း** | |
| | Outline | ၈၇ |
| | Day 1 | ၉၄ |
| ၅ | ***အုပ်စိုးခြင်း – ရန်သူကိုသိမ်းပိုက်၍ မြေကြီးကို ပြန်လည်ရယူပြီး၊ မြေကြီးပေါ်တွင် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ခြင်း*** | |
| | Outline | ၁၁၃ |
| | Day 1 | ၁၂၀ |
| ၆ | *အသက်ပင်နှင့် ကောင်းမကောင်းသိကျွမ်းရာအပင်* | |
| | Outline | ၁၃၉ |
| | Day 1 | ၁၄၇ |

**Summer Training**
**(July 1-6, 2013)**

# CRYSTALLIZATION-STUDY OF GENESIS

# ကမ္ဘာဦးကျမ်းကို ကြည်လင်ပြတ်သားစွာလေ့လာခြင်း

## ဆောင်ပုဒ်

ဘုရားသခင်သည် လူကို သူ၏သဏ္ဍာန်၌ သူနှင့်တညီတည်း
ဖန်ဆင်းရခြင်း၏ရည်ရွယ်ချက်မှာ ကိုယ်တော့်ကို အသက်အဖြစ်ရရှိ၍၊
ဘုရားဂုဏ်အင်္ဂါတော်များ၌ ဘုရားသခင်ကိုယ်တော်တိုင်ကို
ထင်ရှားရန်ဖြစ်ပြီး၊
ဘုရားသခင်မှ လူကို အုပ်စိုးခြင်းအခွင့်အာဏာပေးအပ်ရခြင်း၏
ရည်ရွယ်ချက်မှာ ဘုရားသခင်၏ရန်သူကို နှိမ်နင်း၍၊
မြေကြီးကို ပြန်လည်ရယူကာ၊ မြေကြီးပေါ်တွင်
ဘုရားသခင်၏အခွင့်အာဏာအုပ်စိုးခြင်းရှိစေရန်ဖြစ်သည်။

ဘုရားသခင်၏ထာဝရစီမံကိန်းအလယ်ဗဟိုဖြစ်သည့် အသက်ပင်သည်
သုံးပါးတစ်ပါးဘုရား၏ကိုယ်ထင်ရှားခြင်းဖြစ်သော
ခရစ်တော်ကို ပုံဆောင်ပြီး၊
ယင်းသည် ဘုရားသခင်ကို စုပေါင်းထင်ရှားရန်အတွက်
ထည့်စရာခွက်ဖြစ်သည့် သုံးပိုင်းရှိလူသားအဖို့
အသက်နှင့် အသက်မစရာဖြစ်သည်–
ဤသည်မှာ ဘုရားသခင်၏စဉ်းစားခြင်းအလယ်ဗဟိုဖြစ်သည်။

ဘုရားသခင်၏လူများအနေနှင့် ဘုရားသခင်ကိုချစ်၍၊
သူ၏နှုတ်ကပတ်တော်၌ သူနှင့်မိတ်သဟာယဖွဲ့ရန် အချိန်ယူလျှင်၊
ဘုရားသခင်သည် သူ၏ဘုရားသဘောသဘာဝတို့ကို
ထိုသူတို့အထဲသို့ သွတ်သွင်းပေးကာ၊
သူ၏အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်းအတိုင်းဖြစ်စေပြီး၊
သူ၏ဇနီးအဖြစ် သူနှင့်အတူတစ်လုံးတစ်ဝတည်းဖြစ်စေမည်ဖြစ်သည်။

**မိန်းမ၏ အမျိုးအနွယ်ဟူသည်–**
**ကားတိုင်ပေါ်တွင် သူ၏ အသေခံခြင်းအားဖြင့် မြွေ၏ ခေါင်းကို**
**ကြိတ်ခဲ့သော တစ်ဦးချင်းဆိုင်ရာခရစ်တော်ဖြစ်၍၊–**
**ဘုရားသခင်၏ ရန်သူကို ချေမှုန်းအောင်မြင်ကာ၊**
**ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာပြီး၊**
**ကိုယ်တော်၏ ထာဝရအကြံအစည်တော်ကို ပြီးမြောက်စေမည့်**
**ဦးခေါင်းတော်တည်းဟူသောခရစ်တော်နှင့်**
**ကိုယ်ခန္ဓာတော်တည်းဟူသော အောင်မြင်သောယုံကြည်သူများ**
**ပါဝင်သော သားယောက်ျားဖြစ်သည့်**
**စုပေါင်းထားသောခရစ်တော်လည်းဖြစ်သည်။**

September, 2013

## ဘုရားသခင်၏စဉ်းစားခြင်းအလယ်ဗဟို

ဖတ်ရန်ကျမ်း။ ကာ၊၁း ၂၆။ ၂း၇–၁၀၊ ၁၈–၂၅။ ဗျာ၊ ၂၂း၁–၂။ ၂၁း ၂၉–၁၀၊၁၈–၂၁

*Day 1* **I. ဘုရားသခင်၏ အလိုဆန္ဒနှင့် အကြံအစည်မှာ သူ၏ သဏ္ဍာန်တော်ကို ထင်ရှားပြီး၊ သူ၏ အခွင့်အာဏာတော်ကို ကိုယ်စားပြုမည့် စုပေါင်းထားသောလူကို ရရှိရန်ဖြစ်သည်။ လူသည် ဘုရားသခင်ကို ထင်ရှားနိုင်ရန်နှင့် ကိုယ်စားပြုနိုင်ရန်အတွက်၊ အသက်ပင်အားဖြင့် ပုံဆောင်ထားသောဘုရားသခင်ကို သူ၏ အသက်အဖြစ် ရရှိရမည်ဖြစ်သည် (ကာ၊၁း ၂၆။ ၂း၈–၉။ ရော၊၈း ၂၈–၂၉။ ၂ကော၊၃း၁၆–၁၈။ ရော၊ ၅း၁၀၊၁၇၊ ၂၁။ ၁၆း ၂၀)။**

*Day 2* **II. သန့်ရှင်းသောသမ္မာကျမ်းစာ၏ ဘုရားဆိုင်ရာဖွင့်ပြခြင်းအစဖြစ်သည့် ဒေဝ်ဥယျာဉ်နှင့်ဆိုင်သောဖွင့်ပြခြင်းနှင့် ဘုရားဆိုင်ရာဖွင့်ပြခြင်းအဆုံးဖြစ်သည့် ယေရုရှလင်မြို့သစ်နှင့်ဆိုင်သောဖွင့်ပြခြင်းတို့သည် တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်လျက်ရှိသည်။ ဤသမ္မာကျမ်းစာနှစ်ပိုင်းလုံး၏ ဖွင့်ပြချက်မှာ ဘုရားသခင်၏ စဉ်းစားခြင်းအလယ်ဗဟို၊ ဘုရားဖွင့်ပြခြင်း၏ ဗဟိုလမ်းကြောင်းဖြစ်၍၊ သန့်ရှင်းသောသမ္မာကျမ်းစာကို အနက်အဓိပ္ပါယ်ကောက်ခြင်းနှင့် နားလည်ခြင်းတို့ကို ထိန်းချုပ်ထားသောအခြေခံသဘောတရားဖြစ်သည်။**

- က။ ကမ္ဘာဦး အခန်း ၁နှင့် ၂ သည် ဘုရားဆိုင်ရာ အဆောက်အအုံကို ရရှိရန် ဘုရားသခင်ကိုယ်တိုင် စနစ်တကျစီမံ ရေးဆွဲထားသော အဆောက်အအုံ၏ အသေးစိတ်ပုံစံဖြစ်သည် (ဟေဗြဲ၊၁၁း၁၀။ ၁ကော၊၃း၉)။
- ခ။ ကမ္ဘာဦး အခန်း ၃ မှ ဗျာဒိတ် အခန်း ၂၀ အထိသည် တည်ဆောက်ခြင်းဖြစ်စဉ်အဆင့်ဆင့်ဖြစ်သည်။
- ဂ။ ဗျာဒိတ် အခန်း ၂၁ နှင့် ၂၂ သည် သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းဖြစ်သည့် ဆောက်လုပ်ပြီးစီးသွားသော အဆောက်အအုံ၏ ဓါတ်ပုံဖြစ်သည်။

*Day 3* **III. ကမ္ဘာဦးအခန်း၁–၂နှင့် ဗျာဒိတ်အခန်း၂၁–၂၂ နှစ်ခုလုံးတွင် ရှင်သန်သောအရာလေးခုကို တွေ့ရပြီး၊ ထိုအရာတို့သည် ဘုရားသခင်**

**၏ အကြံအစည်တော် ပြီးပြည့်စုံရန် ကိုယ်တော်ယူဆောင်သည့် လုပ်ငန်းစဉ်နည်းလမ်းများဖြစ်သည်။**

က။ ဘုရားသခင်၏ ထာဝရစီမံကိန်းအလယ်ဗဟိုဖြစ်သော အသက်ပင်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သောခရစ်တော်ကို ပုံဆောင်၍၊ ယင်းသည် ဘုရားသခင်ကို စုပေါင်းထင်ရှားရန်အတွက် ထည့်စရာခွက်ဖြစ်သည့် သုံးပိုင်းရှိလူသားအဖို့ အသက်နှင့် အသက်မစရာဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ စဉ်းစားခြင်းအလယ်ဗဟိုဖြစ်သည် (က၊ ၂း၇–၉။ ဗျာ၊ ၂၂း ၂။ cf. က၊၃း ၂၄။ ယေဇ၊၁း ၂၈။ ၁ကော၊၁း၃၀။ ဧ၊၃း၁၀။ ဗျာ၊ ၂၁း ၁၉–၂၀)။

၁။ “ကိုယ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏ အလင်းဖြစ်၏။ ထိုအလင်းသည် မှောင်မိုက်၌ထွန်းလင်း၍၊ မှောင်မိုက်သည် ထိုအလင်းကို မအောင်နိုင်ခဲ့ပေ”(ယော၊၁း၄–၅)။

၂။ “ငါသည် ...အသက်ဖြစ်၏” (၁၄း၆။ cf.၁၅း၅)

၃။ “ငါမူကား၊ သိုးတို့သည် အသက်ရရုံမျှမက၊ အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှါ လာသတည်း” (၁၀း၁၀ခ)။

၄။ “ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသော အသီးကို သီးတတ်၏” (၁၂း၂၄)။

၅။ “ယေရှုကလည်း၊ ဘုရားသခင်၏ ဆုကျေးဇူးကိုလည်းကောင်း၊ ငါသောက်ဖို့ ရေပေးပါဟု ဆိုသောသူကား အဘယ်သူဖြစ်သည်ကိုလည်းကောင်း၊ သင်သည် သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်ဟု ပြန်၍ မိန့်တော်မူသော်၊ ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သောစမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏” (၄း၁၀၊၁၄)။

၆။ “ငါသည် အသက်မုန့်ဖြစ်၏။ ...ငါ့ကိုစားသောသူသည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်။ ...ဝိညာဉ်တော်သာလျှင် အသက်ပေး၏။ အသွေးအသားသည် အလျှင်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏” (၆း၃၅၊၅၇၊၆၃)။

၇။ “ယခုတွင် နောက်ဆုံးဖြစ်သောအာဒံမူကား၊ အသက်ပေးသော ဝိညာဉ်တော်ဖြစ်၏” (၁ကော၊၁၅း၄၅ခ)။

၈။ “အသက်၏ဝိညာဉ်တော်တရားသည် အပြစ်တရားနှင့် သေခြင်းတရား၏လက်မှ ငါ့ကို ခရစ်တော်ယေရှု၌ ကယ်လွှတ်ပြီ” (ရော၊၈း၂)။

၉။ “ခရစ်တော်သည် သင်တို့အထဲ၌ရှိတော်မူလျှင်၊ ကိုယ်ခန္ဓာသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း၊ ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ဖြစ်၏” (အငယ်၊၁၀)။

၁၀။ “အသိဉာဏ်ကို အသွေးအသားအပေါ် ထားရှိခြင်းသည် သေခြင်းဖြစ်၏။ သို့သော် အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိခြင်းသည် အသက်နှင့် ငြိမ်သက်ခြင်းဖြစ်၏” (အငယ်၊၆။ cf. ၁ကော၊၆း၁၇)။

၁၁။ “ထိုမျှမက ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသောဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသောဘုရားသခင်သည် သင်တို့အထဲ၌ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သောသင်တို့၏ကိုယ်ခန္ဓာကိုလည်း အသက်ပေးတော်မူမည်” (ရော၊၈း၁၁)။

၁၂။ “မိမိတို့၏ဝတ်ရုံကို ဆေးကြောသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် အသက်ပင်နှင့်ဆိုင်၍၊ မြို့တံခါးအားဖြင့် မြို့အထဲသို့ ဝင်ရကြလတံ့” (ဗျာ၊၂၂း၁၄။ cf. ဆာ၊၅၁း၂၊၇၊၁၀၊၁၂)။

၁၃။ “အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ဘုရားသခင်၏ပရဒိသုဘုံ၌ရှိသော အသက်ပင်ကို စားစေခြင်းငှါ ငါအခွင့်ပေးမည်” (ဗျာ၊၂း၇။ cf. ယော၊၆း၅၇၊၆၃။ ယော၊၁၅း၁၆။ ယော၊၁၅း၁၊၅၊၇။ ၈း၃၁)။

၁၄။ “ပဋိညာဉ်တရားသစ်၏ အမှုဆောင်များဖြစ်နိုင်သော အစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အား ပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရား၏ အမှုဆောင်များကို မဆိုလို၊ ဝိညာဉ်တော်၏ အမှုဆောင်များကို ဆိုလို၏။ ကျမ်းဟောင်း

တရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကို ပေး၏" (၂ကော၊၃း၆၊ cf.ဂ–၉။ ၅း၂၀)။

၁၅။ "ညီအစ်ကိုချင်းသည် သေပြစ်မသင့်သောအပြစ်ကို ပြုမိသည်ကို တစ်စုံတစ်ယောက်သောသူသည် မြင်လျှင်၊ ထိုသူသည် ဆုတောင်းရမည်။ သေပြစ်ကိုမပြုသောသူတို့အဖို့အလို့ငှါ၊ တောင်းလျှောက်သောသူသည် ထိုသူအား အသက်ကို ပေးလိမ့်မည်" (၁ယော၊၅း၁၆)။

***Day 4***

ခ။ မြေကြီး၏အရပ်လေးမျက်နှာသို့ စီးဆင်းသောမြစ်သည် အရပ်မျက်နှာတိုင်းရှိ လူတို့ထံသို့ ရောက်ရှိရန် အရင်းအမြစ်နှင့် အလယ်ဗဟိုတည်းဟူသော အတုမရှိသောဘုရားအထံတော်မှ စီးဆင်းနေသည့် ပေါများကြွယ်ဝသောအသက်တည်းဟူသော အသက်ရေစီးရာမြစ်ကို ပုံဆောင်သည် (က၊၂း၁၀)။

၁။ ဘုရားသခင်နှင့် သိုးသူငယ်၏ပလ္လင်တော်ထဲက ထွက်သော အသက်ရေစီးရာမြစ်သည် အသက်ရေအားဖြင့် ပုံဆောင်သော ဘုရားသခင်၊ သိုးသူငယ်နှင့် ဝိညာဉ်တော်တည်းဟူသောသုံးပါးတစ်ပါးဘုရားသည် သူ၏ဦးခေါင်းအရိုက်အရာအောက်တွင် ရွေးနုတ်ခံလူများအထဲသို့ သူကိုယ်တော်တိုင်ကို မည်သို့ဝေငှဖြန့်ဖြူးပေးနေကြောင်း ဖော်ပြခြင်းဖြစ်သည် (ဗျာ၊၂၂း၁)။

၂။ ရွှေစင်ဖြင့်ပြီးသော(၂၁း၂၁) "မြို့လမ်းမအလယ်၌"စီးသော အသက်ရေစီးရာမြစ် (အငယ်၊၁)မှာ ဘုရားသဘောသဘာဝ၌ စီးဆင်းသောဘုရားအသက်သည် ဘုရားရွေးနုတ်ခံလူများ၏နေ့စဉ်အသက်တာအတွက် တုနှိုင်းရာမဲ့သောလမ်းဖြစ်ကြောင်း ပုံဆောင်သည် (၂ပေ၊၁း၄။ ယော၊၄း၂၄။ ၁ယော၊၄း၈၊၁၆။ ၁း၅)။

၃။ ထာဝရအသက်၏မိတ်သဟာယ (အငယ်၊၃)ဆိုသည်မှာ ယုံကြည်သူများအားလုံးအတွင်း၌ ထာဝရအသက်စီးဆင်းခြင်းဖြစ်ပြီး၊ ၎င်းကို ယေရုရှလင်မြို့သစ်ရှိ အသက်ရေစီးဆင်းခြင်းအားဖြင့် ပုံဖော်ပြထားသည် (ဗျာ၊၂၂း၁)။

၄။ အောက်ပါကျမ်းပိုဒ်များက ကျွန်ုပ်တို့သည် စီးဆင်းနေသော

သုံးပါးတစ်ပါးဘုရားကို မည်သို့မွေ့လျော်ဝမ်းမြောက်ရမည် ဖြစ်ကြောင်း ပြသထားသည်–ယော၊ ၂း၁၃။ ဆာ၊ ၃၆း၈–၉။ ယော၊ ၇း၃၇–၃၉။ ထွ၊ ၁၇း၆။ ‌ေတာ၊ ၂၀း၇–၈။ ၁ကော၊ ၁၂း ၃ခ၊ ၁၃။ ယေဇ၊ ၄၇း၁–၉။

*Day 5*

ဂ။ မြစ်၏စီးဆင်းခြင်းသည် ရွှေ၊ ဗဒေလသစ်စေးနှင့် မဟူရာရောင်ဝင်ကျောက် (ရှဟံကျောက်) တည်းဟူသော အဖိုးတန်ပစ္စည်းသုံးမျိုးကို ထွက်ပေါ်စေသည် (က၊ ၂း၁၀–၁၂)။

၁။ ဤပစ္စည်းများမှာ ဘုရားသခင်၏ထာဝရအဆောက်အအုံ တည်ဆောက်ခြင်း၌ အခြေခံဒြပ်သဘာဝများဖြစ်သည့် သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည်။ ယေရုရှလင်မြို့သစ်ကို ဤပစ္စည်းအမျိုးအစားသုံးမျိုးဖြင့် တည်ဆောက်ထားသည် (ဗျာ၊ ၂၁း၁၈–၂၁)။

(က) ရွှေသည် (ဘုရားသခင်၏ခေါ်တော်မူခြင်းအားဖြင့် လူပါဝင်ဆက်ဆံနိုင်သည့်) ဘုရားသဘောသဘာဝနှင့် အတူ ခမည်းတော်ဘုရားကို ပုံဆောင်သည်။ ယင်းသည် ဘုရားသခင်၏ထာဝရအဆောက်အအုံ၏ အခြေ ဖြစ်သည် (၂ပေ၊ ၁း၃–၄)။

(ခ) သစ်ပင်၏အစေးမှ ထုတ်လုပ်သောပစ္စည်းဖြစ်သည့် ပုလဲနှင့်တူသောဗဒေလသစ်စေးသည် ကိုယ်တော်၏ ရွေးနုတ်ခြင်း၊ အသက်လွတ်မြောက်စေသော အသေခံခြင်းနှင့် အသက်ပေးဝေသောရှင်ပြန်ထမြောက်ခြင်းတို့၌ သားတော်ဘုရားထုတ်လုပ်ခဲ့သောအရာကိုပုံဆောင်သည်။ ယင်းသည် ဘုရားသခင်၏ထာဝရအဆောက်အအုံ အထဲသို့ ဝင်ပေါက်ဖြစ်သည် (ယော၊ ၁၉း၃၄။ ၁၂း၂၄။ ၁ပေ၊ ၁း၃။ ဗျာ၊ ၂၁း၂၁)။

(ဂ) အဖိုးတန်ကျောက်ဖြစ်သည့် မဟူရာရောင်ဝင်ကျောက်သည် ဘုရားသခင်၏ထာဝရအဆောက်အအုံတည်ဆောက်ခြင်းအတွက် ပုံသဏ္ဌာန်ပြောင်းလဲပေးသော အလုပ်နှင့်အတူ ဝိညာဉ်တော်ဘုရားထုတ်လုပ်ပေးသောအရာကို ပုံဆောင်သည် (၂ကော၊ ၃း၁၈)။

၂။ လူ၌ ဘုရားအသက်၏ စီးဆင်းခြင်းသည် လူအထဲသို့ ဘုရားသဘောသဘာဝကို ယူဆောင်လာပြီး (၂ပေ၊၁း၄)၊ လူကို အသစ်မွေးဖွားပေးကာ (၁ပေ၊၁း၃)၊ ခရစ်တော်၏ ဘုန်းထင်ရှားသောသဏ္ဌာန်တော်သို့ ပုံသဏ္ဌာန်ပြောင်းလဲပေးသည် (၂ကော၊၃း၁၈)။ ထို့ကြောင့် မြေမှုန့်ဖြင့် ဖန်ဆင်းခံခဲ့ရသောလူသည် (က၊၂း၇) ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ပုံသဏ္ဌာန်ပြောင်းလဲခံရသည့် အဖိုးတန်ပစ္စည်းများဖြစ်လာကာ၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည်။

၃။ အသက်၌ ပုံသဏ္ဌာန်ပြောင်းလဲလာခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များ ဖြစ်လာကြသည် (၁ကော၊၃း၁၂)။

(က) ဤပစ္စည်းများနှင့်အတူ တည်ဆောက်နိုင်ရန်အတွက်၊ ကျွန်ုပ်တို့ကိုယ်တိုင်သည် ၎င်းတို့နှင့်စေ့စပ်ထုံးဖွဲ့ခြင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခမည်းတော်ဘုရား၏ သဘောသဘာဝ၊ သားတော်ဘုရား၏ ရွေးနှုတ်ခြင်းနှင့် ဝိညာဉ်တော်ဘုရား၏ ပုံသဏ္ဌာန်ပြောင်းလဲပေးခြင်းတို့၌ ကြီးထွားရန်လိုအပ်သည်။ ဤကြီးထွားမှုသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များဖြစ်စေသည် (အငယ်၊ ၁၂၊ ၁၆–၁၇)။

(ခ) ကျွန်ုပ်တို့သည် ခရစ်တော်ကို စားသုံးခြင်းအားဖြင့် ဝိညာဉ်ဆိုင်ရာအစာကြေစေခြင်း၊ တစ်သားတည်းဖြစ်လာခြင်းနှင့် ကိုယ်တွင်းဓါတ်သဘောသဘာဝများ ပြောင်းလဲခြင်းဖြစ်စဉ်တို့နှင့်အတူ၊ ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်လာကြသည်။ ထိုအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် အဖိုးတန်ပစ္စည်းများဖြစ်လာကြသည် (ယော၊၆း၅၇။ ဧ၊၃း၁၇။ ဂလ၊၄း၁၉)။

၄။ ဘုရားသခင်၏ ထာဝရပန်းတိုင်မှာ တုနှိုင်းရာမရှိသောတိုက်မြစ်ဖြစ်သည့် ခရစ်တော်ပေါ်တွင် အဖိုးတန်ပစ္စည်းများနှင့် ထပ်ဆင့်တည်ဆောက်ထားသည့် ဗိမာန်တော်တည်းဟူသော အဆောက်အအုံဖြစ်သည် (၁ကော၊၃း၁၁–၁၂၊၁၆–၁၇)။

(က) ဘုရားအသက်၌ ကြီးထွားခြင်းသည် ဘုရားသခင်၏ ကိန်းဝပ်နေထိုင်ရာနေရာကို တည်ဆောက်ခြင်းအတွက် အဖိုးတန်ပစ္စည်းများကို ထွက်ပေါ်စေသည်။ ဤကိန်းဝပ်နေထိုင်ရာနေရာဖြစ်သော အသင်းတော်သည် အကန့်အသတ်မရှိသောခရစ်တော်၏ တိုးပွားခြင်း၊ ကြီးမားကျယ်ပြန့်ခြင်းဖြစ်သည်(ဧ၊၂း၂၁–၂၂။ယော၊၃း၂၉–၃၄)။

(ခ) ဦးဆုံးအနေဖြင့် အသက်၌ ကြီးထွားရန်အတွက် ကျွန်ုပ်တို့တွင် လယ်ယာရှိ၍၊ ထို့နောက် ဘုရားသခင်၏ ထာဝရအကြံအစည်တော်အတွက် အဆောက်အအုံရှိသည် (၁ကော၊၃း၉။ မ၊၁၆း၁၈။ ဧ၊၂း၂၀–၂၂။ ၄း၁၆)။

၅။ ဘုရားသခင်၏ အိမ်တော်တည်းဟူသော အသင်းတော်ကို အမှန်တကယ် တည်ဆောက်ခြင်းသည် ယုံကြည်သူများ၏ အသက်၌ ကြီးထွားခြင်းအားဖြင့် ဖြစ်သည် (၁ကော၊၃း၆–၇၊၁၆–၁၇။ ဧ၊၂း၂၀–၂၁။ ၁ပေ၊၂း၂–၅)။

(က) စစ်မှန်သောတည်ဆောက်ခြင်းသည် အသက်၌ ကြီးထွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့တည်ဆောက်ခံရသည့် အတိုင်းအတာမှာ ကျွန်ုပ်တို့ကြီးထွားသည့် အတိုင်းအတာပင်ဖြစ်သည်။

(ခ) စစ်မှန်သောတည်ဆောက်ခြင်းရှိနိုင်ရန်အတွက် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ဆုတ်လျော့စေခြင်းနှင့် ခရစ်တော်ကို ကျွန်ုပ်တို့အတွင်း၌ တိုးပွားစေခြင်းအားဖြင့် ကြီးထွားရန် လိုအပ်သည် (မ၊၁၆း၂၄။ ဧ၊၃း၁၇)။

**Day 6**

ဃ။ ဘုရားသခင်သည် သူ၏ အကြံအစည်တော်ကို ပြည့်စုံစေသည့် လုပ်ငန်းစဉ်နောက်ဆုံးအဆင့်မှာ သူကိုယ်တော်တိုင်ကို လူအထဲသို့ အလုပ်လုပ်ခြင်းအားဖြင့် လူအား ကိုယ်တော်နှင့်လိုက်ဖက်ညီသော အဖော်အဖက်ဖြစ်လာစေရန်ဖြစ်သည် (က၊၂း၁၈–၂၅။ ဗျာ၊၂၁း၂၊၉–၁၀)။

၁။ ဘုရားသခင်သည် သူကိုယ်တော်တိုင်အတွက် လိုက်ဖက်ညီသော အဖော်အဖက်ကို ထုတ်လုပ်နိုင်ရန် ဦးစွာပထမ လူတစ်ဦးဖြစ်လာခဲ့သည်။ ယင်းကို အာဒံအား ဘုရားသခင်ဖန်ဆင်းခြင်းအားဖြင့် သရုပ်ဖော်ပြထားသည် (ယော၊၁း၁၄။ ရော၊၅း၁၄)။

၂။ အာဒံသည် သူ၏ဇနီးအဖြစ် ဧဝထွက်ပေါ်လာရန်အတွက် ကြီးသောအိပ်ခြင်းဖြင့် အိပ်ပျော်ခဲ့ခြင်းမှာ ခရစ်တော်သည် သူ၏ အဖော်အဖက်အဖြစ် အသင်းတော်ထွက်ပေါ်လာရန် ကားတိုင်ပေါ်တွင် အသေခံခဲ့ခြင်းကို ပုံဆောင်သည် (ဧ၊၅း ၂၅–၂၇)။

၃။ အာဒံ၏ဖွင့်ထားသောနံဘေးမှ ထုတ်ယူခဲ့သောနံရိုးသည် ခရစ်တော်၏ထိုးဖောက်ခံရသောနံဘေးမှ စီးထွက်လာသည့် မချိုးဖျက်နိုင်သော၊ မဖျက်ဆီးနိုင်သောထာဝရအသက်ကို ပုံဆောင်ပြီး၊ ထိုအသက်ကို ကိုယ်တော်၏ အစိတ်အပိုင်းဖြစ်သည့် အသင်းတော် တည်ဆောက်ခြင်းအတွက် ကိုယ်တော့်ကို ယုံကြည်သူများအထဲသို့ ပေးဝေးခဲ့သည် (ဟေဗြဲ၊၇း၁၆။ ယော၊၁၉း၃၄)။

၄။ က၊ ၂း ၂၂၌ ဧဝကို ဖန်ဆင်းခဲ့သည်ဟု မပြောဆိုထားဘဲ၊ သူမကို တည်ဆောက်ခဲ့သည်ဟုသာ ပြောဆိုထားသည်။ အာဒံ၏ နံဘေးမှ ထုတ်ယူခဲ့သောနံရိုးနှင့် ဧဝကိုတည်ဆောက်ခြင်းသည် ကားတိုင်ပေါ်တွင် ခရစ်တော်အသေခံခြင်းအားဖြင့် လွတ်မြောက်စေခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ယုံကြည်သူများအထဲသို့ ပေးဝေခဲ့သည့် ရှင်ပြန်ထမြောက်သောအသက်နှင့် အသင်းတော်တည်ဆောက်ခြင်းကို ပုံဆောင်သည် (ယော၊ ၁၂း ၂၄။ ၁ပေ၊၁း၃)။

၅။ ထိုကဲ့သို့သောဖြစ်စဉ်အားဖြင့် ခရစ်တော်၌ ရှိသောဘုရားသခင်သည် သူ၏ အသက်၊ သဘောသဘာဝနှင့်အတူ လူအထဲသို့ ဝင်ရောက်လာခဲ့သည်။ သို့မှသာ လူသည် ကိုယ်တော်နှင့် လိုက်ဖက်ညီသော သတို့သမီး၊ ဇနီးဖြစ်လာရန် အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာနိုင်မည်ဖြစ်သည် (ဗျာ၊ ၂၁း ၂၊၉–၁၀)။

၆။ စစ်မှန်သောဝေအဖြစ် အသင်းတော်သည် ကိုယ်တော်၏ယုံကြည်သူများအားလုံး၌ရှိသည့် ခရစ်တော်၏ပြည့်စုံခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းအသက်နှင့်အတူ ခရစ်တော်ထံမှ ထွက်ပေါ်လာသောအရာသာလျှင် ခရစ်တော်၏ပြည့်စုံခြင်း၊ အဖော်အဖက်၊ ကိုယ်ခန္ဓာတော်ဖြစ်သည် (၁ကော၊၁၂း ၁၂။ ဧ၊၅း၂၈–၃၀)။

၇။ ကျမ်းစာတစ်အုပ်လုံး၏ အဆုံးတွင် ကမ္ဘာဦး၊၂၌ ပြသထားသည့် ပုံစံကို ထာဝရကာလပတ်လုံး ပြည့်စုံစေသည့် ဖိုးထိုက်ပစ္စည်းသုံးမျိုးနှင့် တည်ဆောက်ထားသော မြို့တော်၊ ယေရုရှလင်မြို့သစ်၊ အဆုံးစွန်နှင့် ထာဝရမိန်းမ၊ စုပေါင်းထားသောသတို့သမီး၊ သိုးသူငယ်၏ဇနီးရှိသည်။ ထို့ကြောင့် ပုံစံတစ်ခုအနေဖြင့် အငယ်၊၁၁နှင့် ၁၂၌ ဖော်ပြထားသည့် အဖိုးထိုက်သောပစ္စည်းများအားလုံးသည် မိန်းမကိုတည်ဆောက်ခြင်းအတွက်ဖြစ်သည်။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကၢ၊ ၁း ၂၆ တစ်ဖန် ဘုရားသခင်က ငါတို့သဏ္ဌာန်၌၊ ငါတို့နှင့် တစ်ညီတည်း လူကို ပြုလုပ်ကြစို့။ သူတို့သည် ပင်လယ်ငါးကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း၊ မြေတစ်ပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးစေဟု အမိန့်တော်ရှိ၏။**

**၂း၉ ထိုမြေထဲက အဆင်းလှ၍ စားဖွယ်ကောင်းသောအပင်အမျိုးမျိုးကို ယေဟောဝါဘုရားသခင် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ်၌ အသက်ပင်လည်းရှိ၏။ ကောင်းမကောင်းကို သိကျွမ်းရာအပင်လည်း ရှိ၏။**

ဘုရားသခင်၏ အလိုဆန္ဒနှင့် အကြံအစည်မှာ သူ၏ သဏ္ဌာန်တော်ကို ထင်ရှားပြီး၊ သူ၏ အခွင့်အာဏာတော်ကို ကိုယ်စားပြုမည့် စုပေါင်းထားသောလူကို ရရှိရန်ဖြစ်သည်။ လူသည် မည်ကဲ့သို့ဖြင့် ဘုရားသခင်၏ သဏ္ဌာန်တော်ကို ထင်ရှားပြီး၊ ဘုရားသခင်၏ အခွင့်အာဏာတော်ကို ကိုယ်စားပြုနိုင်မည်နည်းဟု ယခု ကျွန်ုပ်တို့မေးရမည်ဖြစ်သည်။ (*Life-study of Genesis*, p. 117)

လူကိုဖန်ဆင်းပြီးနောက် တစ်ဘက်တွင် ဘုရားသခင်သည် ငြိမ်ဝပ်စွာနားတော်မူခဲ့သော်လည်း၊ အခြားတစ်ဘက်တွင် ဘုရားသခင်၏ အလုပ်သည် ပြည့်စုံခြင်းမရှိသေးပေ။ အကြောင်းမှာ လူသည် ဘုရားအသက်ကို လက်ခံရရှိခြင်း မရှိသေးသောကြောင့်ဖြစ်သည်။ ထိုအချက်၌ လူတွင် ဘုရားသခင်၏ ပုံစံနှင့် ပုံပန်းသွင်ပြင် ရှိခဲ့သော်လည်း၊ ဘုရားသခင်၏ ဒြပ်သဘာဝတည်းဟူသော အသက်နှင့် သဘောသဘာဝ မရှိခဲ့ပေ။ ကမ္ဘာဦး၊၁ တွင် ခြားနားသောအဆင့်များ၌ ရှိသည့် ဖန်ဆင်းခံအသက်များ ရှိသော်လည်း၊ ကမ္ဘာဦး၊ ၂ တွင် အသက်ပင်အားဖြင့် ပုံဆောင်သည့် တုနှိုင်းရာမရှိသော အမြင့်ဆုံးအသက်၊ ဘုရားအသက်၊ ဖန်ဆင်းခံမဟုတ်သောအသက်ရှိသည်။ အာဒံသည် ဖန်ဆင်းခံအသက်များအကြားတွင် အမြင့်ဆုံးသောအသက်အနေဖြင့် ပြုလုပ်ခြင်းခံခဲ့ရသော်လည်း၊ ဖန်ဆင်းခံရချိန်တွင် ဘုရားအသက်ကို လက်ခံရရှိခဲ့ခြင်း မရှိပေ။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အာဒံအား ဘုရားသခင်ကို သူ၏ အသက်အဖြစ် လက်ခံရယူစေရန်ဖြစ်သည်။ ဘုရားအသက်ကို လက်ခံရယူခြင်း၊ သိနားလည်ခြင်းနှင့် တွေ့ကြုံခံစားခြင်းမရှိဘဲ၊ လူသည် ဘုရားသခင်ကို ထင်ရှားခြင်းနှင့် ကိုယ်စားပြုခြင်းရှိနိုင်မည် မဟုတ်ပါ။(*The Central Thought of God*, p. 26)

# ယနေ့ဖတ်စရာ

ကမ္ဘာဦး၊ ၁ ၌ ရှိသော ဖန်ဆင်းခြင်းမှတ်တမ်းသည် လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ အကြံအစည်တော်ကို ဖွင့်ပြထားသော်လည်း၊ ဤအကြံအစည်တော်ကို ပြည့်စုံစေမည့် နည်းလမ်းကိုမူ ကျွန်ုပ်တို့အား မပြသထားပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် (ကမ္ဘာဦး၊ ၂ ရှိ ဖန်ဆင်းခြင်း၏ ) ဒုတိယမှတ်တမ်းကို လိုအပ်သည်။ ယင်း၌ ဘုရားသခင်သည် သူ၏ အကြံအစည်တော်ကိုပြည့်စုံရန် ယူဆောင်သည့်လုပ်ငန်းစဉ်နည်းလမ်းကို ဖွင့်ပြထားသည်။

ဘုရားသခင်သည် သူ၏ အကြံအစည်တော်ကို သူ၏ အသက်ဖြင့် ပြည့်စုံစေမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ထင်ရှားရန် ဘုရားသခင်၏ အသက်ကို လိုအပ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ အသက်ရှိလျှင်၊ ကျွန်ုပ်တို့သည် မရည်ရွယ်ဘဲ၊ အလိုအလျောက် ကိုယ်တော့်ကို ထင်ရှားစေမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ အသက်ရှိသည်နှင့်တစ်ပြိုင်နက်၊ ကိုယ်တော်၏ သဏ္ဌာန်တော်ကို ထင်ရှားကြလိမ့်မည်ဖြစ်သည်။ အသက်သည် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံရန်နည်းလမ်းဖြစ်သည်။ ဤအသက်သည် ကျွန်ုပ်တို့၏ ဇာတိအသက်မဟုတ်ဘဲ၊ ဘုရားသခင်၏ ဘုရားဆိုင်ရာနှင့် ထာဝရအသက်ဖြစ်သည်။

အခွင့်အာဏာသည်လည်း အသက်နှင့်ဆက်နွှယ်နေသည်။ သင်၌ အသက်ပို၍ရှိလေလေ၊ အခွင့်အာဏာပို၍ရှိလေလေဖြစ်သည်...သင်၏ အသက်အရွယ်သည် သင်၏ အခွင့်အာဏာကို သတ်မှတ်ခြင်းဖြစ်သည်။ ဘုရားသခင်၏ အခွင့်အာဏာကို ကိုယ်စားပြုနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်ကို လိုအပ်သည်။

လူကို ဘုရားသခင်၏ သဏ္ဌာန်တော်၌ ဖန်ဆင်းခဲ့ခြင်းဖြစ်သော်လည်း၊ သူသည် ဘုရားသခင်၏ အသက်မပါရှိဘဲ ဘုရားသခင်၏ တစ်စုံတစ်ရာကို ပြသနေသည့် ဓါတ်ပုံတစ်ပုံကဲ့သို့ဖြစ်သည်။ လူသည် ဘုရားသခင်၏ သဏ္ဌာန်တော်၌ ရှိခဲ့သော်လည်း၊ သူ၌ ဘုရားသခင်၏ အသက် မရှိခဲ့ပေ။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူအား အသက်ပင်အားဖြင့် ညွှန်ပြထားသည့် အသက်ကို ပါဝင်ဆက်ဆံစေရန်ဖြစ်သည်။

ကမ္ဘာဦး၊ ၁ ၌ ဘုရားသခင်၏ ထာဝရအကြံအစည်တော်ကိုဖွင့်ပြထားသည်။ ယင်းမှာ လူအားဖြင့် သူကိုယ်တော်တိုင်ကို ထင်ရှားရန်၊ လူနှင့်အတူ သူ၏ အုပ်စိုးခြင်းအခွင့်အာဏာကို လေ့ကျင့်လုပ်ဆောင်ရန်ဖြစ်သည်။ လူကို ဖန်ဆင်းခဲ့ခြင်းမှာ ဘုရားသခင်ကို ထင်ရှားရန်နှင့် ကိုယ်စားပြုရန်ဖြစ်သည်။ ဘုရားသခင်၌ ကြံစည်ရည်ရွယ်ချက်ရှိသကဲ့သို့ ထိုအရာကို ပြည့်စုံစေမည့်နည်းလမ်းလည်း ရှိရမည်ဖြစ်သည်။ ကိုယ်တော်၏ အကြံအစည်ကို ပြည့်စုံစေမည့် ဘုရားဆိုင်ရာနည်းလမ်းမှာ အဘယ်နည်း။ ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီးသည့်

အတိုင်း ကိုယ်တော်၏ နည်းလမ်းမှာ အသက်ဖြစ်သည်။ ဘုရားသခင်သည် အသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာရန်အလိုဆန္ဒရှိသည်။ ဘုရားသခင်သည် သူ၏ အကြံအစည်တော်ကို ပြည့်စုံနိုင်ရန်အတွက် လူ၏ အသက်နှင့် အသက်မစရာအဖြစ် လူအထဲသို့ ဝင်ရောက်လာရန်အလိုဆန္ဒရှိသည်။ ထို့အပြင် ကမ္ဘာဦး၊ ၂ တွင် ဘုရားသခင်၏ နည်းလမ်း၌ အဆင့်သုံးဆင့်ပါဝင်ကြောင်း ဖွင့်ပြထားသည်။ ပထမအဆင့်မှာ ဘုရားသခင်သည် အသက်တည်းဟူသော သူကိုယ်တော်တိုင်ကို ထည့်ဝင်ရန် ထည့်စရာခွက် တည်းဟူသောလူကို ဖန်ဆင်းခြင်း ဖြစ်သည်။ လူသည် ဘုရားသခင်ကို ထည့်ခံရာခွက်အဖြစ် ဖန်ဆင်းခံခဲ့ရသောကြောင့်၊ သူသည် ကိုယ်တော့်အားဖြင့် အသက်ရှင်ပြီး၊ ကိုယ်တော့်ကို ထင်ရှားခြင်းနှင့် ကိုယ်စားပြုခြင်း ရှိနိုင်သည်။ ဒုတိယအဆင့်အနေဖြင့် ဘုရားသခင်သည် လူကို အသက်ပင်ရှေ့တွင် နေရာချခဲ့သည်။ လူကို အသက်ပင်ရှေ့တွင် နေရာချခြင်းအားဖြင့်၊ ဘုရားသခင်သည် လူ၏ဖြစ်ခြင်းအထဲသို့ ဘုရားသခင်ကို ယူဆောင်စေရန်နှင့် ထိုသို့အားဖြင့် လူသည် အသင်းတော်တည်ဆောက်ခြင်းအတွက် အဖိုးတန်သောပစ္စည်းများအဖြစ် ပုံသဏ္ဍာန်ပြောင်းလဲလာစေရန် အလိုတော်ရှိကြောင်းကို ညွှန်ပြနေသည်။

ပထမအဆင့်မှာ ထည့်စရာခွက်ကို ပြုလုပ်ခဲ့ခြင်းဖြစ်၍၊ ဒုတိယအဆင့်အနေဖြင့် ဤထည့်စရာခွက်ကို အသက်ပင်ရှေ့တွင် ထားရှိခဲ့ပြီး၊ တတိယအဆင့်မှာ ဘုရားသခင်သည် အသက်အဖြစ် လူအထဲ၌ အလုပ်လုပ်ရန်ဖြစ်သည် (*Life-study of Genesis*, pp. 117-120, 215-216)

*ပို၍ဖတ်ရန်* – *The Vision of God's Building*, ch. 1; *Life-study of Genesis*, msgs. 6-8, 10;*The Central Thought of God*, ch. 3; *The Central Line of the Divine Revelation*, msgs. 5-6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ကာ၊ ၂း ၂၂ ယေဟောဝါဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမ ကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။**

**ဗျာ၊ ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက၊ လာခဲ့ပါဟု ဆိုကြ၏။ ကြား ၂၂း၁၇ သောသူကလည်း၊ လာခဲ့ပါဟု ဆိုပါစေ။ ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူသည် အဖိုးကို မပေးဘဲ အသက်ရေကို ယူပါစေ။**

သန့်ရှင်းသောသမ္မာကျမ်းစာ၏ ဘုရားဆိုင်ရာဖွင့်ပြခြင်းအစဖြစ်သည့် ဒေင ဉယျာဉ်နှင့်ဆိုင်သောဖွင့်ပြခြင်းနှင့် ဘုရားဆိုင်ရာဖွင့်ပြခြင်းအဆုံးဖြစ်သည့် ယေရုရှလင် မြို့သစ်နှင့်ဆိုင်သောဖွင့်ပြခြင်းတို့သည် တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်လျက်ရှိသည်။ ထို အပိုင်းနှစ်ခုလုံး၌ အရာလေးခုပါဝင်သည်– (၁) ဘုရားသခင်၏ ထာဝရစီမံကိန်းအလယ် ဗဟိုဖြစ်သောအသက်ပင် (ကာ၊ ၂း၉။ ဗျာ၊ ၂၂း ၂)၊ (၂) မြေကြီးအရပ်လေးမျက်နှာသို့ စီး ဆင်းသောမြစ် (ကာ၊ ၂း၁၀။ ဗျာ၊ ၂၂း၁)၊ (၃) အဖိုးတန်ပစ္စည်းသုံးမျိုး (ကာ၊ ၂း၁၁–၁၂။ ဗျာ၊ ၂၁း၁၁–၁၄၊၁၈–၂၁)နှင့် (၄) စုံတွဲတစ်တွဲ (ကာ၊ ၂း၁၈–၂၅။ ဗျာ၊ ၂၁း၉–၁၀။ ၂၂း ၁၇)။ ဤနှစ်ပိုင်းလုံး၏ ဖွင့်ပြချက်မှာ သန့်ရှင်းသောသမ္မာကျမ်းစာတစ်ခုလုံးရှိ ဘုရား ဖွင့်ပြခြင်း၏ ဗဟိုလမ်းကြောင်းဖြစ်ပြီး၊ သန့်ရှင်းသောသမ္မာကျမ်းစာကို အနက်အဓိပ္ပါယ် ကောက်ခြင်းနှင့် နားလည်ခြင်းတို့ကို ထိန်းချုပ်ထားသည့် အခြေခံသဘောတရားဖြစ်သင့် သည်။ (ကာ၊ ၂း ၂၅၊ မှတ်စု ၁)

## ယနေ့ဖတ်စရာ

ကမ္ဘာဦး၊၁ နှင့် ၂ သည် တည်ဆောက်ခြင်းလမ်းညွှန်စာအုပ်အစပိုင်းရှိ အသေး စိတ်ပုံစံနှင့် တူညီသည်။ ဗျာဒိတ်၊၂၁နှင့် ၂၂ သည် စာအုပ်အဆုံး၌ ထည့်သွင်းထားသည့် ပြီးစီးသွားသောအဆောက်အအုံပုံစံ၏ ဓါတ်ပုံနှင့် တူညီသည်။ ပထမဆုံး ကျွန်ုပ်တို့သည် အသေးစိတ်ပုံစံကို ကြည့်ရှုရပြီး၊ နောက်မှ တည်ဆောက်ခြင်းလမ်းညွှန်ချက်များကို ဖတ် ကာ၊ လုပ်ဆောင်ကြခြင်းဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် စာအုပ်အဆုံးရှိ ဓါတ် ပုံနှင့် အသေးစိတ်တူညီသည့် ပြီးစီးသွားသောအဆောက်အအုံပုံစံကို ရရှိမည်ဖြစ်သည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ တည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် ထိုကဲ့သို့သော လမ်းညွှန်စာအုပ်ဖြစ်သည်။ အစပိုင်းတွင် အသေးစိတ်ပုံစံရှိပြီး၊ အဆုံးတွင် အစပိုင်း ယူဆချက်အတိုင်း ပြည့်စုံခြင်းရှိသည်။

ကျွန်ုပ်တို့သည် ဤ“စာအုပ်”၏ အသေးစိတ်လမ်းညွှန်ချက်များ၌ အချိန်ကို အသုံးပြုရမည်ဖြစ်သည်။ သို့သော်လည်း ဦးဆုံးအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို လက်ခံ ရရှိရန် အတွင်းပိုင်းလက်ခံရယူသောအင်္ဂါဖြစ်သည့် ဝိညာဉ်နှင့်အတူ ပြုလုပ်ခံရသည့် ထည့်စရာတန်ဆာပလာဖြစ်ကြောင်းကို နက်ရှိုင်းစွာစွဲမှတ်ခြင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဆက်သွယ်ရန်နှင့် လက်ခံရရှိရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို စဉ်ဆက်မပြတ်လေ့ကျင့်ဖို့ သင်ယူရမည်။ ထို့နောက် ဘုရားသခင်သည် ခရစ်တော်၌ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့စားသုံးမွေ့လျော်ရန် စစ်မှန်သောအစားအစာဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့ သိနားလည်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ထိုကဲ့သို့သော နည်းလမ်း၌ မွေ့လျော်ဝမ်းမြောက်သောအခါ၊ ကျွန်ုပ်တို့အတွင်း၌ အသက်ရေစီးဆင်းခြင်းရှိလာပြီး၊ ဤစီးဆင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် မြေကြီးမှ အဖိုးတန်ပစ္စည်းများ အဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိလိမ့်မည်ဖြစ်သည်။ ထိုအခါ ပုံသဏ္ဍာန်ပြောင်းလဲလာ သည့်ပစ္စည်းများအဖြစ် ကျွန်ုပ်တို့သည် အခြားသူများနှင့်အတူ တည်ဆောက်ခြင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သီးခြားဖြစ်နေသော အဖိုးတန်ခရစ်ယာန်များ ဖြစ်၍မရပါ။ ကျွန်ုပ်တို့သည် အခြားသူများနှင့်ဆက်နွှယ်မှုရှိရန် သင်ယူရမည်ဖြစ်ပြီး၊ အချင်းချင်း မှီခိုခြင်းရှိကြရမည်ဖြစ်သည်။ နောက်ဆုံးတွင် ထိုကဲ့သို့သောအဆောက်အအုံသည် ဤမြေကြီးပေါ်တွင် ခရစ်တော်ကို ကျေနပ်နှစ်သိမ့်စေမည့် သတို့သမီးဖြစ်လာလိမ့်မည်ဖြစ်သည်။

ဘုရားသခင်ရှာဖွေနေသည့် စုပေါင်းထားသောလူသည် ကိုယ်တော့်ကို ထင်ရှား၍၊ ကိုယ်စားပြုသောသူ ဖြစ်ရုံသာမက၊ သတို့သားကို ကျေနပ်စေသည့် သတို့သမီးလည်း ဖြစ်သည်။ သို့သော်လည်း ခရစ်တော်ကို ကျွန်ုပ်တို့၏ အစားအစာအဖြစ် မွေ့လျော်ဝမ်းမြောက်သောအခါမှသာ ကျွန်ုပ်တို့ ပုံသဏ္ဍာန်ပြောင်းလဲနိုင်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ပုံသဏ္ဍာန် ပြောင်းလဲသောအခါမှသာ အခြားသူများနှင့်အတူ တည်ဆောက်ခြင်းရှိလာနိုင်မည်ဖြစ်သည်။ ထိုအခါမှသာ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ပြည့်စုံသောကျေနပ်နှစ်သိမ့်ခြင်းကို ရရှိလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ထင်ရှား၍၊ ကိုယ်စားပြုသောသူဖြစ်လာရုံသာမက၊ ခရစ်တော်၏ သတို့သမီးလည်းဖြစ်လာလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌၊ မိမိတို့အားဖြင့်၊ မိမိတို့နှင့်အတူ–ကျွန်ုပ်တို့၏ ဇာတိအသက်၌– အခြားသူများနှင့် ဘယ်သောအခါမျှ တစ်လုံးတစ်ဝမဖြစ်နိုင်ကြောင်းကို သိရှိကြသည်။ ဇာတိလူအယောက်တိုင်းသည် ထူးခြားကွဲပြားပြီး၊ သီးခြားဖြစ်လျက်ရှိသည်။ ခင်ပွန်းသည်တစ်ဦးသည် သူ၏ဇာတိအခြေအနေ၌ သူ၏ဇနီးနှင့် တစ်လုံးတစ်ဝမဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် ဤမြေကြီးပေါ်တွင် ခင်ပွန်းနှင့်ဇနီးအဖြစ် အရင်းနှီးဆုံး

သောဆက်နွယ်မှု၌ ရှိသော်လည်း၊ တစ်ဦးချင်းအနေဖြင့် တမူထူးခြားနေပြီး၊ ဇာတိပိုင်းဆိုင်ရာအရ ကွဲပြားနေကြသည်။ ထိုကဲ့သို့သောအခြေအနေ၌ တစ်လုံးတစ်ဝ ဖြစ်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဇာတိအသက်ကို ခရစ်တော်အားဖြင့် ဝါးမျိုခြင်းခံစေရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ ၏ ဝိညာဉ်၌ ခရစ်တော်ကို မည်သို့ဆက်သွယ်၊ စားသုံးရမည်ကို သင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဇာတိအသက်ကို ငြင်းဆန်၍၊ အတ္တကို ငြင်းပယ်ကာ၊ ခရစ်တော်အားဖြင့် အသက်ရှင်ရန် သင်ယူကြရမည်။ ထိုအခါ သခင်ဘုရားသည် အတွင်း၌ စီးဆင်းခြင်းရှိလာပြီး၊ ကျွန်ုပ်တို့ကို မြေမှုန့်မှ အဖိုးတန်ကျောက်အဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူများနှင့်အတူ တစ်လုံးတစ်ဝပေါင်းစည်းခြင်း၊ ဆက်နွယ်ခြင်းနှင့် တည်ဆောက်ခြင်းရှိသောအခါ၊ ဘုရားသခင်၏ ပန်းတိုင်သည် ပြည့်စုံခြင်းရှိလာမည်ဖြစ်သည်။

ဤမြေကြီးပေါ် တွင် သူတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သောကြောင့်၊ ဘုန်းအသရေအားလုံးကို တက်ကြွတော်မူသောဦးခေါင်းတော်ထံသို့ ပေးအပ်ခြင်းဖြင့် ဤအရာတို့ကို လက်တွေ့လုပ်ဆောင်သောလူအုပ်စုတစ်စုကို–ထိုကဲ့သို့သော သက်သေခံချက်အား ပြန်လည်ရယူခြင်းကို –ကျွန်ုပ်တို့မြင်ကြရမည်ဖြစ်သည်။ ထိုအခါ ဤမြေကြီးပေါ် တွင် ဘုရားသခင်ကို ထင်ရှားရန်နှင့် ခရစ်တော်ကို ကျေနပ်နှစ်သိမ့်စေရန် သတို့သမီးရှိလာလိမ့်မည်ဖြစ်သည်။ (*The Vision of God's Building*, pp. 31-33)

*ပို၍ဖတ်ရန်* – *The Vision of God's Building*, ch. 2; *The Triune God's Revelation and His Move*, msg. 7; *The God-men*, ch. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊၁၄း၆ ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ စစ်မှန်ခြင်းလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့အားဖြင့်မဟုတ်လျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။**

**၁၅း၁ ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။**

**ဗျာ၊၂၂း၁၄ မိမိတို့၏ဝတ်ရုံကို ဆေးကြောသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် အသက်ပင်နှင့်ဆိုင်၍၊ မြို့တံခါးအားဖြင့် မြို့အထဲသို့ ဝင်ရကြလတံ့။**

သန့်ရှင်းသောသမ္မာကျမ်းစာရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်းအစဖြစ်သည့် ဧဒင်ဥယျာဉ်နှင့်စပ်လျဉ်းသောဖွင့်ပြခြင်းတွင် အကြောင်းအရာလေးခုပါဝင်သည် (က၊၂း၈–၁၄၊၁၈–၂၄)။ ပထမမှာ ဘုရားသခင်၏ထာဝရစီမံကိန်းအလယ်ဗဟိုဖြစ်သည့် အသက်ပင်(အငယ်၊၉က)၊ ဒုတိယမှာ မြေကြီးအရပ်လေးမျက်နှာသို့ ရောက်ရှိရန် မြစ်မလေးသွယ်အထဲသို့ စီးဆင်းသော မြစ်တစ်မြစ်(အငယ်၊၁၀–၁၄)၊ တတိယမှာ မြစ်၏ စီးဆင်းခြင်း၌တွေ့ရသော ရွှေ၊ ပုလဲနှင့် မဟူရာရောင်ဝင်ကျောက် တည်းဟူသော အဖိုးတန်ပစ္စည်းသုံးမျိုးတို့ဖြစ်သည် (အငယ်၊၁၁–၁၂)။ ဤနေရာတွင် ဤပစ္စည်းများသည် ပျံ့ကြဲနေပြီး၊ အတူတကွတည်ဆောက်ခံရခြင်းမရှိသေးပေ။ စတုတ္ထမှာ ခရစ်တော်နှင့် အသင်းတော်ကို ပုံဆောင်သည့် စုံတွဲတစ်တွဲဖြစ်သည် (အငယ်၊၁၈–၂၄။ ဧ၊၅း၂၂–၂၈၊၃၂)။ မိန်းမသည် (ခရစ်တော်ကို ပုံဆောင်သော) ယောကျ်ားထံမှ သူ၏ အစိတ်အပိုင်းအဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် လူယောကျ်ားကို (ခရစ်တော်၏ အသေခံခြင်းကို ပုံဆောင်သည့်) ကြီးသောအိပ်ခြင်းဖြင့် အိပ်ပျော်စေပြီး၊ သူ့ထဲမှ ထုတ်သော (ခရစ်တော်၏ ရှင်ပြန်ထမြောက်သောအသက်ကို ပုံဆောင်သည့် နံရိုး)အစိတ်အပိုင်းကို (အသင်းတော်အား ပုံဆောင်သည့်) လူမိန်းမအထဲသို့ တည်ဆောက်ခဲ့ခြင်းဖြစ်သည်–က၊၂း၂၁–၂၂က။ ထို့နောက် ဘုရားသခင်သည် လူမိန်းမကို လူယောကျ်ားထံသို့ ခေါ်ဆောင်လာပြီး၊ သူမ၏ ခင်ပွန်းအဖြစ် လူယောကျ်ားနှင့် တစ်သားတစ်ကိုယ်တည်း ဖြစ်စေခဲ့သည်။ ဤသို့ဖြင့် သူမသည် လူယောကျ်ား၏ တိုးပွားခြင်းနှင့် ထင်ရှားခြင်းအဖြစ် သူ၏အဖော်အဖက်ဖြစ်လာခဲ့သည် (အငယ်၊၂၂ခ–၂၄။ ယော၊၃း၂၉က။ ၃၀။ ဧ၊၁း၂၃)။ (*The God-men*, pp. 62-63)

## ယနေ့ဖတ်စရာ

သန့်ရှင်းသောသမ္မာကျမ်းစာရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်းအဆုံးအဖြစ် ယေရုရှလင်မြို့သစ်နှင့်စပ်လျဉ်းသောဖွင့်ပြခြင်း၌လည်း အကြောင်းအရာလေးခုပါဝင်သည် (ဗျာ၊ ၂၁း၁– ၂၂း ၂)။ ပထမမှာ ဘုရားသခင်၏ ထာဝရစီမံကိန်းအလယ်ဗဟိုဖြစ်သည့် အသက်ပင်(၂၂း ၂)၊ ဒုတိယမှာ ၂၂း၁အရ အရပ်လေးမျက်နှာသို့ စီးဆင်းသော အသက်ရေစီးရာမြစ်(cf. ၂၁း၁၃)၊ တတိယမှာ ရွှေ၊ ပုလဲများနှင့် အဖိုးတန်ကျောက်များ တည်းဟူသော အဖိုးတန်ပစ္စည်းသုံးမျိုးတို့ ဖြစ်သည်။ ဤပစ္စည်းများမှာ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရား အားဖြင့် ယေရုရှလင်မြို့သစ်အထဲသို့ တည်ဆောက်ခံရကြသည်(၂၁း၁ဂ– ၂၁)။ စတုတ္ထမှာ မြို့တော်တစ်ခုလုံးသည် စုံတွဲတစ်တွဲဖြစ်သည်။ ခရစ်တော်၌ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံလာသည့် ရွေးနုတ်သောဘုရားသခင်သည် ခင်ပွန်းဖြစ်သည်။ ရွေးနုတ်သောသုံးပါးတစ်ပါးဘုရား၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများသည် ဒြပ်သဘာဝတည်းဟူသော ရွေးနုတ်သောဘုရားသခင်၏ အသက်နှင့်အတူ (ခရစ်တော်၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဖြစ်စဉ်အဆင့်ဆင့်ကို ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရား အားဖြင့်) ထွက်ပေါ် လာသည့် ဇနီးဖြစ်သည်။ ထို့ကြောင့် သူတို့သည် ထာဝရကာလ၌ ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းနှင့် ထင်ရှားခြင်းတည်းဟူသော ကိုယ်တော်၏ အဖော်အဖက်ဖြစ်လာမည်ဖြစ်သည် (အငယ်၊ ၂၊၉။ ဧ၊၁း ၂၃။ ၃း၁၉)။ (*The God-men*, p. 63)

ကျဆင်းခြင်း၏ ရလဒ်အဖြစ်၊ သိကျွမ်းရာအပင်တည်းဟူသော စာတန်သည် လူ၏ အသွေးအသားအထဲသို့ ဝင်ရောက်လာခဲ့သည်။ ခရစ်တော်၌ ယုံကြည်ခြင်း၏ ရလဒ်အဖြစ်၊ အသက်ပင်တည်းဟူသော ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဝိညာဉ်အထဲသို့ ဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် တစ်ချိန်က လူ၏ အပြင်ဘက် ဒေင်ဥယျာဉ်၌ ရှိခဲ့သော အပင်နှစ်ပင်သည် ယခု ကျွန်ုပ်တို့အတွင်း၌ ရှိနေပြီး၊ တစ်ပင်သည် ကျွန်ုပ်တို့၏ အသွေးအသား၌ရှိကာ၊ အခြားတစ်ပင်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိနေသည်။ ပေါလုက သူ၏ အသွေးအသား၌ အပြစ်မှလွဲ၍၊ ကောင်းသောအရာတစ်စုံတစ်ခုမျှ မရှိကြောင်း ပြောဆိုခဲ့သည်(ရောမ၊၇)။ အပြစ်သည် အမှန်စင်စစ် စာတန်၏ ဆိုးညစ်သောသဘောသဘာဝဖြစ်သည်။ အပြစ်သည် ကျွန်ုပ်တို့၏ အသွေးအသား၌ ကိန်းဝပ်နေသည်ဟု ပြောဆိုခြင်းမှာ ဆိုးညစ်သောသူ၊ စာတန်သည် ကျွန်ုပ်တို့၏ အသွေးအသား၌ ရှိနေကြောင်းဆိုလိုသည်။ ရော၊ဂး၁၆သည် ကျွန်ုပ်တို့၌ ဘုရားသခင်ရှိနေကြောင်းကို သက်သေပြထားသော ကျမ်းပိုဒ်ဖြစ်ပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်အတူ သက်သေခံနေ

ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် စစ်မှန်သောခရစ်ယာန်တိုင်းသည် ဧဒင်ဥယျာဉ်၏ ပုံစံငယ်ဖြစ်သည်။ သင့်စိတ်၏ အသိဉာဏ်သည် သင်၏ အတ္တကို ကိုယ်စားပြုပြီး၊ သင်၏ အသွေးအသား၌ရှိသောအပြစ်သည် စာတန်ကို ကိုယ်စားပြုကာ၊ သင်၏ ဝိညာဉ်၌ ရှိသော ဝိညာဉ်တော်သည် ဘုရားသခင်ကို ကိုယ်စားပြုသည်။ ဧဒင်ဥယျာဉ်၌ကဲ့သို့ပင် သုံးပွင့်ဆိုင် အခြေအနေမှ အုပ်စုသုံးစုသည် ကျွန်ုပ်တို့အတွင်း၌ ရှိနေသည်။

ဤသုံးပွင့်ဆိုင်အခြေအနေ၏ မျိုးစေ့ကို ကမ္ဘာဦး၊ ၂၌ ကြဲချခဲ့ပြီး၊ ဤမျိုးစေ့၏ ကြီးထွားခြင်းကို ရောမ၊ ၈၌ တွေ့ရှိရကာ–ထိုနေရာ၌ အပင်နှစ်ပင်၏ အသီးကို မြင်တွေ့ရသည်။ ရော၊ ၈း၆၌ အသိဉာဏ်ကို အသွေးအသားပေါ် ထားရှိခြင်းသည် သေခြင်းဖြစ်၍၊ အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိခြင်းသည် အသက်နှင့် ငြိမ်သက်ခြင်းဖြစ်သည်ဟု ပြောဆိုထားသည်။ ကမ္ဘာဦး၊ ၂၌ အပင်နှစ်ပင်သည် အပြင်ဘက်တွင် တည်ရှိခဲ့ပြီး၊ ရောမ၊ ၈၌ ၎င်းတို့သည် အတွင်းပိုင်းတွင် တည်ရှိနေသည်။ လွန်ခဲ့သောအချိန်က ကျွန်ုပ်သည် ကျွန်ုပ်၏ အသွေးအသား၌ရှိသော သိကျွမ်းရာအပင်ကို အမြစ်ဖြုတ်ရန် မျှော်လင့်ခဲ့သော်လည်း၊ ၎င်းနှင့် ပို၍ဆက်ဆံဖြေရှင်းလေလေ၊ ၎င်းသည် ကျွန်ုပ်အတွင်း၌ ပို၍ အမြစ်တွယ်လေလေဖြစ်သည်။ အဆုံးတွင် ကျွန်ုပ်သည် ရောမ၊ ၈ ကို ရှာဖွေတွေ့ရှိခဲ့ပြီး၊ ကျွန်ုပ်၏ ဝိညာဉ်၌ အခြားသောအပင်တစ်ပင်တည်ရှိနေကြောင်းကို မြင်တွေ့ခဲ့သည်။ ထို့ကြောင့် ရောမ၊ ၈၌ ကျွန်ုပ်တို့သည် မျက်မှောက်ခေတ်ရှိ ဧဒင်ဥယျာဉ်ကို မြင်တွေ့ရသည်။ ရော၊ ၈း ၂၌ အပြစ်၏တရားနှင့် သေခြင်း၏တရားမှ ကျွန်ုပ်တို့ကို ကယ်လွှတ်ပေးသည့် အသက်၏ ဝိညာဉ်တော်တရားကို ဖော်ပြထားသည်။ ထို့ကြောင့် ရောမ၊ ၈၌ အသက်၏တရားနှင့် သေခြင်း၏တရားဟူ၍ တရားနှစ်မျိုးရှိသည်။ ဤတရားနှစ်မျိုးသည် ကျွန်ုပ်တို့၏ အတွင်းပိုင်းတွေ့ကြုံခံစားမှု၌ရှိသည့် အပင်နှစ်ပင်၏ မူအလေ့အလာနှစ်ခုဖြစ်သည်။ (*Life-study of Genesis*, pp. 177-178)

*ပို၍ဖတ်ရန်* – *The God-men*,ch. 4; *Life-study of Genesis*,msgs.11,13-14

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကၢ၂း၁၀ ထိုဥယျာဉ်ကို စိုစေလိုသောငှါ မြစ်တစ်မြစ်သည် ဒေင်အရပ်ထဲက စီးထွက်သဖြင့်၊ ထိုမှ ကွဲဖြာ၍၊ မြစ်မလေးသွယ်ဖြစ်လေ၏။**

**ဗျာ၊၂၂း၁ တစ်ဖန် ကျောက်သလင်းကဲ့သို့ကြည်လင်၍၊ ဘုရားသခင်နှင့် သိုးသူငယ်၏ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်သည် မြို့လမ်းမ အလယ်တစ်လျှောက် စီးဆင်းသည်ကို ထိုသူသည် ငါ့အား ပြလေ၏။**

အပင်နှင့်အတူ မြစ်တစ်မြစ်ရှိသည် (ကၢ၂း၁၀)။ ထိုအပင်သည် အသက်ပင်ဖြစ်သောကြောင့်၊ မြစ်သည်လည်း အသက်နှင့် ဆက်နွယ်ခြင်းရှိမည်ဖြစ်သည်။ ကျမ်းစာ၏ အဆုံးတွင် စီးဆင်းနေသော အသက်မြစ်ရေနှင့် ကြီးထွားနေသော အသက်ပင်ရှိသည် (ဗျာ၊၂၂း၁–၂)။ ကျမ်းစာ၏ အစနှင့် အဆုံးတွင် အသက်ပင်နှင့် အသက်ရေစီးဆင်းနေသောမြစ်တစ်မြစ် ရှိသည်။ ကျမ်းစာ၌ မြစ်ဟူသော အယူအဆမှာလည်း အရေးပါသည်။ ကျမ်းစာသည် လူကို ဖော်ပြသောအခါ–အစနှင့် အဆုံးနှစ်ခုလုံး၌– မြစ်ကိုလည်း ဖော်ပြထားသည်။ လူအဖို့ အသက်တည်းဟူသော ဘုရားသခင်ကို လက်ခံရရှိရန်၊ ဘုရားသခင်၏ကြွယ်ဝခြင်းကို မွေ့လျော်ဝမ်းမြောက်ရန်၊ ရေငတ်ပြေစေရန်၊ ရေလောင်းခံရရန်၊ ကြီးထွားရန်နှင့် ရှင်လန်းဝမ်းမြောက်ခြင်းရှိရန်မှာ မြစ်အပေါ်တွင် လုံးလုံးမူတည်နေသည်။ (*Life-study of Genesis*, pp. 141-142)

## *ယနေ့ဖတ်စရာ*

(ကမ္ဘာဦး၊၂း၁၀)ရှိ မြစ်သည် အသက်ရေစီးရာမြစ်ကို ပုံဆောင်ပြီး၊ ထိုမြစ်တစ်လျှောက် အသက်ပင်လည်း ကြီးထွားနေသည် (ဗျာ၊၂၂း၁–၂နှင့် မှတ်စု ၁[၂]၊၁[၃]နှင့် ၂[၁])။ ဤမြစ်သည် လူ၏ရေငတ်ခြင်းကို ပြေပျောက်စေပြီး၊ အသက်ကြီးထွားနိုင်ရန်အတွက် ဥယျာဉ်ကို စိုစွတ်စေသည်။ ကျမ်းစာ၏ အစနှင့် အဆုံးတွင် အသက်ပင်နှင့် အသက်ရေစီးဆင်းနေသည့် မြစ်တစ်မြစ်ရှိသည်။

ဒေင်ဥယျာဉ်မှ စီးထွက်လာသည့် မြစ်သည် ဘုရားသခင်ထံမှ စီးထွက်လာသည့် အသက်ရေစီးရာမြစ်ကို ပုံဆောင်ပြီး(ဗျာ၊၂၂း၁)၊ ဘုရားသခင်သည် လူသောက်သုံးရန်အတွက် အသက်ရေ၏ အရင်းအမြစ်ဖြစ်ကြောင်းကို ရည်ညွှန်းသည် (cf. ယော၊၄း၁၀။ ၇း ၃၇)။ (ကမ္ဘာဦး၊၂း၁၀၊ မှတ်စု ၁နှင့်၂ )

(ဗျာ၊၂၂း၁)ရှိ *ဘုရားသခင်နှင့် သိုးသူငယ်၏ပလ္လင်တော်* ဟူသည်မှာ ဘုရားသခင်နှင့် သိုးသူငယ်နှစ်ဦးလုံးအတွက် ပလ္လင်တော်တစ်ခုတည်းရှိကြောင်း ပြသပြီး၊ ဘုရား

သခင်နှင့် သိုးသူငယ်သည် – သိုးသူငယ်–ဘုရားသခင်၊ ရွေးနုတ်သောဘုရားသခင်၊ ရွေးနုတ်ရှင်ဘုရားသခင် ဟူ၍ တစ်ပါးတည်းဖြစ်ကြောင်း ညွှန်ပြသည်။ ထာဝရကာလ၌ ပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသောဘုရားသခင်သည် ကျွန်ုပ်တို့၏ ရွေးနုတ်ရှင်ဘုရားသခင်ဖြစ်ပြီး၊ ထိုဘုရားသခင်၏ ပလ္လင်တော်မှ ကျွန်ုပ်တို့၏ မစရာနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် အသက်ရေစီးရာမြစ်စီးထွက်မည်ဖြစ်သည်။ ဤသည်မှာ အသက်ရေအားဖြင့် ပုံဆောင်သည့် ဘုရားသခင်၊ သိုးသူငယ်နှင့် ဝိညာဉ်တော်တည်းဟူသော သုံးပါးတစ်ပါး ဘုရားသည် ထာဝရကာလပတ်လုံး သူ၏ဦးခေါင်းအရိုက်အရာအောက်တွင် (ပလ္လင်တော်၏ အခွင့်အာဏာကို ဆိုလိုသည်) ရွေးနုတ်ခံလူများအထဲသို့ သူကိုယ်တော်တိုင်ကို မည်သို့ဝေငှဖြန့်ဖြူးပေးနေကြောင်း ဖော်ပြခြင်းဖြစ်သည် (ဗျာ၊ ၂၂း၁၊ မှတ်စု ၅)။

သန့်ရှင်းသောမြို့တော်၏ လမ်းမသည် ရွှေစင်ဖြစ်သည် (ဗျာ၊ ၂၁း ၂၁)။ ရွှေသည် ဘုရားသဘောသဘာဝကို ပုံဆောင်သည်။ “မြို့လမ်းမအလယ်၌”စီးသော အသက်ရေစီးရာမြစ်မှာ ဘုရားသဘောသဘာဝ၌ စီးဆင်းသောဘုရားအသက်သည် ရွေးနုတ်ခံလူများ၏ နေ့စဉ်အသက်တာအတွက် တုနှိုင်းရာမဲ့သောလမ်းဖြစ်ကြောင်း ပုံဆောင်သည်။ ဘုရားအသက်စီးဆင်းသောနေရာတွင်၊ ဘုရားသဘောသဘာဝသည် ဘုရားသခင်၏ လူများလျှောက်လှမ်းရာ သန့်ရှင်းသောလမ်းအဖြစ် တည်ရှိနေပြီး၊ ဘုရားသဘောသဘာဝတည်းဟူသော သန့်ရှင်းသောလမ်းရှိသောနေရာတွင် ဘုရားအသက်စီးဆင်းနေသည်။ သန့်ရှင်းသောလမ်းအဖြစ် ဘုရားသဘောသဘာဝနှင့် ဘုရားအသက်သည် အမြဲတမ်းအတူတကွသွားသည်။ ထို့ကြောင့် ဘုရားသခင်၏ အသက်ရေစီးရာမြစ်ကို ဘုရားဆိုင်ရာလမ်းတစ်လျှောက်၌ ရရှိနိုင်၍၊ ကျွန်ုပ်တို့သည် ဤအသက်၏ လမ်းကြောင်း၌ လျှောက်လှမ်းခြင်းအားဖြင့် ဤမြစ်ကို မွေ့လျော်ဝမ်းမြောက်နိုင်ကြသည် (ဗျာ၊ ၂၂း၁၊ မှတ်စု ၆)။

(မိတ်သဟာယ အတွက်) ဂရိစကားလုံးမှာ ပူးတွဲပါဝင်ဆက်ဆံခြင်း သို့မဟုတ် အညီအမျှပါဝင်ဆက်ဆံခြင်းဟု အဓိပ္ပါယ်ရသည်။ မိတ်သဟာယသည် ထာဝရအသက်မှ ထွက်ပေါ်လာပြီး၊ အမှန်စင်စစ် ဘုရားအသက်ကို ရရှိပိုင်ဆိုင်ခဲ့သောယုံကြည်သူများအားလုံးအတွင်း၌ ထာဝရအသက်စီးဆင်းခြင်းဖြစ်သည်။ ယင်းကို ယေရုရှလင်မြို့သစ်ရှိ အသက်ရေစီးဆင်းခြင်းအားဖြင့် သရုပ်ဖော်ပြထားသည် (ဗျာ၊ ၂၂း၁)။ စစ်မှန်သောယုံကြည်သူများအားလုံးသည် ဤမိတ်သဟာယ၌ ရှိကြသည် (တ၊ ၂း၄၂)။ ၎င်းကို ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသောဝိညာဉ်၌ရှိသည့် ဝိညာဉ်တော်အားဖြင့် သယ်ဆောင်သည်။ ထို့ကြောင့် ၎င်းကို “သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ” (၂ကော၊၁၃း၁၄)နှင့် “(ကျွန်ုပ်တို့၏ )ဝိညာဉ်နှင့်မိတ်သဟာယဖွဲ့ခြင်း” (ဖိ၊ ၂း၁)ဟုခေါ်သည်။ ဤထာဝရ

အသက်၏ မိတ်သဟာယဖွဲ့ခြင်း၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ခမည်းတော်နှင့် သားတော်၏ ဖြစ်ခြင်းအားလုံး၊ ကျွန်ုပ်တို့အတွက် ပြုတော်မူခဲ့သောအရာအားလုံးကို ပါဝင်ဆက်ဆံရခြင်းဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ မိတ်သဟာယကြောင့် ခမည်းတော်၏ မေတ္တာတော်နှင့် သားတော်၏ ကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ရခြင်းဖြစ်သည် (၂ကော၊၁၃း၁၄)။ ထိုကဲ့သို့သောမိတ်သဟာယဖွဲ့ခြင်းမှာ ဦးဆုံးအနေဖြင့် တမန်တော်တို့၏ ဝေစုဖြစ်ပြီး–သူတို့သည် ဝိညာဉ်တော်အားဖြင့် ခမည်းတော်နှင့် သားတော်ကို မွေ့လျော်ဝမ်းမြောက်ကြရသည်။ ထို့ကြောင့် တ၊၂း၄၂ ၌ ၎င်းကို “တမန်တော်များ၏ မိတ်သဟာယ”ဟုခေါ် ဆိုပြီး၊ ၁ယော၊၁း၃၌ “ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း မိတ်သဟာယဖွဲ့ခြင်းဖြစ်သည့် ငါတို့ (တမန်တော်တို့)၏ မိတ်သဟာယ” ဟုပြောဆိုထားသည်။ ဤသည်မှာ ဘုရားဆိုင်ရာနက်နဲခြင်းဖြစ်သည်။ ဤထာဝရအသက်၏ နက်နဲသောမိတ်သဟာယကို ဤဩဝါဒစာ၏ အကြောင်းအရာအဖြစ် မှတ်ယူသင့်ပါသည်။ (၁ယော၊၁း၃၊ မှတ်စု ၃)

*ပို၍ဖတ်ရန် –* *Life-study of Genesis*, msg. 12

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ပထမမြစ် (မြစ်သွယ်)ကား ဖိရှုန်အမည်ရှိ၏။ ထိုမြစ်သည် ရွှေရှိ**
**၂း၁၁–၁၂ သောဟာဝိလပြည်နားတစ်လျှောက်လုံးကို စီးသွားလေ၏။ ထိုပြည်**
**မှဖြစ်သော ရွှေသည် ကောင်းလှ၏။ ဗဒေလသစ်စေးနှင့် မဟူရာ**
**ရောင်ဝင်ကျောက်လည်း ရှိ၏။**
**ဗျာ၊ ၂၁း၁၈ မြို့ရိုးကိုယ်သည် ဂျက်စပါကျောက်ဖြစ်၏။ မြို့သည်လည်း ကြည်**
**လင်သောဖန်နှင့်တူသောရွှေစင်ဖြစ်၏။**
**၂၁ တံခါးရှက်တစ်ဆယ့်နှစ်ရှက်အသီးသီးတို့သည် ပုလဲတစ်ပြားစီဖြင့်**
**ပြီး၍၊ ပုလဲတစ်ဆယ့်နှစ်ပြားစီဖြစ်ကြ၏။...**

မြစ်၏စီးဆင်းခြင်းသည် ရွှေ၊ ဗဒေလသစ်စေးနှင့် မဟူရာရောင်ဝင်ကျောက် ဟူ၍ အဖိုးတန်ပစ္စည်းသုံးမျိုးကို ထွက်ပေါ် စေသည်။ ဤပစ္စည်းများမှာ ဘုရားသခင်၏ ထာဝရ အဆောက်အအုံတည်ဆောက်ခြင်း၌ အခြေခံဒြပ်သဘာဝများဖြစ်သည့် သုံးပါးတစ်ပါး ဘုရားကို ပုံဆောင်သည်။ ရွှေသည် (ဘုရားသခင်၏ ခေါ် တော်မူခြင်းအားဖြင့် လူပါဝင် ဆက်ဆံနိုင်သည့်) ဘုရားသဘောသဘာဝနှင့် အတူ ခမည်းတော်ဘုရားကို ပုံဆောင်သည် (၂ပေ၊၁း၃–၄)။ ယင်းသည် ဘုရားသခင်၏ ထာဝရအဆောက်အအုံ၏ အခြေဖြစ်သည်။ သစ်ပင်၏ အစေးမှ ထုတ်လုပ်သောပစ္စည်းဖြစ်သည့် ပုလဲနှင့်တူသော ဗဒေလသစ်စေး သည် ကိုယ်တော်၏ ရွေးနုတ်ခြင်းနှင့် အသက်လွှတ်မြောက်စေသောအသေခံခြင်း (ယော၊ ၁၉း၃၄)၊ ကိုယ်တော်၏ အသက်ပေးဝေသောရှင်ပြန်ထမြောက်ခြင်း(ယော၊၁၂း၂၄။ ၁ပေ၊၁း၃) ၌ သားတော်ဘုရားထုတ်လုပ်ပေးသောအရာကို ပုံဆောင်သည်။ ယင်းသည် ဘုရားသခင် ၏ ထာဝရအဆောက်အအုံအထဲသို့ ဝင်ပေါက်ဖြစ်သည် (cf. ဗျာ၊ ၂၁း ၂၁နှင့် မှတ်စု ၁၊ စာပိုဒ် ၁)။ အဖိုးတန်ကျောက်ဖြစ်သည့် မဟူရာရောင်ဝင်ကျောက်သည် ဘုရား သခင်၏ ထာဝရအဆောက်အအုံတည်ဆောက်ခြင်းအတွက် ကိုယ်တော်၏ ပုံသဏ္ဌာန် ပြောင်းလဲပေးသောအလုပ်နှင့်အတူ ဝိညာဉ်တော်ဘုရားထုတ်လုပ်ပေးသောအရာကို ပုံဆောင်သည် (၂ကော၊၃း၁၈)။ ယေရုရှလင်မြို့သစ်ကို ရွှေ၊ ပုလဲနှင့် အဖိုးတန်ကျောက် များတည်းဟူသော အဖိုးတန်ပစ္စည်းသုံးမျိုးဖြင့် တည်ဆောက်ထားသည်(ဗျာ၊ ၂၁း၁၁၊ ၁၈–၂၁)။ ဗျာဒိတ်၊ ၂၁ရှိ မှတ်စု ၂၁[၁]၊ စာပိုဒ် ၂ ကိုကြည့်ပါ။

လူ၌ ဘုရားအသက်၏စီးဆင်းခြင်းသည် လူအထဲသို့ ဘုရားသဘောသဘာဝကို ယူဆောင်လာပြီး (၂ပေ၊၁း၄)၊ လူကို အသစ်မွေးဖွားပေးကာ (၁ပေ၊၁း၃)၊ ခရစ်တော်၏ ဘုန်းထင်ရှားသောသဏ္ဌာန်တော်သို့ ပုံသဏ္ဌာန်ပြောင်းလဲပေးသည် (၂ကော၊၃း၁၈)။ ထို့

ကြောင့် မြေမှုန့်ဖြင့် ဖန်ဆင်းခံခဲ့ရသောလူသည် (က၊ ၂း၇) ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ပုံသဏ္ဍာန်ပြောင်းလဲခံရသည့် အဖိုးတန်ပစ္စည်းများဖြစ်လာကာ၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည်။ (ကမ္ဘာဦး၊ ၂း၁၂၊ မှတ်စု ၁)

## *ယနေ့ဖတ်စရာ*

ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များသည် သုံးပါးတစ်ပါးဘုရား၏ ကောင်းမြတ်ခြင်းများနှင့် ဂုဏ်အင်္ဂါတော်များ၌ ခရစ်တော်ကို ပုံပန်းသဏ္ဍာန်အမျိုးမျိုးဖြင့် တွေ့ကြုံခံစားရခြင်းကိုပုံဆောင်သည်။ ဤအရာများနှင့်အတူ တမန်တော်များနှင့် ဝိညာဉ်ရေးရာရှိသောယုံကြည်သူများအားလုံးသည် ခရစ်တော်တည်းဟူသော အတုမရှိသောတိုက်မြစ်အပေါ် တွင် အသင်းတော်ကိုတည်ဆောက်ကြသည်။ ရွှေသည် ခမည်းတော်၏ ဘုရားသဘောသဘာဝနှင့်အတူ ၎င်း၏ ဂုဏ်အင်္ဂါများအားလုံးကို ပုံဆောင်ပြီး၊ ငွေသည် ရွေးနုတ်သောခရစ်တော်နှင့်အတူ ကိုယ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့်အလုပ်၏ ကောင်းမြတ်ခြင်းများနှင့် ဂုဏ်အင်္ဂါများအားလုံးကို ပုံဆောင်သည်။ အဖိုးတန်ကျောက်များသည် ဝိညာဉ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲပေးသောအလုပ်နှင့်အတူ ၎င်း၏ ဂုဏ်အင်္ဂါများအားလုံးကို ပုံဆောင်သည်။ ဤအဖိုးတန်ပစ္စည်းများအားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိသည့် ခရစ်တော်ကို ပါဝင်ဆက်ဆံခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းမှ ထွက်ပေါ်လာသောအရာများဖြစ်သည်။ ဤအရာများသာလျှင် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ကောင်းမွန်ပါသည်။

စိုက်ပျိုးခြင်းနှင့် ရေလောင်းခြင်းခံရပြီး၊ ကြီးထွားလာသော ဘုရားသခင်၏ ဥယျာဉ်တော်အနေဖြင့် အသင်းတော်သည် အပင်များကို ထုတ်လုပ်ရမည်ဖြစ်သည်။ သို့သော် အသင်းတော်တည်ဆောက်ခြင်းအတွက် သင့်လျော်မှန်ကန်သောပစ္စည်းများမှာ ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များဖြစ်ပြီး၊ ထိုအရာအားလုံးမှာ တွင်းထွက်ပစ္စည်းများဖြစ်သည်။ ထို့ကြောင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့်ဆိုင်သောစဉ်းစားခြင်းကို ဤနေရာ၌ ညွှန်ပြထားသည်။ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားရုံသာမက၊ အသက်၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိရန်လည်း လိုအပ်သည်။ (၁ကော၊ ၃း၁၂၊ မှတ်စု ၂)

အသင်းတော်သည် ခရစ်တော်ကို ကြီးထွားရန် လယ်ယာဖြစ်သည်။ လယ်ယာတွင် ကြီးထွားဖြစ်ထွန်းသောအရာမှန်သမျှသည် ခရစ်တော်ဖြစ်သည်။ လယ်ယာသည် ခရစ်တော်၏ ခြားနားသောပုံပန်းသဏ္ဍာန်များစွာကို ထုတ်လုပ်ပေးသည်။ ခရစ်တော်သည် နို့၊ ဟင်းသီးဟင်းရွက်များနှင့် အသားဖြစ်သည်။ အသင်းတော်သည် ခရစ်တော်ကို ကြီးထွားစေပြီး၊ သန့်ရှင်းသူများအားလုံးသည် ခရစ်တော်ကို စားသုံးကြသည်။ အဆုံးတွင် အစာ

ကြေစေခြင်း၊ တစ်သားတည်းဖြစ်လာခြင်းနှင့် ကိုယ်တွင်းဓါတ်သဘောသဘာဝများ ပြောင်းလဲခြင်းအားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော် ဖြစ်လာကြသည်။ ထိုအခါ ကျွန်ုပ်တို့သည် တည်ဆောက်ခြင်းအတွက် သင့်လျော်မှန်ကန် သောပစ္စည်းများ ဖြစ်ကြသည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို ကြီးထွားရန်အတွက် ဘုရားသခင်၏ လယ်ယာဖြစ်ရုံ သာမက၊ ဘုရားသခင်၏ အဆောက်အအုံ၊ ကိန်းဝပ်ရာနေရာလည်းဖြစ်ကြောင်းကို သခင် ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသောသန့်ရှင်းသူများအားလုံးမြင်တွေ့လိမ့်မည်ဖြစ်ကြောင်း မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် စစ်မှန်သောတည်ဆောက်ခြင်းကို လိုအပ်သည်။ စစ် မှန်သောတည်ဆောက်ခြင်းရှိနိုင်ရန်အတွက် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ဆုတ်လျော့စေ ခြင်းနှင့် ခရစ်တော်ကို ကျွန်ုပ်တို့အတွင်း၌ တိုးပွားစေခြင်းအားဖြင့် ကြီးထွားရန်လိုအပ် သည်။ ဤစစ်မှန်သောကြီးထွားခြင်းနှင့် တည်ဆောက်ခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် မည်သည့်ပုဂ္ဂိုလ်၊ အကြောင်းအရာ သို့မဟုတ် အရာဝတ္ထုကိုမျှ ပိုမိုနှစ်သက်လိုလားမှု မရှိ တော့ခြင်း ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၌ နေရာရွေးချယ်မှုလည်းမရှိတော့ကြောင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ကိုယ်ခန္ဓာတော်၌ အင်္ဂါဝင်များဖြစ်၍၊ ခရစ် တော်၌ ကြီးထွားရခြင်းကို ရိုးရိုးလေးပျော်ရွှင်မှုရှိလာမည်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ် တို့၏ အခြေအနေဖြစ်မည်ဆိုပါက၊ ကျွန်ုပ်တို့ရောက်ရှိသောနေရာတိုင်းတွင် သန့်ရှင်းသူ များသည် ကြင်နာမှုရှိသည်ဖြစ်စေ၊ ကြမ်းတမ်းသည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် သန့်ရှင်းသူ အားလုံးနှင့်အတူ ညှိနှိုင်းလုပ်ဆောင်ကြလိမ့်မည်ဖြစ်သည်။ စစ်မှန်သောတည်ဆောက် ခြင်းမှာ ခရစ်တော်၏ ပြည့်ဝပြည့်စုံသောပမာဏအရပ်သို့ ရောက်ရှိသည့်တိုင်အောင် မိမိတို့ ကိုယ်ကို ဆုတ်လျော့စေ၍၊ ခရစ်တော်ကို တိုးပွားစေခြင်းဖြစ်သည်။ (*Life-study of 1 Corinthians*, pp. 273, 269)

*ပို၍ဖတ်ရန်* – *Life-study of 1 Corinthians*, msgs. 30-31

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**က၊ ၂း ၂၂ ယေဟောဝါဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။**

**ဧ၊ ၅း ၂၅–၂၇ အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူ၍၊ သူမအဖို့ မိမိကိုယ်ကိုစွန့်တော်မူသကဲ့သို့ သင်တို့သည် ကိုယ့်ခင်ပွန်းကို ချစ်ကြလော့။ သို့မှသာ ကိုယ်တော်သည် နှုတ်ကပတ်တော်ရေ၌ သူမကို ဆေးကြောခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်စေ၍၊ ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော်ကို ခရစ်တော်သည် မိမိကိုယ်တော်တိုင်ထံသို့ ဆက်သနိုင်မည်ဖြစ်သည်။**

ဘုရားသခင်သည် သူကိုယ်တော်တိုင်အတွက် လိုက်ဖက်ညီသောအဖော်အဖက်ကို ထုတ်လုပ်နိုင်ရန် ဦးစွာပထမ လူတစ်ဦးဖြစ်လာခဲ့သည်(ယော၊၁း၁၄)။ ယင်းကို အာဒံအား ဘုရားသခင်ဖန်ဆင်းခြင်း အားဖြင့် သရုပ်ဖော်ပြထားသည်(ရော၊၅း၁၄)။ အာဒံသည် သူ၏ဇနီးအဖြစ် ဧဝထွက်ပေါ် လာရန်အတွက် ကြီးစွာသောအိပ်ပျော်ခြင်းဖြင့် အိပ်ပျော်ခဲ့ခြင်းမှာ ခရစ်တော်သည် သူ၏အဖော်အဖက်အဖြစ် အသင်းတော်ထွက်ပေါ် လာရန် ကားတိုင်ပေါ် တွင် အသေခံခဲ့ခြင်းကို ပုံဆောင်သည် (ဧ၊၅း ၂၅–၂၇)။ ခရစ်တော်၏ အသေခံခြင်းအားဖြင့် သူ့အတွင်း၌ရှိသော ဘုရားအသက်သည် လွတ်မြောက်လာပြီး၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း အားဖြင့် ထိုလွတ်မြောက်လာသောအသက်ကို ကိုယ်တော်၏ ယုံကြည်သူများအထဲသို့ ပေးဝေကာ၊ အသင်းတော်ကို စေ့စပ်ထုံးဖွဲ့ဖြစ်ပေါ် စေသည် (ယော၊ ၁၉ ရှိ မှတ်စု ၃၄^၁ကို ကြည့်ပါ)။ ထိုကဲ့သို့သောဖြစ်စဉ်အားဖြင့် ခရစ်တော်၌ရှိသော ဘုရားသခင်သည် သူ၏ အသက်၊ သဘောသဘာဝနှင့်အတူ လူအထဲသို့ ဝင်ရောက်လာခဲ့သည်။ သို့မှသာ လူသည် ကိုယ်တော်နှင့် လိုက်ဖက်ညီသောအဖော်အဖက်ဖြစ်လာရန် အသက်၊ သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာနိုင်မည်ဖြစ်သည် (က၊ ၂း ၂၁၊ မှတ်စု ၁)။

အာဒံ၏ ဖွင့်ထားသောနံဘေးမှ ထုတ်ယူခဲ့သောနံရိုးသည် ခရစ်တော်၏ ထိုးဖောက်ခံရသောနံဘေးမှ စီးထွက်လာသည့် (ယော၊၁၉း၃၄) မချိုးဖျက်နိုင်သော၊ မဖျက်ဆီးနိုင်သောထာဝရအသက်(ဟေဗြဲ၊၇း၁၆)ကို ပုံဆောင်ပြီး၊ ထိုအသက်ကို ကိုယ်တော်၏ အစိတ်အပိုင်းဖြစ်သည့် အသင်းတော်တည်ဆောက်ခြင်းအတွက် ကိုယ်တော့်ကို ယုံကြည်သူများအထဲသို့ ပေးဝေးခဲ့သည်။ (က၊ ၂း ၂၁၊ မှတ်စု ၂)

## ယနေ့ဖတ်စရာ

ကာ၊ ၂း ၂၂ ၌ ဝေကို ဖန်ဆင်းခဲ့သည်ဟု မပြောဆိုထားဘဲ၊ ဝေကို တည်ဆောက်ခဲ့သည်ဟုသာ ပြောဆိုထားသည်။ အာဒံ၏ နံဘေးမှ ထုတ်ယူခဲ့သောနံရိုးနှင့် ဝေကို တည်ဆောက်ခြင်းသည် ကားတိုင်ပေါ်တွင် ခရစ်တော်အသေခံခြင်းအားဖြင့် လွှတ်မြောက်စေခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ယုံကြည်သူများအထဲသို့ ပေးဝေခဲ့သည့် ရှင်ပြန်ထမြောက်သောအသက်နှင့် အသင်းတော်တည်ဆောက်ခြင်းကို ပုံဆောင်သည် (ယော၊၁၂း ၂၄။ ၁ပေ၊၁း၃)။ စစ်မှန်သောဝေအဖြစ် အသင်းတော်သည် ကိုယ်တော်၏ယုံကြည်သူများအားလုံး၌ရှိသည့် ခရစ်တော်၏ ပြည့်စုံခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းအသက်နှင့်အတူ ခရစ်တော်ထံမှ ထွက်ပေါ် လာသောအရာသာလျှင် ခရစ်တော်၏ အစိတ်အပိုင်း၊ အဖော်အဖက်၊ ကိုယ်ခန္ဓာတော်ဖြစ်သည် (၁ကော၊၁၂း၁၂။ ဧ၅း၂၈–၃၀)။ (ကာ၊ ၂း ၂၂၊ မှတ်စု ၁)

အာဒံထံမှ ထုတ်ယူခဲ့သောဝေကို အာဒံထံသို့ပြန်လည်ခေါ် ဆောင်ကာ သူနှင့်တစ်သားတစ်ကိုယ်တည်းဖြစ်စေသကဲ့သို့ (ကာ၊ ၂း ၂၄)၊ ခရစ်တော်ထံမှ ထွက်လာသော အသင်းတော်သည်လည်း ခရစ်တော်နှင့် တစ်ဝိညာဉ်တည်းဖြစ်ရန် (၁ကော၊၆း၁၇) ခရစ်တော်ထံသို့ ပြန်သွားရလိမ့်မည်ဖြစ်သည် (ဧ၅း၂၇။ ဗျာ၊၁၉း၇)။ (ကာ၊ ၂း ၂၂၊ မှတ်စု ၃)

ပထမဦးစွာ ဘုရားသခင်သည် လူတစ်ဦးဖြစ်လာခဲ့သည်။ ထို့နောက်တွင် ဘုရားအသက်၊ သဘောသဘာဝနှင့်အတူ ဤလူသည် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် များစွာသောယုံကြည်သူများအထဲသို့ ပွားများလာခဲ့ပြီး၊ သူတို့သည် ကိုယ်တော်နှင့်လိုက်ဖက်ညီသည့် အဖော်အဖက်တည်းဟူသော စစ်မှန်သောဝေ၌ ပေါင်းစပ်ဖွဲ့စည်းခံရရန် များစွာသောအင်္ဂါဝင်များဖြစ်လာကြသည်။ ဤဖြစ်စဉ်အားဖြင့် ခရစ်တော်၌ရှိသောဘုရားသခင်သည် သူ၏ အသက်၊ သဘောသဘာဝနှင့်အတူ လူအထဲသို့ ဝင်ရောက်လာခဲ့သောကြောင့်၊ လူသည် ကိုယ်တော်နှင့် လိုက်ဖက်ညီသောအဖော်အဖက်ဖြစ်လာရန် အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်နှင့် တူညီလာနိုင်သည်။

အာဒံသည် အိပ်ပျော်ရာမှ နိုးလာသည်နှင့်တစ်ပြိုင်နက် သူ၏နံရိုးနှင့်တည်ဆောက်ထားသောဝေ၏တည်ရှိမှုကို တွေ့ရှိခဲ့ရသည်။ ထိုနည်းတူပင် ခရစ်တော်သည် သေခြင်းမှ ထမြောက်သောအခါ (၁ကော၊၁၅း၂၀)၊ အသင်းတော်သည် ကိုယ်တော်၏ ဘုရားအသက်နှင့်အတူ ထွက်ပေါ် လာခဲ့သည်။ အသေခံတော်မူခြင်းအားဖြင့် ကိုယ်တော့်အတွင်း၌ ရှိသောဘုရားအသက်သည် လွှတ်မြောက်လာခဲ့ပြီး၊ ရှင်ပြန်ထမြောက်တော်မူခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသစ်မွေးဖွားခြင်းခံရကြသည် (၁ပေ၊၁း၃)။ ကိုယ်တော်သည် မြေထဲသို့ ကျ၍ ပျက်ကာ၊ များစွာသောဂျုံစပါးမျိုးစေ့ကို ထွက်ပေါ် စေသည့် ဂျုံ

စပါးမျိုးစေ့တစ်စေ့ဖြစ်သည် (ယော၊ ၁၂း ၂၄)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်သောအသက်နှင့်အတူ အသစ်မွေးဖွားခံရသည့် များစွာသောဂျုံစပါးမျိုးစေ့များဖြစ်သည်။ အသက်တည်းဟူသောကိုယ်တော့်ကိုရရှိပြီး၊ ကိုယ်တော့်အားဖြင့် အသက်ရှင်သည့် အသစ်မွေးဖွားခံရသူများအနေဖြင့် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ စစ်မှန်သောဧဝဖြစ်သည့် ကိုယ်တော်၏ အသင်းတော်၌ ပေါင်းစပ်ဖွဲ့စည်းခြင်းခံရသည်။

အာဒံသည် ဧဝကို မြင်တွေ့သောအခါ "ယခု ဤသူသည် ငါ့အရိုးထဲက အရိုး၊ ငါ့အသားထဲက အသားဖြစ်၏"ဟုပြောဆိုခဲ့သည် (က၊ ၂း ၂၃)။ ခရစ်တော်သည် အသင်းတော်ကို မြင်သောအခါတွင်လည်း၊ "ငါသည် ကျွဲနွားတိရစ္ဆာန်များ၊ ခြင်္သေ့များ၊ လိပ်များ၊ ငါးများနှင့် ငှက်များကို မြင်တွေ့ခဲ့ပြီဖြစ်သော်လည်း၊ ငါနှင့်တော်သောအထောက်အမ မရှိသေး။ ယခု အသင်းတော်သည် ငါ့အရိုးထဲက အရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ အကြောင်းမှာ အသင်းတော်သည် ငါ၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှ ထွက်ပေါ်လာသောကြောင့်ပေတည်း။ အသင်းတော်သည် ငါ့ထံမှ ထွက်လာခြင်းဖြစ်သောကြောင့်၊ အသင်းတော်နှင့် ငါသည် တစ်လုံးတစ်ဝတည်းဖြစ်နိုင်သည်"ဟု ပြောဆိုခဲ့မည်ဖြစ်သည်။ *(Life-study of Genesis,* pp. 219-221)

*ပို၍ဖတ်ရန်* – *Life-study of Genesis,* msg. 17; *The Central Thought of God,*chs. 4-5; *The Central Line of the Divine Revelation,* msg. 7

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ———————————————————————

***Hymns*, # M-286, E-972, K768**

၁။ ဘုရား၏ကြံစည်ဗဟို
လူနှင့်အတူ နေဖို့သာ
လူတွက် ရာအားလုံးဖြစ်ရန်
ကြံစည်တော် ပြည့်စုံရန်ပင်။

၂။ လူသည် မြေသဏ္ဍာန်ပြုခံ
ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်ရှိ
ဘုရား၏ အသက်ရရှိ
ကိုယ်တော်နှင့်တူမည်အမှန်။

၃။ ဘုရားအသက် စီးဆင်းခြင်း
လူသည် ဖိုးထိုက်ကျောက်ဖြစ်လာ
အိမ်တော်အဖြစ် တည်ဆောက်ခံ
ကိုယ်တော်ဘုန်းထင်ရှားမည်မှန်။

၄။ ဤမြို့တော် ဘုရားတည်ဆောက်
ကိုယ်တော်ကိန်းဝပ်သောနေရာ
ယေရုရှလင်မြို့သစ်သာ
ကိုယ်တော်အလို ပြည့်စုံရာ။

၅။ သန့်ရှင်းသူများ၏ အိမ်တော်
လူနှင့်ဘုရားပေါင်းစည်းခြင်း
ခမည်းတော်၏ကြံစည်တော်
ကမ္ဘာဦးကပင် စောင့်မျှော်။

၆။ တန်ခိုးတော်အလယ်ဗဟို
ဘုရားနှင့်ခရစ်ပလ္လင်
အသက်စမ်းရေစီးဆင်းလာ
သက်ရှင်ဝိညာဉ်တော်ပြည့်လျှံ။

၇။ အသက်ရေစီးဆင်းခြင်း၌
အသက်ပင်သည် ခရစ်တော်
အသက်ပင်သည် အသီးသီး
အစာအတွက် မစပေး။

၇။ ခရစ်တော်၌ရှိဘုရား
တစ်မြို့လုံးကို ဘုန်းထွန်းလင်း
သေခြင်းညအားလုံးပျောက်ကွယ်
ဘုရားအသက်သည် အလင်း။

၈။ ဘုရားနှင့်လူပေါင်းစည်းကာ
အပြန်အလှန်ပိုင်ဆိုင်ကြ
လူ၌ ဘုရားထည့်ဝင်ရာ
လူသည် ဘုရားကို ထင်ရှား။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ***----------
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________
______________________________________________

Day 1

## *ဘုရားသခင်၏အကြံအစည်တော်ကို ပြည့်စုံစေခြင်းအတွက် ခရစ်တော်၌ဖန်ဆင်းခြင်း*

ဖတ်ရန်ကျမ်း။ ။က၊၁း၁။ ဗျာ၊၄း၁၁။ ယော၊၁း၃။ ဟေဗြဲ၊၁း ၂။ ၁၁း၃။ ဗျာ၊၃း၁၄။ ကော၊၁း၁၅–၁၇

**I. "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်များနှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏" (က၊၁း၁)။**

က။ ဤနေရာ၌ *အစအဦး* ဆိုသည်မှာ အချိန်၏ အစကို ရည်ညွှန်းခြင်း ဖြစ်သည် (cf. ယော၊၁း၁)။

၁။ အချိန်သည် စကြဝဠာကို ဖန်ဆင်းခြင်း၌ စတင်ခဲ့ပြီး၊ ပလ္လင်ဖြူကြီးတွင် နောက်ဆုံးတရားစီရင်ခြင်းအထိ ဆက်လက်ရှိနေမည် ဖြစ်သည် (ဗျာ၊၂၀း၁၁–၁၅)။

၂။ အချိန်သည် ဘုရားသခင်၏ ထာဝရအကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက် ဖြစ်သည်။ ဘုရားသခင်သည် ၎င်းကို ထာဝရအနာဂတ်ကာလအတွက် ထာဝရအတိတ်ကာလတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည် (ဧ၊၃း၁၁)။

ခ။ က၊၁း၁တွင် *ဘုရားသခင်* ဟုဆိုသော ဟေဗြဲစကားသည် *အီလိုဟင်* (*Elohim*)ဖြစ်ပြီး၊ အဓိပ္ပာယ်မှာ "တန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရား"ဖြစ်သည်။ ဤနေရာရှိ ဟေဗြဲနာမည်မှာ အများကိန်းဖြစ်သော်လည်း၊ *ဖန်ဆင်းခဲ့သည်* ဟုဆိုသောကြိယာမှာ အနည်းကိန်းဖြစ်သည်။ ဤအရာမှာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဇာစ်မြစ်ဖြစ်သည်။

၁။ ဘုရားသခင်သည် တစ်ပါးတည်းဖြစ်သည်သာမက၊ ကိုယ်တော်သည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော် တည်းဟူသော သုံးပါးလည်း ဖြစ်တော်မူသည် (ဟေရှာ၊၄၅း၅။ ၁ကော၊၈း၄။ ၁တိ၊၂း၅။ မ၊၂၈း၁၉)။

၂။ ဘုရားသခင်သည် သုံးပါးတစ်ပါးဘုရားဖြစ်ပြီး၊ ဖန်ဆင်းခြင်းကိုပြုခဲ့သော သုံးပါးတစ်ပါးဘုရားဖြစ်သည်။

ဂ။ ဘုရားသခင်သည် တုနှိုင်းရာမဲ့သောဖန်ဆင်းရှင်ဖြစ်ပြီး၊ ဘုရားသခင် တစ်ပါးတည်းသာ ဖန်ဆင်းနိုင်ခြင်းဖြစ်သည် (မာ၊၁၃း၁၉။ ဧ၊၃း၉။ ဗျာ၊၄း၁၁)။

၁။ ကၢ၁း၁၃ ဖန်ဆင်းတော်မူ၏ ဟုဆိုသောစကားမှာ ဘာမျှမရှိသောအရာထဲမှ တစ်စုံတစ်ရာတည်ရှိလာရန် ဖြစ်ပေါ်လာသည်ဟု အဓိပ္ပာယ်ရသည်။

၂။ ဘုရားသခင်သည် "လောကဓာတ်မှစ၍၊ လောကဓာတ်၌ရှိလေသမျှတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်"ဖြစ်တော်မူသည် (တ၊၁၇း၂၄)။ ကိုယ်တော်သည် "ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာမှစ၍ အရပ်ရပ်တို့၌ရှိလေသမျှတို့ကို ဖန်ဆင်းတော်မူ၍၊ အသက်ရှင်တော်မူသော ဘုရားသခင်"ဖြစ်တော်မူသည် (တ၊၁၄း၁၅)။

*Day 2*

ဃ။ ဘုရားသခင့်ဖန်ဆင်းခြင်း၏ အကြောင်းရင်းမှာ မိမိ၏ အလိုတော်ကို ပြည့်စုံစေရန်နှင့် မိမိ၏ ကောင်းသောကျေနပ်နှစ်သိမ့်ရာကို ဝမ်းမြောက်ရန်ဖြစ်သည် (ဧ၊၁း၅၊ ၉)။

င။ ဘုရားသခင့်ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်မှာ သားတော်ကို ဘုန်းထင်ရှားစေရန်နှင့် မိမိကိုယ်တော်တိုင်ကို ထင်ရှားရန်ဖြစ်သည်။ အထူးသဖြင့် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်း၊ ပုံသဏ္ဌာန်တော်နှင့် ထင်ရှားခြင်းတည်းဟူသော သားတော်အားဖြင့် လူတွင် ထင်ရှားရန် ဖြစ်သည် (ကော၊၁း၁၅–၁၉။ ၂း၉။ ဆ၊၁၉း၁–၂။ ရော၊၁း၂၀။ ၁တိ၊၃း၁၆)။

## II. "ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက်ရှိကြပါ၏" (ဗျာ၊၄း၁၁)။

က။ ဖန်ဆင်းခြင်း၌ ဘုရားသခင့်အလုပ်၏ အခြေခံအကြောင်းရင်းမှာ ကိုယ်တော်၏ အလိုတော်နှင့် စီမံချက်ဖြစ်သည် (ဧ၊၁း၉–၁၀)။

၁။ ဘုရားသခင်၌ အလိုတော်ရှိပြီး၊ ထိုအလိုတော်အတိုင်း ကိုယ်တော်သည် မိမိ၏ စီမံချက်ကို ကြံစည်ချမှတ်ခဲ့ခြင်းဖြစ်သည် (၃း၁၁)။

၂။ ကိုယ်တော်၏ အလိုတော်နှင့် စီမံချက်အရ ကိုယ်တော်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည် (အငယ်၊၉)။

ခ။ ဘုရားသခင်၏ အလိုတော်သည် သူ၏ အလိုဆန္ဒဖြစ်ပြီး၊ ကိုယ်တော်၏ အလိုတော်မှာ မိမိအလိုရှိသောအရာကို လုပ်ဆောင်ရန်ဖြစ်သည်

(၁း၉)။

၁။ ဘုရားသခင်၏ ကောင်းသောကျေနပ်နှစ်သိမ့်ရာသည် သူ၏ အလိုတော်ဖြစ်ပြီး၊ ကိုယ်တော်၏ ကောင်းသောကျေနပ်နှစ်သိမ့် ရာသည် သူ၏ အလိုတော်၌ ကိုယ်ထင်ရှားသောကြောင့်၊ ကိုယ် တော်၏ အလိုတော်သည် ရှေးဦးစွာ ရှိရခြင်းဖြစ်သည် (အငယ်၊ ၅)။

၂။ ဘုရားသခင်၏ အလိုတော်မှာ သူ၏ အကြံအစည်တော်ကို သယ် ဆောင်ရန်အတွက် သူ၏ ဆုံးဖြတ်ချက်ဖြစ်သည် (အငယ်၊၁၁။ ၁ကော၊၁း၁)။

*Day 3*

ဂ။ ဘုရားသခင်သည် သူ၏ ကျေနပ်အားရနှစ်သက်သောအလိုတော်နှင့် အညီ အကြံအစည်တော်ရှိသောဘုရားဖြစ်သည်။ ကိုယ်တော်သည် မိမိ၏ အလိုတော်အတွက် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော် မူခဲ့သည်၊ သို့မှသာ ကိုယ်တော်သည် မိမိ၏ အကြံအစည်တော်ကို ပြီး မြောက်၊ ပြည့်စုံစေနိုင်မည်ဖြစ်သည် (ဗျာ၊၄း၁၁။ ဧ၊၃း၉–၁၁။ ကော၊ ၁း၉)။

၁။ ဘုရားသခင်၏ အလိုတော်မှာ မိမိစိတ်နှလုံးတော်၏ အလိုဆန္ဒ ဖြစ်ပြီး၊ လူကို သူနှင့်ရောနှောပေါင်းစည်းစေခြင်း၊ သူ၏ ထာဝရ စီမံချက်ကို ပြည့်စုံစေခြင်းတို့ဖြစ်သည် (ဧ၊၁း၅၊ ၉၊ ၁၁။ ၅း၁၇)။

၂။ ဘုရားသခင်၏ အလိုတော်မှာ သူ၏ ပြည့်ဝခြင်း၊ ထင်ရှားခြင်း ဖြစ်လာရန် ခရစ်တော်အတွက် ကိုယ်ခန္ဓာတော်ကိုရရှိစေခြင်း ဖြစ်သည် (ရော၊၁၂း၂၊ ၅။ ဧ၊၁း၅၊ ၉၊ ၁၁၊ ၂၂–၂၃)။

၃။ ကောင်းကင်များနှင့် မြေကြီးကို ဘုရားသခင်၏ ဖန်ဆင်းခြင်း သည် သူ၏ အကြံအစည်တော်ကို သယ်ဆောင်ရန် သူ၏ ထာဝရ စီမံချက်ဆောင်ရွက်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်၏ အကြံအစည်တော်မှာ စကြဝဠာတွင် လူ၌ ပြည့်ဝစွာထင်ရှားရန် ဖြစ်သည် (က၊၁း၁။ ဧ၊၃း၁၁၊ ၂၁)။

ဃ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို ပြည့်ဝစွာ နားလည်နိုင် ရန်လိုအပ်သည် (ကော၊၁း၉)။

၁။ ကော၊၁း၉၌ရှိသော ဘုရားသခင်၏ အလိုတော်မှာ သူ၏ ထာဝရ အကြံအစည်တော်နှင့်သက်ဆိုင်သည့်၊ ခရစ်တော်နှင့်စပ်လျဉ်း

ပြီး၊ သူ၏ စီမံကိန်းနှင့်သက်ဆိုင်သည့် မိမိ၏ အလိုတော်ဖြစ်သည် (ဧ၁း၅၊ ၉၊ ၁၁)။

၂။ ဘုရားသခင်၏ အလိုတော်ကို ပြည့်ဝစွာ နားလည်နိုင်ခြင်းသည် ဘုရားသခင့်စီမံချက်၏ ဖွင့်ပြခြင်းကို နားလည်ခြင်းဖြစ်သည်။ သို့မှသာ စကြဝဠာ၌လုပ်ဆောင်ရန် ဘုရားသခင် စီမံထားသော အရာကို ကျွန်ုပ်တို့ သိရှိနိုင်မည်ဖြစ်သည် (ဗျာ၄း၁၁)။

*Day 4*

**III. "ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်မှတစ်ဆင့် (နှုတ်ကပတ်တော်)ဖြစ်၍ ကိုယ်တော်နှင့်ကင်းလွတ်လျက်ဖြစ်သောအရာတစ်စုံတစ်ခုမျှမရှိ"(ယော၁း၃)။**

က။ ဖန်ဆင်းခြင်းသည် ဘုရားသခင်၏ အလုပ်ဖြစ်သော်လည်း၊ ကိုယ်တော်၏ ဖန်ဆင်းခြင်းနည်းလမ်းမှာ သူ၏ သားတော်နှင့် သူ၏ နှုတ်ကပတ်တော်ဖြစ်သည် (ကော၁း၁၅–၁၆။ ဟေဗြဲ၁း၂။ ၁၁း၃။ ယော၁း၃။ ဆာ၃၃း၆၊ ၉)။

ခ။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင်ဖြစ်ပြီး၊ ခရစ်တော်သည် ဘုရားသခင်ဖြစ်သောကြောင့်၊ ခရစ်တော်သည် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင်နှင့် ခပ်သိမ်းသောအရာတို့၏ ဖြစ်တည်သောနည်းလမ်းလည်းဖြစ်သည် (ဟေဗြဲ၁း၁၀။ ဆာ၁၀၂း၂၅)။

ဂ။ ယော၁း၃၌ ခပ်သိမ်းသောအရာတို့သည် နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်မှတစ်ဆင့် ဖြစ်တည်လာခဲ့ကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။

၁။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်မှတစ်ဆင့် ဖြစ်၍၊ ကိုယ်တော်နှင့်ကင်းလွတ်လျက်ဖြစ်သော အရာတစ်စုံတစ်ခုမျှမရှိဟု ဆိုခြင်းမှာ ကိုယ်တော်နှင့်ကင်းလွတ်သောအရာသည် မတည်ရှိကြောင်း အဓိပ္ပာယ်ရခြင်းဖြစ်သည် (အငယ်၊၃)။

၂။ ဖန်ဆင်းခြင်းသည် နှုတ်ကပတ်တော်မှတစ်ဆင့် မဖြစ်သေးသောအရာတို့ကို ဖြစ်သောအရာကဲ့သို့ မှာထားခြင်းဖြစ်သည်။ နှုတ်ကပတ်တော်သည် နည်းလမ်းနှင့် နယ်ပယ်နှစ်ခုလုံးဖြစ်သည် (ရော၄း၁၇။ ဟေဗြဲ၁၁း၃။ ယော၁း၃)။

၃။ နှုတ်ကပတ်တော်၊ နည်းလမ်းတည်းဟူသော ခရစ်တော်မှတစ်ဆင့်

ခပ်သိမ်းသောအရာတို့သည် ဖြစ်တည်လာခဲ့သည်။ ထို့ကြောင့် ခရစ်တော်သည် ဖန်ဆင်းရှင်နှင့် နည်းလမ်းနှစ်ခုလုံးဖြစ်ပြီး၊ ခပ်သိမ်းသောအရာတို့ကို ခရစ်တော်တည်းဟူသော နည်းလမ်းအားဖြင့်၊ နည်းလမ်းမှတစ်ဆင့် ဖန်ဆင်းခဲ့ခြင်းဖြစ်သည် (ဟေဗြဲ၊ ၁း၁၀။ ယော၊၁း၃)။

*Day 5*

ဃ။ ခရစ်တော်သည် "တန်ခိုးနှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို တည်စေ၍၊ ထောက်မတော်မူသောသူ" ဖြစ်သည် (ဟေဗြဲ၊၁း၃)။

၁။ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းပြီးနောက်၊ ခရစ်တော်သည် ခပ်သိမ်းသောအရာတို့ကို ထောက်မသောသူဖြစ်လာခဲ့သည်။ ကိုယ်တော်သည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်း၏ နည်းလမ်းဖြစ်သည်သာမက၊ ထောက်မသောသူလည်းဖြစ်သည်။

၂။ ကိုယ်တော်သည် စကြဝဠာကို ဖန်ဆင်းတော်မူခဲ့ပြီး၊ ယခု ကိုယ်တော်သည် သူ၏ တန်ခိုးတော်စကားအားဖြင့် စကြဝဠာကို ထောက်မနေခြင်းဖြစ်သည်။

င။ ခရစ်တော်သည် "ဘုရားသခင့်ဖန်ဆင်းခြင်း၏ အစအဦး" ဖြစ်တော်မူသည်။ ယင်းမှာ သခင်ဘုရားသည် ဘုရားသခင့်ဖန်ဆင်းခြင်း၏ မူလအစ သို့မဟုတ် အရင်းအမြစ်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ကိုယ်တော်သည် ဘုရားသခင့်အလုပ်၏ မပြောင်းလဲနိုင်သော၊ ထာဝရတည်သောအရင်းအမြစ်ဖြစ်ကြောင်းကိုလည်း ညွှန်ပြနေသည် (ဗျာ၊ ၃း၁၄)။

**IV. "အကြောင်းမူကား၊ ထိုသားတော်၌ ကောင်းကင်များနှင့် မြေကြီးပေါ်မှာရှိသမျှသော ... ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်မှတစ်ဆင့်လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ ... ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၌ တည်ကြ၏" (ကော၊ ၁း၁၆–၁၇)။**

က။ *ထိုသားတော်၌* ဟူသည်မှာ ခရစ်တော်ပုဂ္ဂိုလ်တော်၏ တန်ခိုးကို ဆိုလိုခြင်းဖြစ်သည် (အငယ်၊၁၆)။

၁။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်ဖြစ်သောအရာ၏ တန်ခိုးတော်၌ ဖန်ဆင်းခံရခြင်းဖြစ်သည်။

၂။ ဖန်ဆင်းခံအရာအားလုံးသည် ခရစ်တော်၏ စစ်မှန်သောတန်ခိုးတော်၏ သွင်ပြင်လက္ခဏာများကို ပြသသည်။

ခ။ *ထိုသခင်မှတစ်ဆင့်* ဟူသည်မှာ ခရစ်တော်သည် လှုပ်ရှားလုပ်ဆောင်မှုရှိသော အသုံးခံရာတန်ဆာပလာဖြစ်ပြီး၊ ကိုယ်တော်မှတစ်ဆင့် ဖန်ဆင်းခံ အရာအားလုံးသည် အစီအစဉ်တကျပြီးမြောက်ပြည့်စုံခဲ့ကြောင်း ဆိုလိုခြင်းဖြစ်သည် (အငယ်၊၁၆)။

ဂ။ *ကိုယ်တော်အဖို့အလို့ငှာ* ဟူသည်မှာ ခရစ်တော်သည် ဖန်ဆင်းခံအရာအားလုံး၏ အဆုံးဖြစ်ကြောင်း ဆိုလိုသည်။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၏ ပိုင်ဆိုင်ခြင်းအတွက် ကိုယ်တော်အဖို့အလို့ငှာ ဖန်ဆင်းခံရခြင်းဖြစ်သည် (အငယ်၊၁၆)။

**Day 6**

ဃ။ *၌၊ မှတစ်ဆင့်၊ အဖို့အလို့ငှာ* စသည့်စကားလုံးတို့က ခရစ်တော်သည် ဖန်ဆင်းခြင်းနှင့် အတွင်းကျကျဆက်နွယ်နေကြောင်း ရည်ညွှန်းသည် (အငယ်၊၁၆)။

၁။ ကိုယ်တော်သည် အပြင်ပိုင်းသက်သက်ဖြစ်သောနည်းလမ်း၌ စကြဝဠာကို မဖန်ဆင်းသကဲ့သို့ ဖန်ဆင်းရှင်အဖြစ် သီးခြားဖြစ်တည်နေခြင်းလည်း မဟုတ်ပေ။

၂။ ခရစ်တော်သည် သီးခြားဖြစ်တည်နေခြင်းမဟုတ်ဘဲ၊ ခပ်သိမ်းသောအရာတို့ကို ဖြစ်တည်လာရန် မိန့်မှာခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ဖန်ဆင်းခြင်း၏ ဖြစ်စဉ်သည် ကိုယ်တော့်ပုဂ္ဂိုလ်တော်၏ တန်ခိုးတော်၌၊ စကြဝဠာတွင် တုနှိုင်းမရသောတန်ခိုးတော်၌ ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။

၃။ ကိုယ်တော်သည် သီးခြားဖြစ်တည်နေသောဖန်ဆင်းရှင်မဟုတ်ဘဲ၊ အဆင့်ဆင့်ပြီးမြောက်ခဲ့သော ဖန်ဆင်းခြင်းမှတစ်ဆင့် အတွင်းကျကျတည်ရှိနေသော အသုံးခံရာတန်ဆာပလာလည်းဖြစ်သည်။

၄။ ဖန်ဆင်းခြင်းသည် ခရစ်တော့်ပုဂ္ဂိုလ်တော်၏ တန်ခိုးတော်၌လည်းကောင်း၊ လှုပ်ရှားလုပ်ဆောင်မှုရှိသော အသုံးခံရာတန်

ဆာပလာတည်းဟူသော ကိုယ်တော်မှတစ်ဆင့်လည်းကောင်း၊ ပန်းတိုင်တည်းဟူသော ကိုယ်တော်အဖို့အလို့ငှာလည်းကောင်း ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။

 င။ *ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၌တည်ကြသည်* ဟူသည်မှာ ခပ်သိမ်းသောအရာတို့သည် ထောက်မနေသောအလယ်ဗဟိုတည်းဟူသော ခရစ်တော်၌ အတူတကွ စုစည်းတည်ရှိနေခြင်းကို ဆိုလိုသည်။ ယင်းမှာ ဘီးတစ်ခု၌ရှိသော စပုတ်တံများသည် သူတို့၏ အလယ်ဗဟိုတည်းဟူသော ဝင်ရိုးအားဖြင့် အတူတကွစုစည်းတည်ရှိနေသကဲ့သို့ဖြစ်သည် (အငယ်၊၁၇)။။

စ။ *ဖန်ဆင်းခြင်းအားလုံး၏ ပထမနေရာ* ဟူသည်မှာ ဖန်ဆင်းခံအရာများအားလုံး၌ ခရစ်တော်၏ ထူးကဲသာလွန်ကောင်းမွန်ခြင်းကို ရည်ညွှန်းသည်။ အကြောင်းမှာ ခရစ်တော်သည် ဖန်ဆင်းခြင်း၌ အရာခပ်သိမ်း၏ ပထမနေရာတွင် ရှိသောကြောင့်ဖြစ်သည် (အငယ်၊၁၅–၁၈)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကမ္ဘာ၊ အစအဦး၌ ဘုရားသခင်သည် ကောင်းကင်များနှင့် မြေကြီးကို ဖန်ဆင်း**
**၁း၁ တော်မူ၏။**

**ဧ၊ အလုံးစုံတို့ကိုဖန်ဆင်းတော်မူသော ဘုရားသခင်၌ ခေတ်များတစ်လျှောက်**
**၃း၉ လုံးဝှက်ထားလျက်ရှိသော ထိုနက်နဲသောအရာ၏စီမံကိန်းသည် အဘယ် အရာဖြစ်သည်ကို သူတို့သည် မြင်နိုင်မည့်အကြောင်း၊ လူအပေါင်းတို့ အား အလင်းပေးရန်ဖြစ်၏။**

သမ္မာကျမ်းစာကို "အစအဦး၌"ဟုဆိုသောစကားဖြင့် အစပြုထားခြင်းဖြစ်သည်။ သို့သော်လည်း က၊၁း၁ပြောဆိုသောအရာသည် ယော၊၁း၁ပြောဆိုသောအရာနှင့် မတူညီပေ။ ကမ္ဘာဦးကျမ်းနှင့် ယောဟန်ကျမ်းနှစ်ခုလုံးကို တူညီသောစကားနှင့် အစပြုထားသော်လည်း၊ တစ်ခုချင်းစီ၏အဓိပ္ပာယ်မှာ လုံးလုံးလျားလျား ကွဲပြားခြားနားနေသည်။ ကမ္ဘာဦးကျမ်းတွင် *အစအဦး၌* ဟုဆိုသောစကားသည် အချိန်၏အစကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ဖန်ဆင်းခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ထို့ကြောင့် က၊၁း၁သည် ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်ဖန်ဆင်းသည့် အချိန်၏ အစကို ရည်ညွှန်းခြင်းဖြစ်သည်။ ယော၊၁း၁ရှိ စကားစု၏ အဓိပ္ပာယ်မှာ ထိုကဲ့သို့မဟုတ်ပေ။ ၎င်းသည် အစအဦးမရှိသော ထာဝရအတိတ်ကာလကို ရည်ညွှန်းခြင်းဖြစ်သည်။ ကမ္ဘာဦး၊၁ရှိ အစအဦးသည် ဖန်ဆင်းခြင်းအချိန်နှင့် စတင်ထားသော်လည်း၊ ယောဟန်၊၁ရှိ အစအဦးသည် ဖန်ဆင်းခြင်းအချိန်မတိုင်မီကို ရည်ညွှန်းခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ကမ္ဘာဦး၊၁ရှိ အစအဦးသည် အချိန်၏ အစဖြစ်ပြီး၊ ယောဟန်၊၁ရှိ အစအဦးသည် အချိန်မတည်ရှိမီက အစအဦးဖြစ်က၊ အစအဦးမရှိသော ထာဝရအတိတ်ကာလကို ရည်ညွှန်းခြင်းဖြစ်သည်။ (*Life-study of John,* pp. 17-18)

## *ယနေ့ဖတ်စရာ*

အချိန်သည် စကြဝဠာကိုဖန်ဆင်းခြင်း၌ စတင်ခဲ့ပြီး၊ ပလ္လင်ဖြူကြီးတွင် နောက်ဆုံးတရားစီရင်ခြင်းအထိ ဆက်လက်ရှိနေမည်ဖြစ်သည် (ဗျာ၊ ၂၀း၁၁–၁၅)။ အချိန်သည် ဘုရားသခင်၏ထာဝရအကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက် ဖြစ်ပြီး၊ ၎င်းကို ဘုရားသခင်သည် ထာဝရအနာဂတ်ကာလအတွက် ထာဝရအတိတ်ကာလတွင် (ဧ၊၃း၁၁) ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ (က၊၁း၁ မှတ်စု၊ ၂)

ကၢးၨ၁တွင် *ဘုရားသခင်* ဟုဆိုသော ဟေဗြဲစကားသည် *အီလိုဟင်* (*Elohim*) ဖြစ်ပြီး၊ အဓိပ္ပာယ်မှာ *တန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရား* ဖြစ်သည်။ ဤနေရာရှိ ဟေဗြဲနာမည်မှာ အများကိန်းဖြစ်သော်လည်း၊ *ဖန်ဆင်းခဲ့သည်* ဟုဆိုသောကြိယာမှာ အနည်းကိန်းဖြစ်သည်။ ထို့အပြင် အငယ်၊ ၂၆၌ ငါတို့ (*Us*)၊ ငါတို့၏ (*Our*)–စသည့် အများဖြစ်သောနာမ်စားများနှင့် အငယ်၊ ၂၇၌ ကိုယ်တော်သည် (*He*)၊ မိမိ၏ (*His*)– စသည့်နာမ်စားများကို ဘုရားသခင်အား ရည်ညွှန်းပြောဆိုရာတွင် အသုံးပြုထားသည်။ ဤအရာမှာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဇာစ်မြစ်ဖြစ်သည်။ ဘုရားသခင်သည် တစ်ပါးတည်းဖြစ်သည် သာမက (ဟေရှာ၊၄၅း၅။ ၁ကော၊ဂး၄။ ၁တိ၊ ၂း၅)၊ ကိုယ်တော်သည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော သုံးပါးလည်း ဖြစ်တော်မူသည် (မ၊ ၂ဂး၁၉)။ ဘုရားသခင်သည် သုံးပါးတစ်ပါးဘုရားဖြစ်ပြီး၊ ဖန်ဆင်းခြင်းကို ပြုခဲ့သော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ (ကၢး၁ မှတ်စု၊၃)

ဘုရားသခင်တစ်ပါးတည်းသာ ဖန်ဆင်းနိုင်ခြင်းဖြစ်သည်။ *ဖန်ဆင်းတော်မူ၏* ဟုဆိုသောစကားမှာ ဘာမျှမရှိသောအရာထဲမှ တစ်စုံတစ်ရာ တည်ရှိလာသည်ဟု အဓိပ္ပာယ်ရခြင်းဖြစ်သည်။ ဘုရားသခင်သည် တုနှိုင်းရာမဲ့သောဖန်ဆင်းရှင် ဖြစ်သည်။ (*The Conclusion of the New Testament,* p. 146)

တ၊၁၇း၂၄၌ ပေါလုက ဘုရားသခင်သည် "လောကဓာတ်မှစ၍၊ လောကဓာတ်၌ရှိလေသမျှတို့ကို ဖန်ဆင်းတော်မူခဲ့သည်"ဟု ပြောဆိုထားသည်။ ဤစကားက အထူးသဖြင့် ဘုရားသခင်ကို မယုံကြည်သော ဘုရားမဲ့ဝါဒီများဖြစ်သည့် ဧပိကုရု၏ နောက်လိုက်များကို ရည်ညွှန်းခြင်းဖြစ်သည်။ သူတို့သည် ဖန်ဆင်းရှင်ကို မယုံကြည်သကဲ့သို့၊ ဘုရားဆိုင်ရာမစထောက်ပံ့ခြင်းကိုလည်း မယုံကြည်ခဲ့ပေ။ ထို့ကြောင့် ပေါလုက ဧပိကုရု၏ နောက်လိုက်များအား ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသောအရှင်ဖြစ်ကြောင်းကို ဆက်လက်ပြောဆိုခဲ့သည်။ ဤဘုရားကို ဧပိကုရု၏ နောက်လိုက်များသည် အမှန်ပင် မသိကျိုးကျွန်ပြုခဲ့ကြသည်။ ထို့အပြင် ပေါလုက ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍၊ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသောအရှင်ဖြစ်ကြောင်း ညွှန်ပြခဲ့သည်။ ထိုအရာများသည် ဘုရားဆိုင်ရာမစထောက်ပံ့ခြင်းများဖြစ်ကြသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို မစထောက်ပံ့သောကြောင့်၊ လူတို့သည် အသက်ရှင်နေထိုင်နိုင်ခြင်းဖြစ်သည်။ ဧပိကုရု၏ နောက်လိုက်များက လူသားများ၏ အသက်တာလိုအပ်မှုများအားလုံးကို မစထောက်ပံ့ပေးသော၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသောအရှင်၊ ဖန်ဆင်းရှင်ကို မယုံကြည်ခဲ့ကြပေ။

တ၊၁၇၌ ပေါလု၏ဟောပြောခြင်းမှာ အလွန်ပင် ကောင်းမွန်လှသည်။ သူသည် တရားဇရပ်၌ ဂျူးလူမျိုးများနှင့် ဆွေးနွေးနှီးနှောသောအခါ၊ ကျမ်းစာကို အသုံးပြုခဲ့သည်။ သို့သော် ပေါလုသည် အတွေးအခေါ် သမားများဖြစ်သော ဧပိကုရု၏နောက်လိုက်များကို ဟောပြောသောအခါ၊ သူသည် ဖန်ဆင်းခြင်းကို ထုတ်ဖော်ပြောဆိုခဲ့သည်။

တ၊၁၇း၂၊ ၂၄နှင့် ၂၅တွင် ပေါလုပြောဆိုခဲ့သောအရာသည် အခန်း၊၁၃နှင့် ၁၄ တွင် ပြောဆိုခဲ့သောအရာနှင့် တူညီပေသည်။ အခန်း၊၁၃၌ သူသည် ရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်အကြောင်းကို ဟောပြောရာတွင် အခြေခံအကြောင်းရင်းအဖြစ် ဂျူးလူမျိုးများ၏ကျမ်းစာကို အသုံးပြုခဲ့သည်။ သို့သော် အခန်း၊၁၄၌ မိစ္ဆာဒိဋ္ဌိများကို သူ၏ဟောပြောခြင်းတွင် ဘုရားသခင်၏ဖန်ဆင်းခြင်းကို အခြေခံ၍ဟောပြောခြင်းဖြစ်သည်။ အခန်း၊၁၄နှင့် ၁၇၌ ဖန်ဆင်းခြင်းကိုအကြောင်းပြု၍ ပေါလု၏ဟောပြောခြင်းသည် အနည်းငယ်ကွာခြားမှုရှိသည်။ ဤအခန်းများတွင် သူ၏ပြောဆိုခြင်းမှာ အနည်းငယ်ကွာခြားသည်။ အခန်း၊၁၄၌ သူက မိစ္ဆာဒိဋ္ဌိများကို “ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာမှစ၍ အရပ်ရပ်တို့၌ ရှိလေသမျှတို့ကို ဖန်ဆင်းတော်မူ၍၊ အသက်ရှင်တော်မူသောဘုရားသခင် . . . သင်တို့၏စိတ်နှလုံးတွင် အစာအာဟာရနှင့် ဝမ်းမြောက်ခြင်းပြည့်စေခြင်းငှာ၊ မိုးကောင်းကင်မှ မိုးရွာစေတော်မူ၍၊ အသီးအနှံတို့ကို သီးစေတတ်သောဥတုကို ပေးတော်မူသောအားဖြင့် ကောင်းသောအမှုကိုပြု၍၊ ကိုယ်တော်ရှိတော်မူသည်ကို သက်သေမခံဘဲနေတော်မမူပါ”ဟုပြောဆိုခဲ့သည် (၁၄း၁၅၊ ၁၇)။ ဤနေရာရှိ သူ၏စကားသည် အတွေးအခေါ် သက်သက်မဟုတ်ပါ။ အခန်း၊၁၇တွင် ဧပိကုရုနောက်လိုက်များ၏မှားယွင်းသောသွန်သင်ခြင်းကို ဆန့်ကျင်တုံ့ပြန်သော ပေါလု၏စကားမှာ အမှန်ပင် တည်ငြိမ်ပေသည်။ ဤနေရာ၌ ပေါလုသည် မြေကြီးပေါ် တွင် လူ၏အသက်ရှင်ခြင်းအတွက် ထွက်သက်၊ ဝင်သက်နှင့် လိုအပ်မှုအတွက် အရာခပ်သိမ်းကို မစထောက်ပံ့ပေးသော၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသောအရှင်၊ ဖန်ဆင်းရှင်ကို ကြေညာခဲ့ခြင်းဖြစ်သည်။ (*Life-study of Acts*, pp. 404-405)

*ပို၍ဖတ်ရန်* – *Life-study of John*,msg.2; *Life-study of Acts*,msg.47

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်၌ ကြံစည်တော်မူသောသူ၏ကောင်း**
**၁း၉ သောကျေနပ်နှစ်သိမ့်မှုအတိုင်း၊ အလိုတော်၏နက်နဲသောအရာကို ငါ**
**တို့အား သိစေတော်မူ၏။**

**ဗျာ၊ အိုသခင်ဘုရား၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း**
**၄း၁၁ တော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက်ရှိ**
**ကြပါ၏။ ထို့ကြောင့် ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကို**
**ခံစားထိုက်တော်မူ၏ဟု လျှောက်ဆိုကြ၏။**

ကာ၊၁း၁၌ *ဖန်ဆင်းတော်မူ၏*ဟုဆိုသောစကားမှာ ဘာမျှမရှိသောအရာထဲမှ တစ်စုံတစ်ရာတည်ရှိလာသည်ဟု အဓိပ္ပာယ်ရသည်။ ထိုစကားလုံးသည် ၂း၄၌ *ပြုလုပ်တော်မူ၏* (*made*)နှင့် ၂း၇၌ *ပုံသွင်းတော်မူ၏* (*formed*)တို့နှင့် မတူညီပေ။ နောက်စကားလုံးနှစ်ခုသည် တည်ရှိပြီးသားတစ်စုံတစ်ရာကို ယူဆောင်ပြီး၊ ထိုအရာထဲမှ တစ်စုံတစ်ခုကို ထွက်ပေါ်စေကြောင်း ဆိုလိုခြင်းဖြစ်သည်။

ဘုရားသခင့်ဖန်ဆင်းခြင်း၏ အကြောင်းရင်းမှာ မိမိ၏ အလိုတော်ကို ပြည့်စုံစေရန်နှင့် မိမိ၏ ကောင်းသောကျေနပ်နှစ်သိမ့်ရာကို ဝမ်းမြောက်ရန်ဖြစ်သည် (ဧ၊၁း၅၊ ၉)။ ဘုရားသခင့်ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်မှာ သားတော်ကို ဘုန်းထင်ရှားစေရန်နှင့် မိမိကိုယ်တော်တိုင်ကို ထင်ရှားရန်ဖြစ်သည်။ အထူးသဖြင့် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်း၊ ပုံသဏ္ဍာန်တော်နှင့် ထင်ရှားခြင်းတည်းဟူသော သားတော်၊ ခရစ်တော်အားဖြင့် လူတွင် ထင်ရှားရန်ဖြစ်သည် (ကော၊၁း၁၅–၁၉။ ၂း၉။ ဆာ၊၁၉း၁–၂။ ရော၊၁း ၂၀။ ၁တိ၊ ၃း၁၆)။ ဖန်ဆင်းခြင်း၌ ဘုရားသခင့်အလုပ်၏ အခြေခံအကြောင်းရင်းမှာ ကိုယ်တော်၏ အလိုတော်နှင့် စီမံချက်ဖြစ်သည် (ဧ၊၁း၁၀)။ ဘုရားသခင့်ဖန်ဆင်းခြင်း၏ နည်းလမ်းမှာ ဘုရားသခင်၏ သားတော်(ကော၊၁း၁၅–၁၆။ ဟေဗြဲ၊၁း ၂ခ)နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်(ဟေဗြဲ၊၁၁း၃။ ယော၊၁း၁–၃)ဖြစ်ပြီး၊ ထိုနှစ်ခုလုံးသည် ခရစ်တော်ဖြစ်သည် (ယော၊၁း၁၊ ၁၈။ ဗျာ၊၁၉း၁၃)။ (ကာ၊၁း၁ မှတ်စု၊၄)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်၏ ဖန်ဆင်းခြင်းသည် စကြဝဠာတွင် မိမိ၏ အလိုဆန္ဒကို ဖွင့်ပြပြီး၊ ထာဝရကာလတွင် မိမိ၏ အကြံအစည်တော်ကို ထင်ရှားစေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည်

မိမိတို့အလိုဆန္ဒရှိသောမည်သည့်အရာကိုမဆို သိမြင်စေကြသည်။ ကျွန်ုပ်တို့သည် များစွာမပြောဆိုကြသော်လည်း၊ ကျွန်ုပ်တို့ကြံစည်ရည်ရွယ်သောအရာကို ထင်ရှားစေကြသည်။ ဘုရားသခင်သည် များစွာသောအရာများနှင့်အတူ ကောင်းကင်များနှင့် မြေကြီးကို ဖန်ဆင်းကာ၊ နောက်ဆုံးတွင် မိမိ၏ပုံသဏ္ဍာန်တော်၌၊ ဖန်ဆင်းထားသောအရာများအပေါ် အခွင့်အာဏာနှင့်အတူ လူကိုဖန်ဆင်းသောအခါ၊ ကိုယ်တော်၌ အမှန်ပင် အကြံအစည် ရှိတော်မူခဲ့သည်။ ကိုယ်တော်၏ ဖန်ဆင်းခြင်းအားဖြင့် ဘုရားသခင်၌ အလိုဆန္ဒနှင့် အကြံအစည်တော်ရှိကြောင်းကို ကျွန်ုပ်တို့သိရှိရသည်။

ဧ၁း၅နှင့် ၉ အရ ဘုရားသခင့်မူလဖန်ဆင်းခြင်း၏ လှုပ်ရှားလုပ်ဆောင်မှုသည် သူ၏ အလိုဆန္ဒနှင့် ကျေနပ်နှစ်သိမ့်ခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ အလိုဆန္ဒကို ပြည့်စုံစေရန်နှင့် မိမိ၏ ကျေနပ်နှစ်သိမ့်ခြင်းကို ဝမ်းမြောက်ပျော်ရွှင်ရန် မူလဖန်ဆင်းခြင်းကို သယ်ဆောင်ခဲ့သည်။ ကိုယ်တော်သည် ဖန်ဆင်းရန် နှစ်သက်ပြီး၊ အလိုဆန္ဒရှိခဲ့သောကြောင့်၊ မိမိကိုယ်တော်တိုင်ကျေနပ်နှစ်သိမ့်ရန် ၎င်းကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဖန်ဆင်းခြင်း၏ အခြေခံအကြောင်းရင်းမှာ ဘုရားသခင်၏ အလိုတော်နှင့် စီမံချက်ဖြစ်သည် (ဧ၁း၁၀)။ ဗျာ၄း၁၁သည် ဘုရားသခင်၏ အလိုတော်အတိုင်း အရာခပ်သိမ်းကို ဖန်ဆင်းထားကြောင်း ရှင်းလင်းစွာ ပြောဆိုထားသည်။ ဘုရားသခင်၌ အလိုတော်ရှိပြီး၊ ထိုအလိုတော်အတိုင်း ကိုယ်တော်သည် မိမိ၏ စီမံချက်ကို ကြံစည်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအလိုတော်နှင့် စီမံချက်အရ ကိုယ်တော်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ (*Life-study of Genesis,* pp. 9-10)

ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အလယ်ဗဟိုလမ်းကြောင်းသည် ဘုရားသခင်မှ စတင်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရပြီဖြစ်သည်။ ထို့နောက် ဘုရားဆိုင်ရာဖွင့်ပြခြင်းသည် ဘုရားဆိုင်ရာစီမံကိန်းနှင့် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို ကျွန်ုပ်တို့အား ပြသသည်။ ဘုရားသခင်ကိုယ်တော်တိုင်၊ ဘုရားသခင်၏ စီမံကိန်းနှင့် ဘုရားသခင်၏ ဝေငှဖြန့်ဖြူးခြင်းကို သမ္မာကျမ်းစာတစ်အုပ်လုံးတွင် မြင်တွေ့နိုင်သည်။ ထိုအကြောင်းအရာသုံးခုသည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အလယ်ဗဟိုလမ်းကြောင်းဖြစ်သည်။ ဘုရားဆိုင်ရာဖွင့်ပြခြင်းသည် အဓိကကျသောအရာသုံးခု– ဘုရားသခင်ကိုယ်တော်တိုင်၊ ဘုရားသခင်၏ စီမံကိန်းနှင့် ဘုရားသခင်၏ ဝေငှဖြန့်ဖြူးခြင်းတို့ကို ဖွင့်ပြခြင်းဖြစ်သည်။

ဘုရားဆိုင်ရာစီမံကိန်းသည် ဘုရားသခင်၏ အလိုတော်၊ အကြံအစည်၊ ကောင်းသောကျေနပ်နှစ်သိမ့်ခြင်းနှင့် အကြံဉာဏ်တို့မှ ထွက်ပေါ်လာသောရလဒ်ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်သည် ဘုရားသခင်၏ အလိုဆန္ဒ၊ ဘုရားသခင်၏ တောင့်တရာဖြစ်

သည်။ ဘုရားသခင်၏ အလိုတော်မှာ မိမိအလိုဆန္ဒရှိသောအရာနှင့် တောင့်တသောအရာကိုလုပ်ဆောင်ရန် ဖြစ်သည်။ ဘုရားသခင်၏ ကောင်းသောကျေနပ်နှစ်သိမ့်ရာသည် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ ဧ၁း၅သည် "အလိုတော်ရှိသော စေတနာတော်" ဟု ပြောဆိုထားသည်။ ကိုယ်တော်၏ ကောင်းသောကျေနပ်နှစ်သိမ့်ရာသည် ကိုယ်တော်၏ အလိုတော်၌ ကိုယ်ထင်ရှားသောကြောင့်၊ ကိုယ်တော်၏ အလိုတော်သည် ရှေးဦးစွာရှိရခြင်းဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ကို နက်နဲခြင်းအဖြစ် ဘုရားသခင်၌ ဝှက်ထားသောကြောင့်၊ ဧ၁း၉သည် "အလိုတော်၏ နက်နဲသောအရာ"ဟု ပြောဆိုခြင်းဖြစ်သည်။ ထာဝရကာလတွင် ဘုရားသခင်သည် အလိုတော်ကို စီမံကြံစည်တော်မူခဲ့သည်။ ထိုအလိုတော်သည် ကိုယ်တော်၌ ဝှက်ထားသောကြောင့်၊ နက်နဲရခြင်းဖြစ်သည်။ ဘုရားသခင်၌ ဝှက်ထားသည့်နက်နဲခြင်းတည်းဟူသော ဘုရားသခင်၏ အလိုတော်သည် ဘုရားသခင်၏ စီမံကိန်း၊ ဝေငှဖြန့်ဖြူးခြင်း၌ ထွက်ပေါ် လာခြင်းဖြစ်သည် (၃း၉)။ ဘုရားသခင်၏ အလိုတော်မှ ကိုယ်တော်၏ အကြံအစည်၊ ကောင်းသောကျေနပ်နှစ်သိမ့်ခြင်းနှင့် အကြံဉာဏ်တို့အားဖြင့် ဘုရားသခင်၏ စီမံကိန်းသည် ထွက်ပေါ် လာခြင်းဖြစ်သည်။ (*The Central Line of the Divine Revelation,* pp. 32-33)

၁ကော၁း၁၌ ပေါလုက သူသည် ဘုရားသခင်၏ အလိုတော်အားဖြင့် တမန်တော်ဖြစ်လာကြောင်း ပြောဆိုထားသည်။ ဘုရားသခင်၏ အလိုတော်မှာ သူ၏ အကြံအစည်တော်ကို သယ်ဆောင်ခြင်းအတွက် သူ၏ ဆုံးဖြတ်ချက်ဖြစ်သည်။ ထိုအလိုတော်အားဖြင့် ပေါလုသည် ခရစ်တော်၏ တမန်တော်ဖြစ်ရန် ခေါ်တော်မူခြင်းခံရသည်။ ဤနေရာ၌ ဘုရားသခင်၏ အလိုတော်သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်း၊ ဘုရားသခင်၏ အုပ်စိုးခြင်းနှင့် ဆက်နွယ်နေခြင်းဖြစ်သည်။ ပေါလုသည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်၏ အလိုတော်အတိုင်း၊ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအောက်တွင် ခေါ်တော်မူခြင်းခံခဲ့ရသည်။ ဤအရာသည် ကြီးမားသောအကြောင်းအရာဖြစ်သည်။ ပေါလုသည် ကိုယ်တော်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ရန် ဘုရားသခင်၏ အလိုတော်အတိုင်း ခွဲခန့်မှတ်သားခံရခြင်း၊ ခေါ်တော်မူခံရခြင်းဖြစ်သည်။ (*Life-study of 1 Corinthians,* p. 7)

*ပို၍ဖတ်ရန်* – *Life-study of Genesis,*msg. 1;*The Central Line of the Divine Revelation,* msg. 3

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊ ... သင်တို့သည် ဝိညာဉ်ရေးဆိုင်ရာပညာအမျိုးမျိုးနှင့် နားလည်ခြင်း**
**၁း၉ ၌၊ ကိုယ်တော်၏အလိုတော်ကို အပြည့်အဝနားလည်နိုင်ပါမည့်အကြောင်း၊**
**ဧ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သူကိုယ်တော်တိုင်ထံသို့ သားအရာကို**
**၁း၅ ရမည့်အကြောင်း၊ အလိုတော်ရှိသောစေတနာတော်အတိုင်း၊ ငါတို့ကို ကြိုတင်ခွဲခန့်မှတ်သားတော်မူ၏။**
**၁၁ ထိုသူ၌ ငါတို့ကိုလည်း အမွေခံအဖြစ် မှတ်သားတော်မူလျက်၊ မိမိ အလိုတော်၏အကြံဉာဏ်သို့လိုက်၍၊ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူသောသူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ ကြိုတင်ခွဲခန့်ထားတော်မူ၏။**

ဘုရားသခင်သည် သူ၏ကျေနပ်အားရနှစ်သက်သောအလိုတော်နှင့်အညီ အကြံအစည်တော်ရှိသောဘုရားဖြစ်သည်။ ဘုရားသခင်သည် သူ၏အကြံအစည်တော်ပြီးမြောက်ပြည့်စုံရန် အလိုတော်ရှိသည့်အတိုင်း အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခဲ့သည်။ ဘုရားသခင်၏စကြဝဠာလုံးဆိုင်ရာစီမံခန့်ခွဲခြင်းကိုဖွင့်ပြသော ဗျာဒိတ်ကျမ်းသည် ဘုရားသခင်၏ အကြံအစည်တော်ကို ပြသသည်။ ဗျာ၊၄း၁၁၌ အသက်ကြီးသူနှစ်ဆယ့်လေးပါးတို့သည် ကိုယ်တော်၏ဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍ ဘုရားသခင်ကို ချီးမွမ်းကြခြင်းမှာ ကိုယ်တော်၏ဖန်ဆင်းခြင်းသည် ကိုယ်တော်၏ အလိုတော်နှင့်ဆက်နွယ်နေသောကြောင့်ဖြစ်သည်။ (ဗျာ၊၄း၁၁ မှတ်စု၊ ၂)

## ယနေ့ဖတ်စရာ

ဘုရားသခင်၏ အလိုတော်မှာ မိမိစိတ်နှလုံးတော်၏ အလိုဆန္ဒဖြစ်ပြီး၊ လူကို သူနှင့်ရောနှောပေါင်းစည်းစေသည်သာမက၊ သူ၏ အကြံအစည်တော်ကို ပြည့်စုံစေရန်လည်းဖြစ်သည်။ များစွာသောလူတို့က "ယနေ့ ကျွန်ုပ်သည် ထိုနေရာသို့သွားရန် ဘုရားသခင်အလိုတော်ရှိပါသလား။ ကျွန်ုပ်၏နေမကောင်းခြင်းအတွက် ဆရာဝန်ထံ သွားရန် ဘုရားသခင်အလိုတော်ရှိပါသလား။ ဤအလုပ်ကိုရှာရန် ဘုရားသခင်အလိုတော်ရှိပါသလား" ဟု မေးမြန်းတတ်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို ပြောဆိုသောအခါ၊ ကျွန်ုပ်တို့၏စိတ်ပျက်ဖွယ်ဖြစ်ခြင်းများသည် မိမိတို့ကိုယ်ကို ဘယ်သောအခါမျှ မမေ့နိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်တာ၏သေးငယ်သောအကြောင်းအရာများမှ မခွဲခြားနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို မြေကြီး

ဆိုင်ရာရှုထောင့်မှ၊ ကျွန်ုပ်တို့၏ လက်ရှိအခြေအနေမှ၊ မိမိတို့ကိုယ်တိုင်မှ အမြဲတမ်းကြည့်ရှုခြင်းဖြစ်သည်။ အမှန်မှာ အသက်တာ၏ သေးငယ်သော ထိုအကြောင်းအရာများသည် ဘုရားသခင်၏ အလိုတော်သို့ မရောက်ရှိနိုင်ပေ။ ဘုရားသခင်၏ အလိုတော်သည် မည်မျှကြီးမားပြီး၊ မြင့်မားလှပါတကား။

ဖေက်စာစောင်သည် ဘုရားသခင်၏ စိတ်နှလုံးတော်နှင့် ဘုရားသခင်၏ စီမံချက်ကို ကျွန်ုပ်တို့အား ဖွင့်ပြသည်။ ခရစ်တော်၌ရှိသော ဘုရားသခင်၏ စီမံချက်သည် ကိုယ်တော်၏ စိတ်နှလုံးတော်မှ အစပြုခြင်းဖြစ်သည်။ ထာဝရကာလတွင် ဘုရားသခင်၌ စီမံချက်ရှိခဲ့ပြီး၊ ကိုယ်တော်သည် ၎င်းကို ပြည့်စုံစေရန် ကြံစည်တော်မူခဲ့သည်။ ဤစီမံချက်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ အလိုတော်သည် သူ၏ စီမံချက်ကို ပြီးပြည့်စုံစေရန်ဖြစ်သည်။ ဤစကြဝဠာတွင်ရှိသော ဘုရားသခင်၏ အလုပ်များအားလုံးသည် ကိုယ်တော်၏ အလိုတော်အတိုင်းနှင့် ကိုယ်တော်၏ စီမံချက်ကို ပြီးပြည့်စုံစေခြင်းအတွက် ဖြစ်သည်။ (*The Experience of Life*, p. 161)

ကိုယ်ခန္ဓာတော်ကို ဓမ္မဟောင်းသုံးဆယ့်ကိုးကျမ်းတွင် ဖွင့်ပြထားခြင်းမဟုတ်ပေ။ ဓမ္မသစ်ကျမ်း၌ ကိုယ်ခန္ဓာတော်ကို ပထမဆုံးအကြိမ်ဖော်ပြခြင်းမှာ ရော၊၁၂း၅တွင်ဖြစ်သည်။ ရော၊၁၂အရ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို (အငယ်၊ ၁) ခရစ်တော်၏ နက်နဲသော ကိုယ်ခန္ဓာတော်အတွက် ဆက်ကပ်ရမည်ဖြစ်သည် (အငယ်၊ ၅)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို ဆက်ကပ်ပြီး၊ ကျွန်ုပ်တို့၏ အသိဉာဏ်၌ အသစ်ပြုပြင်သောအခါ၊ ဘုရားသခင်၏ အလိုတော်ဆိုသည်မှာ ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်းနှင့် ထင်ရှားခြင်းဖြစ်လာရန် ခရစ်တော်အတွက် ကိုယ်ခန္ဓာတော်ကိုရရှိစေခြင်းဖြစ်ကြောင်း စစ်ဆေးခြင်းအားဖြင့် မြင်လာလိမ့်မည်၊ ပိုင်းခြားသိမြင်လာလိမ့်မည်၊ သက်သေပြုလာနိုင်လိမ့်မည်ဖြစ်သည် (အငယ်၊ ၂)။ (*The Central Line of the Divine Revelation*, p. 268)

ကောင်းကင်များနှင့် မြေကြီး၏ ဖန်ဆင်းရှင်ဖြစ်သော ခရစ်တော်သည် ဖန်ဆင်းထားသောအရာအားလုံး၏ မူလအစနှင့် အရင်းအမြစ်ဖြစ်သည်။ ယင်းမှာ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့အပေါ် အစိုးရတော်မူ၍ ထာဝရမင်္ဂလာရှိတော်မူသော ဘုရားသခင်ဖြစ်တော်မူသည်ဟု သက်သေပြုခြင်းဖြစ်သည် (ရော၊၉း၅ခ)။ ကောင်းကင်များနှင့် မြေကြီးကို ဘုရားသခင်၏ ဖန်ဆင်းခြင်းသည် စကြဝဠာတွင် လူ၌ ပြည့်ဝစွာထင်ရှားစေမည့် သူ၏ ရည်ရွယ်ချက်ကို သယ်ဆောင်ရန်အတွက် သူ၏ ထာဝရစီမံချက်ဆောင်ရွက်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။ (*The Conclusion of the New Testament*, p. 675)

ကောလောသဲ ၁း၉၌ရှိသော ဘုရားသခင်၏ အလိုတော်သည် အဓိကမကျသည့်အရာများ၌ရှိသော ကိုယ်တော်၏ အလိုတော်မဟုတ်ဘဲ၊ ခရစ်တော်နှင့်စပ်လျဉ်းသည့် ဘုရားသခင့်စီမံကိန်း၏ ထာဝရအကြံအစည်တော်၏ အလိုတော်ကို ရည်ညွှန်းခြင်းဖြစ်သည် (ဧ ၁း၅၊ ၉၊ ၁၁)။ လွန်ခဲ့သောနှစ်များစွာက ငယ်ရွယ်သောသန့်ရှင်းသူများသည် လက်ထပ်ထိမ်းမြားခြင်း သို့မဟုတ် အလုပ်လုပ်ခြင်းတို့ကဲ့သို့သောအကြောင်းအရာများကို မေးမြန်းကြသောအခါ၊ ကျွန်ုပ်သည် သူတို့အား ကောလောသဲရှိ ဤကျမ်းချက်ကို ရည်ညွှန်းပြောဆိုခဲ့သည်။ ကျွန်ုပ်သည် သူတို့အား ဘုရားသခင်၏ အလိုတော်ကိုသိရှိရန်အလို့ငှာ ဝိညာဉ်ဆိုင်ရာသိကျွမ်းခြင်းကို ရှာဖွေသင့်ကြောင်း ပြောပြခဲ့သည်။ ဤနေရာ၌ ဘုရားသခင်၏ အလိုတော်မှာ လက်ထပ်ထိမ်းမြားခြင်း၊ အလုပ်အကိုင်နှင့် အိမ်စသည်တို့ကဲ့သို့သောအရာများအပေါ် ဇဟိုပြုခြင်းမဟုတ်ဘဲ၊ ယင်းမှာ ကျွန်ုပ်တို့၏ ဝေစုတည်းဟူသော အရာအားလုံးပါဝင်သည့်ခရစ်တော်နှင့် သက်ဆိုင်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အလိုတော်မှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသက်တည်းဟူသော အရာအားလုံးပါဝင်သည့်ခရစ်တော်ကို သိကျွမ်းရန်၊ တွေ့ကြုံခံစားရန်နှင့် အသက်ရှင်ရန်ဖြစ်သည်။ ဤနည်းလမ်း၌ ခရစ်တော်ကို သိကျွမ်းခြင်းသည် ဘုရားသခင်၏ အလိုတော်ကို ပြည့်ဝစွာသိကျွမ်းရန်ဖြစ်သည်။ (*Life-study of Colossians,* p. 19)

ကောလောသဲ ၁း၉သည် "ကိုယ်တော်၏ အလိုတော်ကို အပြည့်အဝနားလည်နိုင်ရန်"ဟု ပြောဆိုထားသည်။ ဘုရားသခင်၏ အလိုတော်ကို အပြည့်အဝနားလည်နိုင်ခြင်းဆိုသည်မှာ ဘုရားသခင့်စီမံချက်၏ ဖွင့်ပြခြင်းကို နားလည်ခြင်းဖြစ်သည်။ သို့မှသာ ထိုဖွင့်ပြခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဤစကြဝဠာ၌ ဘုရားသခင်လုပ်ဆောင်ရန် စီမံထားသောအရာကို သိရှိနိုင်မည်ဖြစ်သည်။ ယုံကြည်သူများဖြစ်သောကျွန်ုပ်တို့သည် ဘုရားသခင်၏ စကြဝဠာဆိုင်ရာစီမံချက်ကို သိရှိရမည်ဖြစ်သည်။ ခေတ်ကာလများတစ်လျှောက် အချိန်မီလုပ်ဆောင်ရန် ထာဝရအတိတ်ကာလတွင် ဘုရားသခင်စီမံထားသောအရာမှာ အဘယ်နည်း။ ကျွန်ုပ်တို့သည် ထိုသို့သောဖွင့်ပြခြင်းကို လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရစီမံချက်ကို အပြည့်အဝနားလည်နိုင်မည်ဖြစ်သည်။ *(The Mystery of God and the Mystery of Christ*,p. 29)

*ပို၍ဖတ်ရန်* – *The Experience of Life*,ch. 8; *Life-study of Colossians*,msg. 3

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်မှတစ်ဆင့်ဖြစ်၍၊ ကိုယ်တော်နှင့်**
**၁း၃ ကင်းလွတ်လျက်ဖြစ်သောအရာတစ်စုံတစ်ခုမျှမရှိ။**
**ဟေဗြဲ၊ တစ်ဖန် ကျမ်းစာလာသည်ကား၊ "သခင်ဘုရား၊ ကိုယ်တော်သည် ရှေး**
**၁း၁၀ ဦးစွာ၌ မြေကြီးကို တည်တော်မူပြီ။ ကောင်းကင်များသည်လည်း**
**လက်တော်နှင့်ဖန်ဆင်းသောအရာဖြစ်ပါ၏။**

ဖန်ဆင်းခြင်းသည် ဘုရားသခင်၏ အလုပ်ဖြစ်သော်လည်း၊ ကိုယ်တော်၏ ဖန်ဆင်းခြင်းနည်းလမ်းမှာ သူ၏ သားတော်နှင့် သူ၏ နှုတ်ကပတ်တော်ဖြစ်သည် (ကော၊၁း၁၅–၁၆။ ဟေဗြဲ၊၁း ၂။ ၁၁း၃။ ယော၊၁း၁–၃)။ ဓမ္မသစ်ကျမ်းက ဘုရားသခင်သည် သူ၏ သားတော်နှင့် သူ၏ နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်မှတစ်ဆင့် စကြဝဠာကို ဖန်ဆင်းခဲ့ကြောင်း ရှင်းလင်းစွာ ပြောပြထားသည်။ ကော၊၁း၁၆သည် ဖန်ဆင်းခြင်း၏ နည်းလမ်းတည်းဟူသော ခရစ်တော်ကို ပြောပြထားသည်– "အကြောင်းမူကား၊ ထိုသားတော်၌ ကောင်းကင်များနှင့် မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ သခင်အရာဖြစ်စေ၊ အထွတ်အမြတ်အုပ်စိုးခြင်းဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်မှတစ်ဆင့်လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏"။ ယော၊၁း၃သည်လည်း နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်ကို ပြောပြထားသည်– "ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်မှတစ်ဆင့်ဖြစ်၍၊ ကိုယ်တော်နှင့်ကင်းလွတ်လျက်ဖြစ်သောအရာတစ်စုံတစ်ခုမျှမရှိ"။ (*The Conclusion of the New Testament*,p. 146)

## ယနေ့ဖတ်စရာ

ခရစ်တော်သည် ဖန်ဆင်းရှင်ဖြစ်သည်။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင်ဖြစ်ပြီး၊ ခရစ်တော်သည် ဘုရားသခင်ဖြစ်သောကြောင့်၊ ခရစ်တော်သည်လည်း အမှန်ပင် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင်ဖြစ်သည်။ ဤအရာကို ဟေဗြဲ၊၁း၁၀၌ ရှင်းလင်းစွာ ဖွင့်ပြထားသည်။ ဤကျမ်းပိုဒ်သည် ဆာ၊၁၀၂း၂၅ကို ကိုးကားထားပြီး၊ သားတော်ခရစ်တော်သည် ဘုရားသခင်ဖြစ်ကြောင်းညွှန်ပြကာ၊ ခရစ်တော်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် စကြဝဠာ

၏ဖန်ဆင်းရှင်ဖြစ်သည်။ (*The Conclusion of the New Testament,*p. 269)

ဖန်ဆင်းခြင်းသည် နှုတ်ကပတ်တော်မှတစ်ဆင့် ဖြစ်တည်လာခြင်းဖြစ်သည်။ ယော၁း၃ကို ပြန်လည်ရယူခြင်းကျမ်း၌ ပြန်ဆိုထားသောနည်းလမ်းကို ကျွန်ုပ်နှစ်သက်ပါသည် – "ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်မှတစ်ဆင့်ဖြစ်၍၊ ကိုယ်တော်နှင့်ကင်းလွတ်လျက်ဖြစ်သောအရာတစ်စုံတစ်ခုမျှမရှိ"။ ၎င်း၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ ယင်းမှာ ကိုယ်တော်နှင့်ကင်းလွတ်သောအရာသည် မတည်ရှိကြောင်း အဓိပ္ပာယ်ရသည်။ နှုတ်ကပတ်တော်မှတစ်ဆင့် တစ်နေ့တွင် များစွာသောအရာတို့သည် ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။ အာရုံခံစားမှု၌ဆိုသော် ဘုရားသခင်သည် တစ်စုံတစ်ခုကိုမျှ မပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်တို့ပြောဆိုကောင်းပြောဆိုပေလိမ့်မည်။ အကြောင်းမှာ ကိုယ်တော်အတွက်မူ မည်သည့်အရာမျှ လုပ်ဆောင်ရန် မလိုအပ်သောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် ရိုးရိုးစင်းစင်းပင် "ဖြစ်စေ"ဟု ပြောဆိုပြီး၊ အရာခပ်သိမ်းသည် ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အတွေးအခေါ် အရ ဖန်ဆင်းခြင်းသည် လုပ်ဆောင်ခြင်းအတိုင်းအတာအချို့ကို လိုအပ်ပေသည်။ သို့သော်လည်း ဘုရားသခင်၏ ဖန်ဆင်းခြင်း၌ လုပ်ဆောင်ခြင်းမရှိဘဲ၊ မိန့်မှာခြင်း(ပြောဆိုခြင်း)သာရှိသည်။ ဘုရားမဲ့ဝါဒီများက သူတို့သည် ဘုရားသခင်ကို မယုံကြည်ကြသောကြောင့်၊ ၎င်းမှာ အဓိပ္ပာယ်မရှိဟု ပြောဆိုကြသည်။ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ယုံကြည်ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်သည်သာမက၊ အရာအားလုံးပါဝင်သောခရစ်တော်ကိုလည်း ယုံကြည်ခြင်းဖြစ်သည်။ နှုတ်ကပတ်တော်တည်းဟူသော ကိုယ်တော်မှတစ်ဆင့် အရာခပ်သိမ်းသည် တည်ရှိလာခဲ့ခြင်းဖြစ်သည်။

ဖန်ဆင်းခြင်းသည် နှုတ်ကပတ်တော်မှတစ်ဆင့် မဖြစ်သေးသောအရာတို့ကို ဖြစ်သောအရာကဲ့သို့ မှာထားခြင်းဖြစ်သည်။ နှုတ်ကပတ်တော်သည် နည်းလမ်းနှင့် နယ်ပယ်နှစ်ခုလုံးဖြစ်သည်။ သင်၌ နှုတ်ကပတ်တော်ရှိသည်နှင့်၊ နည်းလမ်းနှင့် နယ်ပယ်ရှိနေခြင်းလည်းဖြစ်သည်။ ထို့ကြောင့် သင်သည် "ကျွန်ုပ်၌ နည်းလမ်းနှင့် နယ်ပယ်တည်းဟူသော နှုတ်ကပတ်တော်ရှိသောကြောင့်၊ မဖြစ်သေးသောအရာတို့သည် ဖြစ်လာနိုင်သည်"ဟု ပြောဆိုနိုင်ပေသည်။ "နှုတ်ကပတ်တော်မှတစ်ဆင့် မဖြစ်သေးသောအရာတို့သည် ဖြစ်လာသည်"ဟု ပြောဆိုရန် သင်ယူပါ။ ကျွန်ုပ်သည် နှုတ်ကပတ်တော်နှင့် ဝေးကွာနေသောသူ မဟုတ်တော့ပေ။ ကျွန်ုပ်သည် နှုတ်ကပတ်တော်၌၊ နှုတ်ကပတ်တော်နှင့်အတူ ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် နှုတ်ကပတ်တော်မှတစ်ဆင့် မဖြစ်သေးသောအရာတို့သည် ဖြစ်တည်လာခြင်းဖြစ်သည်။ (*Life-study of John,* pp. 21-23)

ဖန်ဆင်းရှင်ဖြစ်သောခရစ်တော်နှင့် ဖန်ဆင်းခြင်း၏ နည်းလမ်းဖြစ်သော ခရစ်တော်ကို ခွဲခြားထား၍မရပေ။ ကျွန်ုပ်တို့က ယောဟန် ၁း၃၏ ဆိုလိုရင်းမှာ နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့၏ ဖန်ဆင်းရှင်ဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သို့သော် ဤကျမ်းပိုဒ်က နှုတ်ကပတ်တော်သည် ဖန်ဆင်းရှင်ဖြစ်ကြောင်း မပြောဆိုထားပေ။ ၎င်းအစား နှုတ်ကပတ်တော်မှတစ်ဆင့် အရာခပ်သိမ်းသည် ဖြစ်တည်လာခဲ့ကြောင်း ပြောဆိုထားသည်။ ယင်းမှာ နှုတ်ကပတ်တော်သည် နည်းလမ်းဖြစ်ပြီး၊ ထိုနည်းလမ်းအားဖြင့် ဖန်ဆင်းရှင်သည် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ကြောင်း ညွှန်ပြခြင်းဖြစ်သည်။ ခရစ်တော်သည် ဖန်ဆင်းရှင်နှင့် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းခဲ့သည့်နည်းလမ်းဖြစ်သည်။

ဘုရားဖြစ်သော ခရစ်တော်သည် ဖန်ဆင်းရှင်ဖြစ်သော်လည်း၊ ယောဟန် ၁း၃၌ နှုတ်ကပတ်တော်ဖြစ်သော ကိုယ်တော်သည် ဖန်ဆင်းရှင်၏ နည်းလမ်းဖြစ်ကြောင်းဖွင့်ပြထားသည်။ ဤကျမ်းပိုဒ်အရ အရာခပ်သိမ်းသည် ခရစ်တော်မှတစ်ဆင့် တည်ရှိလာခဲ့ခြင်းဖြစ်သည်။ The King James Version ၌ ယောဟန် ၁း၃ကို "ခပ်သိမ်းသောအရာတို့ကို သူ့အားဖြင့်(by him) ပြုလုပ်ခဲ့သည်"ဟု ပြောဆိုထားသည်။ သို့သော် ၎င်းမှာ မှန်ကန်တိကျသော ဘာသာပြန်ဆိုခြင်းမဟုတ်ပေ။ ထိုဂရိစကားကို "အားဖြင့်"(by)မဟုတ်ဘဲ၊ "မှတစ်ဆင့်"(through)ဟု ပြန်ဆိုသင့်ပါသည်။ ထို့ကြောင့် ဤကျမ်းပိုဒ်က အရာခပ်သိမ်းကို ခရစ်တော်အားဖြင့် ဖန်ဆင်းခဲ့သည်ဟု မပြောဆိုထားဘဲ၊ အရာခပ်သိမ်းသည် ခရစ်တော်မှတစ်ဆင့် တည်ရှိခဲ့သည်ဟု ပြောဆိုခြင်းဖြစ်သည်။ ယင်းမှာ ခရစ်တော်သည် ဖန်ဆင်းခြင်း၏ နည်းလမ်းဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။(*The Conclusion of the New Testament*,p. 270)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*,msgs. 14, 25

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၁:၁၆–၁၇ အကြောင်းမူကား၊ ထိုသားတော်၌ ကောင်းကင်များနှင့်မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ သခင်အရာဖြစ်စေ၊ အထွတ်အမြတ်အုပ်စိုးခြင်းဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်မှတစ်ဆင့်လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း၊ ခပ်သိမ်းသောအရာမဖြစ်မီဖြစ်တော်မူ၍၊ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၌ တည်ကြ၏။**

ဟေဗြဲ၁:၃၌ ခရစ်တော်သည် "တန်ခိုးနှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို တည်စေ၍၊ ထောက်မတော်မူသောသူ" ဖြစ်သည်။ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းပြီးနောက်၊ ခရစ်တော်သည် ခပ်သိမ်းသောအရာတို့ကို ထောက်မသောသူဖြစ်လာခဲ့သည်။ ကမ္ဘာမြေကြီးသည် မျက်မြင်ရသော ထောက်ပင့်ထားခြင်းမရှိဘဲ၊ အာကာသ၌ တည်ရှိနေခြင်းဖြစ်သည်။ ခရစ်တော်သည် မြေကြီးကို ဖန်ဆင်းပြီးနောက်၊ ၎င်းကို ထောက်မရန် စတင်ခဲ့ပြီး၊ ယခု ကိုယ်တော်သည် တန်ခိုးနှင့်ပြည့်စုံသော အမိန့်တော်အားဖြင့် ၎င်းကို ထောက်မထားခြင်းဖြစ်သည်။

သင်သည် သိပ္ပံပညာရှင်များအား မြေကြီးကိုထောက်မထားသောအရာကို မေးမည်ဆိုပါက၊ သူတို့က တစ်စုံတစ်ရာသည် ၎င်းကို ထောက်မထားကြောင်းပြောကြလိမ့်မည်ဖြစ်သည်။ ကမ္ဘာမြေကြီးသည် များစွာသောဂြိုဟ်များထဲမှ တစ်ခုဖြစ်သည်။ နက္ခတ္တဗေဒပညာရှင်များက ဂြိုဟ်များအားလုံးသည် သူတို့၏ကိုယ်ပိုင်လမ်းကြောင်းအတိုင်း ရွေ့ရှားကြသည်ဟု ပြောဆိုသည်။ အကယ်၍ သူတို့သည် သူတို့၏ပတ်လမ်းမှ ရွေ့သွားပါက၊ စကြဝဠာအနှံ့ ထိခိုက်မှုဖြစ်ပေမည်။ မည်သူသည် ဂြိုဟ်များအားလုံးနှင့် စကြဝဠာတစ်ခုလုံးကို ထောက်မထားသနည်း။ ခရစ်တော်သည် အရာခပ်သိမ်းကို ထောက်မထားပြီး၊ ကိုယ်တော်သည် ၎င်းတို့ကို လွယ်ကူစွာ ထောက်မထားခြင်းဖြစ်သည်။ ကိုယ်တော်အဖို့ တစ်စုံတစ်ခုကိုမျှ လုပ်ဆောင်ရန် မလိုအပ်ဘဲ၊ ကိုယ်တော်သည် ရိုးစင်းစွာပင် ပြောဆိုခြင်း (မိန့်မှာခြင်း)ဖြစ်သည်။ ကိုယ်တော်သည် တန်ခိုးနှင့်ပြည့်စုံသောအမိန့်တော်အားဖြင့် အရာခပ်သိမ်းကို ထောက်မထားခြင်းဖြစ်သည်။ (*The Conclusion of the New Testament*,p. 278)

## ***ယနေ့ဖတ်စရာ***

ဟေဗြဲစာစောင်သည် ဘုရားသခင်၏စကားတော်ကို အဓိကထားပြီး၊ ရေးသားခြင်းဖြစ်သည်။ ဟေဗြဲ၊၁း၃သည် စကြဝဠာကို ဘုရားသခင်၏စကားတော်အားဖြင့် ဘောင်ခတ်ထားကြောင်း ပြောဆိုထားသည်။ ယခု ကျွန်ုပ်တို့သည် ဟေဗြဲ၊၁း၃၌ စကြဝဠာကို တန်ခိုးနှင့်ပြည့်စုံသောအမိန့်တော်အားဖြင့် ထောက်မထားခြင်းဖြစ်ကြောင်း သိရှိရသည်။ ဘုရားဆိုင်ရာစကားတော်သည် တန်ခိုးနှင့်ပြည့်စုံခြင်းဖြစ်သည်။ ခရစ်တော်သည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်း၏ နည်းလမ်းတို့ဖြစ်သည်သာမက၊ ထောက်မသောသူလည်း ဖြစ်သည်။ ကိုယ်တော်သည် စကြဝဠာကို ဖန်ဆင်းခဲ့ပြီး၊ ယခု စကြဝဠာကို သူ၏စကားတော်အားဖြင့် ထောက်မထားခြင်းဖြစ်သည်။

ကော၊၁း၁၇သည် ခရစ်တော်နှင့်စပ်လျဉ်းပြီး ပြောဆိုထားသည်– "ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၌ တည်ကြ၏" (Darby)။ *ကိုယ်တော်၌ တည်ကြသည်* ဟူသည်မှာ ခပ်သိမ်းသောအရာတို့သည် ထောက်မနေသောအလယ်ဗဟိုတည်းဟူသော ခရစ်တော်အားဖြင့် အတူတကွ စုစည်းတည်ရှိနေခြင်းကို ဆိုလိုသည်။ ယင်းမှာ ဘီးတစ်ခု၌ရှိသော စပုတ်တံများသည် သူတို့၏ အလယ်ဗဟိုတည်းဟူသော ဝင်ရိုးအားဖြင့် အတူတကွ စုစည်းတည်ရှိနေသကဲ့သို့ဖြစ်သည်။ ဖန်ဆင်းခြင်းသည် ခရစ်တော်၌တည်ခြင်းမှာ ခရစ်တော်သည် ဖန်ဆင်းခြင်းနှင့် အတွင်းကျကျဆက်နွှယ်နေကြောင်း ထပ်မံရည်ညွှန်းခြင်းဖြစ်သည်။

*တည်ရှိသည်(exist)၊ ပါဝင်သည်(consist)နှင့် တည်မြဲသည်(subsist)* စသည့်စကားလုံးတို့ကို ခွဲခြားသိမြင်ရန် အရေးကြီးပေသည်။ တည်ရှိခြင်းမှာ ဖြစ်တည်ခြင်းဖြစ်ပြီး၊ ပါဝင်ခြင်းမှာ ပေါင်းစပ်ခြင်း သို့မဟုတ် စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်ကာ၊ တည်မြဲခြင်းမှာ တည်ရှိမှုအတွက် အတူတကွ စုစည်းထားခြင်းဖြစ်သည်။ အနားဝန်း၊ စပုတ်တံနှင့် ဗဟိုချက်တို့ပါဝင်သော ဘီးတစ်ခုကို စဉ်းစားကြည့်ကြပါစို့။ စပုတ်တံအားလုံးသည် ဗဟိုချက်၌ရှိနေခြင်းဖြစ်သည်။ စပုတ်တံများတည်မြဲနေရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ဘီး၏ အလယ်ရှိ ဗဟိုချက်တွင် အတူတကွစုစည်းနေရန်ဖြစ်သည်။ ဤအရာက ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၌ တည်ကြ၏ ဆိုသည့်အကြောင်းအရာနှင့်စပ်လျဉ်းပြီး၊ ခရစ်တော်သည် ဖန်ဆင်းခြင်းနှင့်ဆက်နွှယ်နေကြောင်း ပုံဆောင်ခြင်းဖြစ်သည်။

ခပ်သိမ်းသောအရာတို့သည် ခရစ်တော်၌၊ ခရစ်တော်မှတစ်ဆင့်၊ ခရစ်တော်အဖို့အလို့ငှာ တည်နေကြခြင်းဖြစ်သည်။ ကိုယ်တော်နှင့်ဝေးကွာနေသောအရာရှိသည်ဟု မမှတ်ယူသင့်ပါ။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော့်ပုဂ္ဂိုလ်တော်၏ တန်ခိုးတော်၌လည်းကောင်း၊ လှုပ်ရှားလုပ်ဆောင်မှုရှိသော အသုံးခံရာတန်ဆာပလာတည်းဟူသော ကိုယ်တော်မှတစ်ဆင့်လည်းကောင်း၊ ပြီးမြောက်ပြည့်စုံသည့်ပန်းတိုင်တည်းဟူသော ကိုယ်

တော်အဖို့အလို့ငှာလည်းကောင်း ပြုလုပ်ခံရခြင်းဖြစ်သည်။ ထို့အပြင် ခပ်သိမ်းသောအရာတို့သည် တည်နေခြင်းမှာ ဗဟိုချက်တည်းဟူသော ကိုယ်တော်၌ အတူတကွ စုစည်းထားသောကြောင့်ဖြစ်သည်။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်၌၊ ခရစ်တော်မှတစ်ဆင့်၊ ခရစ်တော်အဖို့အလို့ငှာ ဖန်ဆင်းထားသောကြောင့်လည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်၌တည်နေကြောင့်လည်းကောင်း၊ ဘုရားသခင်သည် မျက်မြင်မရသောဘုရား၏ ပုံသဏ္ဍာန်တော်တည်းဟူသော ခရစ်တော်မှတစ်ဆင့် ဖန်ဆင်းခြင်း၌ ထင်ရှားလာနိုင်မည်ဖြစ်သည်။ (*The Conclusion of the New Testament*, p. 278-279)

ဗျာ၊၃း၁၄၌ သခင်ဘုရားသည် မိမိကိုယ်ကို "ဘုရားသခင်၏ ဖန်ဆင်းခြင်းအစအဦး"အဖြစ် ရည်ညွှန်းထားသည်။ ယင်းမှာ သခင်ဘုရားကို ဘုရားသခင့်ဖန်ဆင်းခြင်း၏ မူလအစ သို့မဟုတ် အရင်းအမြစ်အဖြစ် ရည်ညွှန်းကာ၊ ကိုယ်တော်သည် ဘုရားသခင့်အလုပ်၏ မပြောင်းလဲနိုင်သော၊ ထာဝရတည်သောအရင်းအမြစ်ဖြစ်ကြောင်းကိုလည်း ညွှန်ပြသည်။ ယင်းမှာ ကျဆင်းသွားခဲ့ပြီး၊ ပြန်လည်ရယူခြင်းခံရသောအသင်းတော်သည် အရင်းအမြစ်ဖြစ်သော သခင်ဘုရားကို စွန့်ပစ်ကာ၊ ပြောင်းလဲသွားကြောင်း ဖော်ပြခြင်းဖြစ်သည်။ (*Life-study of Colossians*, p. 198)

ကော၊၁း၁၆သည် "အကြောင်းမူကား၊ ထိုသားတော်၌ ကောင်းကင်များနှင့် မြေကြီးပေါ် မှာရှိသမျှသော ... ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်မှတစ်ဆင့်လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏ "ဟု ပြောဆိုထားသည်။ *ထိုသားတော်၌* ဟူသည်မှာ ခရစ်တော်ပုဂ္ဂိုလ်တော်၏ တန်ခိုးကို ဆိုလိုခြင်းဖြစ်သည်။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်ဖြစ်သောအရာ၏ တန်ခိုးတော်၌ ဖန်ဆင်းခံရခြင်းဖြစ်သည်။ ဖန်ဆင်းခံအရာအားလုံးသည် ခရစ်တော်၏ စစ်မှန်သောတန်ခိုးတော်၏ သွင်ပြင်လက္ခဏာများကို ပြသသည်။ *ထိုသခင်မှတစ်ဆင့်* ဟူသည်မှာ ခရစ်တော်သည် လှုပ်ရှားလုပ်ဆောင်မှုရှိသော အသုံးခံရာတန်ဆာပလာဖြစ်ပြီး၊ ကိုယ်တော်မှတစ်ဆင့် ဖန်ဆင်းခံအရာအားလုံးသည် အဆင့်ဆင့်ဖြတ်ကျော်ပြီးမြောက်ခဲ့ကြောင်း ဆိုလိုခြင်းဖြစ်သည်။ *ကိုယ်တော်အဖို့အလို့ငှာ* ဟူသည်မှာ ခရစ်တော်သည် ဖန်ဆင်းခံအရာအားလုံး၏ အဆုံးဖြစ်ကြောင်း ဆိုလိုသည်။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၏ ပိုင်ဆိုင်ခြင်းအတွက် ဖန်ဆင်းခံရခြင်းဖြစ်သည်။ (*Life-study of Colossians*, p. 69)

*ပို၍ဖတ်ရန်* – *The Mystery of God and the Mystery of Christ*,chs. 2-3

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊ ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဍာန်တော်**
**၁း၁၅ ဖြစ်၏။ ဖန်ဆင်းခြင်းအပေါင်းတို့တွင် သားဦးဖြစ်တော်မူ၏။**
**၁၈ ကိုယ်တော်သည် အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာတော်၏ဦး ခေါင်းဖြစ်တော်မူ၏။ ကိုယ်တော်ကိုယ်တိုင်သည် အရာရာ၌ ပထမနေ ရာရှိစေခြင်းငှါ၊ မူလအစဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ် တော်မူ၏။**

ခရစ်တော်သည် ဖန်ဆင်းခြင်းနှင့်အတွင်းကျကျဆက်နွယ်နေခြင်းဖြစ်သည်။ကိုယ်တော်သည် အပြင်ပိုင်းသက်သက်ဖြစ်သောနည်းလမ်း၌ စကြဝဠာကို မဖန်ဆင်းသကဲ့သို့ ဖန်ဆင်းရှင်အဖြစ် သီးခြားဖြစ်တည်နေခြင်းလည်း မဟုတ်ပေ။ ကိုယ်တော်သည် သီးခြားဖြစ်တည်နေခြင်းမဟုတ်ဘဲ၊ ခပ်သိမ်းသောအရာတို့ ဖြစ်တည်လာရန် အရာအားလုံးကို မိန့်မှာခဲ့ခြင်း၊ ပြောဆိုခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ဖန်ဆင်းခြင်း၏ ဖြစ်စဉ်သည် ကိုယ်တော်၌၊ ကိုယ်တော့်ပုဂ္ဂိုလ်တော်၏ တန်ခိုးတော်၌ ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။ ခရစ်တော်သည် စကြဝဠာတွင် တုနှိုင်းမရသောတန်ခိုးတော်ဖြစ်သည်။ ကိုယ်တော်၏ ပုဂ္ဂိုလ်တော်သည် ဤတန်ခိုးတော်ဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းခြင်းသည် ကိုယ်တော်၌ အဆင့်ဆင့်ဖြတ်ကျော်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ကိုယ်တော်သည် ဖန်ဆင်းရှင်အဖြစ် သီးခြားဖြစ်တည်နေခြင်းမဟုတ်ဘဲ၊ အဆင့်ဆင့်ပြီးမြောက်ခဲ့သော ဖန်ဆင်းခြင်းမှတစ်ဆင့် အတွင်းကျကျတည်ရှိနေသော အသုံးခံရာတန်ဆာပလာလည်းဖြစ်ကြောင်း ဆိုလိုသည်။ ဤအကြောင်းကြောင့် ဖန်ဆင်းခြင်းသည် ခရစ်တော်၏ စစ်မှန်သောတန်ခိုးတော်၏ သွင်ပြင်လက္ခဏာများကို ပြသခြင်းဖြစ်သည်။ ခရစ်တော်သည် စကြဝဠာကို ဖန်ဆင်းခဲ့သည်ဟု ပြောဆိုခြင်းအစား၊ ကျမ်းစာက ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်မှတစ်ဆင့် တည်ကြသည် သို့မဟုတ် ကိုယ်တော်၌ ဖန်ဆင်းခံရသည်ဟု ပြောဆိုထားသည်။ ကိုယ်တော်အားဖြင့် (by Him)ဆိုသောစကားသည် အပြင်ပိုင်းကျပြီး၊ ကိုယ်တော်မှတစ်ဆင့် (through Him)နှင့် ကိုယ်တော်၌ (in Him)ဆိုသောစကားတို့သည် အတွင်းပိုင်းကျခြင်းဖြစ်သည်။ (*Life-study of Colossians,* p. 81)

## ယနေ့ဖတ်စရာ

The King James Version ၌ ကော၊၁း၁၆ကို "ခပ်သိမ်းသောအရာတို့သည် ထိုသခင်အတွက်(for Him) ဖန်ဆင်းလျက်ဖြစ်ကြ၏"ဟု ပြောဆိုထားသည်။ ထိုဂရိစကား

ကို "ထိုသခင်အဖို့အလို့ငှာ(unto Him)"ဟု ပြန်ဆိုခြင်းသည် ပို၍ကောင်းသည်။ ထိုသခင်အတွက်(for Him)သည် အပြင်ပိုင်းကျပြီး၊ ထိုသခင်အဖို့အလို့ငှာ(unto Him)သည် အတွင်းပိုင်းကျခြင်းဖြစ်သည်။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်၌၊ ခရစ်တော်မှတစ်ဆင့်၊ ခရစ်တော်အဖို့အလို့ငှာ ဖန်ဆင်းခံရခြင်းဖြစ်သည်။ ထိုသို့သောဖော်ပြချက်များက ခရစ်တော်သည် ဖန်ဆင်းခြင်းနှင့် အတွင်းကျကျဆက်နွှယ်နေကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းသည် ကိုယ်တော်အတွက်ဖြစ်သည်သာမက၊ ကိုယ်တော်အဖို့အလို့ငှာလည်း ဖြစ်သည်။ ယင်းမှာ ဖန်ဆင်းခြင်းသည် ကိုယ်တော်၌ ပြီးမြောက်ပြည့်စုံသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်သည် ဖန်ဆင်းခြင်းနှင့် အတွင်းကျကျဆက်နွှယ်နေကြောင်း ညွှန်ပြရန် ပေါလုသည် ၌၊ မှတစ်ဆင့်၊ အဖို့အလို့ငှာစသည့်စကားဆက်သုံးခုကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းသည် ခရစ်တော့်ပုဂ္ဂိုလ်တော်၏ တန်ခိုးတော်၌လည်းကောင်း၊ လှုပ်ရှားလုပ်ဆောင်မှုရှိသော အသုံးခံရာတန်ဆာပလာတည်းဟူသောကိုယ်တော်မှတစ်ဆင့်လည်းကောင်း၊ ပြီးမြောက်ပြည့်စုံခြင်းတည်းဟူသော ကိုယ်တော်အဖို့အလို့ငှာလည်းကောင်း ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။ ဤသို့သောဆက်နွှယ်မှုသည် လုံးလုံးလျားလျား အတွင်းပိုင်းကျခြင်းဖြစ်သည်။ ကိုယ်တော်သည် ဖန်ဆင်းခြင်းနှင့်အတွင်းကျကျဆက်နွှယ်နေသောကြောင့်၊ ခရစ်တော်သည် ဖန်ဆင်းခြင်း၌ ဘုရားသခင်ကိုထင်ရှားခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းသည် မျက်မြင်မရသောဘုရား၏ ပုံသဏ္ဌာန်တော်တည်းဟူသောခရစ်တော်၏ သွင်ပြင်လက္ခဏာများကို ထင်ရှားခြင်းဖြစ်သည်။ (*Life-study of Colossians,* pp. 81-82)

ဓမ္မသစ်ကျမ်းအရ *တည်မြဲသည်(**subsist**)*ဟုဆိုသောစကား၌ အရာသုံးခုပါဝင်သည်– တည်ရှိခြင်း၊ အသက်ရှင်ခြင်းနှင့် အတူတကွအသက်ရှင်ခြင်းတို့ဖြစ်သည်။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်၌ တည်ရှိနေသည်သာမက၊ ကိုယ်တော်၌အသက်ရှင်ခြင်း သို့မဟုတ် တည်ရှိခြင်း၌ဆက်လက်ရှိနေခြင်းလည်းဖြစ်သည်။ ထို့ပြင်မက ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၌ အတူတကွအသက်ရှင်ခြင်း သို့မဟုတ် အတူတကွတည်ရှိနေခြင်းလည်း ဖြစ်သည်။ စကြဝဠာတစ်ခုလုံးသည် ခရစ်တော်၌ အတူတကွတည်ရှိနေခြင်းဖြစ်သည်။ ကိုယ်တော်သည် တည်ရှိနေသောအရာခပ်သိမ်း၏ အလယ်ဗဟိုဖြစ်သည်။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၌ တည်ရှိနေသည်သာမက၊ ကိုယ်တော်၌ အသက်ရှင်ခြင်းနှင့် ကိုယ်တော်၌ စုပေါင်းခြင်းဖြင့် အတူတကွ အသက်ရှင်ခြင်းလည်းဖြစ်သည်။ (*The Conclusion of the New Testament*,p. 279)

ကော၊၁း၁၅၌ ပေါလုက ခရစ်တော်သည် ဖန်ဆင်းခြင်းအားလုံး၏ ပထမနေရာ

ဖြစ်ကြောင်း ဆက်၍ပြောဆိုထားသည်။ ယင်းမှာ ဖန်ဆင်းခြင်း၌ ခရစ်တော်သည် ပထမနေရာဖြစ်သည်။ ဘုရားအဖြစ် ခရစ်တော်သည် ဖန်ဆင်းရှင်ဖြစ်သည်။ သို့သော်လည်း လူအဖြစ် အသွေးနှင့်အသားကို ဆက်ဆံကာ(ဟေဗြဲ၊ ၂း၁၄)၊ ကိုယ်တော်သည် ဖန်ဆင်းခြင်း၏ အစိတ်အပိုင်းဖြစ်သည်။ "ဖန်ဆင်းခြင်းအားလုံး၏ ပထမနေရာ(ကော၊၁း၁၅)" သည် ဖန်ဆင်းခံအရာများအားလုံး၌ ခရစ်တော်၏ ထူးကဲသာလွန်ကောင်းမွန်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်မှ အငယ်၊၁၈အထိ တမန်တော်က ခရစ်တော်သည် အရာခပ်သိမ်း၌ ပထမနေရာတွင် ရှိကြောင်းကို အလေးပေးထားခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်က ခရစ်တော်သည် ဖန်ဆင်းရှင်ဖြစ်သည်သာမက၊ ဖန်ဆင်းထားသောအရာများထဲတွင်၊ သက်ရှိသတ္တဝါများအားလုံးထဲတွင် ပထမနေရာဖြစ်ကြောင်း ဖွင့်ပြသည်။

ခရစ်တော်သည် ဖန်ဆင်းခြင်း၏ အစအဦး၌မမွေးဖွားဘဲ၊ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်က မွေးဖွားခဲ့သောကြောင့်၊ ကိုယ်တော်သည် ဖန်ဆင်းခြင်းအားလုံး၏ ပထမနေရာဖြစ်ခြင်းကို အချို့က အံ့ဩကောင်းအံ့ဩပေမည်။ ကျွန်ုပ်တို့သည် ဤအရာကို မှန်ကန်စွာနားလည်မည်ဆိုပါက၊ ဘုရားသခင်၌ အချိန်ဆိုသောဒြပ်သဘာဝမရှိကြောင်း နားလည်သဘောပေါက်ကြမည်ဖြစ်သည်။

ထို့ကြောင့် ထာဝရကာလတွင် ဘုရားသခင်၏ အမြင်အရ ခရစ်တော်သည် ထာဝရအတိတ်ကာလ၌ မွေးဖွားခဲ့ပြီးဖြစ်သည်။ ဤအရာမှာ ဘုရားသခင်၏ အမြင်အရ ခရစ်တော်သည် ဖန်ဆင်းခြင်းအားလုံး၏ ပထမနေရာ အမြဲဖြစ်ရသည့်အကြောင်းရင်းဖြစ်သည်။ ဘုရားသခင်က ခရစ်တော်သည် ဗက်လင်မြို့ရှိ နွားစားခွက်တွင် မွေးဖွားမည့်နေ့ရက်ကို ကြိုသိမြင်တော်မူသည်။ ခရစ်တော်သည် သက်ရှိသတ္တဝါများထဲတွင် ပထမနေရာဖြစ်သောကြောင့်၊ ကိုယ်တော်သည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်း၏ အစိတ်အပိုင်းနှစ်ခုလုံးဖြစ်သော၊ အရာအားလုံးပါဝင်သောအရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့ပြောဆိုနိုင်သည်။ (*Life-study of Colossians,* pp. 66-68)

*ပို၍ဖတ်ရန်* – *Life-study of Colossians,* msgs. 8, 10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

***Hymns,* E # 189**

**ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ**

## ကမ္ဘာဦး၊၁ ၌ ပုံဖော်ပြသထားသည့် အသက်တည်းဟူသောခရစ်တော်ကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ကၢ၊၁း၁–၃၁။

*Day 1* **I. ဝိညာဉ်တော်၊ နှုတ်ကပတ်တော်နှင့် အလင်းတို့သည် ဘုရားသခင်၏ အကြံအစည်တော်ပြည့်စုံခြင်းအတွက် ကိုယ်တော်၏ပြန်လည်ပြုပြင်ခြင်းနှင့် တိုး၍ဖန်ဆင်းခြင်း ပထမနေ့၌ အသက်ကို ဖြစ်ဖွားစေရန် ဘုရားသခင်အားဖြင့် အသုံးပြုခဲ့သည့် တန်ဆာပလာများဖြစ်သည်။ ဝိညာဉ်တော်၊ နှုတ်ကပတ်တော်နှင့် အလင်းတို့အားလုံးသည် အသက်နှင့်စပ်ဆိုင်သည် (ကၢ၊၁း၁–၅။ ရော၊၈း၂။ ဖိ၊၂း၁၆။ ယော၊၈း၁၂ခ)။**

ကၢ။ ဝိညာဉ်တော်တည်းဟူသောခရစ်တော်သည် ဘုရားသခင်၏စစ်မှန်ခြင်းဖြစ်သည် (ရော၊၈း၉–၁၀။ ၂ကော၊၃း၁၇။ ယော၊၁၆း၁၃–၁၅)။

၁။ အသက်၏ဝိညာဉ်တော်တည်းဟူသော ဘုရားသခင်၏ ဝိညာဉ်တော်သည် (ရော၊၈း၂) ဘုရားသခင်၏ အကြံအစည်တော်အတွက် အသက်ကို ဖြစ်ဖွားစေရန်၊ အထူးသဖြင့် လူကို ဖြစ်ဖွားစေရန်အလို့ငှါ သေခြင်း၏ရေမျက်နှာပြင်ပေါ်တွင် ဝပ်တွားရန် ကြွလာခဲ့သည် (ကၢ၊၁း၂။ ၂း၇။ ၁း၂၆)။

၂။ ဝိညာဉ်ပိုင်းဆိုင်ရာအတွေ့အကြုံ၌ ဝိညာဉ်တော်၏ကြွလာခြင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက်ပထမဆုံး သောလိုအပ်ချက်ဖြစ်သည် (ယော၊၆း၆၃က။ ၁၆း၈–၁၁)။

ခ။ နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်သည် ဘုရားသခင်၏ စကားပြောခြင်းဖြစ်သည် (၁း၁။ ဟေဗြဲ၊၁း၂)။

၁။ ဝိညာဉ်တော်၏ဝပ်တွားခြင်းပြီးနောက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အလင်းကို ယူဆောင်လာရန် ရောက်ရှိလာခဲ့သည် (ကၢ၊၁း၃။ ၂ကော၊၄း၆။ cf. ဆာ၊၁၁၉း၁၀၅၊၁၃၀)။

၂။ ဝိညာဉ်ပိုင်းဆိုင်ရာတွေ့ကြုံခံစားမှု၌ နှုတ်ကပတ်တော်ရောက်

ရှိလာခြင်းသည် အသက်ကိုဖြစ်ဖွားစေခြင်းအတွက် ဒုတိယ လိုအပ်ချက်ဖြစ်သည် (ယော၊၅း၂၄။ ၆း၆၃ခ)။

ဂ။ အလင်းတည်းဟူသောခရစ်တော်သည် ဘုရားသခင်၏ထွန်းလင်းခြင်းဖြစ်သည် (က၊၁း၃–၅။ ယော၊၁း၁၄–၅။ ဂ၊၁၂က။ ၉း၅)။ ဝိညာဉ်ပိုင်းဆိုင်ရာတွေ့ကြုံခံစားမှု၌ အလင်းရောက်ရှိလာခြင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် တတိယလိုအပ်ချက်ဖြစ်သည် (မ၊၄း၁၃–၁၆။ ယော၊၁း၁–၁၃)။

ဃ။ အလင်းကို မှောင်မိုက်မှ ပိုင်းခြားခွဲထားခြင်းသည် နေ့ကို ညမှ ပိုင်းခြားသိမြင်စေရန်အတွက်ဖြစ်ပြီး၊ ယင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် စတုတ္ထမြောက်လိုအပ်ချက်ဖြစ်သည် (က၊၁း၄–၅။ ၂ကော၊၆း၁၄ခ)။

*Day 2* **II. ဒုတိယနေ့ရက်တွင် ရေအလယ်၌ မိုးမျက်နှာကြက်ကို ပေါ်ထွက်စေခြင်းအားဖြင့် ရေနှင့် ရေချင်းခြားစေခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာ ပုံဆောင်ချက်၌ ကားတိုင်၏အလုပ်အားဖြင့် ကောင်းကင်ဆိုင်ရာ အရာများကို မြေကြီးဆိုင်ရာအရာများမှ ပိုင်းခြားခြင်းဖြစ်၍၊ ယင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် ပဉ္စမမြောက်လိုအပ်ချက် ဖြစ်သည် (က၊၁း၆–၈။ ကော၊၃း၁–၃။ ဟေဗြဲ၊ ၄း၁၂)။**

**III. ခြောက်သွေ့သောကုန်း ပေါ်လာခြင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် ဆဋ္ဌမမြောက်လိုအပ်ချက်ဖြစ်သည်။ ယင်းသည် သုံးရက်မြောက်နေ့တွင် ဖြစ်ပေါ်သောကြောင့်၊ ရှင်ပြန်ထမြောက်ခြင်းနေ့နှင့် ကိုက်ညီမှုရှိသည် (က၊၁း၉–၁၃။ ၁ကော၊၁၅း၄)။**

က။ ကျမ်းစာ၌ ပင်လယ်သည် သေခြင်းကို ကိုယ်စားပြုပြီး၊ ကုန်းမြေသည် အသက်ကိုဖြစ်ဖွားစေသည့်အရင်းအမြစ်တည်းဟူသော ခရစ်တော်ကို ကိုယ်စားပြုသည်။ ကုန်းပေါ်လာပြီးနောက်တွင် အပင်အသက်၊ တိရစ္ဆာန်အသက်နှင့် လူ့အသက် ဟူ၍ အသက်အမျိုးအစားအားလုံး ဤကုန်းမြေမှ ထွက်ပေါ်လာခဲ့သည် (က၊၁း၁၁–၁၂၊ ၂၄–၂၇။ ၂း၇)။ ဤသည်မှာ ဘုရားအသက်နှင့်အတူ ၎င်း၏ကြွယ်ဝခြင်း

များအားလုံးသည် ခရစ်တော်မှ ထွက်ပေါ် လာကြောင်းကိုပုံဆောင် သည်။

ခ။ သုံးရက်မြောက်သောနေ့တွင် ခရစ်တော်သည် အသင်းတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ကို ဖြစ်ဖွားစေရန် သေခြင်းမှ ထွက်ပေါ် လာခဲ့သည် (ယော၊၁ ၂း ၂၄။ ၁ပေ၊၁း ၃)။

*Day 3*

ဂ။ ကုန်းကို ရေမှ ပိုင်းခြားခြင်းမှာ အသက်ကို သေခြင်းမှ ပိုင်းခြားခဲ့ထားခြင်းကို ပုံဆောင်သည်။ ဒုတိယနေ့မှစ၍ (က၊၁း၆–၇) ဘုရားသခင်သည် မြေကြီးကို ဖုံးလွှမ်းခဲ့သည့် သေခြင်းရေကို ဘောင်ခတ်ကန့်သတ်သောအလုပ်ကို စတင်ခဲ့သည် (cf.ယော၊၅း ၂၂)

၁။ အဆုံးတွင် ဘုရားသခင်၏ အလုပ်သည် ပြည့်စုံသောအခါ၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ပင်လယ်သမုဒ္ဒရာ ရှိတော့မည်မဟုတ်ပေ (ဗျာ၊ ၂၁း၁နှင့် မှတ်စု ၃၊ ပြန်လည်ရယူခြင်းကျမ်း)။

၂။ ထို့အပြင် ယေရုရှလင်မြို့သစ်၌ ညဥ့်ရှိတော့မည်မဟုတ်ပေ (အငယ်၊ ၂၅နှင့် မှတ်စု ၂)

၃။ ဆိုလိုသည်မှာ သေခြင်းနှင့် မှောင်မိုက်နှစ်ခုလုံးသည် ဖယ်ရှားခြင်းခံရမည်ဖြစ်သည်။

ဃ။ အပင်အသက်သည် အသက်၏ အနိမ့်ဆုံးသွင်ပြင်ဖြစ်ပြီး၊ သိသောစိတ်ကင်းမဲ့သောအသက်ဖြစ်ကာ၊ အသစ်မွေးဖွားခံရကာစ ယုံကြည်သူ၌ရှိသည့် ဘုရားအသက်၏ အစဦးပိုင်းအဆင့် အခြေအနေနှင့် ကိုက်ညီမှုရှိသည် (က၊၁း၁၁။ cf. ၁ကော၊၃း၆)။

၁။ မရေတွက်နိုင်အောင် အမျိုးစုံသည့် အပင်အသက်သည် လူ၏ အမြင်၌ ၎င်းတို့၏ လှပမှု (က၊ ၂း၉)၊ ရနံ့ (သီ၊၁း၁၂–၁၃) တို့အပြင် လူနှင့် တိရစ္ဆာန်တို့ကို အာဟာရဖြစ်စေခြင်း၌ (က၊ ၁း ၂၉–၃၀) စစ်၍မကုန်နိုင်အောင် ကြွယ်ဝသည့် ခရစ်တော်၏ အသက်၏ ကြွယ်ဝသောထင်ရှားခြင်းကို ပုံဆောင်သည်။

၂။ သစ်ပင်များ (၂း၉။ ထွ၊၁၅း ၂၃–၂၅။ သီ၊ ၂း၃။ ၅း၁၅။ ဟေရှာ၊၁၁း၁။ ယော၊၁၅း၁။ ဗျာ၊ ၂၂း ၂)၊ ပန်းပင်များ (သီ၊၁း ၁၄)၊ လူအတွက် အစားအစာ (ယော၊၆း၉၊၁၃)နှင့် ဘုရား

သခင်အဖို့ ပူဇော်သက္ကာများဖြစ်သည့် (ဝတ်၊ ၂း၁–၃၊၁၄) ဂျုံစပါးများ စသည့်အရာများအားလုံးသည် ခရစ်တော်ကို ပုံဆောင်သည်။

*Day 4*

**IV. အလင်းအိမ်များသည် အသက်၏မြင့်မားသောပုံစံမွေးဖွားရန် အသက်ကို ဖန်ဆင်းခြင်းအတွက် ခုနစ်ခုမြောက်သောလိုအပ်မှု အဖြစ် စတုတ္ထနေ့တွင် ထွက်ပေါ်လာခြင်းဖြစ်သည်(က၊၁း၁၄–၁၉)။**

က။ သမ္မာကျမ်းစာတစ်အုပ်လုံး၏ဖွင့်ပြခြင်းအရ၊ အလင်းသည် အသက်အတွက်ဖြစ်ပြီး၊ အလင်းနှင့် အသက်သည် အမြဲဒွန်တွဲနေခြင်းဖြစ်သည် (ဆာ၊၃၆း၉။ မ၊၄း၁၆။ ယော၊၁း၄။ ၈း၁၂။ ၁ယော၊၁း၁–၇)။

ခ။ အသက်သည် အလင်းပေါ်တွင် မူတည်နေပြီး၊ အလင်းသည် ပိုမိုမြင့်မားလေလေ၊ အသက်သည်လည်း ပိုမိုမြင့်မားလေလေဖြစ်သည်။

၁။ ပထမနေ့၏မရေရာသောအလင်းသည်(က၊၁း၃) အသက်၏အနိမ့်ဆုံးသောပုံစံ ဖန်ဆင်းခြင်းအတွက် လုံလောက်ပေသည်။ စတုတ္ထနေ့တွင် ပို၍ခိုင်မာသော၊ တိကျသော အလင်းအိမ်များဖြစ်သည့် နေ၊ လနှင့် ကြယ်များ(အငယ်၊၁၆။ ဆာ၊၁၃၆း၇–၉) သည် လူ့အသက်အပါအဝင် အသက်၏မြင့်မားသောပုံစံမွေးဖွားခြင်းအတွက် လိုအပ်ခြင်းဖြစ်သည်။

၂။ ယင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ဆိုင်ရာပြန်လည်မွေးဖွားခြင်းအတွက် "ပထမနေ့"၏ အလင်းသည် လုံလောက်သော်လည်း၊ ဘုရားအသက်၌ ကြီးရင့်ခြင်းတိုင်အောင် ကြီးထွားခြင်းအတွက် ပို၍ကြီးမားသောအလင်း၊ "စတုတ္ထနေ့၏ အလင်း"ကို လိုအပ်ကြောင်း ပုံဆောင်ခြင်းဖြစ်သည်။

၃။ အလင်းအိမ်များသည် အမှတ်လက္ခဏာများ၊ ရာသီဥတုများ၊ နေ့ရက်များနှင့် နှစ်များတို့အတွက်ဖြစ်ပြီး (က၊၁း၁၄)၊ ၎င်းတို့သည် ခရစ်တော်၏ အရိပ်များဖြစ်ကြသည် (ကော၊၂း၁၆–၁၇)။

ဂ။ နေ(ဆာ၊၁၃၆း၈)သည် ခရစ်တော်ကို ပုံဆောင်ပြီး (မာလ၊၄း၂။ လု၊၁း၇၈–၇၉။ မ၊၄း၁၆။ ဗျာ၊၁း၁၆)၊ အောင်မြင်သောသန့်ရှင်းသူများသည်လည်း သခင်ယေရှုအားဖြင့် နေကဲ့သို့ ထွန်းလင်းရမည်ဖြစ်သည် (မ၊၁၃း၄၃)။

ဃ။ လ(ဆာ၊၁၃၆း၉)ကို ခရစ်တော်၏ဇနီး၊ အသင်းတော်၏ပုံပန်း သင်္ကေတဟု မှတ်ယူနိုင်သည် (cf. က၊၃၇း၉။ သီ၊၆း၁၀)။

၁။ လ၌ ၎င်း၏ကိုယ်ပိုင်အလင်းမရှိသော်လည်း၊ နေ၏အလင်းကို ရောင်ပြန်ဟပ်ပြီး၊ ညတွင် အလင်းထွန်းလင်းခြင်းဖြစ်သည်။

၂။ ထိုနည်းတူ အသင်းတော်သည် ခရစ်တော်၏ဘုရားဆိုင်ရာ အလင်းကိုရောင်ပြန်ဟပ်ခြင်းအားဖြင့် အသင်းတော်ခေတ်၏ အမှောင်ညတွင် အလင်းထွန်းလင်းခြင်းဖြစ်သည် (၂ကော၊၃း ၁၈။ cf. ဖိ၊၂း၁၅)။

င။ ကြယ်များသည် ရှေးဦးစွာ ခရစ်တော်ကို ပုံဆောင်ပြီး၊ အောင်မြင်သူ များကိုလည်း ပုံဆောင်ခြင်းဖြစ်သည် (တော၊၂၄း၁၇။ ၂ပေ၊၁း၁၉။ ဗျာ၊၂၂း၁၆။ ဒံ၊၁၂း၃)။

၁။ ခရစ်တော်သည် စစ်မှန်သောနေဖြစ်သော်လည်း၊ ကိုယ်တော် သည် ယနေ့ခေတ်ကာလ၏ညအချိန်တွင် နေကဲ့သို့ ထွက်ပေါ် လာခြင်းမရှိပေ။ ကိုယ်တော်သည် ထွန်းတောက်သောမိုး သောက်ကြယ်အဖြစ် ထွန်းလင်းခြင်းဖြစ်သည် (ဗျာ၊၂၂း၁၆)။

၂။ ကြယ်များသည်လည်း အောင်မြင်သောသန့်ရှင်းသူများကို ပုံ ဆောင်ခြင်းဖြစ်သည် (ဒံ၊၁၂း၃။ cf. ဗျာ၊၁း၂၀)။

၃။ ကြယ်များ၏အလင်းကို အထူးသဖြင့် လရောင်မှေးမှိန်သော အချိန်တွင် လိုအပ်ခြင်းဖြစ်သည်။ ထိုနည်းတူ ကောင်းကင်ဆိုင် ရာကြယ်များတည်းဟူသော အောင်မြင်သောသန့်ရှင်းသူများ ၏ထွန်းလင်းခြင်းကို အထူးသဖြင့် အသင်းတော်၏ကျဆင်း ချိန်တွင် လိုအပ်ခြင်းဖြစ်သည် (၂း၇၊ ၁၁၊ ၁၇။ ၂၆–၂၈။ ၃း၅၊ ၁၂၊ ၂၀–၂၁)။

စ။ စတုတ္ထနေ့တွင် အလင်းအိမ်များ၏အုပ်စိုးခြင်းသည် က၊၁း၄၅၌ မှောင်မိုက်မှ အလင်းကို ခွဲခြားရာတွင် အားဖြည့်ပေးခြင်းလည်း ဖြစ် သည်။ ထိုနှစ်ခုလုံးကို အသက်၌ ကြီးထွားခြင်းအတွက် လိုအပ်ခြင်း ဖြစ်သည်။

*Day 5* **V. ရေနှင့် လေ၌ရှိသည့် အသက်ရှင်သောသတ္တဝါများကို ပဉ္စမနေ့တွင် ဖန်ဆင်းခြင်းဖြစ်သည် (အငယ်၊၂၀–၂၃)။**

က။ ယင်းမှာ အနိမ့်ဆုံးသောအသိဉာဏ်ရှိသည့် တိရစ္ဆာန်အသက်ဖြစ်ပြီး၊ အသက်၌ ယုံကြည်သူများကြီးထွားခြင်း၏ ပထမအဆင့်နှင့် ဆက်နွယ်နေခြင်းဖြစ်သည် (cf. ၁ယော၊ ၂း၁၃)။

၁။ ပင်လယ်၌ရှိသော တိရစ္ဆာန်အသက်သည် ခရစ်တော်၏ အသက်ရှင်ခြင်း၌ သေခြင်း(ဆားငန်ရေအားဖြင့် ပုံဆောင်ခြင်း)ကို အောင်မြင်သည့်တန်ခိုးတော်တွင် ကိုယ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပုံဆောင်ခြင်းဖြစ်သည်။ ငါးသည် ရေငန်ထဲတွင် ဆားမငန်ဘဲ အသက်ရှင်နိုင်သကဲ့သို့၊ ခရစ်တော်နှင့် ဘုရားအသက်ရှိသောယုံကြည်သူများသည် လောက၏ ပျက်စီးခြင်းအားဖြင့် "ဆားငန်ခြင်း" မရှိဘဲ၊ စာတန်နှင့်ဆိုင်သော လောကထဲတွင် အသက်ရှင်နိုင်မည်ဖြစ်သည် (cf. ယော၊ ၁၄း၃၀။ ၁၇း ၁၅–၁၆)။

၂။ ပင်လယ်၌ရှိသော တိရစ္ဆာန်အသက်သည် ကိုယ်တော်၏ ကြွယ်ဝခြင်းများကို လူ၏ စားသုံးခြင်းတွင် ခရစ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပြသခြင်းဖြစ်သည် (၆း၉က။ ၂၁း၉)။

ခ။ ငှက်အသက်သည် ငါးအသက်ထက် ပိုမိုမြင့်မားသည်။ ငါးသည် သေခြင်းရေထဲတွင် အသက်ရှင်နိုင်ပြီး၊ ငှက်များသည် သေခြင်းရေကို ကျော်လွန်သွားခြင်းဖြစ်သည်။

၁။ ဘုရားအသက်၌ တိုး၍ကြီးထွားခြင်းအားဖြင့်၊ ယုံကြည်သူများသည် မြေကြီး၏ နှောင့်ယှက်ဖျက်ဆီးခြင်းအားလုံးကို ကျော်လွန်ရန် တတ်စွမ်းနိုင်သည် (ဟေရှာ၊ ၄၀း၃၁)။

၂။ ငှက်အသက်သည် ခရစ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပုံဆောင်ခြင်းဖြစ်သည်။ ယင်းမှာ ကိုယ်တော်၏ ဖြစ်ခြင်း၌ ကိုယ်တော်သည် သူ၏ လမ်းဆုံးပန်းတိုင်အတွက် ရွေးနုတ်ခံသူများကို သယ်ဆောင်မည့် သိမ်းငှက်ကဲ့သို့လည်းကောင်း (ထွက်၊ ၁၉း ၄။ တရား၊ ၃၂း၁၁–၁၂။ ဗျာ၊ ၁၂း၁၄)၊ ဘုရား၏ လူများအပြစ်အတွက် ယဇ်ပူဇော်ခံရသော ချိုးငှက် သို့မဟုတ် ခိုငှက်များကဲ့သို့လည်းကောင်း(ဝတ်၊ ၁း၁၄။ ၅း၇) ဖြစ်သည်။

*Day 6*

**VI. မြေကြီးပေါ်တွင် အသက်ရှင်သောသတ္တဝါများကို ဆဋ္ဌမနေ့တွင် ဖန်ဆင်းခြင်းဖြစ်သည် (က၊ ၁း၂၄–၃၁)။**

က။ မြေကြီးပေါ်ရှိ သားယဉ်၊ သားရဲတိရစ္ဆာန်တို့သည် ငါးများနှင့် ငှက်များထက် အသိဉာဏ်ပို၍မြင့်မားကာ၊ မြင့်မားသောအသက်များရှိကြပြီး၊ ၎င်းတို့သည် မြေကြီးပေါ်တွင် တစ်စုံတစ်ရာကို ပြည့်စုံစေနိုင်သောအသက်တာဖြစ်သည်။

၁။ ကုန်းပေါ်ရှိ သားယဉ်၊ သားရဲတိရစ္ဆာန်တို့သည် ခရစ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပုံဆောင်ခြင်းဖြစ်သည်။ ယင်းမှာ ခရစ်တော်သည် ဘုရားသခင်၏စီမံကိန်းအတွက် တိုက်ခိုက်ရန် အောင်နိုင်မည့် ခြင်္သေ့ကဲ့သို့လည်းကောင်း(ဗျာ၊၅း၅)၊ ဘုရားသခင်၏ပြည့်စုံသောရွေးနုတ်ခြင်းကို ပြီးမြောက်ရန်အတွက် ဘုရားထံ ယဇ်ပူဇော်ခံရသော သိုးနှင့် နွားကဲ့သို့လည်းကောင်း (ဝတ်၊၁း ၂–၃၊ ၁၀။ ၃း၁၊ ၆၊ ၁၂။ ၄း၃။ ၅း၆။ ယော၊၁း ၂၉။ ၁ပေ၊၁း၁၉။ ဗျာ၊၅း၆–၉)၊ ဘုရားသခင်၏အလိုတော်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက် သစ္စာရှိစွာ၊ တာဝန်သိစွာ လုပ်ဆောင်သောနွားကဲ့သို့လည်းကောင်း(မ၊၂၀း ၂၈။ ယော၊၅း၁၇။ ၆း၃၈) ဖြစ်သည်။

၂။ ခရစ်တော်၌ရှိသော ယုံကြည်သူများသည် ဘုရားအသက်တွင် တိုး၍ကြီးထွားခြင်းအားဖြင့် မြေကြီးပေါ်တွင် အသက်ရှင်ရန် တတ်စွမ်းနိုင်ပေသည်။ ထိုအသက်တာသည် ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေခြင်းအတွက် အသုံးခံသောအသက်တာဖြစ်သည် (cf. ရော၊၅း၁၇။ ၁ကော၊၃း ၂။ ဂလ၊၆း ၂။ ၁ကော၊ ၁၅း၁၀၊ ၅၈)။

ခ။ လူ့အသက်သည် အမြင့်ဆုံးသောဖန်ဆင်းခံအသက်ဖြစ်ပြီး၊ ထိုအသက်သည် ဘုရား၏သဏ္ဌာန်တော်နှင့် တစ်ညီတည်းဖြစ်ခြင်း၌ ကိုယ်တော်ကို ထင်ရှားနိုင်ကာ၊ ဘုရားသခင်အတွက် အုပ်စိုးခြင်းကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

၁။ အာဒံ၊ ပထမလူသားသည် ဘုရားသခင့်ဖန်ဆင်းခြင်း၏ အလယ်ဗဟိုဖြစ်သော (ကော၊၁း၁၆–၁၇)၊ ဖန်ဆင်းခြင်းအပေါင်းတို့တွင် ဦးခေါင်းဖြစ်သော(အငယ်၊၁၅)၊ ယောက်ျားအပေါင်းတို့၏ဦးခေါင်းဖြစ်သော(၁ကော၊၁၁း၃)၊ ဘုရားသခင်၏သဏ္ဌာန်

တော်နှင့် တစ်ညီတည်းဖြစ်ခြင်း၌ ဘုရားသခင်ကို ထင်ရှားခြင်းဖြစ်သော(ဟေဗြဲ၊၁း၃။ ၂ကော၊၄း၄။ ကော၊၁း၁၅)၊ ဘုရားသခင်ဖန်ဆင်းထားသောအရာခပ်သိမ်းအပေါ် အုပ်စိုးရန် ဘုရားသခင်ကို ကိုယ်စားပြုသူဖြစ်သော (ဆာ၊၈း၆–၈။ မ၊၂၈း၁၈)၊ ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (ရော၊၅း၁၄။ ၁ကော၊၁၅း၄၅၊ ၄၇။ ဆာ၊၈း၄–၈။ ဟေဗြဲ၊၂း၆–၉)။

၂။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူသည် ကိုယ်တော်၏ သဏ္ဌာန်တော်၌ ကိုယ်တော်ကို ထင်ရှားပြီး၊ ကိုယ်တော်၏ အုပ်စိုးခြင်း၌ ကိုယ်တော်ကို ကိုယ်စားပြုခြင်းဖြစ်ကာ၊ လူဟောင်း(ရော၊၆း၆)၊ ပထမလူဖြစ်သောအာဒံ၌မဟုတ်ဘဲ(၁ကော၊၁၅း၄၅က)၊ လူသစ် (ဧ၊၂း၁၅)၊ ဒုတိယလူဖြစ်သော ခရစ်တော်၌(၁ကော၊၁၅း၄၇ခ) ပြီးမြောက်ပြည့်စုံရန်ဖြစ်သည်။ လူသစ်၌ ဦးခေါင်းတည်းဟူသောခရစ်တော်ကိုယ်တော်တိုင်နှင့် ကိုယ်ခန္ဓာတော်တည်းဟူသောအသင်းတော်ပါဝင်သည် (၁း၂၂–၂၃။ ၁ကော၊၁၂း၁၂။ ကော၊၃း၁၀–၁၁)။

၃။ ယင်းမှာ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ခရစ်တော်ကို အသက်ရှင်သည့် အောင်မြင်သောယုံကြည်သူများ၌ လုံးလုံးလျားလျား ပြီးမြောက်ပြည့်စုံကာ (ဖိ၊၁း၁၉–၂၆)၊ သူတို့သည် မိလေနိကာလ၌ ခရစ်တော်နှင့်အတူ တွဲဖက်ဘုရင်များအဖြစ် တိုင်းနိုင်ငံတို့အပေါ် အခွင့်အာဏာနှင့်အတူ အုပ်စိုးလိမ့်မည်ဖြစ်သည် (ဗျာ၊၂း၂၆–၂၇။ ၂၀း၄၊ ၆)။

၄။ ယင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ ဘုရား၏ သဏ္ဌာန်တော်ကို ထင်ရှားကာ၊ ကိုယ်တော်၏ ဘုန်းတော်နှင့် ပေါ်ထွန်းခြင်းကို ယူဆောင်လာမည်ဖြစ်သည် (၄း၃က။ ၂၁း၁၁၊ ၁၈က)။ ထို့အပြင် ထာဝရကာလအတွက် စကြဝဠာတစ်ခုလုံးအပေါ် ဘုရားသခင်၏ အုပ်စိုးခြင်းကို ထိန်းသိမ်းရန် ဘုရားဆိုင်ရာအခွင့်အာဏာကိုလည်း လေ့ကျင့်မည်ဖြစ်သည် (အငယ်၊၂၄။ ၂၂း၁၅)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကၢ** **သို့သော် မြေကြီးသည် အချည်းနှီး၊ လွတ်လပ်လဟာဖြစ်သွား၏။**
**၁း၂–၄** **နက်နဲရာမျက်နှာပြင်ကို မှောင်မိုက်ဖုံးလွှမ်းခဲ့၍၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ ဝပ်တွားတော်မူ၏။ ဘုရားသခင်ကလည်း၊ အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်၍၊ အလင်းကို မှောင်မိုက်မှ ပိုင်းခြားခွဲထားတော်မူ၏။**

(ကၢ၁း ၂)သည် သမ္မာကျမ်းစာ၌ ဝိညာဉ်တော်ကို ပထမဆုံးဖော်ပြသည့် ကျမ်းပိုဒ်ဖြစ်သည်။ အသက်၏ဝိညာဉ်တော်တည်းဟူသော ဘုရားသခင်၏ဝိညာဉ်တော် (ရော၊ဂး ၂)သည် ဘုရားသခင်၏ အကြံအစည်တော်အတွက် အသက်ကို ဖြစ်ဖွားစေရန်၊ အထူးသဖြင့် လူကို ဖြစ်ဖွားစေရန်အလို့ငှါ(ကၢ၁း ၂၆)၊ သေခြင်းရေအပေါ်၌ ဝပ်တွားရန် ကြွလာခဲ့သည်။ ဝိညာဉ်ပိုင်းဆိုင်ရာအတွေ့အကြုံ၌ ဝိညာဉ်တော်၏ကြွလာခြင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် ပထမဆုံးလိုအပ်ချက်ဖြစ်သည် (ယော၊၆း၆၃က)။ (ကၢ၁း ၂၊ မှတ်စု ၅)

ဝိညာဉ်တော်၏ဝပ်တွားခြင်းပြီးနောက် (ကၢ၁း ၂ခ)၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အလင်းကို ယူဆောင်လာရန် ရောက်ရှိလာခဲ့သည် (cf. ဆာ၊၁၁၉း၁၀၅၊ ၁၃၀)။ ဝိညာဉ်ပိုင်းဆိုင်ရာအတွေ့အကြုံ၌ နှုတ်ကပတ်တော်ရောက်ရှိလာခြင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် ဒုတိယလိုအပ်ချက်ဖြစ်ပြီး (ယော၊၅း၂၄။ ၆း၆၃ခ)၊ အလင်းရောက်ရှိလာခြင်းသည် တတိယလိုအပ်ချက်ဖြစ်သည် (မ၊၄း၁၃–၁၆။ ယော၊၁း ၁–၁၃)။

ဝိညာဉ်တော်၊ နှုတ်ကပတ်တော်နှင့် အလင်းတို့သည် ဘုရားသခင်၏ အကြံအစည်တော်ပြည့်စုံခြင်းအတွက် အသက်ဖြစ်ဖွားစေရန် ဘုရားသခင်အားဖြင့် အသုံးပြုခဲ့သည့် တန်ဆာပလာများဖြစ်ကြသည်။ ဝိညာဉ်တော်၊ နှုတ်ကပတ်တော်နှင့် အလင်းတို့အားလုံးသည် အသက်နှင့်စပ်ဆိုင်သည် (ရော၊ဂး ၂။ ဖိ၊ ၂း၁၆။ ယော၊ဂး၁ ၂ခ)။ ဝိညာဉ်တော်တည်းဟူသော ခရစ်တော်သည် ဘုရားသခင်၏စစ်မှန်ခြင်းဖြစ်သည် (ရော၊ဂး၉– ၁၀။ ၂ကော၊၃း၁၇။ ယော၊၁၆း၁၃–၁၅)။ နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်သည် ဘုရားသခင်၏စကားပြောခြင်းဖြစ်က(ယော၊၁း၁။ ဟေဗြဲ၊၁း ၂)၊ အလင်းတည်းဟူသော ခရစ်တော်သည် ဘုရားသခင်၏ထွန်းလင်းခြင်း ဖြစ်သည် (ယော၊ဂး၁ ၂က။ ၉း၅)။ (ကၢ၁း၃၊ မှတ်စု ၁)။

အလင်းကို မှောင်မိုက်မှ ပိုင်းခြားခွဲထားခြင်းသည် နေ့ကို ညမှ ပိုင်းခြားသိမြင်စေ

ရန်အတွက်ဖြစ်ပြီး(က၊၁း၅။ cf. ၂ကော၊၆း၁၄ခ)၊ ယင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် စတုတ္ထမြောက်လိုအပ်ချက်ဖြစ်သည်။ (က၊၁း၄၊ မှတ်စု ၁)

## *ယနေ့ဖတ်စရာ*

အတိအကျဆိုရလျှင် ကမ္ဘာဦး၊၁ သည် ဖန်ဆင်းခြင်း၏မှတ်တမ်းမဟုတ်ဘဲ၊ (အသက်၏မှတ်တမ်းဖြစ်သည်)။ ဘုရားသခင်သည် မြေကြီးကို အချည်းနှီးဖြစ်စေရန် ဖန်ဆင်းခဲ့ခြင်း မဟုတ်သော်လည်း၊ ယင်းသည် အချည်းနှီးဖြစ်သွားခဲ့သည်။ ဟေရှာ၊၁၄း၉–၁၄နှင့် ယေဇ၊၂၈း၁၂–၁၈ တို့၌ မှတ်တမ်းတင်ထားသည့် စာတန်၏ပုန်ကန်ခြင်းကြောင့်၊ စကြဝဠာတစ်ခုလုံးသည် ဘုရားသခင်အားဖြင့် စီရင်ခြင်းခံခဲ့ရသည်။ ထိုစီရင်ခြင်းကြောင့် မြေကြီးသည် အချည်းနှီး၊ လွတ်လပ်လဟာဖြစ်သွားခဲ့သည်။

က၊၁း၂တွင် ဘုရားသခင်၏တရားစီရင်ခြင်းအောက်၌ မြေကြီး၏ပျက်စီးခြောက်ကပ်သွားခြင်းကို ဖော်ပြသည့် စကားလုံးလေးလုံးရှိသည်– *အချည်းနှီး၊ လွတ်လပ်လဟာ၊ မှောင်မိုက်နှင့် နက်နဲရာ* တို့ဖြစ်သည်။ မြေကြီးသည် အချည်းနှီး၊ လွတ်လပ်လဟာဖြစ်သွား၍၊ နက်နဲရာမျက်နှာပြင်ကို မှောင်မိုက်ဖုံးလွှမ်းခဲ့သည်။ မြေကြီးမျက်နှာပြင်မှာ နက်ရှိုင်းသွားခဲ့ပြီး၊ ထိုနက်နဲရာမျက်နှာပြင်ကို မှောင်မိုက်ဖုံးလွှမ်းခဲ့သည်။ ဤသည်မှာ အသက်ကင်းမဲ့၍ သေခြင်းသာရှိနေကြောင်း ဖော်ပြနေသည်။ မြေကြီးသည် အချည်းနှီး လွတ်လပ်လဟာဖြစ်သွားပြီး၊ နက်နဲရာမျက်နှာပြင်ကို မှောင်မိုက်ဖုံးလွှမ်းနေခြင်းမှာ သေခြင်း၏ပန်းချီကားချပ်ဖြစ်သည်။

(အငယ်၊၂) ရှိ *ဝပ်တွား* ဟူသောစကားလုံးသည် တရား၊၃၂း၁၁ ရှိ *ရစ်ဝဲလှုပ်ရှား* ဟူသောစကားလုံးနှင့်တူညီသည်။ ဤကျမ်းပိုဒ်က ဘုရားသခင်သည် သားငယ်တို့အပေါ်မှာ သူ၏အတောင်တို့ကို ဖြန့်လျက် ရစ်ဝဲလှုပ်ရှားသောလင်းယုန်ငှက်နှင့်တူကြောင်း ပြောဆိုထားသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် အသက် ထွက်ပေါ်လာစေရန်အတွက် သေခြင်းအခြေအနေပေါ်တွင် သူ၏အတောင်တို့ကို ဖြန့်လျက် ဝပ်တွားနေသည်။ ကြက်ဥများအပေါ်တွင် ကြက်မ၏ဝပ်တွားခြင်းသည် အသက်ရှင်သောအရာများ ထွက်ပေါ်လာစေရန်အတွက် ဖြစ်သည်။ ကျမ်းစာ၌ ဘုရားသခင်၏ဝိညာဉ်တော်ကို ဝပ်တွားသောဝိညာဉ်တော်အဖြစ် ပထမဆုံးဖော်ပြထားသည်။ ဤဝိညာဉ်တော်၏ဝပ်တွားခြင်းက ကမ္ဘာဦး၊၁ သည် ဘုရားသခင်၏ဖန်ဆင်းခြင်းမှတ်တမ်းမျှသာ မဟုတ်ဘဲ၊ အသက်၏မှတ်တမ်းဖြစ်ကြောင်းကို ညွှန်ပြသည်။

(က၊၁း၃)၌ အသက်ထွက်ပေါ်လာစေရန် အလင်းရောက်ရှိလာသည်။ မှောင်မိုက်

ရှိသောနေရာတိုင်းတွင် သေခြင်းရှိပြီး၊ အလင်းရှိသောနေရာတိုင်းတွင် အသက်ရှိသည်။ ကမ္ဘာဦး၊၁ ၌ အလင်းသည် အဓိကအားဖြင့် ဖန်ဆင်းခြင်းအတွက် မဟုတ်ဘဲ၊ အသက်အတွက် ရောက်ရှိလာခဲ့သည်။ ကမ္ဘာဦး၊၁ သည် အဓိကအားဖြင့် ဖန်ဆင်းခြင်းမှတ်တမ်း မဟုတ်ဘဲ၊ အသက်၏မှတ်တမ်းဖြစ်သည်။ (အငယ်၊၄)၌ အလင်းကို မှောင်မိုက်မှ ပိုင်းခြားခဲ့ထားခြင်းသည် အသက်ထွက်ပေါ်လာရန်အတွက်ဖြစ်သည်။ ကျွန်ုပ်တို့ကယ်တင်ခံရသောအချိန်တွင်၊ ဘုရားသခင်၏ အလင်းသည် ကျွန်ုပ်တို့အထဲသို့ ရောက်ရှိလာပြီး၊ ပိုင်းခြားခဲ့ထားသည့်အလုပ်ကို ပြုလုပ်ခဲ့သည်။ အလင်း၏ အရာများသည် မှောင်မိုက်အရာများမှ ပိုင်းခြားခဲ့ထားခြင်းခံရသည်။ အလင်းသည် အသက်အတွက် ရောက်ရှိလာ၍၊ ဤအလင်းသည် ကောင်းသောအရာများကို မကောင်းသောအရာများမှ ပိုင်းခြားခဲ့ထားသည်။ အငယ်၊၅ ၌ "အလင်းကို နေ့ ဟူသောအမည်ဖြင့်လည်းကောင်း၊ မှောင်မိုက်ကို ညဉ့် ဟူသောအမည်ဖြင့်လည်းကောင်း ခေါ် ဝေါ် သမုတ်တော်မူ၍၊ ညဦးနှင့် နံနက်သည် တစ်ရက်ဖြစ်လေ၏ "ဟုပြောဆိုထားသည်။ ကျမ်းစာသည် ညဦးမှ နံနက်အထိကို နေ့ရက်တစ်ရက်အဖြစ် ရေတွက်သည်။ ကျမ်းစာဆိုင်ရာ နည်းလမ်းသည် လူသားနည်းလမ်းထက် ပို၍ကောင်းမွန်သည်။ လူ့နည်းလမ်းက နံနက် မှ ညဦး ဟူ၍ ထိပ်မှ အောက်သို့ရေတွက်သော်လည်း၊ ကျမ်းစာ၏နည်းလမ်းက ညဦး မှ နံနက် ဟူ၍ အောက်မှ ထိပ်သို့ ရေတွက်သည်။ ညဦးအချိန်ရှိခဲ့သော်လည်း၊ ယခု နံနက် ရှိနေပြီဖြစ်သည်။ မှောင်မိုက်ရှိခဲ့သော်လည်း၊ ယခု အလင်းရှိနေပြီဖြစ်ကာ၊ သေခြင်း ရှိခဲ့သော်လည်း၊ ယခု အသက်ရှိနေပြီဖြစ်သည်။ (*CWWL, 1969,* vol. 2, p. 390)

*ပို၍ဖတ်ရန် – CWWL, 1969,* vol. 2, *"The Crucial Revelation of Life in the Scriptures,"* ch. 1; *The Central Thought of God,* chs. 1-2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ကာ၊၁း၇–၉ မိုးမျက်နှာကြက်ကို ဘုရားသခင်ပြုလုပ်တော်မူ၍၊ မိုးမျက်နှာကြက် အောက်၌ ရှိသောရေနှင့် မိုးမျက်နှာကြက်အပေါ်၌ ရှိသောရေကို ပိုင်းခြားတော်မူသည့်အတိုင်း ဖြစ်လေ၏။ မိုးမျက်နှာကြက်ကို လည်း မိုးကောင်းကင်ဟူသောအမည်ဖြင့် ဘုရားသခင် ခေါ်ဝေါ် သမုတ်တော်မူ၍၊ ညဦးနှင့်နံနက်သည် ဒုတိယနေ့ရက်ဖြစ်လေ၏။ တစ်ဖန် ဘုရားသခင်က ကောင်းကင်များအောက်၌ ရှိသော ရေစုဝေး စေ၊ ခြောက်သွေ့သောကုန်းပေါ်စေဟု အမိန့်တော်ရှိသည့်အတိုင်း ဖြစ်လေ၏။**

ရေအလယ်၌ မိုးမျက်နှာကြက်ကို ပေါ်ထွက်စေခြင်းအားဖြင့် ရေနှင့် ရေချင်း ခြား စေခြင်းမှာ ဝိညာဉ်ပိုင်းဆိုင်ရာပုံဆောင်ချက်၌ ကားတိုင်၏အလုပ်အားဖြင့် ကောင်းကင် ဆိုင်ရာအရာများကို မြေကြီးဆိုင်ရာအရာများမှ ပိုင်းခြားခြင်းဖြစ်၍၊ (ကော၊၃း၁–၃။ ဟေဗြဲ၊၄း၁၂)၊ ယင်းသည် အသက်ကိုဖြစ်ဖွားစေခြင်းအတွက် ပဥ္စမမြောက်လိုအပ်ချက် ဖြစ်သည်။ (ကာ၊၁း၆၊ မှတ်စု ၂)

ခြောက်သွေ့သောကုန်းပေါ်လာခြင်းသည် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် ဆဋ္ဌမမြောက်လိုအပ်ချက်ဖြစ်သည်။ ယင်းသည် သုံးရက်မြောက်နေ့တွင် ဖြစ်ပွားသော ကြောင့်၊ ရှင်ပြန်ထမြောက်ခြင်းနေ့နှင့် ကိုက်ညီမှုရှိသည် (၁ကော၊၁၅း၄)။ ကျမ်းစာ၌ ပင် လယ်သည် သေခြင်းကို ကိုယ်စားပြုပြီး၊ ကုန်းမြေသည် အသက်ကို ဖြစ်ဖွားစေသော အရင်းအမြစ်တည်းဟူသော ခရစ်တော်ကို ကိုယ်စားပြုသည် (တရား၊၈ရှိ မှတ်စု ၇[၁]ကို ကြည့်ပါ)။ ကုန်းပေါ်လာပြီးနောက် အပင်အသက်၊ တိရစ္ဆာန်အသက်နှင့် လူ့အသက် ဟူ၍ အသက်အမျိုးအစားအားလုံးသည် ဤကုန်းမြေမှ ထွက်ပေါ်လာခဲ့သည် (ကာ၊၁း၁၁–၁၂၊ ၂၄–၂၇။ ၂း၇)။ ဤသည်မှာ ဘုရားအသက်နှင့်အတူ ၎င်း၏ကြွယ်ဝခြင်းများအားလုံး သည် ခရစ်တော်မှ ထွက်ပေါ်လာကြောင်းကို ပုံဆောင်သည်။ သုံးရက်မြောက်သောနေ့ တွင် ခရစ်တော်သည် အသင်းတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ကို ဖြစ်ဖွားစေရန် သေခြင်းမှ ထွက်ပေါ်လာခဲ့သည် (ယော၊၁၂း၂၄။ ၁ပေ၊၁း ၃)။ (ကာ၊၁း၉၊ မှတ်စု ၁)

## ယနေ့ဖတ်စရာ

အလင်းကို မှောင်မိုက်မှ ပိုင်းခြားခြင်းသည် အပြင်ပိုင်းဆိုင်ရာဖြစ်သော်လည်း၊ မိုး

မျက်နှာကြက်အထက်၌ရှိသောရေကို မိုးမျက်နှာကြက်အောက်၌ရှိသောရေမှ ပိုင်းခြားခြင်းမှာ အတွင်းပိုင်းဆိုင်ရာဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာအရာများကို မြေကြီးဆိုင်ရာအရာများမှ ပိုင်းခြားခြင်းဖြစ်သည့် ဒုတိယမြောက်ပိုင်းခြားခြင်းကို လိုအပ်သည် (ကော၊၃း၁–၃)။ မိုးမျက်နှာကြက်အောက်၌ရှိသောရေသည် မြေကြီးဆိုင်ရာအရာများကို ကိုယ်စားပြုပြီး၊ မိုးမျက်နှာကြက်အထက်၌ရှိသောရေသည် ကောင်းကင်ဆိုင်ရာအရာများကို ကိုယ်စားပြုသည်။ အချို့သောအရာများသည် မှောင်မိုက်၌ရှိသောအရာဖြစ်ချင်မှ ဖြစ်မည်၊ သို့သော် ကောင်းကင်ဆိုင်ရာမဟုတ်ဘဲ၊ မြေကြီးဆိုင်ရာ ဖြစ်နေကြသည်။

မိုးမျက်နှာကြက် ဟူသည်မှာ မြေကြီးကို ဝန်းရံထားသည့် ကမ္ဘာ့လေထုကို ရိုးရိုးလေးဆိုလိုခြင်းဖြစ်သည်။ ကမ္ဘာ့လေထုမရှိဘဲ၊ မြေကြီးပေါ်တွင် မည်သည့်အသက်မျှ ဖြစ်ဖွားနိုင်မည်မဟုတ်ပါ။ လပေါ်တွင် အသက်မတည်ရှိပါ၊ အကြောင်းမှာ လ၏ပတ်လည်တွင် မိုးမျက်နှာကြက်မရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် မြေကြီးကို ဝန်းရံထားသည့် မိုးမျက်နှာကြက်ကို ဖန်ဆင်းခဲ့ခြင်းမှာ မြေကြီးသည် အသက်ကို ထုတ်လုပ်နိုင်ရန်အတွက်ဖြစ်သည်။ ကယ်တင်ခံရပြီးနောက်၊ ကျွန်ုပ်တို့သည် အတွင်း၌ အလင်းကိုသာမက၊ မိုးမျက်နှာကြက်တည်းဟူသော လေထုကိုလည်း ရရှိထားသည်။ ကောင်းကင်ဆိုင်ရာအရာများကို မြေကြီးဆိုင်ရာအရာများမှ၊ ဘုရားသခင်လက်ခံတော်မူသော အထက်အရာများကို ဘုရားသခင်လက်ခံတော်မမူသော မြေကြီးအရာများမှ ပိုင်းခြားခွဲထားရန် အတွက် တစ်စုံတစ်ရာသည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာခဲ့သည်။ ထိုအရာမှာ မည်သည့်အရာနည်း။ ၎င်းမှာ ကားတိုင်၏ ပိုင်းခြားသောအလုပ်ဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ခံရပြီး၊ သခင်ဘုရားနှင့်ဆက်လက်လျှောက်လှမ်းလျှင် ကားတိုင်ကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ ကားတိုင်သည် ပိုင်းခြားပေးသည်။ ၎င်းသည် ဇာတိဆိုင်ရာအရာများနှင့် ဝိညာဉ်ဆိုင်ရာအရာများကို ပိုင်းခြားပေးသည်၊ သန့်ရှင်းသောအရာများကို သာမန်ဖြစ်သောအရာများမှ ပိုင်းခြားပေးကာ၊ ကောင်းကင်ဆိုင်ရာများကို မြေကြီးဆိုင်ရာအရာများမှ ပိုင်းခြားပေးသည်။ ဟေဗြဲ၊၄း၁၂ ၌ ကျွန်ုပ်တို့၏ စိတ်သည် ကျွန်ုပ်တို့၏ ဝိညာဉ်မှ ပိုင်းခြားခံရသည့် အတိုင်းအတာအထိ အသက်ရှင်သောနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို ပိုင်းခြားပေးနိုင်ကြောင်း ပြောပြထားသည်။ ကျွန်ုပ်သည် တစ်စုံတစ်ရာကောင်းမွန်သောအရာကို ပြောဆိုခြင်း သို့မဟုတ် ပြုလုပ်ခြင်း ရှိသော်လည်း၊ ထိုကောင်းသောစကား သို့မဟုတ် အပြုအမူ၏ အရင်းအမြစ်မှာ ဝိညာဉ်၌မရှိဘဲ စိတ်၌ ရှိနေသည်။ ဤသည်မှာ ကိုယ်ကျင့်တရားအရ၊ လူ့ကျင့်ဝတ်အရ သို့မဟုတ် လူသားဆန်စွာ ပြောဆိုရလျှင် မှားယွင်းသောအရာမဟုတ်ပါ။ သို့သော် ဝိညာဉ်ပိုင်းဆိုင်ရာအရ ပြောဆိုရလျှင်၊ အရင်းအမြစ်သည် ဘုရားသခင်၏ အရာ၊

ကောင်းကင်များ၏ အရာ မဟုတ်ပါ။ ဤသည်မှာ ဝိညာဉ်၏ အရာမဟုတ်ဘဲ၊ စိတ်၏ အရာ၊ မြေကြီးဆိုင်ရာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အလင်းနှင့် မှောင်မိုက် အကြား ရှိ ပိုင်းခြားခြင်းမျှသာ မဟုတ်ဘဲ၊ ဝိညာဉ် (အထက်အရာများ)နှင့် စိတ် (အောက်အရပ်ရှိ အရာများ)အကြား ပိုင်းခြားသိမြင်ခြင်းဖြစ်သည့် နောက်ထပ်ပိုင်းခြားခြင်းတစ်ခုကိုလည်း လိုအပ်နေသည်။

ဒုတိယနေ့ပြီးနောက် ကျွန်ုပ်တို့တွင် တတိယနေ့တည်းဟူသော ရှင်ပြန်ထမြောက် ခြင်းနေ့ရှိသည်။ သုံးရက်မြောက်သောနေ့၊ ရှင်ပြန်ထမြောက်ခြင်းနေ့တွင် အသက်ကို ဖြစ်ဖွားစေခြင်းအတွက် မိုးမျက်နှာကြက်အောက်တွင် ခြောက်သွေ့သောကုန်း ပေါ်လာခဲ့ သည်။ ကျမ်းစာတစ်အုပ်လုံးတွင် ပင်လယ်သည် သေခြင်းကို ကိုယ်စားပြုပြီး၊ မြေကြီး သည် ခရစ်တော်ကိုယ်တိုင်ကို ကိုယ်စားပြုသည်။ ကျမ်းစာက အဆုံးစွန်အနေဖြင့် ဘုရား သခင်သည် များစွာသောမျိုးဆက်များတစ်လျှောက် အလုပ်လုပ်ဆောင်ပြီးနောက်၊ ပင် လယ်သည် ဖယ်ရှားခြင်းခံရလိမ့်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ယော၊၅း ၂၂ ၌ ဘုရား သခင်သည် ပင်လယ်ကို ကန့်သတ်ရန် နယ်နိမိတ်မျဉ်းကို ရေးဆွဲခဲ့ကြောင်း ပြောဆိုထား သည်။ ယနေ့ ဘုရားသခင်သည် ပင်လယ်ကို ဖယ်ရှားရန် ဆက်လက်လုပ်ဆောင်နေသည်။ အကြောင်းမှာ ပင်လယ်၌ နတ်ဆိုးများရှိနေသောကြောင့်ဖြစ်သည်။ ပင်လယ်သည် နတ် ဆိုးနှင့်ဆိုင်သောတစ်စုံတစ်ရာ၊ မာရ်နတ်နှင့်ဆိုင်သောတစ်စုံတစ်ရာကို ကိုယ်စားပြုသည်။ ကောင်းကင်များအသစ်၊ မြေကြီးသစ်၌ ကုန်းမြေသာရှိ၍၊ ပင်လယ်သမုဒ္ဒရာ မရှိပါ (ဗျာ၊ ၂၁း၁)။ ထိုအချိန်တွင် စာတန်နိုင်ငံ၏ အဓိကအပိုင်းကို ကိုယ်စားပြုသည့် ပင်လယ်သည် ဖယ်ရှားခံရပြီးဖြစ်သောကြောင့်၊ သခင်ဘုရားကို ချီးမွမ်းပါသည်။ (*Life-study of Genesis*, pp. 32-34)

*ပို၍ဖတ်ရန်* – *Life-study of Genesis*,msg. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**က၊၁း၁၀–၁၁ ခြောက်သွေ့သောကုန်းကို မြေဟူသောအမည်ဖြင့်လည်းကောင်း၊ ရေစုဝေးရာကို ပင်လယ်ဟူသော အမည်ဖြင့်လည်းကောင်း၊ ဘုရားသခင်ခေါ်ဝေါ်သမုတ်တော်မူ၍၊ ထိုအမှုအရာကောင်းသည်ကို ဘုရားသခင် မြင်တော်မူ၏။ တစ်ဖန် ဘုရားသခင်က မြေသည် မြက်ပင်ကိုလည်းကောင်း၊ မျိုးစေ့ပါသော ကောက်ပဲသီးနှံပင်များကိုလည်းကောင်း၊ မြေပေါ်မှာ မျိုးစေ့ပါလျက်၊ သူ့အမျိုးအစားအလိုက် အသီးကို ဖြစ်စေသော သစ်ပင်များကိုလည်းကောင်း ပေါက်စေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။**

ကုန်းကို ရေမှ ပိုင်းခြားခြင်းသည် အသက်ကို သေခြင်းမှ ပိုင်းခြားခဲ့ထားခြင်းကို ပုံဆောင်သည်။ ဒုတိယနေ့မှအစပြု၍ (က၊၁း၆–၇) ဘုရားသခင်သည် မြေကြီးကိုဖုံးလွှမ်း ခဲ့သည့် သေခြင်းရေကို ဘောင်ခတ်ကန့်သတ်သောအလုပ်ကို စတင်ခဲ့သည် (cf.ယော၊၅း ၂၂)။ အဆုံးတွင် ဘုရားသခင်၏ အလုပ်သည် ပြည့်စုံသောအခါ၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ပင်လယ်သမုဒ္ဒရာရှိတော့မည်မဟုတ်ပေ (ဗျာ၊ ၂၁း၁နှင့်မှတ်စု ၃)။ ထို့အပြင် ယေရုရှလင်မြို့သစ်၌ ညဥ့်ရှိတော့မည်မဟုတ်ပေ (ဗျာ၊ ၂၁း ၂၅ နှင့် မှတ်စု ၂)။ ဆိုလိုသည်မှာ သေခြင်းနှင့် မှောင်မိုက်နှစ်ခုလုံးသည် ဖယ်ရှားခြင်းခံရမည် ဖြစ်သည်။ (က၊၁း၁၀၊ မှတ်စု ၁)

မရေတွက်နိုင်အောင် အမျိုးစုံသည့် အပင်အသက်သည် လူ၏ အမြင်၌ ၎င်းတို့၏ လှပမှု (က၊ ၂း၉)၊ ရနံ့ (သီ၊၁း၁၂–၁၃)တို့အပြင် လူနှင့် တိရစ္ဆာန်တို့ကို အာဟာရဖြစ်စေခြင်း၌ (က၊၁း ၂၉–၃၀) စစ်၍မကုန်နိုင်အောင် ကြွယ်ဝသည့် ခရစ်တော်၏ အသက်၏ ကြွယ်ဝသောထင်ရှားခြင်းကို ပုံဆောင်သည်။ သစ်ပင်များ (၂း၉။ ထွ၊၁၅း ၂၃–၂၅။ သီ၊ ၂း ၃)၊ ပန်းပင်များ (သီ၊၁း၁၄)၊ လူအတွက် အစားအစာ (ယော၊၆း၉၊၁၃)နှင့် ဘုရားသခင် အဖို့ ပူဇော်သက္ကာများဖြစ်သည့် (ဝတ်၊ ၂း၁–၃၊၁၄) ဂျုံစပါးများ စသည့်အရာအားလုံးသည် ခရစ်တော်ကို ပုံဆောင်သည်။ (က၊၁း၁၁၊ မှတ်စု ၁)

## ယနေ့ဖတ်စရာ

အသက်ကို ဖြစ်ဖွားစေရန်၊ အသက်ထွက်ပေါ်လာနိုင်ရန်အတွက် ခြောက်သွေ့သောကုန်းမြေ ပေါ် ထွက်လာခဲ့သည်။ သုံးရက်မြောက်သောနေ့တွင် ခရစ်တော်သည် သေခြင်းမှ ထွက်ပေါ်လာခဲ့သည်။ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ကို ဖြစ်ဖွားစေခြင်းအတွက် သေခြင်းမှ ထွက်ပေါ်လာခဲ့သည်။ ဟာလေလုယ။

ကျွန်ုပ်တို့သည် သခင်ဘုရား၌ ကြီးထွားလာသောအခါ၊ အလင်းကို မှောင်မိုက်မှ ပိုင်းခြားသိမြင်ရန်၊ ကောင်းကင်ဆိုင်ရာများကို မြေကြီးဆိုင်ရာများမှ ပိုင်းခြားခွဲထားရန်နှင့် အသက်ကို သေခြင်းမှ ပိုင်းခြားရန် သင်ယူကြသည်။ ကျွန်ုပ်၏စကားပြောဆိုခြင်းတွင် မှောင်မိုက်နှင့် မြေကြီးဆိုင်ရာ တစ်စုံတစ်ခုမျှ ပါဝင်မည်မဟုတ်သော်လည်း၊ ကျွန်ုပ်သည် အသက်မပါဘဲ ပြောဆိုနေခြင်းဖြစ်သည်။ ကျွန်ုပ်သည် အသက်နှင့်ကင်းမဲ့နေခြင်းဖြစ်သည်။ ကျွန်ုပ်၏စကားပြောခြင်းသည် စစ်မှန်၍၊ သင့်လျော်မှန်ကန်မှုရှိပြီး၊ မှောင်မိုက်၏ အရာနှင့် လောကဆန်သောအရာ မပါဝင်သော်လည်း၊ သေခြင်းနှင့်ပြည့်ဝနေသည်။ ထို့ကြောင့် ကျွန်ုပ်သည် "သခင်ယေရှု၊ အသက်ထွက်ပေါ် လာရန် ခြောက်သွေ့သောကုန်းပေါ် လာဖို့ ကျွန်ုပ်အတွင်းရှိ သေခြင်းရေအားလုံးကို ဖယ်ရှားပေးပါ"ဟူ၍ ဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်၏စကားပြောခြင်းတွင် မှောင်မိုက်နှင့်ဆိုင်သောအရာ၊ မြေကြီးဆိုင်ရာနှင့် သေခြင်း၏ အရာ တစ်စုံတစ်ခုမျှမပါဝင်သင့်ပေ။ ကျွန်ုပ်၏စကားပြောခြင်း၌ အသက်ကို ထွက်ပေါ် စေသည့် ခြောက်သွေ့သောကုန်းရှိရမည်ဖြစ်သည်။

သင်၏မိသားစုအသက်တာ၌ မှောင်မိုက်၏ အရာ၊ လောကဆန်သောအရာ တစ်စုံတစ်ခုမျှ မရှိသကဲ့သို့၊ အသက်နှင့်ဆိုင်သောအရာလည်း လုံးလုံးမရှိဘဲ ဖြစ်နေနိုင်ပါသည်။ တစ်စုံတစ်ဦးသည် သင်၏ အိမ်အထဲသို့ ဝင်လာသောအခါ၊ သူသည် မှောင်မိုက် သို့မဟုတ် လောကနှင့်ဆိုင်သောတစ်စုံတစ်ရာကို မြင်နိုင်မည်မဟုတ်သလို၊ အသက်ရှင်သောတစ်စုံတစ်ရာကိုလည်း မြင်နိုင်မည်မဟုတ်ပါ။ ထိုနေရာ၌ သူမြင်နိုင်သောအရာမှန်သမျှမှာ သေခြင်းဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်သည် သင့်ထံသို့လာသောအခါ၊ အသက်နှင့် ပြည့်ဝနေသောအရာအားလုံးကို မြင်တွေ့ရလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ ခရစ်တော်၊ ခြောက်သွေ့သောကုန်းသည် သင်၏ အိမ်၌ ပေါ် ထွက်လာပြီး၊ ခရစ်တော်သည် ထင်ရှားခြင်း၊ အသက်ကို ထွက်ပေါ် စေခြင်းရှိလိမ့်မည်ဖြစ်သည်။

ကုန်းမြေပေါ် တွင် အပင်အသက်ဖြစ်ဖွားလာခဲ့ပြီး၊ သိသောစိတ်ကင်းမဲ့သည့် အနိမ့်ဆုံးအသက်သည် စတင်တည်ရှိလာခဲ့သည်။ ကျွန်ုပ်တို့သည် မြက်ပင် သို့မဟုတ် သစ်ပင်များကို စကားပြောလျှင်၊ မြက်ပင်သည် နားလည်နိုင်မည်မဟုတ်သကဲ့သို့၊ သစ်ပင်များသည်လည်း တုံ့ပြန်လိမ့်မည်မဟုတ်ပါ။ အကြောင်းမှာ သူတို့၌ အသိ၊ ခံစားချက် မရှိသောကြောင့်ဖြစ်သည်။ သူတို့သည် အသိကင်းမဲ့သည့် သက်ရှိများဖြစ်သောကြောင့်၊ သူတို့၌ ခံစားချက်၊ စဉ်းစားခြင်း သို့မဟုတ် အလိုဆန္ဒမရှိပါ။ ဤသည်မှာ အနိမ့်ဆုံးအသက်ဖြစ်သည်။

ကျွန်ုပ်တို့သည် အတွင်း၌ ခရစ်တော်ကို လက်ခံရရှိသောအခါ၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွင်းရှိ သေခြင်းရေမှ ပေါ် ထွက်လာခဲ့သည်။ ခရစ်တော်ပေါ် ထွန်းလာသော

ကြောင့် ယခု ကျွန်ုပ်တို့၌ အသက်၊ ဖြစ်ဖွားစေသောအသက်ရှိနေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခံရပြီး၊ အသက်ကို ရရှိပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခံရသောအချိန်၌ အသက်ကို လက်ခံရရှိခဲ့သော်လည်း၊ ကျွန်ုပ်တို့အတွင်းရှိ အသက်သည် အလွန်နိမ့်လျက်ရှိသည်။ ၎င်းကို ကမ္ဘာဦးမှတ်တမ်းရှိ မြက်ပင်အသက်၊ ကောက်ပဲသီးနှံတို့၏အသက်နှင့် သစ်သီးပင်တို့၏ အသက်အားဖြင့် ပုံဆောင်ထားသည်။

အပင်အသက်နှင့်အတူ အဆင့်သုံးဆင့်ရှိသည်–အနိမ့်ဆုံးသောအပင်အသက်ဖြစ်သည့် မြက်ပင်၊ ပို၍မြင့်မားသောအဆင့်ရှိသည့် မျိုးစေ့ပါသောကောက်ပဲသီးနှံများနှင့် ထို့ထက်ပို၍မြင့်မားသောအဆင့်၌ ရှိသည့် သစ်သီးပင်များဖြစ်သည်။

သင်သည် ခရစ်ယာန်တစ်ဦးဖြစ်လာသောအခါ၊ အသက်ကို လက်ခံရရှိခဲ့သော်လည်း၊ သင့်အထဲ၌ရှိသော ထိုအသက်သည် အလွန်နိမ့်လျက်ရှိသည်။ သင့်အတွင်း၌ ရှိသောအသက်သည် မြက်ပင်နှင့် တူညီကောင်း တူညီနေပေမည်။ ၎င်းသည် အသက်ဖြစ်ပြီး၊ ကြီးထွားနေသော်လည်း၊ အနိမ့်ဆုံးသောအသက်ဖြစ်သည်။ လွန်ခဲ့သောအပတ်၌ သင်သည် မြက်ပင်ကဲ့သို့ ဖြစ်ကောင်းဖြစ်နေသော်လည်း၊ ယနေ့ သင်သည် အနည်းငယ် ပို၍ကြီးထွားလာကာ၊ မျိုးစေ့ပါသော ကောက်ပဲသီးနှံဖြစ်လာခဲ့ပြီဖြစ်သည်။ နောက် နှစ်လကြာသောအခါ သင်သည် အသီးသီးနိုင်သည့်သစ်ပင်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ သို့သော် သင်သည် သစ်ပင်တစ်ပင်ဖြစ်လာသောအခါ၊ ကျေနပ်နှစ်သိမ့်ခြင်းမရှိပါနှင့်ဦး။ ၎င်းသည် အခန်း ၁ ၏နောက်ဆုံးကျမ်းပိုဒ်မဟုတ်ပါ။ ၎င်းသည် တတိယနေ့တွင် ဖြစ်ပျက်ခဲ့သည့်တစ်စုံတစ်ရာဖြစ်သည်။ (*Life-study of Genesis,* pp. 34-35, 38-39)

*ပို၍ဖတ်ရန် – Life-study of Genesis*,msg. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**က၊၁း ၁၄–၁၆ တစ်ဖန် ဘုရားသခင်မိန့်တော်မူသည်ကား၊ နေ့ကို ညမှ ပိုင်းခြားစေခြင်းငှာ မိုးကောင်းကင်မျက်နှာကြက်၌ အလင်းအိမ်များတည်စေ၊ အမှတ်လက္ခဏာများ၊ ရာသီဥတုများ၊ နေ့ရက်များနှင့် နှစ်များအဖို့ ဖြစ်စေ။ မိုးကောင်းကင်မျက်နှာကြက်၌ တည်၍၊ မြေကြီးလင်းစရာအလင်းအိမ်များဖြစ်စေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။ ထိုသို့ဘုရားသခင်သည် အလင်းအိမ်ကြီးနှစ်လုံးတည်းဟူသော နေ့ကိုအုပ်စိုးရသောအကြီးတစ်လုံး၊ ညကို အုပ်စိုးရသောအငယ်တစ်လုံးနှင့်တကွ ကြယ်များကို ပြုလုပ်တော်မူပြီးလျှင်၊**

သမ္မာကျမ်းစာတစ်အုပ်လုံး၏ ဖွင့်ပြခြင်းအရ၊ အလင်းသည် အသက်အတွက် ဖြစ်ပြီး၊ အလင်းနှင့် အသက်သည် အမြဲဒွန်တွဲနေခြင်းဖြစ်သည် (ဆာ၊၃၆း၉။ မ၊၄း၁၆။ ယော၊၁း၄။ ဂး၁၂။ ၁ယော၊၁း၁–၇)။ အလင်းသည် ပိုမိုမြင့်မားလေလေ၊ အသက်သည်လည်းပိုမိုမြင့်မားလေလေဖြစ်သည်။ ပထမနေ့၏ မရေရာသောအလင်း(ကၤ၁း၃)သည် အသက်၏ အနိမ့်ဆုံးသောပုံစံဖန်ဆင်းခြင်းအတွက် လုံလောက်ပေသည်။ စတုတ္ထနေ့တွင် ပို၍ခိုင်မာသော၊ တိကျသောအလင်းအိမ်များဖြစ်သည့် နေ၊ လနှင့် ကြယ်များသည် (အငယ်၊ ၁၆။ ဆာ၊၁၃၆း၇–၉) ထွက်ပေါ်လာပြီး၊ လူ့အသက်အပါအဝင် အသက်၏မြင့်မားသောပုံစံမွေးဖွားခြင်းအတွက် လိုအပ်ခြင်းဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာပြန်လည်မွေးဖွားခြင်းအတွက် "ပထမနေ့"၏ အလင်းသည် လုံလောက်သော်လည်း၊ ဘုရားအသက်၌ ကြီးရင့်ခြင်းတိုင်အောင် ကြီးထွားခြင်းအတွက် ပို၍ကြီးမားသောအလင်း၊ "စတုတ္ထနေ့၏ အလင်း"ကို လိုအပ်ကြောင်း ပုံဆောင်ခြင်းဖြစ်သည်။ (ကၤ၁း၁၄ မှတ်စု၁)

## *ယနေ့ဖတ်စရာ*

အလင်းသည် ပထမနေ့တွင် ထွက်ပေါ်လာသော်လည်း၊ ၎င်းသည် ခိုင်မာခြင်း၊ မာကျောခြင်းမရှိပေ။ စတုတ္ထနေ့တွင် အလင်းသာမက၊ အလင်းအိမ်များဖြစ်သည့် နေ၊ လနှင့် ကြယ်များလည်း ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုအလင်းတို့သည် ပို၍ခိုင်မာသော၊ တိကျသော၊ အသုံးရနိုင်သောအလင်းများဖြစ်ကြသည်။ ယင်းမှာ အသက်၏ကြီးထွားခြင်းအတွက် ပထမဆုံးသောလိုအပ်ချက်ဖြစ်သည်။

သင်သည် မြက်ပင် သို့မဟုတ် ကောက်ပဲသီးနှံပင်ဖြစ်ရုံသာမက၊ သစ်ပင်လည်းဖြစ်သည်ဟု စဉ်းစားကြပါစို့။ သင်သည် ဤအချိန်၌ အလင်းကို ပို၍ရရှိရန် လိုအပ်သည်။

သင်သည် ပို၍မြင့်မားသောအလင်း၊ ပြည့်ဝသောအလင်း၊ ကြွယ်ဝသောအလင်း၊ ခိုင်မာသောအလင်းနှင့် အသုံးရနိုင်သောအလင်းကို လက်ခံရရှိရန် လိုအပ်ပေမည်။ ၁ယော၊ ၁း၅–၇၌ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိပြီးနောက်၊ အလင်းကို ပို၍လိုအပ်ပြီး၊ ကျွန်ုပ်တို့သည် အလင်း၌လျှောက်လှမ်းရန် လိုအပ်ကြောင်း ပြောဆိုထားသည်။

ကာ၊ ၁း၁၄–၁၉သည် နေ၊ လနှင့် ကြယ်များစသည့် အလင်းတို့၏ အကြောင်းကို အလွန်တိကျသောနည်းလမ်းတွင် ပြောဆိုထားခြင်းဖြစ်သည်။ ပုံဆောင်ချက်၌ နေသည် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ နေမင်းဖြစ်သည်။ မာလ၊ ၄း ၂၌ ခရစ်တော်သည် ဖြောင့်မတ်ခြင်း၏ နေမင်းဖြစ်ပြီး၊ ကိုယ်တော်၏ အနာပျောက်စေသော အတောင်တော်တို့အကြောင်းကို ပြောဆိုထားသည်။ ကိုယ်တော်၏ ထွန်းလင်းတောက်ပခြင်းသည် အတောင်တော်တို့ဖြစ်ပြီး၊ ဤထွန်းလင်းခြင်းနှင့်အတူ အနာရောဂါငြိမ်းခြင်းလည်းဖြစ်သည်။ ဤကျမ်းပိုဒ်၏ ဒုတိယတစ်ဝက်က ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ ထွန်းလင်းတောက်ပခြင်းအောက်တွင် ကြီးထွားလိမ့်မည်ဖြစ်ကြောင်း ပြောပြထားသည်။

လသည် အသင်းတော်ဖြစ်သည်။ ယာကုပ်၏ အိပ်မက်တွင် နေသည် သူ၏ ဖခင်၊ လသည် သူ၏ မိခင်နှင့် ကြယ်များသည် သူ၏ အစ်ကိုများဖြစ်ကြသည် (က၊ ၃၇း၉–၁၁)။ ဤအကြောင်းအရာအပေါ် အခြေခံပြီး၊ လအားဖြင့် ပုံဆောင်ခြင်းခံရသော အသင်းတော်သည် ခရစ်တော်၏ ဇနီး၊ သတို့သမီးဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်သည်။ လသည် မိမိကိုယ်တိုင်၌ အလင်းမရှိသောအရာဝတ္ထုဖြစ်သော်လည်း၊ အလင်းကို ရောင်ပြန်ဟပ်နိုင်သောအစွမ်းရှိသည်။ အသင်းတော်အား ခရစ်တော်၏ အလင်းကို ရောင်ပြန်ဟပ်နိုင်မည့်နည်းလမ်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လသည် ညအချိန်၌သာ အလင်းကိုရောင်ပြန်ဟပ်နိုင်စွမ်းရှိခြင်းဖြစ်သည်။ ယနေ့ အသင်းတော်၏ အချိန်သည် ညအချိန်ဖြစ်သည်။ အသင်းတော်သည် အမှောင်ည၌ အမှန်ပင် ရှိနေသော်လည်း (ဒေသန္တရအသင်းတော်များသည် ဤအမှောင်ညတွင် ထွန်းလင်းနေသောမီးခုံတိုင်များ ဖြစ်ကြသည်– ဗျာ၊ ၁း ၂၀)၊ သူမသည် ခရစ်တော်၏ အလင်းကို ရောင်ပြန်ဟပ်နိုင်သည်။ သို့သော်လည်း အသင်းတော်သည်(လကဲ့သို့ပင်) မကြာခဏ တည်ငြိမ်မှုမရှိဘဲ၊ ပေါ် လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေသည်။ အသင်းတော်သည် လပြည့်၊ လဆုတ် သို့မဟုတ် လဆန်းကဲ့သို့ ဖြစ်နေပေသည်။

ကျွန်ုပ်တို့၌ နေနှင့် လသာမက၊ ကြယ်များလည်းရှိနေသည်၊ ခရစ်တော်နှင့် အသင်းတော်သာမက၊ အောင်မြင်သောသန့်ရှင်းသူများလည်း ရှိနေခြင်းဖြစ်သည်။ ဒံ၊

၁၂း၃၅ ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ လှည့်ပြန်သောသူများသည် ကြယ်များကဲ့သို့ ထွန်းလင်းမည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ကျွန်ုပ်တို့သည် လူများကို ကယ်တင်ရန် ကူညီမည်ဆိုပါက၊ လူများကို အမှောင်မှ အလင်းသို့ လှည့်ပြန်စေမည်ဆိုပါက၊ နောက်ပြန်လဲသွားသောသူများအားလုံးကို ပြန်လည်ရယူမည်ဆိုပါက၊ ကျွန်ုပ်တို့သည် ထွန်းလင်းတောက်ပသောကြယ်များ ဖြစ်ရပေမည်။ ဗျာ၊ ၁း ၂၀၌ အသင်းတော်များသည် မှောင်မိုက်ထဲ၌ ထွန်းလင်းနေသော မီးခုံတိုင်များဖြစ်ပြီး၊ အသင်းတော်၏ တမန်များ (အသင်းတော်များတွင် အသက်ရှင်သောသူများ)သည် ထွန်းလင်းနေသောကြယ်များဖြစ်ကြသည်ဟု ပြောဆိုထားသည်။ သခင်ဘုရားက သန့်ရှင်းသူများသည် “လောက၏ အလင်း”ဖြစ်ကြောင်းပြောဆိုပြီး (မ၊ ၅း၁၄)၊ ပေါလုက သန့်ရှင်းသူများကို “လောက၌ အလင်းထွန်းလင်းသကဲ့သို့” ထွန်းလင်းကြောင်း ပြောဆိုထားသည် (ဖိ၊ ၂း၁၅)။

စတုတ္ထနေ့တွင် ဘုရားသခင်ပြုလုပ်ခဲ့သောအလင်းသည် သူတို့၏ ထွန်းလင်းခြင်းအားဖြင့် “နေ့နှင့် ညကို အုပ်စိုးရန်” ထွက်ပေါ်ခဲ့ခြင်းဖြစ်သည် (က၊ ၁း၁၈က)။ အလင်းထွန်းလင်းခြင်းရှိသောနေရာတွင်၊ အုပ်စိုးခြင်းလည်း ရှိနေသည်။ မှောင်မိုက်သည် ရှုပ်ထွေးခြင်းကို ယူဆောင်လာသော်လည်း၊ အလင်းသည် ထိန်းညှိပေးခြင်းဖြစ်သည်။ အသက်၏ ကြီးထွားခြင်းအတွက် ကျွန်ုပ်တို့သည် စတုတ္ထနေ့အလင်း၏ အုပ်စိုးခြင်းနှင့် ထိန်းညှိပေးခြင်းကို လိုအပ်သည်။(*Life-study of Genesis*, pp. 9-10)

*ပို၍ဖတ်ရန်* – *Life-study of Genesis*, msg. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**က၊၁း ၂၀–၂၁ တစ်ဖန် ဘုရားသခင်က အသက်ရှင်သောတိရစ္ဆာန်တို့ကို ရေသည် များပြားစွာ မွေးဖွားစေ။ ငှက်တို့လည်း မြေပေါ်မိုးကောင်းကင် မျက်နှာကြက်ဝယ် ပျံစေဟု အမိန့်တော်ရှိ၏။ ထိုသို့လျှင် ရေသည် တိရစ္ဆာန်အမျိုးအလိုက် များပြားစွာ မွေးဖွား၍၊ ငါးကြီးအစရှိသော အသက်ရှင်၍လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို လည်းကောင်း၊ ပျံတတ်သောငှက်အမျိုးအပေါင်းတို့ကိုလည်း ကောင်း၊ ဘုရားသခင်ဖန်ဆင်း၍၊ ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏။**

ကၢ၁း ၂၀သည် အနိမ့်ဆုံးသောအသိဉာဏ်ရှိသည့် တိရစ္ဆာန်အသက်ကို ပြောဆိုထားပြီး၊ ၎င်းသည် အသက်၌ ယုံကြည်သူများကြီးထွားခြင်း၏ ပထမအဆင့်နှင့် ဆက်နွှယ်နေခြင်းဖြစ်သည် (cf. ၁ယော၊ ၂း၁၃)။ ပင်လယ်၌ရှိသော တိရစ္ဆာန်အသက်သည် ခရစ်တော်၏ အသက်ရှင်ခြင်း၌ သေခြင်း(ဆားငန်ရေအားဖြင့် ပုံဆောင်ခြင်း)ကို အောင်မြင်သည့်တန်ခိုးတော်တွင် ကိုယ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပုံဆောင်ခြင်းဖြစ်သည်။ ငါးသည် ရေငန်ထဲတွင် ဆားမငန်ဘဲ၊ အသက်ရှင်နိုင်သကဲ့သို့၊ ခရစ်တော်နှင့် ဘုရားအသက်ရှိသော ယုံကြည်သူများသည် လောက၏ ပျက်စီးခြင်း အားဖြင့် “ဆားငန်ခြင်း” မရှိဘဲ၊ စာတန်နှင့်ဆိုင်သော လောကထဲတွင် အသက်ရှင်နိုင်မည်ဖြစ်သည် (cf. ယော၊၁၄း၃၀။ ၁၇း၁၅–၁၆)။ ပင်လယ်၌ရှိသော တိရစ္ဆာန်အသက်သည် ကိုယ်တော်၏ ကြွယ်ဝခြင်းများကို လူ၏စားသုံးခြင်းတွင် ခရစ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပြသခြင်းဖြစ်သည် (၆း၈က။ ၂၁း၉)။ (ကၢ၁း ၂၀ မှတ်စု၁)

ငှက်အသက်သည် ငါးအသက်ထက် ပိုမိုမြင့်မားသည်။ ငါးသည် သေခြင်းရေထဲတွင် အသက်ရှင်နိုင်ပြီး၊ ငှက်များသည် သေခြင်းရေကို ကျော်လွန်သွားခြင်းဖြစ်သည်။ ဘုရားအသက်၌ တိုး၍ကြီးထွားခြင်း အားဖြင့်၊ ယုံကြည်သူများသည် မြေကြီး၏ နှောင့်ယှက်ဖျက်ဆီးခြင်း အားလုံးကို ကျော်လွန်ရန် တတ်စွမ်းနိုင်သည် (cf. ဟေရှာ၊၄၀း၃၁)။ ငှက်အသက်သည် ခရစ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပုံဆောင်ခြင်းဖြစ်သည်။ ယင်းမှာ ကိုယ်တော်၏ဖြစ်ခြင်း၌ ကိုယ်တော်သည် သူ၏ လမ်းဆုံးပန်းတိုင်အတွက် ရွေးနုတ်ခံသူများကို သယ်ဆောင်မည့် သိမ်းငှက်ကဲ့သို့လည်းကောင်း (ထွက်၊၁၉း၄။ တရား၊ ၃၂း၁၁–၁၂။ ဗျာ၊၁၂း၁၄)၊ ဘုရား၏ လူများအပြစ်အတွက် ယဇ်ပူဇော်ခံရသော ချိုးငှက်

သို့မဟုတ် ခိုင့်ကျက်များကဲ့သို့လည်းကောင်း(ဝတ်၊ ၁၁း၁၄။ ၅း၇)ဖြစ်သည်။ (က၊၁း ၂၀ မှတ် စု၊ ၂)

## ယနေ့ဖတ်စရာ

တိရစ္ဆာန်အသက်၏ ပုံပန်းသဏ္ဍာန်တိုင်း၌ အသိဉာဏ်အမျိုးမျိုးရှိကြပြီး၊ အချို့မှာ အသိဉာဏ်မြင့်မားပြီး၊ အချို့မှာ အသိဉာဏ်နည်းပါးကြသည်။ က၊၁း ၂၀–၂၂၌ ရှေးဦးစွာ အနိမ့်ဆုံးသောအသိဉာဏ်နှင့်အတူ တိရစ္ဆာန်အသက်ရှိသောငါးများကို ဖော်ပြထား သည်။ ရေတွင် ကူးခတ်နေသည့် အချို့သောရွှေငါးများထံ ကျွန်ုပ်တို့ ချဉ်းကပ်သွားသည် ဆိုကြပါစို့။ သူတို့သည် အထိတ်တလန့်ဖြစ်ပြီး၊ အဝေးသို့ ထွက်သွားပေမည်။ သို့သော် ကျွန်ုပ်တို့သည် ရေထဲသို့ အစာအချို့ကို ချလိုက်ပါက၊ အဝေးသို့ထွက်သွားသော ငါးအား လုံးသည် ပြန်လှည့်လာကြပေမည်။ ဤအသက်သည် အပင်ငယ်၊ သစ်ပင်တို့၏ အသက် ထက်သာ၍မြင့်မားသည် (ယေဇ၊၄၇း၇၊ ၉)။ ထိုအသက်သည် အလွန်မမြင့်မားသော်လည်း၊ သာ၍မြင့်မားသောအသက် ရှိနေသေးသည်။ ဤအရာမှာ အသက်၌ ကြီးထွားခြင်း၏ ပထမအဆင့်ဖြစ်သည်။

ပင်လယ်ရှိငါးများသည် ရေငန်ထဲတွင် အသက်ရှင်ကြသည်။ ထုံးစံအရ ရေငန် သည် မည်သည့်အရာကိုမျှ မကြီးထွားစေပါ။ ၎င်းသည် မည်သည့်အပင်ကိုမျှ ကြီးထွား ရန်အခွင့်မပေးဘဲ၊ သေစေခြင်းဖြစ်သည်။ ရေငန်သည် အသက်ကို သေစေခြင်းဖြစ်သည်။ သို့သော် ငါးသည် ရေငန်ထဲတွင် အသက်ရှင်နိုင်ခြင်းဖြစ်သည်။ ရေသည် ငန်သော်လည်း၊ ငါးသည် ဆားငန်ခြင်းမရှိပေ။ ထိုငါးတို့ သေလျှင်လည်း၊ ငန်သွားခြင်းမရှိပေ။ ဤအရာ သည် အမှန်ပင် အဓိပ္ပာယ်လေးနက်လှသည်။

လူ့လောက၊ လူ့အဖွဲ့အစည်းတစ်ခုလုံးသည် ကြီးမားသောပင်လယ်ရေငန်ကဲ့သို့ဖြစ် သည်။ သို့သော် ခရစ်ယာန်ဖြစ်သော ကျွန်ုပ်တို့သည် ရှင်သန်နေကြသည်။ ကျွန်ုပ်တို့သည် ရှင်သန်ပြီး၊ ထိုသို့သောလူ့အဖွဲ့အစည်းတွင် ဆားငန်ခြင်းမရှိဘဲ၊ အသက်ရှင်နေခြင်းဖြစ် သည်။ တစ်ချိန်က ကျွန်ုပ်တို့သည် သေခဲ့ပြီး၊ ဆားငန်ခဲ့ကြသည်။ အသက်သည် သေနေ သောပင်လယ်မှ ဆားမျိုးအစားတိုင်းကို တွန်းလှန်ပေးသည်။ သေခြင်း၏ ပတ်ဝန်းကျင် အလယ်တွင် ဤအသက်သည် ရှင်သန်နိုင်သည်။ ယင်းမှာ ကောင်းမွန်သော်လည်း၊ သာ၍ကောင်းသောအရာ ရှိနေသေးသည်။

ငါးများကို ဖန်ဆင်းပြီးနောက်၊ လေထဲတွင်ရှိသော ငှက်များနှင့် ကျေးငှက်တို့ကို ပဉ္စမနေ့တွင် ဖန်ဆင်းခဲ့သည် (က၊၁း ၂၀–၂၃)။ ၎င်းတို့သည် နိမ့်သောအသိဉာဏ်နှင့်အတူ ပို၍မြင့်မားသောအသက်ရှိခြင်းဖြစ်သည်။ ငှက်အသက်သည် ငါးအသက်ထက် ပိုမိုမြင့်

မားသည်။ ငါးများသည် သေနေသောရေထဲတွင် အသက်ရှင်နိုင်ပြီး၊ ငှက်များသည် ထိုအရာကို ကျော်လွန်ကြခြင်းဖြစ်သည်။ သင်သည် ငါးဖြစ်ပြီးနောက်၊ ငှက်ဖြစ်လာသည့်တိုင်အောင် ကြီးထွားရမည်ဖြစ်သည်။ သင်၏ အခန်းဖော်များက သင့်ထံသို့လာပြီး၊ "ရုပ်ရှင်သွားကြည့်ကြစို့"ဟု ပြောဆိုသောအခါ၊ သင်သည် ထိုအရာကို ကျော်လွန်သွားရမည်ဖြစ်သည်။ မည်သူတစ်ဦးမျှ သင့်ကိုမထိခိုက်နိုင်ဘဲ၊ သင်သည် ထိုအရာကို ကျော်လွန်သွားလိမ့်မည်ဖြစ်သည်။ သင်သည် ဆားငန်ခြင်းကို တွန်းလှန်နိုင်သည်သာမက၊ ကျော်လွန်သွားလိမ့်မည်ဖြစ်သည်။

ကမ္ဘာဦးကျမ်း၏ ပထမဆုံးသောအခန်းကြီးတွင် ဖော်ပြထားသောအကြောင်းအရာတိုင်း၌ ၎င်းတို့သည် ပုံဆောင်ချက်ဖြစ်ကြောင်း ညွှန်ပြသောကျမ်းချက်များ ရှိကြသည်။ ဥပမာအားဖြင့် သခင်ယေရှုသည် ပေတရုကို လူကိုမျှားသောတံငါဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့သည် (မ၊၄း၁၉)။ ဤစကားအားဖြင့် သခင်ယေရှုသည် ပင်လယ်ထဲရှိ လူများအားလုံးကို မျှားရန် ပုံဥပမာပေးခဲ့သည်။ ဟေရှာ၊၄၀း၃၁၌လည်း သခင်ဘုရားကို စောင့်မျှော်သောသူတို့သည် တွန်းလှန်နိုင်သော၊ ကျော်လွန်နိုင်သော သိမ်းငှက်များဖြစ်ကြောင်း ပြောပြထားသည်။ ယင်းမှာ မြင့်မားသောအသက်ဖြစ်သည်။ များစွာသောသူတို့သည် တစ်ခါတစ်ရံ သူတို့၌ တွန်းလှန်နိုင်သောအသက်တာရှိကြောင်း သက်သေခံကြသည်။ ကျွန်ုပ်တို့သည် မည်သည့်အခြေအနေတွင်မဆို အသက်ရှင်နိုင်ကြပြီး၊ အနည်းငယ် ပို၍ကြီးထွားခြင်းနှင့်အတူ ဆိုးဝါးသောအခြေအနေများတွင် ရှင်သန်နိုင်သည်သာမက၊ ၎င်းတို့ကို ကျော်လွှန်နိုင်ခြင်းလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် အဝေးသို့ပျံသန်းပြီး၊ မည်သည့်အရာမျှ ကျွန်ုပ်တို့ကို မထိခိုက်နိုင်ပေ။ ဟာလေလုယာ။ ဤအရာမှာ အသက်၌ ကြီးထွားခြင်း၏ ဒုတိယအဆင့်ဖြစ်သည်။ ယင်းမှာ အံ့သြဖွယ်ဖြစ်သော်လည်း၊ အံ့သြဖွယ်တို့ ပို၍ရှိနေသေးသည်။ (*Life-study of Genesis*, pp. 41-43)

*ပို၍ဖတ်ရန် – Life-study of Genesis*, msg. 6.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**က၊၁း ၂၄ တစ်ဖန် ဘုရားသခင်က မြေသည် အသက်ရှင်သောသတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကိုလည်းကောင်း၊ တွားတတ်သောတိရစ္ဆာန်တို့ကိုလည်းကောင်း၊ သားရဲတို့ကိုလည်းကောင်း သူ့အမျိုးအစားအလိုက် မွေးဖွားစေဟု အမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။**

**၂၆ တစ်ဖန် ဘုရားသခင်က ငါတို့သဏ္ဍာန်၌၊ ငါတို့နှင့် တစ်ညီတည်း လူကိုပြုလုပ်ကြစို့။ သူတို့သည် ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း မြေတစ်ပြင်လုံးနှင့်တကွ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။**

မြေကြီးပေါ်ရှိ သားယဉ်၊ သားရဲတိရစ္ဆာန်တို့သည် ငါးများနှင့် ငှက်များထက် အသိဉာဏ်ပို၍မြင့်မားကာ၊ မြင့်မားသောအသက်များရှိကြပြီး၊ ၎င်းတို့သည် မြေကြီးပေါ်တွင် တစ်စုံတစ်ရာကို ပြည့်စုံစေနိုင်သောအသက်တာဖြစ်သည်။ ကုန်းပေါ်ရှိ သားယဉ်၊ သားရဲတိရစ္ဆာန်တို့သည် ခရစ်တော်၏ အသက်ကြွယ်ဝခြင်းများကို ပုံဆောင်ခြင်းဖြစ်သည်။ ယင်းမှာ ခရစ်တော်သည် ဘုရားသခင်၏ စီမံကိန်းအတွက် တိုက်ခိုက်ရန် အောင်နိုင်မည့်ခြင်္သေ့ကဲ့သို့လည်းကောင်း(ဗျာ၊၅း၅)၊ ဘုရားသခင်၏ ပြည့်စုံသောရွေးနုတ်ခြင်းကို ပြီးမြောက်ရန်အတွက် ဘုရားထံ ယဇ်ပူဇော်ခံရသော သိုးနှင့် နွားကဲ့သို့လည်းကောင်း (ဝတ်၊၁း ၂–၃၊ ၁၀။...ဗျာ၊၅း၆–၉)၊ ဘုရားသခင်၏ အလိုတော်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက် သစ္စာရှိစွာ၊ တာဝန်သိစွာ လုပ်ဆောင်သောနွားကဲ့သို့လည်းကောင်း(မ၊၂၀း ၂၈။ ယော၊၆း ၃၈)ဖြစ်သည်။ ခရစ်တော်၌ရှိသော ယုံကြည်သူများသည် ဘုရားအသက်တွင် တိုး၍ကြီးထွားခြင်းအားဖြင့် မြေကြီးပေါ်တွင် အသက်ရှင်ရန် တတ်စွမ်းနိုင်ပေသည်။ ထိုအသက်တာသည် ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေခြင်းအတွက် အသုံးခံသောအသက်တာဖြစ်သည်(cf. ၁ကော၊၃း ၂. . )။ (က၊၁း ၂၄ မှတ်စု၁)။

## ယနေ့ဖတ်စရာ

ဆဋ္ဌမနေ့တွင် မြင့်မားသောအသိဉာဏ်နှင့်အတူ မြင့်မားသောအသက်သည် တည်ရှိလာခဲ့သည် (က၊၁း ၂၄– ၂၅)။ က၊၄၉း၉သည် ခြင်္သေ့အကြောင်းကို ပြောဆိုထားသည်–ယုဒကို များစွာသောအရာတို့အား လုပ်ဆောင်နိုင်သည့်ခြင်္သေ့နှင့် ပုံဆောင်ထားခြင်းဖြစ်

သည်။ ၁ရာမွေ၆း၇၊ ၁၂ကသည် ပဋိညာဉ်သေတ္တာတော်ပါသောလှည်းကို သယ်ဆောင်ရန် အသုံးပြုခံရသည့် သားငယ်ရှိသော နွားမနှစ်ကောင်ကို ပြောပြထားသည်။ ဤကျမ်းပိုဒ်များက သားရဲ၊ သားယဉ်တိရစ္ဆာန်နှစ်မျိုးလုံးသည် မြေကြီးပေါ် တွင် တစ်စုံတစ်ရာကို ပြီးမြောက်ပြည့်စုံစေနိုင်ကြောင်း ပြသခြင်းဖြစ်သည်။ ယင်းမှာ အသက်၌ ကြီးထွားခြင်း၏ တတိယအဆင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဆဌမနေ့၏ နောက်ဆုံးအပိုင်းသို့ ဆက်လက်သွားရန် လိုအပ်သည်။ ထိုနေ့တွင် အမြင့်ဆုံးသောအသိဉာဏ်နှင့်အတူ အမြင့်ဆုံးသောလူ့အသက် ထွက်ပေါ် လာခြင်းဖြစ်သည်။ လူ့အသက်သည် ဘုရားသခင်၏ သဏ္ဍာန်တော်ကို ထင်ရှားနိုင်ပြီး၊ ဘုရားသခင်အတွက် အရာခပ်သိမ်းအပေါ် အုပ်စိုးခြင်းလည်း ရှိနိုင်ခြင်းဖြစ်သည်။ (*Life-study of Genesis*, pp. 43, 46)

အာဒံ၊ ပထမလူသားသည် ဘုရားသခင့်ဖန်ဆင်းခြင်း၏ အလယ်ဗဟိုဖြစ်သော (ကော၊၁း၁၆–၁၇)၊ ဖန်ဆင်းခြင်းအပေါင်းတို့တွင် ဦးခေါင်းဖြစ်သော(ကော၊၁း၁၅)၊ ယောကျ်ားအပေါင်းတို့၏ ဦးခေါင်းဖြစ်သော(၁ကော၊၁၁း၃)၊ ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် တစ်ညီတည်းဖြစ်ခြင်း၌ ဘုရားသခင်ကို ထင်ရှားခြင်းဖြစ်သော(...ကော၊၁း၁၅)၊ ဘုရားသခင်ဖန်ဆင်းထားသောအရာခပ်သိမ်းအပေါ် အုပ်စိုးရန် ဘုရားသခင်ကို ကိုယ်စားပြုသူဖြစ်သော(ဆာ၊၈း၆–၈ . . .)၊ ခရစ်တော်ကို(ရော၊၅း၁၄ . . .) ပုံဆောင်ခြင်းဖြစ်သည်။ (က၊၁း ၂၆ မှတ်စု၊ ၂)

ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူသည် ကိုယ်တော်၏ သဏ္ဍာန်တော်၌ ကိုယ်တော်ကို ထင်ရှားပြီး၊ ကိုယ်တော်၏ အုပ်စိုးခြင်း၌ ကိုယ်တော်ကို ကိုယ်စားပြုခြင်းဖြစ်ကာ၊ လူဟောင်း(ရော၊၆း၆)၊ ပထမလူဖြစ်သောအာဒံ၌ မဟုတ်ဘဲ(၁ကော၊၁၅း၄၅က)၊ လူသစ်(ဧ၊၂း၁၅နှင့် မှတ်စု၊၈)၊ ဒုတိယလူဖြစ်သောခရစ်တော်၌(၁ကော၊၁၅း၄၇ခနှင့် မှတ်စု၊၂) ပြီးမြောက်ပြည့်စုံရန်ဖြစ်သည်။ လူသစ်၌ ဦးခေါင်းတည်းဟူသော ခရစ်တော်ကိုယ်တော်တိုင်နှင့် ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ပါဝင်သည်(ဧ၊၁း ၂၂–၂၃။ ၁ကော၊၁၂း၁၂နှင့် မှတ်စု၊၂။ ကော၊၃း၁၀–၁၁နှင့် မှတ်စု၊၉)။ ယင်းမှာ ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းအတွက် ခရစ်တော်ကို အသက်ရှင်သည့် အောင်မြင်သောယုံကြည်သူများ၌ လုံးလုံးလျားလျား ပြီးမြောက်ပြည့်စုံကာ (ဗိ၊ ၁း၁၉–၂၆)၊ သူတို့သည် မိလေနိကာလ၌ ခရစ်တော်နှင့်အတူ တွဲဖက်ဘုရင်များအဖြစ် တိုင်းနိုင်ငံတို့အပေါ် အခွင့်အာဏာနှင့်အတူ အုပ်စိုးလိမ့်မည်ဖြစ်သည် (ဗျာ၊၂း ၂၆–၂၇။ ၂၀း၄၊ ၆)။ ယင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်ပြီး၊ ဘုရား၏ သဏ္ဍာန်တော်ကို ထင်ရှားကာ၊ ကိုယ်တော်၏

ဘုန်းတော်နှင့် ပေါ်ထွန်းခြင်းကို ယူဆောင်လာမည်ဖြစ်သည် (ဗျာ၊၄း၃က။ ၂၁း၁၁၊ ၁၈က)။ ထို့အပြင် ထာဝရကာလအတွက် စကြဝဠာတစ်ခုလုံးအပေါ် ဘုရားသခင်၏ အုပ်စိုးခြင်းကို ထိန်းသိမ်းရန် ဘုရားဆိုင်ရာအခွင့်အာဏာကိုလည်း လေ့ကျင့်မည်ဖြစ်သည် (ဗျာ၊၂၁း၂၄။ ၂၂း၁၅)။ (က၊၁း၂၆ မှတ်စု၊၅)

ကိုယ်တော်၏ဖန်ဆင်းခြင်း၌ ဘုရားသခင်သည် လူကို မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မပြောဆိုခဲ့ပါ။ လူသည် ဘုရားသခင်၏ သဏ္ဌာန်တော်၌ ဖန်ဆင်းခံရပြီး၊ ကိုယ်တော်၏ ဘုရားဆိုင်ရာအခွင့်အာဏာနှင့်အတူ ဘုရားသခင်အားဖြင့် အပ်နှံခြင်းခံရသည်။ လူ၌ ဘုရားသခင်အတွက် တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် လုပ်ဆောင်ရန်ဖြစ်သောအသက်မဟုတ်ဘဲ၊ ဘုရားသခင်ကိုထင်ရှားရန် ဘုရား၏ သဏ္ဌာန်တော်နှင့်အတူဖြစ်သော၊ ဘုရားသခင်ကိုကိုယ်စားပြုရန် ဘုရား၏ အခွင့်အာဏာနှင့်အတူဖြစ်သော အသက်ရှိနေခြင်းဖြစ်သည်။ အကြိမ်များစွာပင် သင်သည် ခရစ်ယာန်အချို့နှင့် တွေ့ဆုံသောအခါ၊ သူတို့သည် ဘုရားသခင်အတွက် လုပ်ဆောင်ရာတွင် မအားမလပ်ဖြစ်နေကြောင်း သင်ခံစားမိပေမည်။ သူတို့သည် ကြိုးစားလုပ်ဆောင်သော၊ သစ္စာရှိသောသူများဖြစ်ကြသည်။ သို့သော် သင်သည် ဘုရားသခင်၏ ထင်ရှားခြင်းနှင့် အခွင့်အာဏာကို အာရုံပြုမခံစားရပေ။ အခြားတစ်ဘက်တွင် သန့်ရှင်းသူအချို့သည် ဘုရားသခင်အတွက် လုပ်ဆောင်ခြင်း၌ မအားမလပ်ဖြစ်ခြင်း၊ ကြိုးစားခြင်းမရှိသော်လည်း၊ သင်သည် ဘုရားသခင်၏ ထင်ရှားခြင်းနှင့် အခွင့်အာဏာကို အာရုံပြုခံစားရပေမည်။ ဘုရားသခင်သည် သူတို့နှင့်အတူရှိကြောင်း သင်အာရုံပြုခံစားမိပေမည်။ သူတို့သည် ဘုရားသခင်၏ မျက်မှောက်တော်တွင် လုံးလုံးလျားလျား ရှိသောသူများဖြစ်ကြသည်။ သင်သည် သူတို့နှင့် တွေ့ဆုံသောအခါတိုင်း၊ ဘုရားသခင်၏ ထင်ရှားခြင်း၊ ဦးဆောင်ခြင်းနှင့် အခွင့်အာဏာကို အာရုံပြုခံစားရခြင်းဖြစ်သည်။ ဤအရာသည် ဘုရားသခင်ရှာဖွေနေသောအရာဖြစ်သည်။ (*The Central Thought of God*, pp. 22-23)

*ပို၍ဖတ်ရန်* – *Life-study of Genesis*, msg. 7-8

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

***Hymns,* # 837**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––

# ဘုရားသည် ကိုယ်တော်၏ထင်ရှားခြင်းအတွက် သူ၏ပုံသဏ္ဌာန်တော်၌ လူကိုဖန်ဆင်းခြင်း

ဖတ်ရန်ကျမ်း။ ။ ကၤ၁း၂၆–၂၇။ ကော၊၁း၁၅။ ၂ကော၊၃း၁၈။ ရော၊၈း၂၉။ ဗျာ၊၂၁း၂၂

Day 1 **I. "တဖန် ဘုရားသခင်က ငါတို့၏ပုံသဏ္ဌာန်၌ ငါတို့နှင့်တစ်ညီတည်း လူကို ဖန်ဆင်းကြစို့။...ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့် အညီ လူကိုဖန်ဆင်းတော်မူ၏..." (ကၤ၁း၂၆က၊ ၂၇က)။**

က။ *လူကို ဖန်ဆင်းကြစို့* ဟုဆိုသည်မှာ လူကိုဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍ ဦးခေါင်းတော်အရာ၏ သုံးပါးအလယ်တွင် အတိုင်ပင်ခံကောင်စီကို ကျင်းပခြင်းဖြစ်သည် (အငယ်၊ ၂၆က)။

၁။ လူကိုဖန်ဆင်းရန် ဆုံးဖြတ်ခြင်းအား ထာဝရအတိတ်ကာလ၌ ချမှတ်ခြင်းဖြစ်သည်။ ဤအရာက လူကိုဖန်ဆင်းခြင်းသည် သုံးပါးတစ်ပါးဘုရား၏ ထာဝရအကြံအစည်တော်အတွက်ဖြစ်ကြောင်း ဖေါ်ပြနေသည် (ဧ၊၃း၉–၁၁)။

၂။ လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူအထဲသို့ ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးခြင်းအတွက် ကိုယ်တော်၏ ဘုရားဆိုင်ရာစီမံကိန်းကို လုပ်ဆောင်ရန်ဖြစ်သည် (၁တိ၊၁း၄။ ရော၊၈း၁၁)။

ခ။ ဘုရားသခင်သည် သူနှင့်တစ်ညီသဏ္ဌာန်တည်း၊ သူ၏ပုံသဏ္ဌာန်တော်၌ လူကို ဖန်ဆင်းခြင်းဖြစ်သည် (ကၤ၁း၂၆က)။

၁။ ဘုရား၏ အတွင်းဖြစ်ခြင်းကို ရည်ညွှန်းသည့် ဘုရား၏ သဏ္ဌာန်တော်သည် ချစ်ခြင်း(၁ယော၊၄း၈)၊ အလင်း(၁း၅)၊ သန့်ရှင်းခြင်း(ဗျာ၊၄း၈)နှင့် ဖြောင့်မတ်ခြင်း(ယေ၊၂၃း၆)ဖြစ်သည့် အထင်ရှားဆုံး ဘုရားဂုဏ်အင်္ဂါတော်များ၏ အတွင်းအနှစ်သာရကို ထင်ရှားဖေါ်ပြခြင်းဖြစ်သည်။

၂။ ဘုရားသခင်၏ပုံသဏ္ဌာန်ကို ရည်ညွှန်းသည့် ဘုရားသခင်နှင့် တစ်ညီတစ်သဏ္ဌာန်တည်းဖြစ်ခြင်းသည် ဘုရားပုဂ္ဂိုလ်တော်၏ အနှစ်သာရနှင့် သဘောသဘာဝကို ဖေါ်ပြခြင်းဖြစ်သည်။

၃။ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့် ဘုရားသခင်နှင့်တစ်ညီတစ် သဏ္ဌာန်တည်းဖြစ်ခြင်းကို သီးခြားအကြောင်းအရာနှစ်ခု အဖြစ် မစဉ်းစားပါနှင့်(က၊ ၁း ၂၆က)။

(က)လူ၏ ဝိညာဉ်၌ ဖန်ဆင်းထားသော၊ လူ၏ အတွင်းပိုင်း ကောင်းမြတ်ခြင်းများသည် ဘုရားဂုဏ်အင်္ဂါများ၏ မိတ္တူ များဖြစ်ပြီး၊ ဘုရား၏ ဂုဏ်အင်္ဂါများကို ထင်ရှားရန် လူအတွက် နည်းလမ်းဖြစ်သည်။

(ခ) လူ၏ ကိုယ်ခန္ဓာအဖြစ် ဖန်ဆင်းထားသော၊ လူ၏ အပြင် ပိုင်းပုံစံသည် ဘုရားပုံသဏ္ဌာန်၏ မိတ္တူ ဖြစ်သည်။

၄။ ဘုရားသခင်သည် သူ၏ ပုံတူမှုပွားဖြစ်လာရန် လူကိုဖန်ဆင်းခဲ့ ခြင်းဖြစ်သည်။ သို့မှသာ လူသည် ဘုရားကို ထည့်ဝင်ရန်နှင့် ကိုယ်တော့်ကို ထင်ရှားရန် အတိုင်းအတာပမာဏ ရှိလာနိုင် မည်ဖြစ်သည်။

(က)အခြားအသက်ရှင်သောအရာများအားလုံးကို "၎င်းတို့၏ အမျိုးအစားအတိုင်း ဖန်ဆင်းခြင်းဖြစ်သည် (အငယ်၊၁၁ –၁၂၊ ၂၁၊ ၂၄–၂၅)၊ သို့သော် လူကို ဘုရား၏ အမျိုး အစားအတိုင်း ဖန်ဆင်းထားခြင်းဖြစ်သည် (cf. တ၊၁၇း ၂၀–၂၉က)။

(ခ) ဘုရားနှင့်လူသည် တူညီသောအမျိုးအစားဖြစ်သည့်အ တွက်၊ လူသည် ဘုရားနှင့်ပေါင်းစည်းဆက်နွယ်ရန်နှင့် ရှင် သန်သောပေါင်းစည်းခြင်း၌ ကိုယ်တော်နှင့်အတူ အသက် ရှင်ရန် ဖြစ်နိုင်သည် (ယော၊၁၅း၅။ ရော၊၆း၅။ ၁၁း၁၇– ၂၄။ ၁ကော၊၆း၁၇)။

ဂ။ သားတော် ခရစ်တော်သည် ဘုရားသခင်ဖြစ်သည့်အရာကို ထင်ရှား စေသည့်၊– "မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်"၊ "ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ခတ်နှိပ် ထားသောတံဆိပ်"– ဖြစ်သည်(ကော၊၁း၁၅။ ဟေဗြဲ၊၁း၃)။

၁။ ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည့် သားတော် ခရစ် တော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်၊

ဘုရားဂုဏ်အင်္ဂါများ၏ အနှစ်သာရထင်ရှားခြင်း ဖြစ်သည် (ကော၊ ၂း၉။ ၁း၁၅။ ၂ကော၊ ၄း၄။ ဟေဗြဲ၊ ၁း၃)။

၂။ ခရစ်တော်သည် လူအထဲသို့ ဝင်ရောက်နိုင်ရန်နှင့် လူအားဖြင့် ထင်ရှားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လူကို ခရစ်တော်အတိုင်း ဖန်ဆင်းထားခြင်းဖြစ်သည် (ကော၊ ၁း ၂၇။ ဖိ၊ ၁း ၂၀–၂၁က)။

*Day 2*

ဃ။ ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ ကိုယ်တော်နှင့်တစ်ညီသဏ္ဍာန်တည်း လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူသည် အသက်အဖြစ် ကိုယ်တော့်ကို လက်ခံရယူ၍၊ ကိုယ်တော်၏ဂုဏ်အင်္ဂါများအားလုံး၌ ကိုယ်တော့်ကို ထင်ရှားစေရန်ဖြစ်သည် (က၊ ၁း ၂၆–၂၇။ ၂း၉)။

၁။ ဘုရားသခင်သည် လူအထဲသို့ ဝင်ရောက်၍ လူနှင့်အတူ တစ်လုံးတစ်ဝရှိလာရန် ရည်ရွယ်သည့်အတွက်၊ လူကို ကိုယ်တော်၏ ပုံသဏ္ဍာန်တော်၌ ကိုယ်တော်နှင့်တစ်ညီသဏ္ဍာန်တည်း ဖန်ဆင်းရခြင်းဖြစ်သည် (ဧ၊ ၃း၁၇က)။

၂။ ဘုရားသခင်သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ လူကို ဖန်ဆင်းခြင်းဖြစ်သည်၊ သို့မှသာ ကိုယ်တော်၏စီမံကိန်းအားဖြင့် လူသည် ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝကို လက်ခံယူခြင်းဖြင့် ကိုယ်တော်၏ထင်ရှားခြင်း ဖြစ်လာနိုင်မည်ဖြစ်သည် (၁တိ၊ ၁း၄။ ယော၊ ၃း၁၆။ ၂ပေ၊ ၁း၄။ ၂ကော၊ ၃း၁၈)။

၃။ ဘုရားသခင်သည် လူကို ဘုရား၏ချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကို ထည့်ဝင်ရန် ဆန့်သောပမာဏရှိသည့်နည်းလမ်း၌ ဖန်ဆင်းခဲ့ခြင်းဖြစ်သည် (၁ယော၊ ၄း၈။ ၁း၅။ ဧ၊ ၄း ၂၄။ ၅း ၂၊ ၈–၉)။

၄။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမျိုးအစားအတိုင်း ဖန်ဆင်းခံရသောကြောင့်၊ ကျွန်ုပ်တို့၏ လူသားကောင်းမြတ်ခြင်းများ၌ ဘုရားဂုဏ်အင်္ဂါများကို ထည့်ဝင်ရန် ဆန့်သောပမာဏရှိကြသည် (၂ကော၊ ၁၀း၁။ ၁၁း၁၀)။

*Day 3*

င။ ဘုရားသခင်သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ လူကို ဖန်ဆင်းခြင်းမှာ ကိုယ်တော့်ကိုစုပေါင်းထင်ရှားခြင်းအတွက် ဘုရား၏ပြန်

လည်ထုတ်လုပ်ခြင်း၊ ဘုရား၏ပုံတူမူပွားဖြစ်လာရန် ရည်ရွယ်ချက်ဖြင့် လူကို ဘုရားဖန်ဆင်းခြင်းဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ဤပြန်လည်ထုတ်လုပ်ခြင်းသည် ဘုရားကို ပျော်ရွှင်စေကြောင်းမှာ ကိုယ်တော်နှင့်တူပြီး၊ ကိုယ်တော်ကဲ့သို့ပြောဆိုကာ၊ ကိုယ်တော်ကဲ့သို့ အသက်ရှင်သောကြောင့် ဖြစ်သည် (ယော၊၁၂း၂၄။ ရော၊၈း၂၉။ ဟေဗြဲ၊၂း၁၀။ ၁ယော၊၃း၁–၂)။

စ။ ကျမ်းစာ၌ ဘုရားနှင့်လူ ဆက်သွယ်ခြင်းနှင့်စပ်လျဉ်း၍ နက်နဲဖွယ်ရာစဉ်းစားခြင်း ရှိသည် (က၊၁း၂၆။ ယေ၈၊၁း၂၆။ ၁ယော၊၃း၂ခ။ ဗျာ၊၄း၃က။ ၂၁း၁၁ခ)။

၁။ ဘုရားသခင်၏ အလိုဆန္ဒမှာ လူကဲ့သို့ဖြစ်လာရန်နှင့် လူကို ကိုယ်တော်ဖြစ်သည့်အတိုင်း ဖြစ်လာစေရန် ဖြစ်သည် (၁ယော၊၃း ၂ခ)။

၂။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဖြစ်သည့် အတိုင်း ကိုယ်တော် ဖြစ်လာရန်နှင့် ကိုယ်တော်ဖြစ်သည့်အတိုင်း ကျွန်ုပ်တို့ဖြစ်လာစေရန်၊ ကျွန်ုပ်တို့အထဲသို့ ခရစ်တော်၌ ကိုယ်တိုင် အလုပ်လုပ်ရန် ဖြစ်သည် (ဧ၊၃း၁၇က)။

၃။ ဘုရားသခင်၏ စီမံကိန်းမှာ ကိုယ်တော်တိုင် လူဖြစ်လာရန်နှင့် ကိုယ်တော်၏ ဖန်ဆင်းခံ ကျွန်ုပ်တို့အား ဘုရားဖြစ်လာစေရန် ဖြစ်သည်၊ ဤသို့ဖြင့် ကိုယ်တော်သည် "လူဖြစ်လာသော" ဘုရားနှင့် ကျွန်ုပ်တို့သည် "ဘုရားဖြစ်လာသော" လူ ဖြစ်ကြသည် (ယော၊၁း၁၄။ ရော၊၁း၃–၄)။

***Day 4***

ဆ။ က၊၁း၂၆–၂၈ရှိ သူတို့ နှင့် က၊၅း၂ရှိ သူတို့၏ ဆိုသည့်နာမ်စားများက အာဒံသည် လူသားမျိုးနွယ်အားလုံးအပါအဝင် စုပေါင်းထားသောလူ၊ ပေါင်းဖွဲ့ထားသောလူကို ဖော်ပြခြင်းဖြစ်သည်။

၁။ ဘုရားသည် လူများစွာကို ဖန်ဆင်းခဲ့ခြင်းမဟုတ်ပါ။ ကိုယ်တော်သည် အာဒံ လူပုဂ္ဂိုလ်တစ်ဦးတည်း၌ စုပေါင်းထားသောလူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းဖြစ်သည်။

၂။ ဘုရားသည် ကိုယ်တော်၏ ပုံသဏ္ဍာန်တော်၌ ကိုယ်တော်နှင့်တစ်ညီသဏ္ဍာန်တည်း ထိုစုပေါင်းထားသောလူကို ဖန်ဆင်းခြင်းဖြစ်သည်၊ ထို့ကြောင့် လူသားမျိုးနွယ်သည် ဘုရားကို စုပေါင်းထင်ရှားခြင်း ရှိရမည်ဖြစ်သည်။

*Day 5*

**II. ခရစ်တော်၏လူ့ဇာတိခံယူခြင်းနှင့် ဘုရား–လူ အသက်ရှင်ခြင်းသည် လူကို ကိုယ်တော်ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေခြင်းဖြစ်သည် (၁း၂၆–၂၇။ ယော၁း၁၊ ၁၄။ လု၁း ၃၁–၃၂၊ ၃၅။ ၂း၄၀၊ ၅၂)။**

က။ ခရစ်တော်၏ လူ့ဇာတိခံယူခြင်းသည် ကိုယ်တော်၏ ပုံသဏ္ဍာန်တော်၌၊ ကိုယ်တော်နှင့်တစ်ညီသဏ္ဍာန်တည်း လူကိုဖန်ဆင်းခြင်း၌၊ ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည်၊– ဤသို့ဖြင့် လူသည် အသက်အဖြစ် ကိုယ်တော့်ကို လက်ခံရရှိပြီး၊ ကိုယ်တော်၏ ဘုရားဂုဏ်အင်္ဂါများ၌ ကိုယ်တော့်ကို ထင်ရှားနိုင်ခြင်းဖြစ်သည် (က၁း ၂၆။ ၂း၉။ တ၃း၁၄က။ ဧ၄း၂၄)။

ခ။ သခင်ယေရှုသည် ဘုရားထင်ရှားခြင်းအတွက် ဘုရားဂုဏ်အင်္ဂါများနှင့်ကိုက်ညီနိုင်မည့်အဆင့်ထိ လူသားကောင်းမြတ်ခြင်းများကို မြှင့်တင်ပေးရန်အလို့ငှါ၊ လူသားကောင်းမြတ်ခြင်းနှင့်အတူ လူသားအနှစ်သာရဖြင့် မွေးဖွားခံရခြင်းဖြစ်သည် (လု၁း ၃၅)။

၁။ ကိုယ်တော်၏ လူသားကောင်းမြတ်ခြင်းများ ပါဝင်ခြင်းဖြင့် စစ်မှန်ခြင်းဖြစ်လာရန် ဘုရားဂုဏ်အင်္ဂါများနှင့်အတူ ဘုရားအနှစ်သာရဖြင့် ပဋိသန္ဓေတည်ခြင်းခံရသောအရှင်၊ ခရစ်တော်သည် ဗလာဖြစ်နေသောလူသားကောင်းမြတ်ခြင်းများကို ဖြည့်ပေးမည်ဖြစ်သည် (မ၁း၁၈၊ ၂၀)။

၂။ ဘုရားဂုဏ်အင်္ဂါများသည် လူသားကောင်းမြတ်ခြင်းများ၌ ဘုရားထင်ရှားခြင်းရည်ရွယ်ချက်အတွက် လူသားကောင်းမြတ်ခြင်းများကို ဖြည့်ပေးခြင်းဖြင့် ခွန်အားဖြစ်စေပြီး ကြွယ်ဝ၍ သန့်ရှင်းစင်ကြယ်စေမည်ဖြစ်သည်။

ဂ။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကယ်တင်သောအချိန်၌၊ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဘုရားဂုဏ်အင်္ဂါများနှင့် ပြည့်ဝလျက်ရှိသော လူသားကောင်းမြတ်ခြင်းအရှင်အဖြစ် ဝင်ရောက်လာသည် (လု၂း ၁၀–၁၁၊ ၂၅–၃၂။ ၁၉း၉–၁၀)။

၁။ အသက်ပေးဝိညာဉ်တော်ဖြစ်သော ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဘုရားကို ယူဆောင်လာကာ၊ ဘုရား၏ဂုဏ်

အင်္ဂါများနှင့် ကျွန်ုပ်တို့ကောင်းမြတ်ခြင်းကို ပြည့်ဝစေရန် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသည် (၁ကော၊၁၅း၄၅ခ။ ၆း၁၇)။

၂။ ထိုအသက်သည် အတွင်းပိုင်းမှစ၍ ကျွန်ုပ်တို့ကို ကယ်တင်ကာ၊ ကျွန်ုပ်တို့၏လူသားကောင်းမြတ်ခြင်းများကို အားဖြည့်ပေးခြင်းဖြင့် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်ခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို ဖြစ်စေသည် (ရော၊၅း၁၀။ ၁၂း၂)။

*Day 6*

**III. လူ့ဇာတိခံယူခြင်း၌ ခရစ်တော်သည် လူသားဇာတိကို ယူတင်ဝတ်ဆင်ခြင်းဖြင့်၊ လူတို့နှင့်တစ်ညီသဏ္ဌာန်တည်း ဖြစ်လာခဲ့သည် (ဖိ၊၂း၆–၈)၊ သို့ပါ၍ ကိုယ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြင့် လူသည် ဘုရားသခင်၏ထာဝရဘုရားအသက်ကိုရရှိ၍ (၁ပေ၊၁း၃။ ၁ယော၊၅း၁၁–၁၂)၊ ထိုအသက်အားဖြင့် အတွင်းပိုင်း၌ ခရစ်တော်၏ပုံသဏ္ဌာန်တော်သို့ ပုံသဏ္ဌာန်ပြောင်း လဲခြင်းဖြင့် ပုံသဏ္ဌာန်တူလာကာ(၂ကော၊၃း၁၈။ ရော၊၈း၂၉)၊ အပြင်ပိုင်းတွင် ခရစ်တော်၏ဘုန်းတော်ကိုယ်ခန္ဓာနှင့် တစ်ညီသဏ္ဌာန်တည်းအထဲသို့ အဆင်းသဏ္ဌာန်ပြောင်းလဲလာမည်ဖြစ်သည် (၁ယော၊၃း၂ခ)။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့ ဖြစ်လာပြီး(၁ယော၊၃း၂ခ)၊ စကြဝဠာတိုင်အောင် ကိုယ်တော်နှင့်အတူ ဘုရားကို ထင်ရှားလာနိုင်မည်ဖြစ်သည် (ဗျာ၊၃း၂၁)။**

က။ မျက်နှာဖုံးကိုဖွင့်လျက် ရှင်ပြန်ထမြောက်၍ တက်ကြွတော်မူသော သခင်ဘုရား၏ဘုန်းအသရေကို ကြည့်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည်– ရှင်ပြန်ထမြောက်ကာ၊ ဘုန်းအသရေရှိသော ခရစ်တော်၏ပုံသဏ္ဌာန်တော်သို့ –“သဏ္ဌာန်တော်နှင့်အညီ ပုံသဏ္ဌာန်ပြောင်းလဲခြင်း” ခံကြရမည်ဖြစ်သည် (၂ကော၊၃း၁၈)။

ခ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏ သားဦး ပုံသဏ္ဌာန်သို့ ပုံသဏ္ဌာန်တူလာစေရန် ကြိုတင်ခွဲခန့်မှတ်သားထားပြီးဖြစ်သည်။ ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် ပုံသဏ္ဌာန်တူလာခြင်း၏ အဆုံးရလဒ်တွင် ကျွန်ုပ်တို့၏ အတွင်းပိုင်းအနှစ်သာရနှင့် ဇာတိပြောင်းလဲခြင်း၊ ကျွန်ုပ်တို့၏ အပြင်ပိုင်းပုံစံပြောင်းလဲခြင်းတို့ ပါဝင်သည်၊ ဤသို့ဖြင့်

ကျွန်ုပ်တို့သည် ခရစ်တော်၏ ဘုန်းအသရေရှိသော ပုံသဏ္ဍာန်တော် နှင့် ကိုက်ညီလာမည်ဖြစ်သည် (ရော၊ ၈း ၂၉)။

ဂ။ ကာ၊ ၁း ၂၆၌ ကျွန်ုပ်တို့သည် ကိုယ်တော်ထင်ရှားခြင်းအတွက် ဘုရား၏ ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းထားသည့် စုပေါင်းသောလူကို မြင်တွေ့ရမည်ဖြစ်ပြီး၊ ဗျာ၊ ၂၁၌ ကျွန်ုပ်တို့သည် ကာ၊ ၁း ၂၆ရှိ ပုံသဏ္ဍာန်၏ အဆုံးစွန် တိုးတက်ခြင်းနှင့် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော ယေရုရှလင်မြို့သစ်ကို မြင်ရသည်။ ဘုရားသခင်၏ မြို့တော်သည် ဘုရား၏ ပုံသဏ္ဍာန်တော်ကို ဆောင်ပြီး၊ ဘုရားဘုန်းတော်နှင့် တောက်ပနေသည့် ဘုရားသခင်၏ စုပေါင်းထင်ရှားခြင်း ဖြစ်သည် (ဗျာ၊ ၄း၃။ ၂၁း၁၁)။

## နံနက်ခင်းကျွေးမွေးခြင်း

**က ၊ ၁း ၂၆–၂၇** **တဖန် ဘုရားသခင်က ငါတို့ပုံသဏ္ဌာန်၌ ငါတို့နှင့်တစ်ညီသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း၊ မြေတပြင်လုံးနှင့်တကွ မြေပေါ်မှာတွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း၊ အုပ်စိုးစေဟုအမိန့်တော်ရှိ၏။ ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ လူယောက်ျား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်၊**

ဘုရားသခင်သည် (အပင်အသက်နှင့် တိရစ္ဆာန်အသက်)ကို ဖန်ဆင်းပြီးနောက်၊ ကိုယ်တော်၏သဏ္ဌာန်တော်၌ ကိုယ်တော်နှင့်တစ်ညီသဏ္ဌာန်တည်း၌ သူ့ကိုထင်ရှားစေရန် အမြင့်ဆုံးဖန်ဆင်းခံအသက်ဖြင့် လူကိုဖန်ဆင်းဖို့ လိုအပ်နေသေးသည်။ ဤအလုပ်ပြီးပြည့်စုံခြင်းအတွက် သုံးပါးတစ်ပါးဘုရား၊– ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်သည် လူနှင့်အတူ လုပ်ဆောင်ဖို့ လိုအပ်သည်။ ဤအရာကို ကျမ်းစာတစ်အုပ်လုံးရှိ ကျမ်းစာစောင်များဖြင့် အပြည့်အစုံ သက်သေပြထားပြီးဖြစ်သည်။ (*Life-study of Genesis*, p. 62)

ကၢ၁း ၂၆၌ *ငါတို့* ဆိုသည်မှာ လူကို ဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍ ကိုးကွယ်ခံသုံးပါး ကောင်စီကိုကျင်းပပြုလုပ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ထာဝရအတိတ်ကာလကပင်၊ သုံးပါးတစ်ပါးဘုရားသည် လူကိုဖန်ဆင်းရန် ဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်းမှာ လူကိုဖန်ဆင်းခြင်းသည် သုံးပါးတစ်ပါးဘုရား၏ ထာဝရရည်ရွယ်ချက်အတွက်ဖြစ်ကြောင်း ဖော်ပြနေသည် (ဧ၁း၉–၁၁)။ လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူအထဲသို့ ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးခြင်းဖြင့် ဘုရားဆိုင်ရာစီမံကိန်းကို သယ်ဆောင်ရန် ဖြစ်သည် (၁တိ၊၁း၄ နှင့် မှတ်စု၊၃။ စာပိုဒ်၊၁)။ ဤအကြောင်း အပြည့်အစုံကို ကျမ်းစာ၏စာစောင်များ၌ ဖွင့်ပြထားသည်။ (Gen. 1:26, footnote 1)

## ယနေ့ဖတ်စရာ

ဘုရား၏ အတွင်းဖြစ်ခြင်းကို ရည်ညွှန်းသည့် ဘုရား၏ပုံသဏ္ဌာန်တော်သည် ချစ်ခြင်း(၁ယော၊၄း၈)၊ အလင်း(၁ယော၊၁း၅)၊ သန့်ရှင်းခြင်း(ဗျာ၊၄း၈)နှင့် ဖြောင့်မတ်ခြင်း(ယေ၊၂၃း၆)တည်းဟူသော၊ အထင်ရှားအပေါ်လွင်ဆုံးသော ဘုရားဂုဏ်အင်္ဂါများ၏ အ

တွင်းအနှစ်သာရ၏ ထင်ရှားခြင်းဖြစ်သည်။ ဘုရား၏ပုံစံကို ရည်ညွှန်းသည့် ဘုရားနှင့် တစ်ညီသဏ္ဍာန်တည်း(ဖိ၊ ၂း၆)သည် ဘုရားပုဂ္ဂိုလ်တော်၏ အနှစ်သာရနှင့် သဘောသဘာဝကို ထင်ရှားခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရား၏ ပုံသဏ္ဍာန်တော်နှင့် ဘုရားနှင့်တစ်ညီသဏ္ဍာန်တည်းကို သီးခြားအရာနှစ်ခုအဖြစ် မစဉ်းစားသင့်ပါ။ လူ၏ ဝိညာဉ်၌ ဖန်ဆင်းထားသော၊ လူ၏ အတွင်းပိုင်းကောင်းမြတ်ခြင်းများသည် ဘုရားဂုဏ်အင်္ဂါများ၏ ပုံတူများဖြစ်ပြီး၊ ဘုရားဂုဏ်အင်္ဂါများကို ထင်ရှားရန် လူအတွက်နည်းလမ်းဖြစ်သည်။ လူ၏ ခန္ဓာအဖြစ် ဖန်ဆင်းထားသော၊ လူ၏ အပြင်ပိုင်းပုံစံသည် ဘုရားပုံစံ၏ ပုံတူဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် လူကို ကိုယ်တော်၏ ပုံတူမူပွားဖြစ်လာရန် ဖန်ဆင်းရခြင်းမှာ လူသည် ဘုရားကို ထည့်ဝင်ရန်ခွက်နှင့် သူ့ကို ထင်ရှားနိုင်စေရန်ဖြစ်သည်။ အခြားအသက်ရှင်သောအရာအားလုံးကို "၎င်းတို့၏ အမျိုးအစားအတိုင်း"(က၊၁း၁၁–၁၂၊ ၂၁၊ ၂၄–၂၅) ဖန်ဆင်းခြင်းဖြစ်သော်လည်း၊ လူကို ဘုရား၏ အမျိုးအစားအတိုင်း ဖန်ဆင်းထားခြင်းဖြစ်သည် (cf. တ၊၁၇း ၂၈– ၂၉က)။ ဘုရားနှင့် လူသည် တစ်မျိုးတစ်စားတည်းဖြစ်သည့်အတွက် လူသည် ဘုရားကို ပေါင်းစည်းဆက်သွယ်ရန်နှင့် ရှင်သန်သောပေါင်းစည်းခြင်း၌ ကိုယ်တော်နှင့်အတူတကွ အသက်ရှင်ရန် ဖြစ်စေနိုင်သည်(ယော၊၁၅း ၅။ ရော၊၆း၅။ ၁၁း၁၇–၂၄။ ၁ကော၊၆း၁၇)။

ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော သားတော်ခရစ်တော်သည်(ကော၊ ၂း၉) မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်၊ ဘုရားဂုဏ်အင်္ဂါများ၏ အနှစ်သာရ ထင်ရှားခြင်း ဖြစ်သည် (ကော၊၁း၁၅။ ၂ကော၊၄း၄။ ဟေဗြဲ၊၁း၃)။ ခရစ်တော်သည် လူအထဲသို့ ဝင်ရောက်နိုင်ရန်နှင့် လူအားဖြင့် ထင်ရှားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လူကို ခရစ်တော်အတိုင်း ဖန်ဆင်းထားခြင်းဖြစ်သည် (ကော၊၁း ၂၇။ ဖိ၊၁း ၂၀–၂၁က)။ ဖန်ဆင်းခံလူသည် ခရစ်တော်ကို ထည့်ဝင်ရန် အသက်ရှင်သောခွက်၊ ထည့်ဝင်ရာခွက် ဖြစ်သည်(ရော၊၉း ၂၁၊ ၂၃။ ၂ကော၊၄း၇)။ နောက်ဆုံးတွင် ကိုယ်တော်၏ လူ့ဇာတိခံယူခြင်း၌ ခရစ်တော်သည် လူသားသဘောသဘာဝကို ယူတင်ဝတ်ဆင်ခြင်းဖြင့်၊ လူတို့နှင့် တစ်ညီသဏ္ဍာန်တည်းဖြစ်လာသည်(ဖိ၊ ၂း၆–၈)၊ ဤသို့ဖြင့် ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်သန်ထမြောက်ခြင်းဖြင့် လူသည် ဘုရား၏ ထာဝရ၊ ဘုရားဆိုင်ရာအသက်ကို ရရှိနိုင် (၁ပေ၊၁း၃။ ၁ယော၊၅း၁၁–၁၂)ပြီး၊ ထိုအသက်အားဖြင့် အတွင်းပိုင်းတွင် ခရစ်တော်၏ ပုံသဏ္ဍာန်တော်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းဖြင့် ပုံသဏ္ဍာန်တူလာကာ(၂ကော၊၃း၁၈။ ရော၊၈း ၂၉)၊ အပြင်ပိုင်းတွင် ခရစ်တော်၏ ဘုန်းအသရေခန္ဓာနှင့် တစ်ညီသဏ္ဍာန်တည်းသို့ အဆင်းသဏ္ဍာန်ပြောင်းလဲလာသည့်အတွက်(ဖိ၊၃း ၂၁)၊ သူသည် ခရစ်တော်နည်း

တူဖြစ်လာပြီး (၁ယော၊၃း၂ခ)၊ စကြဝဠာတိုင်အောင် ကိုယ်တော်နှင့်အတူ ဘုရားကို ထင်ရှားနိုင်မည် ဖြစ်သည် (ဧ၊၃း၂၁)။

ဖန်ဆင်းခံလူသည် ဘုရား၏ပုံသဏ္ဍာန်နှင့် တစ်ညီသဏ္ဍာန်တည်း၌ ဘုရား၏ပုံတူဖြစ်နေသော်လည်း၊ သူ၌ ဘုရား၏စစ်မှန်ခြင်း သို့မဟုတ် ဘုရားအသက် မရှိပါ။ ထိုကြောင့် သူသည် ဘုရားကို ထင်ရှားရန် ဘုရား၏စစ်မှန်ခြင်းရှိလာရန် အသက်ပင်ကို စားသုံးခြင်းဖြင့် သူ၏ အသက်အဖြစ် ဘုရားကို ရယူဖို့ လိုအပ်နေသေးသည် (က၊၂း၉နှင့် မှတ်စု၊၂)။ (Gen. 1;26, footnote 3)

ကော၊၁း၁၅အရ၊ ဘုရားသည် မျက်မြင်မတွေ့နိုင်သောဘုရားဖြစ်သည်။ သို့သော် ကိုယ်တော်၏ဘုန်းထွန်းလင်းခြင်းနှင့် ကိုယ်တော်၏ကိုယ်ထင်ရှားခြင်းဖြစ်သော ကိုယ်တော်ချစ်တော်မူသောသားတော်သည် ကိုယ်တော်ဖြစ်သည့်အရာကို ထင်ရှားသည့် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ဖြစ်သည်(ဟေ ဗြဲ၁း၃)။ ဤနေရာ၌ ပုံသဏ္ဍာန်သည် ရုပ်ပိုင်းဆိုင်ရာပုံစံမဟုတ်ဘဲ၊ ကိုယ်တော်၏ဂုဏ်အင်္ဂါများနှင့် ကောင်းမြတ်ခြင်းများအားလုံး၌ ဘုရားဖြစ်ခြင်းကို ထင်ရှားခြင်းဖြစ်သည်(ဖိ၊၂၌ မှတ်စု၊၆ကို ကြည့်ပါ)။ ဤအနက်အဓိပ္ပါယ်ပြန်ဆိုခြင်းကို ကော၊၃း၁၀နှင့် ၂ကော၊၃း၁၈တို့က အခိုင်အမာသက်သေပြထားသည်။ (Col. 1;15, footnote 1)

*ပို၍ဖတ်ရန်-* *Life-study of Genesis*, msg. 6; *Truth Lessons- Level One*, vol. 1, lsn. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ၃း၁၇ ယုံကြည်ခြင်းအားဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်ဆောက်လုပ်မည့်အကြောင်း၊**

**၂ကော၊ ၃း၁၈ သို့သော် ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက်၊ သခင်ဘုရား၏ ဘုန်းတော်ကိုကြည့်၍ ရောင်ပြန်ဟပ်သောမှန်ကဲ့သို့ ဖြစ်ကြ၏။ ငါတို့သည် သခင်ဘုရားဝိညာဉ်တော်မှ ဘုန်းအသရေတိုးပွား၍ သဏ္ဌာန်တော်နှင့် အညီ ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရကြ၏။**

ကိုယ်တော်၏ပုံသဏ္ဌာန်တော်နှင့် တစ်ညီသဏ္ဌာန်တည်း လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူသည် ကိုယ်တော်၏ ဂုဏ်အင်္ဂါများအားလုံး၌ အသက်အဖြစ် ကိုယ်တော်ကို ရယူရန်နှင့် ကိုယ်တော့်ကို ထင်ရှားစေရန်အတွက် ဖြစ်သည်။

ကျွန်ုပ်တို့၌ ဓမ္မသစ်ကျမ်းနှင့် ဓမ္မဟောင်းကျမ်းနှစ်ခုလုံးရှိ ဖွင့်ပြခြင်းအလုံးစုံ၏ အရာအားလုံးပါဝင်သောရုပ်ပုံ ရှိပါက၊ ဘုရားသခင်သည် လူကို ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာရန် ပုံစံချထားကြောင်း ကျွန်ုပ်တို့မြင်လာမည်ဖြစ်သည်။ ဘုရားသခင်သည် ဤပုံစံချခြင်းကို ထာဝရအတိတ်ကာလ၌ကပင် လုပ်ဆောင်ထား ခြင်းဖြစ်သည်။ ဘုရားသည် လူကို ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်လာရန် ပုံစံချမှတ်ခြင်းသည် ကြီးမားသော အကြောင်းအရာဖြစ်သည်။ ထို့ကြောင့် ကျမ်းစာ၌ ဘုရားနှင့်အတူ လူ၏ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့်စပ်လျဉ်း၍ အသုံးပြုသော *ပုံစံချသည်* ဆိုသည့်စာကားကို သင်ရှာတွေ့နိုင်မည်မဟုတ်ပါ။ သို့သော်ငြားလည်း၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောနှုတ်ကပတ်တော်၌ အရာအားလုံးပါဝင်သော ဖွင့်ပြခြင်း၏ရုပ်ပုံကို မြင်မည်ဆိုပါက၊ ဘုရားသခင်သည် ထာဝရအတိတ်ကာလကပင် လူကို ကိုယ်တော်နှင့်တစ်လုံးတစ်ဝရှိလာရန် ပုံစံချမှတ်ထားကြောင်း ကျွန်ုပ်တို့မြင်မည်ဖြစ်သည်။ (*Life-study of Luke*, pp. 483-484)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် လူနှင့်စပ်လျဉ်း၍ ဘုရား၏ပုံစံချမှတ်ခြင်းကို ပုံဖော်ပြရန် အိမ်ကို ပုံစံဆွဲ၍တည်ဆောက်ခြင်းအကြောင်းအား အသုံးပြုပြသနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အိမ်ကို မတည်ဆောက်မီ၊ ပထမဆုံး ပုံစံ လိုအပ်သည်။ ထိုနည်းတူ၊ ကျမ်းစာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံစံချမှတ်ခြင်းနှင့် တည်ဆောက်ခြင်းနှစ်ခုလုံးကို မြင်ရသည်။ ကျမ်းစာတစ်အုပ်လုံးအားဖြင့် ကျွန်ုပ်တို့သည် ဘုရားတည်ဆောက်ခြင်း၏ပြည့်စုံသောဖွင့်ပြခြင်းကို မြင်ရသည်။ ကိုယ်တော်၏တည်ဆောက်ခြင်းအတွက် ဘုရားသခင်၌

ပုံစံ ရှိသည်။ ကိုယ်တော်သည် လူကို ရရှိရန် ပုံစံချမှတ်ထား၍၊ ထိုလူသည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝရှိသင့်သည်။ (*Life-study of Luke,* pp. 484)

ဘုရားသခင်သည် လူကို သူ၏ပုံသဏ္ဍာန်တော်၌၊ ကိုယ်တော်၏ပုံတူအတိုင်း လူကို အဘယ်ကြောင့် ဖန်ဆင်းရသနည်း၊ ဘုရားသည် လူကို ဝိညာဉ်နှင့်အတူ အဘယ်ကြောင့် ဖန်ဆင်းရသနည်း ဟူ၍ ယခု ကျွန်ုပ်တို့ မေးဖို့လိုအပ်သည်။ ဤမေးခွန်းများအတွက် ဘုရားသခင်၏စီမံကိန်းသည် အဖြေဖြစ်ပါသည်။ ယော၊၄း၂၄၌ ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်တော်မူကြောင်းနှင့် ကျွန်ုပ်တို့သည် ဝိညာဉ်၌ ကိုယ်တော့်ကို ကိုးကွယ်ရမည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ဝိညာဉ်သာလျှင် ဝိညာဉ်တော်ကို ကိုးကွယ်ဝတ်ပြုနိုင်သည်။ ကိုယ်တော်၏ ဘုရားဆိုင်ရာစီမံကိန်းအတွက် ဘုရားသခင်သည် လူအား ကိုယ်တော့်ကို ကိုးကွယ်ရန်နှင့် ကိုယ်တော့်ကို ဆက်သွယ်ရန် ဝိညာဉ်နှင့်အတူ ကိုယ်တော်၏ ပုံသဏ္ဍာန်တော်နှင့် တစ်ညီတစ်သဏ္ဍာန်တည်း၌ ဖန်ဆင်းထားခြင်းဖြစ်သည်။ ဘုရားစီမံကိန်းသည် လူအထဲသို့ ဘုရားကို ဝေငှဖြန့်ဖြူး ပေးရန်ဖြစ်သည်။ ဘုရားသည် လူအထဲသို့ ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးနိုင်ရန်အတွက် ဝိညာဉ်နှင့်အတူ ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ လူကို ဖန်ဆင်းထားခြင်းဖြစ်သည်။ ( *The Divine Economy,* p. 14)

ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ထင်ရှားစေနိုင်ရန်အလို့ငှါ၊ ဘုရားသည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းထားခြင်းဖြစ်သည် (က၊၁း၂၆)။ ကိုယ်တော့်ကို ကျွန်ုပ်တို့အားဖြင့် ထင်ရှားနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ထည့်ဝင်ရန် ဘုရား၏တန်ဆာပလာခွက်များ ဖြစ်ကြသည် (ရော၊၉း၂၃)။ ကျွန်ုပ်တို့အား သားတော်၏ပုံသဏ္ဍာန်သို့ သဏ္ဍာန်တူညီလာစေရန်အတွက် ကမ္ဘာမတည်မရှိမီကပင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရွေးချယ်၍ ခွဲခန့်မှတ်ထားတော်မူခဲ့သည် (ဧ၊၁း၄–၅။ ရော၊၈း၂၉)။ (*The Meaning of Human Life and a Proper Consecration,,* p. 44)

လူသည် ဘုရား၏ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းခံရခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားဖန်ဆင်းထားသောလူ၌ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းရှိလာရန် ချစ်ခြင်း၊ အလင်းနှင့် လုပ်နိုင်စွမ်း ရှိသည်။ ကျွန်ုပ်တို့သည် ကျဆင်းသွားသော်ငြားလည်း၊ ကျွန်ုပ်တို့၏ကျဆင်းခြင်းအနေအထား၌ပင်၊ ဘုရားကဲ့သို့ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်း ခြင်းရှိလာရန် ကျွန်ုပ်တို့တွင် ချစ်ခြင်း၊ အလင်းနှင့် လုပ်နိုင်စွမ်း ရှိနေသေးသည်။ ဘုရားသည် သူ၏ပုံသဏ္ဍာန်တော်၌ လူကိုဖန်ဆင်းထားခြင်းမှာ ကိုယ်တော်၏ ချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း ရှိလာရန် ဘုရားသည် လူကို ထည့်ဝင်ရန်ခွက်အဖြစ် ဖန်ဆင်းထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။ လူသားဆိုင်ရာ ချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်း

နှင့် သန့်ရှင်းခြင်းသည် ကျွန်ုပ်တို့ပြောဆိုသည့် လူသားကောင်းမြတ်ခြင်းများဖြစ်သည်။ ဤကောင်းမြတ်ခြင်းများကို ဘုရားဖန်ဆင်းထားခြင်းဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်၏ဂုဏ်အင်္ဂါများကို ထည့်ဝင်ရန် လူသားကောင်းမြတ်ခြင်းများကို ဖန်ဆင်းထားခြင်းဖြစ်သည်။ လူသားဆိုင်ရာ ချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းသည် ဘုရားဆိုင်ရာ ချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းကို ထည့်ဝင်ရန် ဖန်ဆင်းထားသော ထည့်ဝင်ရာခွက်များဖြစ်သည်။

အခြားသူများကို မုန်းခြင်းသည် ကျွန်ုပ်တို့၏ အသိစိတ်ကို ဆန့်ကျင်ဖီလာပြုကြောင်း၊ နေရာဒေသတိုင်းရှိ လူအားလုံး သဘောတူလက်ခံကြသည်။ ထို့ပြင်၊ လိမ်လည်ခြင်း၊ ခိုးခြင်းနှင့် မှောင်မိုက်၌ လုပ်ဆောင်သည့်အရာများသည်လည်း ကျွန်ုပ်တို့၏ အသိစိတ်ကို ဆန့်ကျင်ဖီလာပြုခြင်းဖြစ်သည်။ ကယ်တင်ခြင်းမခံရသောသူသည်ပို၍ပင် စားသောက်ဆိုင် သို့မဟုတ် စတိုးဆိုင်၌ မှားယွင်း၍ သူ့ကို ပိုပေးမိသော ပြန်အမ်းငွေကို ယူထားရန် မဖြောင့်မတ်သည့် ခံစားမှုရှိကောင်းရှိနိုင်သည်။

ဤအချက်မှာ လူသည် ချစ်ခြင်းနှင့် အလင်းရှိခြင်းဖြင့် ဖြောင့်မတ်စွာနှင့် သန့်ရှင်းစွာ လျှောက်လှမ်းရန် ဘုရားဖန်ဆင်းထားခြင်းဖြစ်သည်။ လူ၌ ဤကောင်းမြတ်ခြင်းများရှိရသည့်အကြောင်းမှာ သူသည် ဘုရား၏ ပုံသဏ္ဍာန်တော်၌၊ ဘုရား၏ ချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း၏ ပုံသဏ္ဍာန်၌ ဖန်ဆင်းခံရ၍ဖြစ်သည်။ ဘုရားဖန်ဆင်းထားသော လူသားကောင်းမြတ်ခြင်းများသည် ဘုရားဂုဏ်အင်္ဂါများထည့်ဝင်ရန်ခွက်ဖြစ်သည်။ ဤနည်းလမ်း၌ ဘုရားသည် လူအား သူ၏ အသက်နှင့် ထည့်ခံရာခွက်ဖြစ်လာရန် အသက်ပင်အဖြစ် ကိုယ်တော့်ကိုယူဆောင်ရန် ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းခြင်းဖြစ်သည်။ (*Life-study of Luke*, pp. 489-490)

*ပို၍ဖတ်ရန်-* *The Divine Economy,* chs. 1-2; *The Meaning of Human Life and a Proper Consecration,* chs. 2-3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ၁၂း၂၄** **ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသောအသီးကို သီးတတ်၏။**

**ရော၊ ၈း၂၉** **ဘုရားသခင်၏သားတော်သည် အများသောညီတို့တွင် သားဦးဖြစ်တော်မူမည့်အကြောင်း၊ ဘုရားသခင်သည် ရှေ့မဆွကသိတော်မူသောသူတို့ကို သားတော်၏ပုံသဏ္ဌာန်နှင့်တညီတည်း*ဖြစ်စေခြင်းငှါ* ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏။**

ကျမ်းစာအရ၊ ဘုရားသခင်၏ပုံသဏ္ဌာန်တော်သည် သူ၏ပုံတူမှုပွားနှင့်ဆက်စပ်လျက်ရှိသည်။ ကမ္ဘာဦး၊၁၌ "ပုံသဏ္ဌာန်"ကို လူ၌"မိတ္တူဖြစ်စေခြင်း"၊ "ပုံတူမှုပွားစေခြင်း"မှာ ဘုရားအတွက်ဖြစ်သည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ လူအား ဘုရား၏ပုံတူမှုပွား၊ ကိုယ်တော်၏မိတ္တူ ဖြစ်လာနိုင်မည့် နည်းလမ်း၌ ဖန်ဆင်းထားခြင်းဖြစ်သည်။ ဘုရားသည် လူအား သူ၏ပုံတူမှုပွားဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းထားသည့်အတွက်၊ ဤရည်ရွယ်ချက်ကို *ပုံသဏ္ဌာန်* ဆိုသည့်ဝေါဟာရဖြင့် အသုံးပြု၍ ဖော်ပြထားသည့်အတွက်၊ ကျွန်ုပ်တို့သည် ဆက်လက်၍ *ပုံသဏ္ဌာန်* ဆိုသည့် စကားရပ်မှာ ဘုရားကို ထည့်ဝင်ရန် ထည့်ခံရာခွက် ဖြစ်ကြောင်း ပြောဆိုနိုင်သည်။ လူသည် ဘုရားကို ထည့်ဝင်ရန် ထည့်ခံရာခွက် မဟုတ်ပါက၊ သူသည် ဘုရား၏ပုံတူမှုပွား၊ ကိုယ်တော်၏မိတ္တူ မည်သို့ဖြစ်လာနိုင်မည်နည်း။ (*Life-study of Luke*, p. 486)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်၏ဝါသနာအမှန်မှာ ကမ္ဘာတစ်ဝှမ်းရှိ လူမျိုးများစွာ၌ ကိုယ်တော်၏ပြန်လည်ထုတ်လုပ်ခြင်း ရရှိဖို့ဖြစ်သည်။ ဘုရား၏ပြန်လည်ထုတ်လုပ်ခြင်းသည် ကိုယ်တော်ကဲ့သို့ ပုံသဏ္ဌာန်တူလာခြင်း၊ ကိုယ်တော်ကဲ့သို့ စကားပြောခြင်းနှင့် ကိုယ်တော်ကဲ့သို့ အသက်ရှင်ခြင်း ဖြစ်လာသောကြောင့်၊ ထိုပြန်လည်ထုတ်လုပ်ခြင်းသည် ဘုရားကို ပျော်ရွှင်မှုဖြစ်စေသည်။ ဘုရားသည် ဤပြန်လည်ထုတ်လုပ်ခြင်း၌ ရှိသည်၊ ကိုယ်တော်၏ပြန်လည်ထုတ်လုပ်ခြင်း၌ ကိုယ်တော်၏ အသက်၊ သဘောသဘာဝနှင့် စေ့စပ်ထုံးဖွဲ့ခြင်း ရှိသည်။ ဤအရာသည် ကြီးမားသောအကြောင်းအရာ မဟုတ်ပါလား။ (*Life-study of 1 & 2 Chronicles*, p. 11)

ကျမ်းစာ၌ ဘုရားနှင့်လူ ဆက်သွယ်မှုနှင့်စပ်လျဉ်း၍ နက်နဲသောစဉ်းစားခြင်းရှိသည်။ ဘုရား၏ အလိုဆန္ဒမှာ လူဖြစ်သည့်နည်းတူ ဖြစ်လာရန်နှင့် ကိုယ်တော်ဖြစ်သည့်နည်းတူ လူကိုဖြစ်လာစေရန် ဖြစ်သည်။ ဤအရာက ဘုရားသခင်၏ရည်ရွယ်ချက်မှာ ဘုရားသည် လူနှင့် ကိုယ်တိုင်ရောနှောပေါင်းစည်းခြင်းဖြင့် လူကဲ့သို့ဖြစ်လာရန်နှင့် လူသည် ကိုယ်တော်ကဲ့သို့ဖြစ်လာစေရန် ဖြစ်သည်။ သခင်ယေရှုသည် ဘုရား–လူ ဖြစ်သည်။ ကိုယ်တော်သည် ပြည့်ဝစုံလင်သောဘုရားနှင့် စုံလင်သောလူ ဖြစ်သည်။ ကိုယ်တော် သည် လူ–ဘုရား ဖြစ်ကြောင်းလည်း ကျွန်ုပ်တို့ ပြောဆိုနိုင်သည်။ ကျွန်ုပ်တို့ ယနေ့ကိုးကွယ်နေသောအရှင်သည် လူ–ဘုရား ဖြစ်သည်။ ထိုပြင် မောရှေဖြစ်သည့်အတိုင်း၊ ဘုရား၏လူဖြစ်ရန်မှာ(တရား၊၃၃း၁။ ယောရှု၊၁၄း၆။ ဆာ၊၉၀ခေါင်းစဉ်) ဘုရားနှင့်အတူ ရောနှောပေါင်းစည်းသောလူ၊ ဘုရား–လူ ဖြစ်ရပေမည်။ ကိုယ်တော်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူအားလုံးသည် ဘုရား–လူများ ဖြစ်လာမည်ဆိုလျှင်၊ ဘုရားပျော်ရွှင်ဝမ်းမြောက်မည်ဖြစ်သည်။ (*Life-study of Ezekiel*, p. 124)

ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ သဘောသဘာဝနှင့် ကျွန်ုပ်တို့၏ စေ့စပ်ထုံးဖွဲ့ခြင်းအဖြစ် ကျွန်ုပ်တို့၏ အတွင်းထဲတွင် ခရစ်တော်၌ ကိုယ်တော်တိုင်လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်ကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်နှလုံးအလိုတော်အတိုင်း၊ လူဖြစ်ရုံသာမဟုတ်ဘဲ၊– ကိုးကွယ်ခံအရာ၌မဟုတ်၊ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်ကြသည်။ ဤသို့ ပြည့်စုံရန်အလို့ငှါ၊ ခရစ်တော်၌ ဘုရားသည် လူဖြစ်လာပြီး၊ အဆင့်ဆင့်ဖြတ်ကျော်ခြင်းဖြင့်၊ ဤလူကို ဘုရားအရာတစ်စိတ ရာဖြင့် ခွဲခန့်သတ်မှတ်ခဲ့သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော့်အား ဘုရား၏သားဦးအဖြစ် ခွဲခန့်သတ်မှတ်သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ထမြောက်ခြင်းအားဖြင့် ဘုရား၏သားဦးသည် ကျွန်ုပ်တို့အား ကိုယ်တော့်နည်းတူ ဘုရား–လူ ဖြစ်လာစေရန်၊ ကျွန်ုပ်တို့၏ အတွင်းထဲတွင် စေ့စပ်ထုံးဖွဲ့လာစေရန်၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ အသက်ဖြစ်သော ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးရန်၊ ကျွန်ုပ်တို့အထဲသို့ ယခုဝင်ရောက်လာသော အသက်ပေးဝိညာဉ်တော် ဖြစ်လာခဲ့သည်။ ကိုယ်တော်သည် လူဖြစ်လာသော ဘုရားဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာသော လူများဖြစ်ကြ သည်။ (*Life-study of 1 & 2 Samuel*, p. 168)

ကျွန်ုပ်၏ ဝန်တာမှာ ဘုရားသခင်၏ စီမံကိန်းနှင့်အစီအစဉ်၌ ကိုယ်တော့်ကို “လူဖြစ်လာစေခြင်း”နှင့် ကျွန်ုပ်တို့ကို “ဘုရားဖြစ်လာစေခြင်း”အတွက်၊ ကိုယ်တော်တိုင်သည်

လူဖြစ်လာရပြီး၊ သူ၏ ဖန်ဆင်းခံများဖြစ်သည့် ကျွန်ုပ်တို့သည် "ဘုရား"ဖြစ်လာရခြင်းကို သင့်အား ရှင်းလင်းအောင်ပြသဖို့ ဖြစ်သည်။ အဆုံးတွင်၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့၊ ကျွန်ုပ်တို့နှင့်ကိုယ်တော်၊ အားလုံးသည် ဘုရား–လူများ ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကောင်းသောလူများ၊ ဝိညာဉ်ဆိုင်ရာလူများ၊ သို့မဟုတ် သန့်ရှင်းသောလူများ ဖြစ်ရုံနှင့်မလုံလောက်ပါ။ ဤအရာများနောက်မှ ဘုရားအရာ ဖြစ်လာခြင်းမဟုတ်ပါ။ ယနေ့ ဘုရားအလိုတော်ရှိသည့်အရာမှာ ဘုရား–လူများ ဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းသောလူများဖြစ်ပြီးနောက်မှ ဘုရားဖြစ်လာခြင်းမဟုတ်သောကြောင့်၊ ဘုရားသည် ကျွန်ုပ်တို့ကိုယ်တိုင် တိုးတက်လာရန် ကျွန်ုပ်တို့ဆီမှ မျှော်လင့်မထားပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ဘုရား–လူများ ဖြစ်လာရန် အလိုရှိသည်။ ကိုယ်တော့်ကို ကျွန်ုပ်တို့ ထင်ရှားစေရန်နှင့် ရှင်ထွက်စေရန် ရည်ရွယ်ချက်အတွက် ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်နှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်း ဖြစ်သည်။

ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ရှိသည့် ပုံတူရုပ်ပုံဖြစ်သော်လည်း၊ ကိုယ်တော်၏ အသက်မရှိကြပါ။ ကျွန်ုပ်တို့သည် အသစ်တစ်ဖန်မွေးဖွားခြင်းခံရပြီးနောက် ဤပုံတူရုပ်ပုံသည် ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝရှိခြင်းနှင့် ကိုယ်တော်ဖြစ်ခြင်းနည်းတူဖြစ်သည့် "စစ်မှန်"သောလူပုဂ္ဂိုလ် ဖြစ်လာသည်။ ကိုယ်တော်သည် "လူဖြစ်လာသော"ဘုရားနှင့် ကျွန်ုပ်တို့သည် "ဘုရားဖြစ်လာသော"လူများဖြစ်သည်။ အဆုံးတွင် နှစ်ဦးသည် တစ်ဦးတည်းဖြစ်လာသည့် ဘုရား–လူများ ဖြစ်သည်။ ဤအရာသည် ကျမ်းစာ၏ ဘုရားဆိုင်ရာဖွင့်ပြခြင်းဖြစ်သည်။ (*A Deeper Study of Divine Dispensing*, p. 54)

*ပို၍ဖတ်ရန်-* *Life-study of 1 & 2 Chronicles*, msgs. 2, 4, 13; *Life-study of Ezekiel*, msg. 12

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ကျမ်းစာလာသည်ကား၊ "ရှေးဦးစွာသောလူအာဒံသည် အသက်ရှင်**
**၁၅း၄၅ သောစိတ်ဖြစ်၏"ဟုလာသတည်း။ ယခုတွင် နောက်ဆုံးဖြစ်သောအာဒံမူ**
**ကား၊ အသက်ပေးသောဝိညာဉ်တော် *ဖြစ်၏*။**

**ကော၊ ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဌာန်တော်**
**၁း၁၅ ဖြစ်၏။ ဖန်ဆင်းခြင်းအပေါင်းတို့တွင် သားဦးဖြစ်တော်မူ၏။**

ကၢ၁း၂၆–၂၇၌ "*သူတို့ကို*"နှင့် ကၢ၅း၂၌ "*သူတို့ကို*" ဆိုသည့် နာမ်စားများက၊ အာဒံသည် လူသားမျိုးနွယ်အားလုံးအပါအဝင် စုပေါင်းသောလူ၊ ပေါင်းစည်းသောလူဖြစ်ကြောင်း ဖေါ်ပြခြင်းဖြစ်သည်။ ဘုရားသခင်သည် လူများစွာကို ဖန်ဆင်းခဲ့ခြင်းမဟုတ်ပါ။ ကိုယ်တော်သည် အာဒံ လူပုဂ္ဂိုလ်တစ်ဦးတည်း၌ လူသားမျိုးနွယ်ကို စုပေါင်း၍ ဖန်ဆင်းခြင်းဖြစ်သည်။ လူသားမျိုးနွယ်သည် ဘုရားကို စုပေါင်းထင်ရှားနိုင်ရန်အတွက်၊ ဘုရားသည် သူ၏ပုံသဏ္ဌာန်တော်၌ သူနှင့်တစ်ညီတစ်သဏ္ဌာန်တည်း ထိုစုပေါင်းသောလူကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ (Gen. 1;26, footnote 4)

## ယနေ့ဖတ်စရာ

ဆဋ္ဌမမြောက်နေ့တွင် ဘုရားသခင်သည် မြေကြီးအတွက် ကျွဲနွားတိရစ္ဆာန်နှင့် သတ္တဝါများကို ဖန်ဆင်းသည်။ ဤအရာမှာ လူအတွက် တစ်စုံတစ်ရာ လုပ်ဆောင်နိုင်သောအသက် ဖြစ်သည်။ ခွေး၏အသက်သည် ငါး၏အသက်ထက် ပို၍ခွန်အားကြီးသည်။ ထိုနောက် သတ္တဝါများအလယ်တွင် အမြင့်ဆုံးအသက်ဖြစ်သည့် လူသားအသက်ကို ဖန်ဆင်းသည်။ ဤအသက်သည် သေခြင်း၊ တက်ကြွခြင်း၊ ဘုရားအတွက် အလုပ်လုပ်ခြင်းနှင့် ဘုရား၏အလိုတော်ကို ဆောင်ခြင်း၌ အသက်ရှင်နိုင်ရုံသာမက၊ ဘုရားကို ထင်ရှားခြင်းနှင့် ကိုယ်စားပြုနိုင်ခြင်းလည်း ရှိသည်။ ဤအသက်သည် ဘုရား၏ပုံသဏ္ဌာန်တော်နှင့် ဘုရား၏ အခွင့်အာဏာနှင့်အတူရှိသည့်အသက် ဖြစ်သည်။ ဤအချက်၌ ဘုရားသည် အနားယူခြင်းဖြစ်သည်။

ဘုရားအလုပ်ပြီးမြောက်ပြည့်စုံခြင်းသည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်နှင့် ကိုယ်တော်၏ အခွင့်အာဏာနှင့်အတူရှိသည့် အသက်ဖြစ်သည်။ ကျွန်ုပ်တို့က ဘုရားသည် သူ၏အလုပ်ပြီးစီးသွားသောကြောင့် အနားယူခြင်းဖြစ်ကြောင်း စဉ်းစားကောင်းစဉ်းစားမည်ဖြစ်သည်။ ဘုရား၏ပုံသဏ္ဌာန်တော်နှင့် အခွင့်အာဏာနှင့်အတူ အသက်မရှိနေသမျှကာ

လပတ်လုံး၊ ဘုရားသည် နားခိုမည်မဟုတ်ပါ။ (*The Central Thought of God*, p. 17)

ကျမ်းစာ၌ ပထမဆုံးလူဖြစ်သော အာဒံသည် ကြွလာမည့် ခရစ်တော်၏ ပုံစံနမူနာဖြစ်သည် (ရော၊၅း၁၄)။ ခရစ်တော်၏ ပုံစံနမူနာဖြစ်သော အာဒံသည် ခရစ်တော်၏ နိမိတ်လက္ခဏာဖြစ်သည်။ အာဒံအတွက် ဘုရားရည်ရွယ်သည့်အရာတိုင်းနှင့် အာဒံ၌ ကိုယ်တော်လုပ်ဆောင်သည့်အလုပ်တိုင်းကို ခရစ်တော်၌ ခရစ်တော်အားဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

ဘုရားဖန်ဆင်းခြင်း၌ အာဒံသည် ဖန်ဆင်းခြင်းအပေါင်း၏ အလယ်ဗဟိုဖြစ်သည်။ ဘုရားသည် ပထမဦးဆုံး ကောင်းကင်များကို ထူထောင်ပြီး၊ မြေကြီးကို ပြင်ဆင်ကာ၊ ထိုနောက် လူကို ဖန်ဆင်းသည်။ ကိုယ်တော်သည် ပထမဆုံးအလင်း၊ တိုးချဲ့၍ မြေကြီးကို ဖန်ဆင်းပြီး၊ ထိုနောက် ကိုယ်တော်သည် မြက်ပင်၊ ဆေးဖက်ဝင်အပင်၊ သစ်ပင်များ၊ ငါးများ၊ ငှက်များ၊ ကျွဲနွားတိရစ္ဆာန်၊ သတ္တဝါများနှင့် တွားသွားသတ္တဝါများကို ဖန်ဆင်းခြင်းဖြစ်သည်။ နောက်ဆုံးတွင် ကိုယ်တော်သည် အာဒံကို ဖန်ဆင်းသည်။ သို့ဖြစ်၍ ကောင်းကင်များသည် မြေကြီးအတွက်၊ အသက်ရှင်သောအရာအမျိုးမျိုးနှင့် မြေကြီးသည် လူအတွက်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ထို့ကြောင့် လူသည် ဘုရားဖန်ဆင်းခြင်း၏ အလယ်ဗဟိုဖြစ်သည်။ လူသည် ဘုရားဖန်ဆင်းခြင်း၏ စစ်မှန်သောအလယ်ဗဟိုဖြစ်သော ခရစ်တော်၏ ပုံစံနမူနာဖြစ်ရခြင်းအကြောင်းမှာ ပလ္လင်များ၊ သခင်အရာ၊ အုပ်ချုပ်သူများ သို့မဟုတ် အခွင့်အာဏာများဖြစ်စေ၊ ကောင်းကင်များ၌၊ မြေကြီးပေါ်တွင်၊ မြင်နိုင်သည့်အရာနှင့် မမြင်နိုင်သောအရာများဖြစ်သည့် အရာအားလုံးကို ခရစ်တော်၌၊ ခရစ်တော်အားဖြင့်၊ ခရစ်တော်အဖို့ ဖန်ဆင်းထားသောကြောင့် ဖြစ်သည်။

အာဒံသည် လူသားမျိုးနွယ်၏ ဦးခေါင်းအဖြစ် ဖန်ဆင်းခံရခြင်းဖြစ်၍၊ လူသားမျိုးနွယ်သည် ဘုရားဖန်ဆင်းခြင်း၏ အလယ်ဗဟိုဖြစ်သည်။ ထို့ကြောင့် အာဒံသည် ဘုရားဖန်ဆင်းခြင်း၏ ဦးခေါင်းဖြစ်သည်။ ၎င်းမှာ ဘုရားဖန်ဆင်းခြင်းအလုံးစုံ၏ ဦးခေါင်းဖြစ်သော ခရစ်တော်၏ ပုံစံနမူနာဖြစ်သည်။

အာဒံသည် ဘုရား၏ ပုံသဏ္ဍာန်တော်၌ ဘုရားနှင့်တစ်ညီသဏ္ဍာန်တည်းအတိုင်း ဖန်ဆင်းခံရခြင်းဖြစ်သည်(က၊၁း ၂၆)။ ဤအရာက ခရစ်တော်သည် ဘုရား၏ ပုံသဏ္ဍာန်တော်နှင့် တစ်ညီသဏ္ဍာန်တည်းဖြစ်ကြောင်း ပုံဆောင်ခြင်းဖြစ်သည်။ ကော၊ ၁း၁၅၌ ခရစ်တော်သည် "မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော် ဖြစ်၍" ဟု ပြောဆိုထားသည်။ ဘုရားသခင်သည် မျက်မြင်မရသောဘုရား ဖြစ်သည်။ သို့သော် ကိုယ်တော်၏ ဘုန်းရောင်ခြည်ထွန်းလင်း၍ ကိုယ်တော်၏ ဒြပ်ကိုယ်ထည်၏ ထင်ရှားခြင်းဖြစ်သော

ခရစ်တော်သည်(ဟေဗြဲ၊ ၁း၃) ကိုယ်တော်ဖြစ်သည့်အရာကို ထင်ရှားသော ကိုယ်တော်၏ ပုံသဏ္ဌာန်တော်ဖြစ်သည်။

အာဒံကို ဖန်ဆင်းပြီးနောက်၊ ဘုရားသခင်သည် လူကို ပင်လယ်၌၊ လေထဲ၌၊ မြေကြီးပေါ်ရှိ အသက်ရှင်သောဖန်ဆင်းခံအရာအားလုံးအပေါ် အုပ်စိုးရန် အလိုဆန္ဒရှိသည်(က၊ ၁း ၂၆၊ ၂၈)။ ဘုရားသည် သူဖန်ဆင်းထားသောလူအား မြေကြီးပေါ်တွင် ကိုယ်တော်၏ အခွင့်အာဏာကို သူ၏ ကိုယ်စား စီမံဆောင်ရွက်ရန်နှင့် အုပ်စိုးရန် အလိုဆန္ဒရှိသည်။ ထို့ကြောင့် လူသည် ဘုရားကို ထင်ရှားရန် ဖန်ဆင်းခံရခြင်းသာမက၊ အားလုံးအပေါ် အုပ်စိုးရန် ဘုရားကိုယ်စားလုပ်ဆောင်ရန် အခွင့်အာဏာကို ပေးအပ်ခြင်းခံရသည်။ ဤအရာသည် ဘုရားကို ထင်ရှားခြင်းနှင့် ဘုရားကိုယ်စားလုပ်ဆောင်ရသည့် ခရစ်တော်၏ ပုံစံနမူနာဖြစ်သည်။ ဘုရားအားဖြင့် ဘိက်သိပ်ပေးခြင်းခံရသော ခရစ်တော်သည် ရန်သူ–မတရားသိမ်းပိုက်ထားသော မြေကြီးကိုပြန်လည်ရယူဖို့ ဘုရား၏ ရန်သူကို ဆက်ဆံဖြေရှင်းပြီး၊ ဘုရား၏ အခွင့်အာဏာကို သယ်ဆောင်ရန်အလို့ငှါ ဘုရား၏ အကြံအစည်တော်ကို အကောင်အထည်ဖေါ်ခြင်းအတွက် ဘိက်သိက်ခံရကာ ခန့်အပ်စေခိုင်းခြင်းကိုလုပ်ဆောင်ရသူ ဖြစ်သည်။

အာဒံသည် လူသားမျိုးနွယ်၏ ပထမဆုံး ဘိုးဘေးဖြစ်သည်။ သူ့ကို ဖန်ဆင်းသောအချိန်က သူ၌ပါဝင်သော လူသားတစ်ရပ်လုံးကို ဘုရားဖန်ဆင်းခြင်းဖြစ်သည်(က၊ ၁း ၂၆)။ ထို့ကြောင့် သူသည် လူအားလုံး၏ ဦးခေါင်းဖြစ်သည်။ ဤအရာသည် လူခပ်သိမ်း၏ ဦးခေါင်းဖြစ်တော်မူသော ခရစ်တော်၏ ပုံစံနမူနာဖြစ်သည်။ (*Truth Lessons- Level Three,* vol. 1, pp. 19-21)

*ပို၍ဖတ်ရန်-* *The Central Thought of God,* chs. 1-2; *Truth Lessons- Level Three,* vol. 1, lsn. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**လု၊ သင်သည် ပဋိသန္ဓေစွဲယူ၍ သားကို ဖွားမြင်လိမ့်မည်။ ထိုသားကို**
**၁း၃၁–၃၂ ယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား၊ ကြီးမြတ်သောသူ**
**ဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏သားတော်ဟု ခေါ်ဝေါ်သ**
**မုတ်ခြင်းကို ခံရလိမ့်မည်။ . . .**
**ရော၊ အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော်**
**၅း၁၀ အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့်သင့်မြတ်**
**ခြင်းကို ခံရသည်မှန်လျှင်၊ ထိုသို့သင့်မြတ်ပြီးမှ၊ အသက်တော်၌ ကယ်**
**တင်တော်မူခြင်းသို့ သာ၍ရောက်စရာရှိ၏။**

လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူသည် ကိုယ်တော့်ကို ထင်ရှားရန်အတွက် ကိုယ်တော်၏ပုံတူမူပွား ဖြစ်လာစေရန်ဖြစ်သည်။ ဤရည်ရွယ်ချက်ကို လုပ်ဆောင်ရန်အတွက် လူသည် ဘုရားကို ရယူ၍ အသက်ပင်အဖြစ် ကိုယ်တော့်ကို ထည့်ဝင်ရန် လိုအပ်သည်။ သို့သော်ငြားလည်း၊ ဘုရားဖန်ဆင်းထားသော အာဒံသည် ဘုရား၏ရည်ရွယ်ချက်ကို ပျက်ယွင်းစေကာ ဘုရား၏ပုံစံမှ ပျက်စီးသွားခဲ့သည်။ နှစ်ပေါင်းထောင်ချီကြာပြီးနောက်၊ လူသား–ကယ်တင်ရှင်သည် ဖန်ဆင်းထားသောလူ၌ ဘုရား၏ရည်ရွယ်ချက် ပြည့်စုံစေရန် ကြွလာခဲ့သည်။

ခရစ်တော်၏လူ့ဇာတိခံယူခြင်းဖြင့်၊ သားတော်၌ ဘုရားသခင်သည် လူဖြစ်လာခဲ့သည်။ ဤအရာသည် ကြီးမားသောအကြောင်းအရာ မဟုတ်ပါသလော။ ဘုရားသည် လူကို ကိုယ်တော်၏ပုံသဏ္ဌာန်အတိုင်း ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းခဲ့သော်လည်း၊ လူသည် ကိုယ်တော်၏ရည်ရွယ်ချက်ကို ပျက်ယွင်းစေကာ၊ ကိုယ်တော်၏ပုံစံကို ပျက်စီးစေခဲ့သည်။ နောက်ထပ်လူတစ်ဦးကို ဖန်ဆင်းမည့်အစား၊ ဘုရားကိုယ်တော်တိုင် ဒုတိယလူဖြစ်လာရန် ကြွလာခဲ့သည်(၁ကော၊၁၅း၄၇)။ ဘုရားသခင်သည် ခမည်းတော်၌လည်းမဟုတ်၊ ဝိညာဉ်တော်၌လည်းမဟုတ်၊ သားတော်၌ ဒုတိယလူဖြစ်လာရန် ကြွလာခဲ့သည်။ (*Life-study of Luke*, pp. 491-492)

## *ယနေ့ဖတ်စရာ*

ဘုရား–လူနှင့် စပ်လျဉ်း၍ အရေးကြီးသောအကြောင်းအရာမှာ ပါရှိရမည့်အကြောင်းအရာဖြစ်သည့် ဘုရားအသက်နှင့်ပြည့်ဝနေသော လူသားအသက်ဖြင့် ကိုယ်တော်အသက်ရှင်လိုခြင်းဖြစ်သည်။ လုကာခရစ်ဝင်ကျမ်းသည် ပါရှိရမည့်အကြောင်းအရာဖြစ်

သည့် ဘုရားအသက်နှင့်ပြည့်ဝနေသော လူသားအသက်ဖြင့် အသက်ရှင်လိုသော ဘုရား–လူကို ဖွင့်ပြခြင်းဖြစ်သည်။ ထိုသို့သောအသက်ကို အသက်ရှင်နေထိုင်သော လူသား–ကယ်တင်ရှင်၌ ဘုရားချစ်ခြင်း၊ အလင်း၊ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းဖြစ်သည့် ဘုရားဂုဏ်အင်္ဂါများနှင့်အတူ ဘုရားသဘောသဘာဝရှိသည်။ ဘုရားဂုဏ်အင်္ဂါများပါရှိသည့် ဘုရားသဘောသဘာဝသည် လူသားကောင်းမြတ်ခြင်းများအားလုံးပါရှိသည့် လူသား–ကယ်တင်ရှင်၏ လူသားသဘောသဘာဝ၌ ထင်ရှားပေါ်လွင်မည်ဖြစ်သည်။ (*Life-study of Luke*, p. 492)

ကျွန်ုပ်တို့သည် ဘုရား–လူများ ဖြစ်ကြောင်းကို သိနားလည်လာသောအခါ၊ "သခင်ဘုရား၊ ကိုယ်တော်သည် ပထမဆုံးသော ဘုရား–လူ ဖြစ်ပါသည်၊ ကျွန်ုပ်တို့သည် ကိုယ်တော့်နောက်သို့လိုက်သော များစွာသော ဘုရား–လူများ ဖြစ်ကြပါသည်။ ကိုယ်တော်သည် ကိုယ်တော်၏ လူသားအသက်အားဖြင့်မဟုတ်ဘဲ၊ ကိုယ်တော့်ကို ထင်ရှားရန် ဘုရား၏ ဘုရားဆိုင်ရာအသက်အားဖြင့်၊ လူသားအသက်ကို အသက်ရှင်ခဲ့ပါသည်။ ဘုရား၏ ဂုဏ်အင်္ဂါများသည် ကိုယ်တော်၏ကောင်းမြတ်ခြင်းများ ဖြစ်လာပါသည်။ ကိုယ်တော်သည် ဤမြေကြီးပေါ်တွင် နေ့တိုင်း အသေခံခဲ့ပါသည်။ ကိုယ်တော်သည် အသက်ရှင်ရန် အသေခံခဲ့ပါသည်။ သခင်ဘုရား၊ ကိုယ်တော်သည် ယနေ့ ကျွန်ုပ်၏ အသက်နှင့် ကျွန်ုပ်၏ ပုဂ္ဂိုလ်ဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်သာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် သေရမည်။ ကျွန်ုပ်သည် ကိုယ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဌာန်တူညီလာဖို့ လိုပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ လူသားအသက်အားဖြင့်သာမဟုတ်ဘဲ၊ ကျွန်ုပ်၏ လူသားကောင်းမြတ်ခြင်းများဖြစ်လာသည့် ကိုယ်တော်၏ ဘုရားဂုဏ်အင်္ဂါများ၌ ကိုယ်တော့်ကိုထင်ရှားရန် ကျွန်ုပ်၏ စေ့စပ်ထုံးဖွဲ့ခြင်းအဖြစ် ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝရှိသည့် ဘုရားအသက်အားဖြင့် လူသားအသက်၊ ဘုရား–လူ၏ အသက်ကို အသက်ရှင်ဖို့ နေ့တိုင်းသေရန် အသေခံခြင်း ရှိပါမည်"ဟု ကျွန်ုပ်တို့ပြောဆိုနိုင်ရမည်။ ဤအရာသည် ကျွန်ုပ်တို့အား ခရစ်ယာန်တစ်ဦး သို့မဟုတ် ခရစ်တော်၌ ယုံကြည်သူတစ်ဦး မျှသာမဟုတ်ဘဲ၊ ဘုရားနှင့်တစ်မျိုးတစ်စားတည်းဖြစ်သည့် ဘုရား–လူ ဖြစ်စေသည်။ ဤအရာသည် ဘုရား၏ ဧဝံဂေလိတရား၏ အမြင့်ဆုံးသောအချက်ဖြစ်သည်။ (*Life-study of 1 & 2 Chronicles*, pp. 27-28)

လူသား–ကယ်တင်ရှင်သည် ဘုရားထင်ရှားခြင်းအတွက် ဘုရား၏ ဂုဏ်အင်္ဂါများနှင့် ကိုက်ညီသည့်စံနှုန်းဖြစ်သည့် အမြင့်ဆုံးစံနှုန်းသို့ လူသားကောင်းမြတ်ခြင်းများကို မြှင့်တင်ရန်အလို့ငှါ၊ လူ့ဇာတိခံယူခဲ့သည်။ ကျွန်ုပ်တို့၏ ကောင်းမြတ်ခြင်းများသည် ပျက်

ဆီးခံရခြင်းနှင့် ပုံသဏ္ဍာန်ပျက်သွားရသည့်အတွက်၊ ၎င်းတို့သည် ဘုရား၏ ဂုဏ်အင်္ဂါများ နှင့် ကိုက်ညီခြင်းမရှိနိုင်တော့ပါ။ သို့သော် မြှင့်တင်ခြင်းခံရသော လူသားကောင်းမြတ် ခြင်းများသည် ဘုရား၏ ဂုဏ်အင်္ဂါများနှင့် ကိုက်ညီလာသည်။ လူသား–ကယ်တင်ရှင် သည် ကိုယ်တော့်ကို ထင်ရှားခြင်းအတွက် ဘုရား၏ ဂုဏ်အင်္ဂါများနှင့် ကိုက်ညီနိုင်သည့် စံနှုန်းသို့ ဤကောင်းမြတ်ခြင်းများကို မြှင့်တင်ရန် အလို့ငှါ၊ လူသားကောင်းမြတ်ခြင်းနှင့် အတူ လူသားအနှစ်သာရဖြင့် မွေးဖွားခြင်းကို ခံယူခဲ့သည်။

ခရစ်တော်သည် ဗလာဖြစ်နေသောလူသားကောင်းမြတ်ခြင်းများကို ဖြည့်ပေး သည်။ ခရစ်တော်၏ လူ့ဇာတိခံယူခြင်းသည် လူသားကောင်းမြတ်ခြင်းများကို ဖြည့်ပေး ရန်၊ ခွန်အားရှိစေရန်နှင့် ကြွယ်ဝလာစေရန်ဖြစ်ကြောင်းကို ကျွန်ုပ်တို့မသိဘဲ ရှိကောင်း ရှိနိုင်သည်။ လူသား–ကယ်တင်ရှင်၏ လူ့ဇာတိခံယူခြင်းသည် ဗလာဖြစ်နေသောလူသား ကောင်းမြတ်ခြင်းများကို ဘုရားဂုဏ်အင်္ဂါများဖြင့် ပြည့်စေပြီး၊ ခွန်အားရှိ၍ ကြွယ်ဝလာ စေရန် ဖြစ်သည်။

ကျွန်ုပ်တို့ကို ကယ်တင်ရန် ဘုရားဖြစ်တော်မူသော ကိုယ်တော်သည် လူ၏ ကောင်း မြတ်ခြင်းများအထဲသို့ ဘုရားဂုဏ်အင်္ဂါများကို ယူဆောင်၍ လူအထဲသို့ ကြွလာခဲ့သည်။ ကိုယ်တော်သည် မြေကြီးပေါ်တွင် ဘုရားဂုဏ်အင်္ဂါများဖြင့် သူ၏ လူသားကောင်းမြတ် ခြင်းများ၌ ဖြည့်ခြင်းဖြင့် ဘုရား–လူ၏ အသက်ကို အသက်ရှင်ခဲ့သည်။ နောက်ဆုံးတွင် ကိုယ်တော်သည် ကားတိုင်ပေါ်တွင် အသေခံ၍၊ ရှင်ပြန်ထမြောက်ခဲ့သည်။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာသည် (၁ကော၊၁၅း၄၅)။ ယခု အသက်ပေးဝိညာဉ်တော်ဖြစ်သော ကိုယ်တော်သည် ကျွန်ုပ်တို့ ၏ ဖြစ်ခြင်းအထဲသို့ ဘုရားကို ယူဆောင်ရန်နှင့် ဘုရား၏ ဂုဏ်အင်္ဂါများကို ကျွန်ုပ်တို့၏ ကောင်းမြတ်ခြင်းများ၌ ဖြည့်ပေးရန် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသည်။ ဤနည်း လမ်း၌ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ ကယ်တင်ခြင်းခံရသည်။ ကျွန်ုပ်တို့သည် သခင် ဘုရား၏ ပြန်လည်တည်ဆောက်ခြင်း၊ ကိုယ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲပေးနေခြင်း၏ နည်းလမ်း၌ ကယ်တင်ခံရခြင်းဖြစ်သည်။ (*Life-study of Luke,* pp. 505, 498-499, 507)

*ပို၍ဖတ်ရန်-* *Life-study of Luke*, msgs. 56-59

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၄း၃** **ထိုသူ၏အဆင်းအရောင်သည် ဂျက်စပါကျောက်၊ ပတ္တမြားကျောက်နှင့်တူ၏။ ပလ္လင်၏ပတ်လည်၌ကား၊ မြကျောက်အဆင်းအရောင်နှင့်တူသော သက်တန့်ရှိ၏။**

**၂၁း၁၁** **ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်စုံလျက်၊ ထိုမြို့၏အရောင်အဝါသည် ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဂျက်စပါကျောက်သို့၊ အမြတ်ဆုံးသော ကျောက်မြတ်မွန်နှင့်တူ၏။**

ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ ပန်းတိုင်မှာ ရှင်ပြန်ထမြောက်ခြင်းဖြင့် ဘုန်းအသရေတိုးပွါး၍ "သဏ္ဍာန်တော်နှင့်အညီ ပုံသဏ္ဍာန်ပြောင်းလဲခြင်း" ဖြစ်သည်(၂ကော၊၃း၁၈)။ ခရစ်တော်ကဲ့သို့ တူညီသောသဏ္ဍာန်တော်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းမှာ ကိုယ်တော့်နည်းတူဖြစ်လာစေရန် ကျွန်ုပ်တို့ကို ရှင်ပြန်ထမြောက်၍ ဘုန်းအသရေရှိတော်မူသော ခရစ်တော်ထံသို့ တဖြည်းဖြည်းပုံသဏ္ဍာန်ပြောင်းလဲခြင်းစေမည်ဖြစ်သည် (ရော၊ဂး ၂၉)။

ကျွန်ုပ်တို့သည် သခင်ဘုရားကို မျှော်ကြည့်၍ ဘုန်းတော်ရောင်ပြန်ဟပ်သောအခါ၊ သခင်ဘုရားသည် ကိုယ်တော်ဖြစ်သည့်အရာနှင့် ကိုယ်တော်ပြုတော်မူပြီးသောအရာတို့၏ သဘောသဘာဝများကို ကျွန်ုပ်တို့အထဲသို့ ထည့်သွင်း၍ ဝေငှဖြန့်ဖြူးပေးသည်။ ကိုယ်တော့်အသက်၏ တန်ခိုးတော်နှင့် အသက်၏ အနှစ်သာရသည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ အသက်ပုံသဏ္ဍာန်ရှိလာရန် ကျွန်ုပ်တို့၏ အသိဉာဏ်ကို အသစ်ပြုပြင်ခြင်းဖြင့် ခန္ဓာကိုယ်တွင်းအသက်ဖြစ်စဉ်ကို တဖြည်းဖြည်းပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ကိုယ်တော်၏ ပုံသဏ္ဍာန်တော်အထဲသို့ တဖြည်းဖြည်းအဆင်းသဏ္ဍာန်ပြောင်းလဲခြင်းကို ပြုပေးသည်။ (*Truth Lessons - Level Three*, vol. 3, p. 33)

## ယနေ့ဖတ်စရာ

ဇော်မွှားပင်၏ အစေ့သည် ၎င်း၏ အသက်အနှစ်သာရနှင့် ၎င်း၏ အသက်တန်ခိုးအားဖြင့် ကြီးထွားလာသောအခါ၊ ၎င်းသည် ထူးခြားသောပုံသဏ္ဍာန် ထွက်ပေါ်လာသည်။ ဘုရားအသက်သည်လည်း ထိုနည်းတူဖြစ်သည်။ ထိုအသက်၌ အနှစ်သာရ၊ တန်ခိုးနှင့် ပုံသဏ္ဍာန်ရှိသည်။ ဘုရားဆိုင်ရာအသက်၏ ပုံသဏ္ဍာန်သည် ခရစ်တော်၏ ပုံသဏ္ဍာန်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်အသက်၏ အနှစ်သာရနှင့် ကိုယ်တော်အသက်၏ တန်ခိုးတော်အားဖြင့် ကြီးထွားလာသောအခါ၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ဘုန်းအသရေရှိသော ခရစ်တော်၏ ပုံသဏ္ဍာန်တော်အထဲသို့၊ ခရစ်တော်၏ အထဲသို့ တဖြည်း

ဖြည်း ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရသည်။ (*Truth Lessons - Level Three,* vol. 3, p. 33)

အခြေခံအုတ်မြစ်၊ ပုံစံနမူနာ၊ ဒြပ်သဘောသဘာဝနှင့် နည်းလမ်းဖြစ်သော ကိုယ်တော်၏ သားဦးနှင့်အတူ ဘုရားသခင်သည် များစွာသောသားများကို ထုတ်လုပ်လျက်ရှိပြီး၊ ထုတ်လုပ်ခြင်းခံရသော များစွာသောသားများသည် ဘုရားသခင်၏ သားဦးအထဲသို့ ယုံကြည်ကြသော ယုံကြည်သူများဖြစ်ကာ၊ တစ်လုံးတစ်ဝတည်းအဖြစ် ကိုယ်တော့်ကို ပေါင်းစည်းဆက်နွယ်ကြသည်။ သူတို့သည် အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်နှင့် တစ်ထပ်တည်းတူလာသကဲ့သို့၊ သူတို့၌ လူသားဖြစ်ခြင်းနှင့် ဘုရားဖြစ်ခြင်းသည် ကိုယ်တော်ကဲ့သို့ ဖြစ်လာသည်။ သူတို့သည် ကိုယ်တော်၏ တိုးပွားခြင်းနှင့် ထင်ရှားခြင်း ဖြစ်လာသည့်အတွက် ထာဝရကာလ၌ ထာဝရဖြစ်သောသုံးပါးတစ်ပါးဘုရားကို ထင်ရှားစေနိုင်မည်ဖြစ်သည်။ အသင်းတော်သည် ယနေ့ ဤထင်ရှားခြင်း၏ ပုံစံငယ်ဖြစ်၍(ဧ၊ ၁း ၂၃)၊ ထာဝရကာလ၌ ယေရုရှလင်မြို့သစ်သည် ဤထင်ရှားခြင်း၏ အဆုံးစွန်ထင်ရှားခြင်း ဖြစ်လာလိမ့်မည်(ဗျာ၊ ၂၁း၁၁)။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကြိုတင်ခွဲခန့်မှတ်သားခြင်းမှာ ကျွန်ုပ်တို့အား သန့်ရှင်းစင်ကြယ်ခြင်း၊ ဝိညာဉ်ရေးရာနှင့် အောင်မြင်လာနိုင်စေရန်အတွက်သာမဟုတ်ဘဲ၊ သားတော်၏ ပုံသဏ္ဍာန်တော်သို့ အပြည့်အဝပုံသဏ္ဍာန်တူလာစေနိုင်ရန် အတွက်လည်းဖြစ်သည်။ ဤအရာသည် ထာဝရအတိတ်ကာလ၌ ဘုရားသခင်ချမှတ်ထားသည့် ကျွန်ုပ်တို့၏ ခရီးပန်းတိုင်ဖြစ်သည်။ ပုံသဏ္ဍာန်တူလာခြင်းသည် ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ နောက်ဆုံးရလဒ်ဖြစ်သည်။ ၎င်းတွင် ကျွန်ုပ်တို့၏ အတွင်းပိုင်းအနှစ်သာရနှင့် သဘောသဘာဝပြောင်းလဲခြင်းပါဝင်သည့်အပြင်၊ ဘုရား–လူ၊ ခရစ်တော်၏ ဘုန်းပြည့်စုံသော ပုံသဏ္ဍာန်တော်နှင့် ကိုက်ညီမည့် အပြင်ပိုင်းပုံသဏ္ဍာန်ပြောင်းလဲခြင်းလည်း ပါဝင်သည်။ ကိုယ်တော်သည် ရှေ့ပြေးပုံစံဖြစ်ပြီး၊ ကျွန်ုပ်တို့သည် များစွာသောထုတ်လုပ်ခြင်းဖြစ်သည်။ (*The Conclusion of the New Testament,* pp. 3081-3082)

ဗျာဒိတ်ကျမ်း၌ ပလ္လင်တော်ပေါ်တွင် ထိုင်လျက်ရှိသော ဘုရားသခင်သည် ဂျက်စပါကျောက်အဆင်းအရောင်နှင့်တူသည်(၄း၃)။ ထိုနောက် ၂၁း၁၀၌ ယောဟန်က ကျွန်ုပ်တို့အား မြို့၏ နံရံကို ဂျက်စပါကျောက်နှင့် တည်ဆောက်ထားကြောင်း ပြောဆိုထားသည်။ ဤကျမ်းပိုဒ်နှစ်ခုက ကျွန်ုပ်တို့အား ယေရုရှလင်မြို့သစ်သည် ဘုရားသခင်နှင့်တူကြောင်း ပြောပြသည်။ မြို့သည် ဘုရားသခင်၏ စုပေါင်းထင်ရှားခြင်း ဖြစ်သည်။

ဘုရားသခင်သည် စုပေါင်းထင်ရှားခြင်းဖြစ်လာမည့်အကြောင်းအား လူကို ကိုယ်တော်ဖန်ဆင်းခြင်း၌လည်း ဖော်ပြထားသည်။ ခေတ်ကာလများမတိုင်မီကပင်၊

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သားအရာအတွက် ကြိုတင်ခွဲခန့်မှတ်သားပြီးဖြစ်သည်။ ထိုနောက် ဘုရားသခင်က တစ်နေ့တွင် ဤဖန်ဆင်းခံလူသည် ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းဖြစ်လာရမည့်ရည်ရွယ်ချက်ဖြင့် ကြိုတင်ခွဲခန့်မှတ်သားထားသည့်အတိုင်း သူ၏ပုံသဏ္ဍာန်တော်၌ လူကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ထိုနေ့ရက်သည် ယခုတိုင် ဖြစ်မလာသေးပါ။ ခေတ်ကာလလေးခုဖြစ်သည့်– ဘိုးဘေးတို့၏ခေတ်ကာလ၊ ပညတ်တရားခေတ်ကာလ၊ ကျေးဇူးတော်ခေတ်ကာလနှင့် နိုင်ငံတော်ခေတ်ကာလ – များ ပြီးစီးသွားသောအခါ၊ သားဦး၏ပုံသဏ္ဍာန်တော်သို့ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးသည့် ဘုရားသခင်၏အလုပ်သည် ပြီးပြည့်စုံလိမ့်မည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် ဘုရား၏ပုံသဏ္ဍာန်တော်ကို ယူဆောင်သည့် အသက်ရှင်စုပေါင်းသောဖြစ်တည်ခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည်။

ယေရုရှလင်မြို့သစ်သည် စုပေါင်းထင်ရှားခြင်းဖြစ်သော သားများအားလုံးအတူတကွစုပေါင်းခြင်း ဖြစ်သည်။ ၎င်းသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်နှစ်ခုလုံးရှိ ခေတ်ကာလများအားလုံး၌ ဘုရားသခင်အားဖြင့် ရွေးနုတ်ထားသောသန့်ရှင်းသူများအားလုံး ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ အတူတကွရှိကြသော သူတို့သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ လူကိုဖန်ဆင်းရာတွင် ဖေါ်ပြထားသကဲ့သို့၊ ဘုရားစိတ်နှလုံးအလိုဆန္ဒပြည့်စုံစေရန်၊ စုပေါင်း၍ဘုရားကိုထင်ရှားသည့်၊ ဘုရားသားအရာ၏စုပေါင်းခြင်းဖြစ်သည့် ဤသန့်ရှင်းသောမြို့၏အစိတ်အပိုင်းများဖြစ်လာလိမ့်မည်။ ဗျာဒိတ်၊ ၂၁နှင့် ၂၂သည် က၊၁း ၂၆၏ပြီးပြည့်စုံခြင်းဖြစ်သည်၊– ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ ဘုရားသည် လူကိုရရှိခြင်း။ (*The Basic Revelation in the Holy Scriptures*, p. 144)

*ပို၍ဖတ်ရန်-* *Level Three*, vol. 3, Isns. 43-44; *The Central Line of the Divine Revelation*, msgs. 5-6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

***Hymns,* # E- 1097**

*ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ*----------

# အုပ်စိုးခြင်း — ရန်သူကိုသိမ်းပိုက်၍ မြေကြီးကို ပြန်လည်ရယူပြီး၊ မြေကြီးပေါ်တွင် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ခြင်း

ဖတ်ရန်ကျမ်း။ ။ က၊ ၁း ၂၆–၂၈။ မ၊ ၆း၉–၁၀၊ ၁၃။ ၁ကော၊ ၁၅း၄၇။ ဧ၊ ၂း၁၅။ ဗျာ၊၁၁း၁၅။

*Day 1*

**I. စုပေါင်းသောလူကို ဘုရားသခင် ဖန်ဆင်းခြင်းသည် ကိုယ်တော့်ကို ထင်ရှားရန်အတွက်သာမဟုတ်ဘဲ၊ အရာခပ်သိမ်းတို့ အပေါ်တွင် အုပ်စိုးခြင်းဖြင့် ကိုယ်တော့်ကို ကိုယ်စားပြုရန်ဖြစ်သည် (က၊ ၁း ၂၆၊ ၂၈)။**

က။ သမ္မာကျမ်းစာ၏ဖွင့်ပြချက်မှာ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ အုပ်စိုးခြင်းနှင့်အတူ ကိုယ်တော့်ကိုကိုယ်စားပြုရန်၊ ကိုယ်တော့်ကိုထင်ရှားစေရန်၊ သူ၏ပုံသဏ္ဌာန်တော်နှင့် တစ်ညီသဏ္ဌာန်တည်း လူကို ဖန်ဆင်းခြင်းအကြောင်းဖြစ်သည် (အငယ်၊ ၂၆)။

ခ။ ကိုယ်တော်၏ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၌ ဘုရားသခင်သည် သူ၏ပုံသဏ္ဌာန်တော်၌ လူတစ်ဦးကိုသာ ဖန်ဆင်းခဲ့ပြီး၊ ဤလူအား မြေကြီးတစ်ပြင်လုံးအပေါ် အုပ်စိုးခြင်းအခွင့်ကို ပေးအပ်ခဲ့သည်။ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားအား တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းရှိလေလေ၊ ဘုရားဆိုင်ရာပုံသဏ္ဌာန်တော်နှင့် ဘုရားဆိုင်ရာအုပ်စိုးခြင်း၏ စစ်မှန်ခြင်း၌ ပို၍ကြီးထွားလာလေလေဖြစ်သည် (အငယ်၊ ၂၇–၂၈။ ၂ကော၊ ၁၃း၁၄။ ဧ၊ ၃း၁၄–၁၇)။

**II. လူအားအုပ်စိုးခြင်းအခွင့်ကို ပေးအပ်ခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်သော စာတန်၊ ဘုရားသခင်၏ရန်သူကို သိမ်းပိုက်ရန်ဖြစ်သည် (က၊ ၁း ၂၆၊ ၂၈)။**

က။ မြေပေါ်တွင် တွားသွားတတ်သောသတ္တဝါများသည် စာတန်၊ မြွေနှင့် စာတန်နောက်သို့လိုက်သော နတ်ဆိုးများအပါအဝင် သူ၏တမန်များကို ပုံဆောင်ခြင်းဖြစ်သည်(အငယ်၊ ၂၆။ ၃း၁၊ ၁၄။ ဗျာ၊ ၁၂း၄၊ ၇၊ ၉။ မ၊ ၂၅း၄၁။ cf. လု၊ ၁၀း၁၉)။

ခ။ က၊ ၁း ၂၈၌ရှိသော *သိမ်းပိုက်ခြင်း*သည် မြေကြီးပေါ်တွင် ဘုရားနှင့် သူ၏ရန်သူ၊ စာတန်အကြားရှိ ပြင်းထန်သော စစ်ပွဲကိုရည်ညွှန်းသည်။ မြေကြီးကို ရယူနိုင်သောသူ မည်သူမဆို အောင်မြင်ခြင်းကို ရမည်ဖြစ်သည်။

ဂ။ ဘုရားသခင်၌ ပြဿနာတစ်ခုရှိပြီး၊ ဤပြဿနာမှာ ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်၍၊ စကြဝဠာ၌ အထူးသဖြင့်မြေကြီးပေါ်တွင် ကိုယ်တော်၏ရန်သူဖြစ်လာသောသူ ကောင်းကင်တမန်မင်း စာတန်ဖြစ်သည် (ဟေရှာ၊ ၁၄း၁၂–၁၄။ ယေဇ၊ ၂၈း ၁၂–၁၈)။

၁။ က၊၃း၁ အရ ဘုရားသခင်၏ရန်သူ စာတန်သည် မြေကြီးပေါ်တွင် တွားသွားတတ်သောသတ္တဝါများမှ တစ်မျိုးဖြစ်သော မြွေထဲ၌ သူ့ကိုယ်သူဖုံးကွယ်နေသည်။

၂။ ကိုယ်တော်၏ရန်သူကို သိမ်းပိုက်၍၊ ကိုယ်တော်၏ပြဿနာကို ဖြေရှင်းရန်အလို့ငှါ၊ ဘုရားသခင်သည် လူအား ကိုယ်တော်ဖန်ဆင်းခဲ့သော အရာအားလုံးတို့၏အပေါ်တွင် အုပ်ချုပ်ရန် အခွင့်အာဏာကို ပေးအပ်ခဲ့သည် (၁း ၂၆)။

၃။ ဘုရားသခင်ကို ပုန်ကန်သော ရန်သူသည် မြေကြီးကို မတရားလုယူသိမ်းပိုက်ခဲ့သောကြောင့် လူသည် အထူးသဖြင့် မြေကြီးကို သိမ်းပိုက်၍၊ မြေကြီးတစ်ပြင်လုံးကို အုပ်ချုပ်ရမည် (အငယ်၊ ၂၈)။

၄။ ဘုရားသခင်သည် တွားသွားတတ်သောသတ္တဝါအားလုံးတို့အပေါ်တွင် ကိုယ်တော်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ရန်နှင့် ပုန်ကန်သောမြေကြီးကို အနိုင်ယူ၍ သိမ်းပိုက်စိုးမိုးရန်အတွက် လူကို လိုအပ်သည်။ သို့မှသာ ဘုရားသခင်သည် ကိုယ်တော်၏နိုင်ငံတော်အတွက် မြေကြီးကို ပြန်လည်ရယူနိုင်မည်ဖြစ်သည် (မ၊ ၆း၉–၁၀)။

***Day 2***

ဃ။ ဘုရားသခင်သည် သူ၏ရန်သူနှင့် ဆက်ဆံဖြေရှင်းရန် လူကို အသုံးပြုလို၍၊ ကိုယ်တော်သည် လူကို ဤအကြံအစည်အတွက် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ကျဆင်းသွားသောသတ္တဝါ *စာတန်* ကို ဆက်ဆံဖြေရှင်းရန် ကိုယ်တော်၏ *လူ*သတ္တဝါကို အလိုရှိ

သည် (က၊ ၁း ၂၈)။

င။ "အကယ်၍ လူသည် စာတန်၏လက်မှ မြေကြီးကို ပြန်လည်ရယူခြင်းမရှိပါက၊ သူ့ကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်ကို သူစွမ်းဆောင်ပေးနိုင်ခြင်းမရှိသေးပါ။ စာတန်ကိုဆက်ဆံဖြေရှင်းခြင်းသည် ဘုရားသခင်၏ အကျိုးအမြတ်အတွက် ဖြစ်သည်။ စာတန်ကိုဆက်ဆံဖြေရှင်းခြင်းသည် ဘုရား၏ လိုအပ်မှုကို ဖြည့်ဆည်းခြင်းဖြစ်သည်"*(The Glorious Church, p. 11)*။

**III. လူအား အုပ်စိုးခြင်းအခွင့်ကို ပေးအပ်ခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ မြေကြီးကို ပြန်လည်ရယူရန် ဖြစ်သည်( အငယ်၊ ၂၈)။**

က။ ဘုရားသခင်သည် သူကိုယ်တော်တိုင်အတွက် မြေကြီးကို ပြန်လည်ရယူရန် ရည်ရွယ်ချက်နှင့် လူကိုဖန်ဆင်းခဲ့ခြင်းဖြစ်သည်(အငယ်၊ ၂၆)။

၁။ ဘုရားသခင်သည် လူအား မြေကြီးတစ်ပြင်လုံးကို အုပ်စိုးရန်၊ အနိုင်ယူရန်၊ သိမ်းပိုက်ရန်နှင့် ဘုရားအတွက်မြေကြီးကို ပြန်လည်ရယူရန် ဖန်ဆင်းထားခြင်းဖြစ်သည် (အငယ်၊ ၂၆၊ ၂၈)။

၂။ ဘုရားသခင်သည် မြေကြီးကို အုပ်ချုပ်ရန် အလိုရှိသည်။ မြေကြီးသည် စာတန်ဆုပ်ကိုင်လိုသောနေရာနှင့် ဘုရားသခင်ပြန်လည်ရရှိလိုသောနေရာ၊ အဓိကနေရာဖြစ်လာသည်။

၃။ လူသည် အသီးသီးရန်နှင့် တိုးပွားများပြား၍၊ မြေကြီးတစ်ပြင်လုံးကိုပြည့်စေရန်နှင့် ၎င်းကို သိမ်းပိုက်ရန် စေခိုင်းခံရသည် (အငယ်၊ ၂၈)။

ခ။ သခင်ဘုရား၏ နာမတော်ကို မြေကြီးပေါ်တွင် သန့်ရှင်းစင်ကြယ်စေပြီး၊ မြေကြီးတစ်ပြင်လုံး၌ သာလွန်ထူးမြတ်စေရမည်ဖြစ်သည် (မ၊ ၆း၉–၁၀။ ဆာ၊ ၈း၁၊ ၉)။

ဂ။ မိလေနိကာလတွင် မြေကြီးသည် ဘုရားသခင်၏ နိုင်ငံတော်ဖြစ်လာမည်ဖြစ်ပြီး၊ ထာဝရကာလ၌ ယေရုရှလင်မြို့သစ်သည် ကောင်းကင်မှ မြေကြီးသစ်သို့ ဆင်းကြွလာမည်ဖြစ်သည် (ဗျာ၊၁၁း၁၅။ ၂၁း၁–၂)။

*Day 3* **IV. လူကို အုပ်စိုးခြင်းအခွင့်ပေးအပ်ခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ မြေကြီးပေါ်တွင် ဘုရားသခင်၏ အခွင့်အာဏာကို လေ့**

**ကျင့်ရန် ဖြစ်သည်၊ သို့မှသာ ဘုရားသခင်၏နိုင်ငံတော်သည် မြေကြီးပေါ်သို့ ရောက်ရှိလာနိုင်၍၊ ဘုရားသခင်၏အလိုတော်ကို မြေကြီးပေါ်တွင် လုပ်ဆောင်လာနိုင်ခြင်းဖြင့်၊ ဘုရားသခင်၏ဘုန်းတော်သည် မြေကြီးပေါ်တွင် ထင်ရှားလာနိုင်မည်ဖြစ်သည် (မ၊ ၆း၁၀၊ ၁၃ခ)။**

က။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်လုပ်ဆောင်ရန် လိုအပ်သည်။ သို့မှသာ ဘုရားသခင်၏နိုင်ငံတော်သည် မြေကြီးပေါ်တွင် တည်ထောင်လာနိုင်မည် ဖြစ်သည် (အငယ်၊ ၁၀)။

၁။ စစ်မှန်သော အသင်းတော်သည် ဤခေတ်ကာလ၌ ဘုရားသခင်၏နိုင်ငံတော်ဖြစ်သည် (၁၆း၁၈–၁၉။ ၁၈း၁၇–၁၈။ ၁၃း၄၄–၄၆။ ရော၊ ၁၄း၁၇။ ၁ကော၊ ၄း၂၀။ ဧ၊ ၂း၁၉။ ကော၊ ၄း၁၁။ ဗျာ၊ ၁း၄–၆)။

၂။ အသင်းတော်သည် နိုင်ငံတော်ကို ဆောင်ယူလာသည်။ အသင်းတော်၏ အလုပ်သည် ဘုရားသခင်၏နိုင်ငံတော်ကို ဆောင်ယူလာရန်ဖြစ်သည်(မ၊ ၆း၁၀။ ၁၂း၂၂–၂၉။ ဗျာ၊ ၁၁း၁၅။ ၁၂း၁၀)။

က။ အသင်းတော်သည် နိုင်ငံတော်ကို ဆောင်ယူလာရန် ရည်ရွယ်ချက်အတွက် ဖြစ်တည်လာရခြင်းဖြစ်သည် (မ၊ ၁၆း၁၈–၁၉။ ၁၈း၁၇–၁၈။ ဗျာ၊၁း၆၊ ၉။ ၁၁း၁၅)။

ခ။ အသင်းတော်သည် ဘုရားသခင်၏နိုင်ငံတော်ကို ဆောင်ယူလာရန် အခွင့်အာဏာနှင့် ဆုတောင်းသင့်သည်(မ၊၆း၁၀)။

ခ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ရန် လိုအပ်သည်။ သို့မှသာ ဘုရားသခင်၏ အလိုတော်သည် မြေကြီးပေါ်တွင် ပြည့်စုံနိုင်မည်ဖြစ်သည် (အငယ်၊၁၀)။

၁။ ဘုရားသခင်သည် သူ၏ကောင်းသော ကျေနပ်အားရမှုအလိုတော်နှင့်အညီ အကြံအစည်ရှိသော ဘုရားဖြစ်၍၊ ကိုယ်တော်သည် ဤအကြံအစည်တော်အတွက် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် သူ၏အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံနိုင်မည်ဖြစ်သည် (ဗျာ၊၄း၁၁။ ဧ၊၃း၉–၁၁။ ကော၊၁း၉)။

၂။ နိုင်ငံတော်သည် ဘုရားသခင်အလိုတော်၏ အကြောင်းအရာ လုံးလုံးဖြစ်၍၊ ဘုရားသခင်၏ အလိုတော်ကို ပြည့်ဝပြည့်စုံစေသည်။ အမှန်စင်စစ် နိုင်ငံတော်သည် ဘုရားသခင်၏ အလိုတော်ဖြစ်သည် (မ၊၆း၁၀)။

၃။ ဘုရားသခင်၏ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်း ပြည့်စုံစေရန်အတွက် ကျွန်ုပ်တို့ ဆုတောင်းဖို့ လိုအပ်သည်(အငယ်၊၁၀)။

*Day 4*

ဂ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ရန် လိုအပ်သည်။ သို့မှသာ ဘုရားသခင်၏ ဘုန်းတော်သည် မြေကြီးပေါ်တွင် ထင်ရှားလာနိုင်မည် ဖြစ်သည် (အငယ်၊ ၁၃)။

၁။ ဘုရားသခင်သည် ဘုန်းကြီးသော ဘုရားဖြစ်သည်။ ဘုန်းတော်သည် ဘုရားသခင်ကို ထင်ရှားခြင်း၊ ဘုရား၏ ထင်ရှားခြင်း ဖြစ်သည် (တ၊၇း ၂။ ဧ၊၁း၁၇။ ၃း၁၄၊ ၁၆၊ ၂၁။ ဗျာ၊၂၁း ၁၀–၁၁)။

၂။ ဘုရားသခင်၏ နိုင်ငံတော်သည် ဘုရားသခင်၏ တန်ခိုးတော် လေ့ကျင့်လုပ်ဆောင်သော နယ်ပယ်ဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် သူ၏ ဘုန်းတော်ကို ထင်ရှားနိုင်မည်ဖြစ်သည် (မ၊ ၆း၁၀၊ ၁၃)။

**V. ကိုယ်တော်၏ပုံသဏ္ဌာန်တော်၌ ဘုရားသခင်ကို ထင်ရှားစေပြီး၊ ကိုယ်တော်၏ အခွင့်အာဏာတော်၌ ဘုရားသခင်ကို ကိုယ်စားပြုမည့် လူအတွက် ဘုရားသခင်၏ရည်ရွယ်ချက်သည် ဒုတိယလူတည်းဟူသော ခရစ်တော်နှင့် စုပေါင်းထားသောလူသစ်တစ်ဦး၌ ပြည့်စုံလာနိုင်မည်ဖြစ်သည်(၁ကော၊ ၁၅း၄၇။ ဧ၊ ၂း၁၅။ ၁း၂၂–၂၃။ ၁ကော၊ ၁၂း၁၂။ ကော၊ ၃း၁၀–၁၁)။**

*Day 5*

က။ ခရစ်တော်သည် နောက်ဆုံးဖြစ်သော အာဒံဖြစ်သည်သာမဟုတ်ဘဲ၊ ဒုတိယလူ လည်းဖြစ်သည် (၁ကော၊ ၁၅း၄၅၊ ၄၇)။

၁။ ပထမအာဒံသည် လူသားမျိုးနွယ်၏ အစဦးဆုံးဖြစ်ပြီး၊ နောက်ဆုံးသောအာဒံသည် အဆုံးဖြစ်သည် (အငယ်၊ ၄၅)။

၂။ ပထမလူဖြစ်သော အာဒံသည် ဖန်ဆင်းခြင်းကို ကိုယ်စားပြုသော ဖန်ဆင်းခြင်းအဟောင်း၏ ဦးခေါင်းဖြစ်သည်။ ဒုတိယ

လူဖြစ်သော ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းကို ကိုယ်စားပြုသည့်၊ ဖန်ဆင်းခြင်းအသစ်၏ဦးခေါင်းတော် ဖြစ်သည် (အငယ်၊၄၅၊ ၄၇)။

၃။ ကျွန်ုပ်တို့ယုံကြည်သူများသည် မွေးကတည်းက ပထမလူ၌ ပါဝင်ပြီး၊ အသစ်တစ်ဖန်မွေးဖွားခြင်းအားဖြင့် ဒုတိယလူ၏ အစိတ်အပိုင်း ဖြစ်လာခဲ့သည်။ ခရစ်တော်အထဲသို့ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ပထမလူမှ ဒုတိယလူအထဲသို့ ကူးမြောက်စေသည် (ရော၊၅း၁၂–၂၁)။

ခ။ အသင်းတော်သည် ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားများဖြစ်သည့် လူနှစ်မျိုးဖြင့် အစပြုဖြစ်ပွားစေပြီး၊ စကြာဝဠာ၌ လူသစ်တစ်ဦးတည်းဖြစ်သော ယုံကြည်သူများအားလုံးဖြင့် ပေါင်းစည်းထားသော၊ စကြာဝဠာဆိုင်ရာနှင့် စုပေါင်းထားသော လူသစ်တစ်ဦးဖြစ်သည် (ဧ၊၂း၁၅)။

၁။ ဘုရားသခင်သည် လူကို စုပေါင်းထားသောဖြစ်တည်ခြင်းအဖြစ် ဖန်ဆင်းခဲ့သည် (က၊၁း၂၆)။

က။ ဘုရားဖန်ဆင်းထားသည့် စုပေါင်းထားသောလူသည် လူ၏ကျဆင်းခြင်းဖြင့် ပျက်စီးခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် လူသစ်တစ်ဦးကို ထုတ်လုပ်ရန် လိုအပ်ရခြင်းဖြစ်သည်။

ခ။ လူသစ်ကို ထုတ်လုပ်ခြင်းမှာ ဝိနည်းအထုံးအဖွဲ့များကို ကိုယ်တော်၏ အသွေးအသား၌ ခရစ်တော်၏ ချေဖျက်ခြင်းဖြင့်လည်းကောင်း၊ သူကိုယ်တော်တိုင်၌ လူသစ်ကို ဖန်ဆင်းခြင်းအားဖြင့်လည်းကောင်း၊ ပြည့်စုံစေခဲ့သည် (ဧ၊၂း၁၅)။

**Day 6**

၂။ ကမ္ဘာဦး၊၁၌ လူကို ဘုရားသခင်ဖန်ဆင်းခြင်းသည် ဘုရားသခင်၏ဖန်ဆင်းခြင်းအသစ်ရှိ လူသစ်၏ရုပ်ပုံကားချပ်ဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းခြင်းအဟောင်းသည် ဖန်ဆင်းခြင်းအသစ်၏ အမျိုးအစား၊ ပုံပန်းသဏ္ဍာန်ဖြစ်ကြောင်း ဆိုလိုသည် (ဧ၊၂း၁၅။ ၄း၂၄)။

က။ နောက်ဆုံးတွင် လူသစ်တစ်ဦးဖြစ်သော အသင်းတော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်၌ စုပေါင်းထားသော လူဖြစ်သည်။ ဤလူသစ်သည် ဘုရားသခင်ကို ထင်ရှားရန်နှင့် ဘုရား၏ ရန်သူကို ဆက်ဆံဖြေရှင်းရန်ဟူသော ရည်ရွယ်ချက်နှစ်ခုကို ပြည့်စုံစေလိမ့်မည် ဖြစ်သည်။

ခ။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းသောခရစ်တော်ကိုယ်ခန္ဓာတော်၏ များစွာသောအင်္ဂါဝင်များဖြစ်သည့် လူသစ်တစ်ဦး၏ အင်္ဂါဝင်များစွာကို အသစ်တစ်ဖန်မွေးဖွားပေးရန် ဖြစ်သည်။ (၁ကော၊ ၁၂း၂၇)။

ဂ။ ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်၌ စုပေါင်းထားသောလူ၊ အသင်းတော်ဖြစ်သော ကျွန်ုပ်တို့သည် ဘုရားကို ထင်ရှားရန်နှင့် မြေကြီးကိုသိမ်းပိုက်၍၊ ကိုယ်တော်၏ ရန်သူကို အောင်နိုင်ရန် ကိုယ်တော့်ကို ကိုယ်စားပြုသူများဖြစ်ကြသည် (ကော၊ ၃း၁၀)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကၢ၊ တဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့် တစ်ညီတစ်သဏ္ဍာန်တည်း**
**၁း၂၆ လူကိုဖန်ဆင်းကြစို့၊ သူသည် ပင်လယ်ငါးကိုလည်းကောင်း၊ မိုး**
**ကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း၊**
**မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာတွားတတ်သော တိရစ္ဆာန်အ**
**ပေါင်းတို့ကိုလည်းကောင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။**
**၂၈ များပြားစွာ မွေးဖွားကြလော့။ မြေကြီးကိုပြည့်စေ၍ နိုင်ကြလော့။**
**အုပ်စိုးကြလော့ဟု မိန့်တော်မူ၍၊ သူတို့ကို ကောင်းကြီးပေးတော်မူ**
**၏ ။**

ဘုရားသခင်သည် စုပေါင်းသောလူကို ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့် ကိုယ်တော်တိုင်ကို ထင်ရှားစေရန်မျှသာ ဖန်ဆင်းခြင်းမဟုတ်ဘဲ၊ အရာခပ်သိမ်းတို့အပေါ် ကိုယ်တော်၏ အုပ်စိုးခြင်းအခွင့်ကို လုပ်ဆောင်ခြင်းဖြင့် ကိုယ်တော့်ကို ကိုယ်စားပြုစေရန်လည်း ဖြစ်သည်။ လူအား အုပ်စိုးခြင်းအခွင့်ကို ပေးအပ်ခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ (၁) ဘုရားကို ဆန့်ကျင်ပုန်ကန်သောသူ၊ ဘုရားသခင်၏ ရန်သူ၊ စာတန်ကို နှိမ်နင်းရန်၊ (၂) စာတန်သိမ်းယူခဲ့သော မြေကြီးကို ပြန်လည်ရယူရန်၊ (၃) မြေကြီးပေါ်တွင် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်လုပ်ဆောင်နိုင်ရန်အလို့ငှါ၊ မြေကြီးပေါ်သို့ ဘုရားသခင်၏ နိုင်ငံတော် ဆင်းကြွလာနိုင်ရန်၊ မြေကြီးပေါ်တွင် ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်နိုင်ရန်နှင့် မြေကြီးပေါ်တွင် ဘုရားသခင်၏ ဘုန်းတော် ထင်ရှားလာနိုင်စေရန် ဖြစ်သည် (မ၊၆း၁၀၊ ၁၃ခ)။ (Gen. 1;26, footnote 5)

## *ယနေ့ဖတ်စရာ*

ကမ္ဘာဦး၊ ၁း၂၆နှင့် ၂၇ရှိ လူသည် ပေပြဲဘာသာစကား၌ အနည်းကိန်းဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ ပုဂ္ဂိုလ်သုံးပါး၌ တစ်ပါးတည်းဖြစ်တော်မူသောဘုရားသခင်သည် တစ်ဦးတည်းသောလူကို ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းခဲ့ပြီး၊ မြေကြီးတစ်ပြင်လုံးအပေါ် ကိုယ်တော်၏ အုပ်စိုးခြင်းအခွင့်ကို ဤလူအား ပေးအပ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ကျမ်းစာ၏ဖွင့်ပြခြင်းမှာ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌ ကိုယ်တော့်ကို ထင်ရှားရန်နှင့် ကိုယ်တော့်ကို ကိုယ်စားပြုရန် ကိုယ်တော်၏ အုပ်စိုးခြင်းအခွင့်နှင့်အတူ လူကိုဖန်ဆင်းခြင်းဖြစ်သည့်အတွက်၊ ဤစာတစ်ကြောင်းတည်းသည် သမ္မာကျမ်းစာတစ်အုပ်လုံးရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်းကို အကျုံးဝင်စေသည်။

သုံးပါးတစ်ပါးဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ ပုံသဏ္ဍာန်တော်၏ စစ်မှန်ခြင်းနှင့် ဘုရားဆိုင်ရာအုပ်စိုးခြင်း၏ စစ်မှန်ခြင်း၌ ကြီးထွားနေသည်။ ခရစ်တော်၌ ကျွန်ုပ်တို့ကြီးထွားလေလေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့် ဘုရားသခင်၏ အုပ်စိုးခြင်းအခွင့် ရှိလာလေလေဖြစ်သည်။ လူတို့သည် အသင်းတော် အစည်းအဝေးသို့ လာရောက်သောအခါ၊ သူတို့သည် ဝိညာဉ်တော်၏ စီးဆင်းခြင်း၌ ခရစ်တော်၏ စစ်မှန်ခြင်းကို ထိတွေ့နိုင်ပြီး၊ သူတို့သည် ဘုရားသခင်၏ ထင်ရှားခြင်းကို မြင်နိုင်ကာ၊ ဘုရားဆိုင်ရာအခွင့်အာဏာတော်ကို လေ့ကျင့်ခြင်းဖြင့် အောင်နိုင်ခြင်းနှင့် သိမ်းပိုက်စိုးမိုးခြင်းကို ခံစားနိုင်မည် ဖြစ်သည်။(*CWWL, 1970*, vol. 1, pp. 94, 106).

လူတို့အား အုပ်စိုးခြင်းအခွင့်ကို ပေးအပ်ခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဘုရားသခင်ရည်ရွယ်ချက်၏ ပထမသွင်ပြင်လက္ခဏာမှာ တွားသွားသော တိရစ္ဆာန်များဖြင့် ပုံဆောင်သော စာတန်နှင့် ဆက်ဆံဖြေရှင်းရန်၊ ကိုယ်တော်၏ ရန်သူနှင့် ဆက်ဆံဖြေရှင်းရန် ဖြစ်သည်(က၊ ၁း ၂၆)။ သမ္မာကျမ်းစာ၌ တွားသွားတိရစ္ဆာန်များသည် နတ်ဆိုး၊ ဆိုးညစ်သောသူနှင့် စာတန်မာရ်နတ်ဖြစ်သည်။ ဖန်ဆင်းခြင်းအားလုံးကို ကိုယ်စားပြုအသက်ရှင်သော သတ္တဝါလေးပါး – လင်းယုန်၊ နွား၊ ခြင်္သေ့နှင့် လူသည် ဘုရားသခင်၏ ပလ္လင်တော်ရှေ့တွင်ရှိသည်။ ဘုရားသခင်၏ ရှေ့တော်တွင် ကင်းမြီးကောက်၊ သို့မဟုတ် မြွေကဲ့သို့သော တွားသွားတိရစ္ဆာန်များသည် ကိုယ်စားပြုခြင်းမခံရပါ။ (*Life-study of Genesis*, p. 79)

က၊၁း ၂၆၌ *တွားသွားတိရစ္ဆာန်*သည် စာတန်၊ မြွေနှင့်(၃း၁၊ ၁၄။ ဗျာ၊၁၂း၉)၊ သူ၏ တမန်များ(မ၊ ၂၅း၄၁။ ဗျာ၊၁၂း၄က၊ ၇ခ)ထိုနည်းတူ စာတန်နောက်သို့လိုက်သော သူနတ်ဆိုးများ(cf. လု၊ ၁၀း၁၉)ကိုလည်း ပုံဆောင်ခြင်းဖြစ်သည်။ (Gen. 1;28, footnote)

က၊ ၁း ၂၈၌ *နှိမ်နင်းခြင်း*သည် မြေကြီးပေါ်တွင် ဘုရားနှင့် ကိုယ်တော်၏ ရန်သူ၊ စာတန်အကြားရှိ ပြင်းထန်သော စစ်ပွဲကို ရည်ညွှန်းသည်။ မြေကြီးကို ရယူနိုင်သောသူသည် အောင်နိုင်ခြင်းကို ရရှိလိမ့်မည် ဖြစ်သည်။ (Gen. 1;28, footnote )

ဘုရားသခင်သည် ဖန်ဆင်းခံလူအား အုပ်စိုးခြင်းအခွင့်ကို ပေးခြင်းမှာ လူသည် ဘုရားဖန်ဆင်းထားသော မြေကြီးပေါ်ရှိ အရာခပ်သိမ်းတို့အပေါ် ကိုယ်တော်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ခြင်းဖြင့် ဘုရားကိုကိုယ်စားပြုနိုင်ရန် ဖြစ်သည်။ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သည်။ သို့သော် ကိုယ်တော်သည် မြေကြီးကို တိုက်ရိုက် အုပ်စိုးရန် အလိုမရှိပါ။ ကိုယ်တော်သည် လူအား အုပ်စိုးခြင်းအခွင့်ကို ပေးအပ်ခြင်းမှာ လူသည် မြေကြီးပေါ်ရှိအရာခပ်သိမ်းတို့အပေါ် အုပ်စိုးနိုင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျမ်းစာ

ကို ဂရုတစိုက်ဖတ်ရှုမည်ဆိုပါက၊ ဘုရားသခင်၌ ပြဿနာရှိကာ၊ ဤပြဿနာမှာ ဘုရားကို ဆန့်ကျင်ပုန်ကန်ပြီး၊ စကြဝဠာ၌ အထူးသဖြင့် မြေကြီးပေါ်တွင် ကိုယ်တော်၏ရန်သူဖြစ်သော ကောင်းကင်တမန်မင်း စာတန်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရလိမ့်မည်။(ဟေရှာ၊ ၁၄း၁၂–၁၄။ ယေဇ၊ ၂၈း ၁၂–၁၈)။ က၊ ၁း၁အရ၊ ဘုရားသခင်၏ရန်သူ စာတန်သည် မြေကြီးပေါ်တွင် တွားသွားတိရစ္ဆာန်များမှ တစ်မျိုးဖြစ်သော မြွေထဲ၌ ပုန်းအောင်းနေသည်။ ကိုယ်တော်၏ရန်သူကို သိမ်းပိုက်ရန်နှင့် သူ၏ပြဿနာကို ဖြေရှင်းရန်အလို့ငှါ၊ ဘုရားသခင်သည် လူအား သူဖန်ဆင်းခဲ့သော အရာအားလုံးတို့အပေါ်တွင် အုပ်ချုပ်ရန် အခွင့်အာဏာကို ပေးအပ်သည်။ မြေကြီးသည် ဘုရားသခင်ကို ပုန်ကန်သောရန်သူဖြင့် မတရားလုယူသိမ်းပိုက်ခြင်းခံထားရ၍၊ အထူးသဖြင့် လူသည် မြေကြီးတစ်ပြင်လုံးကို အုပ်ချုပ်ရန်၊ မြေကြီးကို သိမ်းပိုက်ရယူရမည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် တွားသွားတိရစ္ဆာန်တို့ အပေါ်တွင် ကိုယ်တော်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ရန်နှင့် ပုန်ကန်သောမြေကြီးကို နှိမ်နင်းအောင်နိုင်ရန် လူကိုအလိုရှိသည်။ သို့မှသာ ဘုရားသခင်သည် ကိုယ်တော်၏နိုင်ငံတော်အတွက် မြေကြီးကိုပြန်လည်ရယူနိုင်မည် ဖြစ်သည်။

ရန်သူစာတန်သည် တန်ခိုးကြီးသောသူဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့၌ သူ့ကိုရပ်တန့်စေရန် အခွင့်အာဏာရှိသည်။ (*CWWL, 1970*, vol. 1, pp. 97-99).

*ပို၍ဖတ်ရန်-* *CWWL, 1970*, vol. 1, pp. 94-107; *The Vision of God's Building*, ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဆာ၊ ၈း၁–၂** **အို အကျွန်ုပ်တို့၏သခင်ဘုရား ယေဟောဝါ၊ ကိုယ်တော်၏နာမတော်သည် မြေကြီးတစ်ပြင်လုံး၌ အလွန်ကြီးမြတ်တော်မူ၏။ ဘုန်းအာနုဘော်တော်သည် မိုဃ်းကောင်းကင်ပေါ်မှာ တည်လျက်ရှိပါ၏။ ကိုယ်တော်၏ရန်သူတို့ကို ရည်ဆောင်၍ ရန်သူကိုဎင်း၊ အငြိုးထားသောသူကို ဎင်း၊ တိတ်ဆိတ်စွာနေစေခြင်းငှါ၊ နို့စို့သူငယ်တို့၏နှုတ်ထဲမှာ အစွမ်းသတ္တိကို စီရင်တော်မူ၏။**

ဘုရားသခင်သည် သူ၏ရန်သူကိုဆက်ဆံဖြေရှင်းရန် လူအား အသုံးပြုလို၍၊ ဤအကြံအစည်တော်အတွက် လူကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ဖန်ဆင်းခံနှင့်ဆက်ဆံဖြေရှင်းရန် ဖန်ဆင်းခံကို အလိုရှိသည်။ ကိုယ်တော်သည် မြေကြီးကို ဘုရားထံသို့ ပြန်လည်ယူဆောင်ရန်အလို့ငှါ၊ ကျဆင်းသွားသော ဖန်ဆင်းခံစာတန်နှင့် ဆက်ဆံဖြေရှင်းရန် ကိုယ်တော်၏ဖန်ဆင်းခံ *လူ*ကို အလိုရှိသည်။ (*CWWN*, vol. 34, “The Glorious Church,” p. 10)

## ယနေ့ဖတ်စရာ

လူသည် စာတန်၏လက်ထဲမှ မြေကြီးကို ပြန်လည်ရယူနိုင်ခြင်းမရှိပါက၊ သူ့ကို ဖန်ဆင်းထားသော ဘုရားသခင်၏ အကြံအစည်ကို ပြီးမြောက်စေမည်မဟုတ်သေးပါ။ စိတ်ဝိညာဉ်များကို ကယ်တင်ခြင်းသည် လူတို့၏ကောင်းကျိုးချမ်းသာအတွက်သာဖြစ်သည်၊ သို့သော် စာတန်ကိုဆက်ဆံဖြေရှင်းခြင်းသည် ဘုရားသခင်၏ အကျိုးအမြတ်အတွက် ဖြစ်သည်။ စိတ်ဝိညာဉ်များကို ကယ်တင်ခြင်းသည် လူ၏လိုအပ်ချက်ကို ဖြေရှင်းပေးသည်၊ သို့သော် စာတန်ကိုဆက်ဆံဖြေရှင်းခြင်းသည် ဘုရား၏လိုအပ်မှုကို ကျေနပ်နှစ်သိမ့်စေသည်။ (*CWWN, vol. 34*, p. 11)

လူကိုအုပ်စိုးခြင်းအခွင့်ပေးခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက် ဒုတိယသွင်ပြင်လက္ခဏာမှာ မြေကြီးကိုပြန်လည်ရယူရန် ဖြစ်သည်(က၊၁း ၂၆–၂၈)။ လူသည် မြေကြီးကို သိမ်းယူရန်နှင့် အောင်မြင်ရန် မြေကြီးပေါ်တွင် အုပ်စိုးခြင်းအခွင့်ရှိရခြင်း ဖြစ်သည်။ မြေကြီးကို အောင်နိုင်ရန် ဆိုသည်မှာ ထိုနေရာ၌ ရန်သူရှိနေ၍၊ စစ်ပွဲပြင်းထန်လျက်ရှိကြောင်းကို ဆိုလိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တိုက်ခိုက်ခြင်းဖြင့် အနိုင်ယူရမည်။

ဘုရားသခင်သည် မြေကြီးကို ပြန်လည်ရယူရန် အလိုရှိသည်။ မြေကြီးသည်

စာတန်ဆုပ်ကိုင်လိုသောနေရာနှင့် ဘုရားသခင်ပြန်လည်ရရှိလိုသောနေရာဖြစ်၍ အရေး ပါသောနေရာ ဖြစ်လာသည်။ စစ်ပွဲသည် မြေကြီးပေါ်တွင်ဖြစ်၍၊ မြေကြီးကို ရယူနိုင်သော သူသည် အောင်နိုင်သောသူ ဖြစ်သည်။ စာတန်သည် မြေကြီးကို သူ၏လက်အောက်တွင် ထားရှိနိုင်ပါက၊ အောင်မြင်ခြင်းကို ရရှိမည်ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် မြေကြီးကို ပြန်လည်ရယူနိုင်မည်ဆိုလျှင်၊ အောင်မြင်ခြင်းကို ရရှိမည်ဖြစ်သည်။ မြေကြီး သည် စာတန်၏မတရားသိမ်းယူမှုအောက်တွင် ရှိနေသေးသောကြောင့် သခင်ယေရှုသည် ပြန်မကြွလာရခြင်းဖြစ်သည်။ ဤအတွက် ဘုရားသခင်သည် အသင်းတော်ကို ရရှိဖို့လို အပ်သည်။ အသင်းတော်သည် မြေကြီးကို ပြန်လည်ရယူနိုင်ရန် စစ်ပွဲကို တိုက်ခိုက်ရမည်။ မြေကြီးတစ်ပြင်လုံးမဟုတ်လျှင်တောင်မှ အနည်းဆုံး သခင်ယေရှု ခြေချနိုင်ရန်အတွက် ခြေချစရာကျောက်တုံးများ၊ တပ်စခန်းအချို့ကို ရယူနိုင်ရမည်ဖြစ်သည်။ မြေကြီးသည် အရေးကြီးသည်။

ဤအချက်ကို ဆာလံ၊ ၈၌ ပြည့်စုံစွာ သက်သေပြထားသည်။ ဆာ၊၈ ၌ "အို ကျွန်ုပ်တို့၏ ဘုရားသခင်ယေဟောဝါ၊ ကိုယ်တော်၏နာမတော်သည် မြေကြီးတစ်ပြင်လုံး ၌ အလွန်ကြီးမြတ်တော်မူ၏"ဟူ၍ အစပြုထားသည်။ ၎င်းသည် ထိုအတိုင်းပင် အဆုံး သတ်ထားသည်။ ကောင်းကင်များ၌ သခင်ဘုရား၏နာမတော်သည် ကြီးမြတ်တော်မူ သည်မှာ သံသယမရှိသော်လည်း၊ သဘောတရား၌ သခင်ဘုရား၏နာမတော်သည် ဤ မြေကြီးပေါ်တွင် ကြီးမြတ်မှုမရှိ ဖြစ်နေသည်။ ကိုယ်တော်၏နာမတော်သည် ကျဆင်း နေသောလူများစွာ၏ အလယ်တွင် ကြီးမြတ်ခြင်း မရှိသေးပါ။ "ကိုယ်တော်၏နာမတော် သည် ရိုသေလေးမြတ်ခြင်း ရှိပါစေသော"ဟု ကျွန်ုပ်တို့ဆုတောင်းရမည် (မ၊၆း၉)။ အို၊ သခင်ဘုရား၏ နာမတော်သည် မြေကြီးပေါ်တွင် ရိုသေလေးမြတ်ခြင်း ရှိပါစေ။ ပြဿနာ သည် ကောင်းကင်များ၌ မဟုတ်ဘဲ၊ ဤမြေကြီးပေါ်တွင် ဖြစ်နေသည်။

ဘုရားသခင်၏ အလိုဆန္ဒမှာ ကိုယ်တော်၏နိုင်ငံတော်ကို ဤမြေကြီးပေါ်တွင် ထည်ထောင်ရန်နှင့် အလိုတော်ကို မြေကြီးပေါ်မှာ ပြည့်စုံစေရန်ဖြစ်သည် (မ၊၆း၁၀)။ သခင်ယေရှု သွန်သင်ပေးခဲ့သော ဆုတောင်းချက်ကို ယခု ကျွန်ုပ်တို့နားလည်နိုင်သည်။ ကိုယ်တော်က "နိုင်ငံတော်တည်ထောင်ပါစေသော၊ နာမတော်သည် ရိုသေလေးမြတ်ခြင်း ရှိပါစေသော"ဟု မိန့်တော်မူထားသည်။ အမှန်ပင် ဤအရာသည် ကောင်းကင်များကို မြေကြီးပေါ်သို့ သက်ရောက်စေကြောင်းဆိုလိုသည်။ ဆုတောင်းချက်မှာ "ကိုယ်တော်၏ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်း ပြည့်စုံပါစေ သော"ဟု ဆက်လက်ဆိုထားသည်။ ယခု ဘုရားသခင်၏အလိုတော်ကို ကောင်းကင်၌

လုပ်ဆောင်နေသည်။ သို့သော် မြေကြီးပေါ်တွင် ဘုရားသခင့်အလိုတော်၏ လုပ်ဆောင်ခြင်းကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်းများစွာ ရှိနေသည်။ ကျွန်ုပ်တို့က "ကိုယ်တော်၏ နာမတော်သည် ရိုသေလေးမြတ်ခြင်းရှိပါစေ။ နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်း ပြည့်စုံပါစေသော"ဟူ၍ ဆုတောင်းရမည်။ မြေကြီးကို ပြန်လည်ရယူနိုင်ရန် ကျွန်ုပ်တို့ တိုက်ခိုက်ရမည်။

မိလေနီကာလတွင် မြေကြီးသည် ဘုရားသခင်၏ နိုင်ငံတော်ဖြစ်လာမည် ဖြစ်သည်။ ဤအရာကို ဗျာဒိတ်၊၁၁း၁၅၌ ဖွင့်ပြထားသည်။ မိလေနီနိုင်ငံတော်ကို ဖွင့်လှစ်စတင်ရန် သခင်ယေရှုကြွလာသောအခါ၊ မြေကြီးတစ်ပြင်လုံးသည် ဘုရားသခင်၏ နိုင်ငံတော် ဖြစ်လာမည် ဖြစ်သည်။ ထိုအခါ ဘုရားသခင်သည် မြေကြီးကို ပြန်လည်ရယူလိမ့်မည် ဖြစ်သည်။

ထာဝရကာလ၌ ဘုရားသခင်ကိန်းဝပ်ရာနေရာသည် ကောင်းကင်မှမြေကြီးသစ်သို့ ဆင်းသက်လာမည်ဖြစ်သည် (ဗျာ၊၁–၂)။ များစွာသော ခရစ်ယာန်တို့သည် ကောင်းကင်သို့သွားရန် စိတ်ကူးကြသည်။ ၎င်းသည် ကောင်းသောစိတ်ကူးဖြစ်ပြီး၊ ကျွန်ုပ်တို့အားလုံးသည် ထိုနေရာသို့ သွားရမည်မှာ သေချာပါသည်။ သို့သော် ဘုရားသခင်၏ စိတ်နှလုံးအလိုတော်မှာ မြေကြီးပေါ်သို့ ဆင်းကြွလာရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းကင်ကို နှစ်သက်ကြသည်၊ သို့သော် ဘုရားသခင်သည် မြေကြီးကို နှစ်သက်သည်။ ကျွန်ုပ်တို့ တက်ကြွသွားမည်။ သို့သော် ဘုရားသည် ဆင်းကြွလာမည်။ ဟာလေလုယာ။ သင့်အား သမ္မာတရားကို ပြောပါရစေ။ ကျွန်ုပ်တို့သည် ကောင်းကင်သို့ရောက်သောအခါ၊ သခင်ဘုရားက "သားတို့၊ အောက်ဆင်းကြပါစို့။ မြေကြီးကို သိမ်းယူရန် ဆင်းကြပါစို့"ဟု ပြောလိမ့်မည်။ ထာဝရကာလတွင် ကောင်းကင်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ မဟုတ်ပါ။ ဘုရားသခင်၏ ကျိန်းဝပ်ရာနေရာသည် ယေရုရှလင်မြို့သစ်ဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်သည် ကောင်းကင်များမှ မြေကြီးသစ်သို့ ဆင်းကြွလာလိမ့်မည်။ ဤအရာက ဘုရားသခင်၏ အလိုဆန္ဒမှာ မြေကြီးကို ပိုင်ဆိုင်ရန်ဖြစ်ကြောင်း သက်သေပြသည်။ (*Life-study of Genesis*, pp. 81-82).

*ပို၍ဖတ်ရန်-* *CWWN*, vol. 34, "The Glorious Church," ch. 1.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ၆း၁၀ နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။**

**၁၆း၁၈–၁၉ ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။ ကောင်းကင်များ၏နိုင်ငံတော်သော့တို့ကိုလည်း သင့်အား ငါပေးမည်။ မြေကြီးပေါ်မှာ သင်ချည်နှောင်သမျှသည် ကောင်းကင်များ၌ ချည်နှောင်ပြီးသားဖြစ်၏။ မြေကြီးပေါ်မှာ သင်ဖြည်လွှတ်သမျှသည် ကောင်းကင်များ၌ ဖြည်လွှတ်ပြီးသားဖြစ်သည်ဟု မိန့်တော်မူ၏။**

လူကို အုပ်စိုးခြင်းအခွင့်ပေးအပ်ခြင်း၌ ဘုရားသခင့်ရည်ရွယ်ချက်၏ တတိယသွင်ပြင်လက္ခဏာမှာ မြေကြီးပေါ်တွင် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ရန်နှင့် ယူဆောင်လာရန်ဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်သည် မြေကြီးပေါ်တွင် တည်ထောင်လာနိုင်ရန်၊ ဘုရားသခင်၏ အလိုတော်ကို မြေကြီးပေါ်တွင် ပြည့်စုံလာနိုင်ရန်နှင့် ဘုရားသခင်၏ ဘုန်းတော်ကို မြေကြီးပေါ်တွင် ထင်ရှားလာနိုင်ရန်အလို့ငှါ၊ လူသည် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေ့ကျင့်ရမည်။ ဤအရာများအားလုံးတို့သည် မြေကြီးပေါ်တွင် ဖြစ်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် ကောင်းကင်များ၌သာ ကိုယ်တော်၏ နိုင်ငံတော်ရှိခြင်းကို ကျေနပ်လိမ့်မည်မဟုတ်ပါ။ ကောင်းကင်များ၌ ကိုယ်တော်၏ အလိုတော်ပြည့်စုံရုံနှင့်သာ၊ ကောင်းကင်များ၌ ကိုယ်တော်၏ ဘုန်းတော်ထင်ရှားခြင်းကို မြင်ရုံနှင့်သာ ကိုယ်တော်ပျော်ရွှင်နိုင်လိမ့်မည်မဟုတ်ပါ။ ကိုယ်တော်သည် ဤအရာများအားလုံးကို မြေကြီးပေါ်တွင် ဖြစ်လာရန်အလိုတော်ရှိသည်။ ဤအရာသည် ယနေ့ အသင်းတော်၏တာဝန်ဖြစ်သည်။ အသင်းတော်၌ ကျွန်ုပ်တို့တွင် ဘုရားသခင်၏နိုင်ငံတော်ရှိသည်။ အသင်းတော်၌ ဘုရားသခင်၏အလိုတော် ပြည့်စုံလိမ့်မည်ဖြစ်သည်။ အသင်းတော်၌ ဘုရားသခင်၏ ဘုန်း ထင်ရှားမည်ဖြစ်သည်။ ဟာလေလုယ။ ကျွန်ုပ်တို့၌ နမူနာအမြည်းရှိသည်။ ဘုရားသခင်သည် လူအား ပင်လယ်၌၊ လေထဲ၌၊ မြေကြီးပေါ်ရှိ အရာခပ်သိမ်းတို့အပေါ် အုပ်စိုးခြင်းအခွင့် ပေးအပ်ရခြင်းအကြောင်း ယခုကျွန်ုပ်တို့မြင်နိုင်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်သည် ရန်သူကို သုတ်သင်ဖယ်ရှားပြီး၊ မြေကြီးကို ပြန်လည်ရယူ၍၊ ကိုယ်တော်၏ ဘုန်းတော်ထင်ရှားရန်ဖြစ်သည်။ (*Life-study of Genesis*, p. 83).

# ယနေ့ဖတ်စရာ

မဿဲ၊၁၆ ၌ သခင်ဘုရားက၊ တည်ဆောက်ပြီးသော အသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ (အငယ်၊၁၈)ဟု မိန့်တော်မူထားသည်။ ဆက်လက်၍ "ကောင်းကင်များ၏ နိုင်ငံတော်"ဟု(အငယ်၊၁၉)ဖော်ပြထားသည်။ ဤကျမ်းပိုဒ်၌ "ကောင်းကင်များ၏ နိုင်ငံတော်"ကို ပြီးခဲ့သောကျမ်းပိုဒ်၌ "ငါ့အသင်းတော်"နှင့် ဖလှယ်၍သုံးနှုန်းထားခြင်းမှာ စစ်မှန်သောအသင်းတော်သည် ဤခေတ်၌ရှိသည့် ကောင်းကင်များ၏ နိုင်ငံတော်ဖြစ်ကြောင်းကို အခိုင်အမာသက်သေပြုထားသည်။ ထို့ကြောင့် အသင်းတော်၊ ဘုရားသခင်၏ နိုင်ငံတော်နှင့် စာတန်ကိုဆက်ဆံဖြေရှင်းခြင်းအားလုံးတို့ကို အတူတကွ ဆက်စပ်ထားခြင်း ဖြစ်သည်။ အသင်းတော်ရှိသောနေရာတွင် စာတန်ကိုအောက်မြင်၍ ဘုရားသခင်၏ နိုင်ငံတော် တည်ပြီးဖြစ်သည်။ (*Salvation in Life in the Book of Romans*, p.54)

"နိုင်ငံတော် တည်ထောင်ပါစေသော"။ ဤသည်မှာ အသင်းတော်၏ အလိုဆန္ဒမျှသာမဟုတ်ဘဲ၊ အသင်းတော်၏ တာဝန်လည်းဖြစ်သည်။ အသင်းတော်သည် ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာမည်ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာရန်အလို့ငှါ၊ အသင်းတော်သည် ကောင်းကင်၏ ထိန်းချုပ်ခြင်းကို ခံခြင်းဖြင့်၊ ကောင်းကင်၏ အုပ်စိုးခြင်းအောက်သို့ လာရောက်ရန် အဖိုးအခပေးရမည်။ အသင်းတော်သည် ကောင်းကင်အတွက် ထွက်ပေါက်ဖြစ်ရမည်၊ အသင်းတော်သည် ကောင်းကင်၏ အခွင့်အာဏာကို မြေကြီးပေါ်တွင် ထင်ရှားလာစေရန် အခွင့်ပေးရမည်ဖြစ်သည်။

အခွင့်အာဏာနှင့် ဆုတောင်းခြင်းတွင် ကောင်းကင်ဆိုင်ရာ၏ အခြေခံအုတ်မြစ်အဖြစ် ကောင်းကင်ဆိုင်ရာ၏ အနေအထား၌ ရှိနေခြင်းဖြစ်သည်။ အသင်းတော်သည် ခရစ်တော်နှင့်အတူ ကောင်းကင်များ၌ရှိသည့်အတွက် အခွင့်အာဏာနှင့် ဆုတောင်းနိုင်ခြင်းဖြစ်သည်။ (*CWWN*, vol. 22, pp. 164, 195)

ဖန်ဆင်းခြင်း၌ ဘုရားအလုပ်၏ အခြေခံအကြောင်းရင်းမှာ ဘုရားသခင်၏ အလိုတော်နှင့် အစီအစဉ်ဖြစ်သည် (ဧ၊၁း၁၀–၁၁)။ ဗျာ၊၄း၁၁ ၌ ခပ်သိမ်းသောအရာတို့ကို ဘုရားအလိုတော်နှင့်အညီ ဖန်ဆင်းထားကြောင်း ပြောဆိုထားသည်။ ဘုရားသခင်သည် သူကျေနပ်အားရသောအလိုတော်အတိုင်း အကြံအစည်ရှိသော ဘုရားဖြစ်သည်။ ကိုယ်တော်သည် သူ၏ အကြံအစည်တော်ကို ပြည့်စုံရန်နှင့် ပြီးမြောက်စေရန် သူ၏ အလိုတော်အတွက် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသည်။ ဘုရားသခင်၌ အလိုတော်ရှိ၍၊ ထိုအလိုတော်အတိုင်း ကိုယ်တော်သည် သူ၏ အစီအစဉ်ကို ဖြစ်တည်စေသည်။ ထိုနောက်

ထိုအလိုတော်နှင့် အစီအစဉ်အတိုင်း ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသည်၊ သို့မှသာ ကိုယ်တော်သည် အသင်းတော်ကို ရရှိနိုင်မည်ဖြစ်သည်။ (*The Conclusion of the New Testament*, p. 2056)

နိုင်ငံတော်သည် ယနေ့ အသင်းတော်အသက်တာဖြစ်သည်ဟု ဆိုသော်ငြားလည်း နိုင်ငံတော်၏ ထင်ရှားခြင်းမှုကား ယခုတိုင် ထင်ရှားလာခြင်းမရှိသေးပေ(မ၊၆း၁၀)။ ထို့ကြောင့် ကျွန်ုပ်တို့သည် နိုင်ငံတော်ထည်ထောင်လာရန်အတွက် ဆုတောင်းရမည်။ ဤနိုင်ငံတော်၏ အကြောင်းအရာသည် သားတော်ဘုရားနှင့် လုံးလုံးဆက်နွယ်သည်။ စာတန်၏ ဆန့်ကျင်ပုန်ကန်ခြင်းနောက်တွင်(ယေ၈၊၂၈း၁၇၊ ဟေရှာ၊၁၄း၁၃–၁၅)၊ မြေကြီးသည် စာတန်၏မတရားသိမ်းယူသောလက်ထဲသို့ ကျရောက်သွားခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ မပြည့်စုံနိုင်တော့ပါ။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော့်အတွက် မြေကြီးကိုပြန်လည်ရယူရန် ရည်ရွယ်ချက်နှင့် လူကို ဖန်ဆင်းခြင်းဖြစ်သည်(က၊၁း၂၆–၂၈)။ လူကျဆင်းပြီးနောက် ခရစ်တော်သည် မြေကြီးပေါ်သို့ ကောင်းကင်ဆိုင်ရာ အုပ်စိုးခြင်းကို ယူဆောင်လာရန် ကြွလာခဲ့သည်။ သို့မှသာ ဘုရားသခင်၏ အခွင့်အာဏာအတွက် မြေကြီးကို ပြန်လည်ရယူနိုင်မည်ဖြစ်ပြီး၊ ဘုရား၏ အလိုတော်ကို ကောင်းကင်၌ကဲ့သို့ မြေကြီးပေါ်တွင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်သားတို့သည် လာမည့်နိုင်ငံတော်ခေတ်၌ ဘုရားသခင်၏ အလိုတော်အတွက် မြေကြီးကို လုံးလုံးပြန်လည်ရယူနိုင်သည်အထိ ဤအရာအတွက် ဆုတောင်းရမည်။

ခမည်းတော်၏ နာမတော်သည် ရိုသေလေးမြတ်ခြင်းရှိလာသောအခါ၊ သားတော်၏ နိုင်ငံတော်သည် တည်ထောင်လာပြီး၊ ဝိညာဉ်တော်၏ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်း ပြည့်စုံလာမည် ဖြစ်၍၊ ထိုအချိန်သည် နိုင်ငံတော်ကြီးမားထင်ရှားလာသော အချိန်ကာလ ဖြစ်လာပေလိမ့်မည်။ (*Life- Study of Matthew,* p. 266-267).

*ပို၍ဖတ်ရန်-* *Life- Study of Matthew,* msg.21; *CWWN,* vol. 22,*" The Prayer Ministry of the Church,"* ch. 2.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————————

———————————————————————————————————

———————————————————————————————————

———————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ ဆိုးညစ်သောသူ၏လက်မှ**
**၆း၁၃ လည်းကယ်နုတ်တော်မူပါ။ နိုင်ငံတော်၊ တန်ခိုးတော်နှင့် ဘုန်းတော်သည် ကာလအစဉ်အဆက် ကိုယ်တော်၌ရှိပါ၏။ အာမင်ဟု ဆုတောင်းကြလော့။**

**၁ကော၊ ရှေးဦးစွာသောလူသည် မြေကြီးကဖြစ်သောကြောင့် မြေသားဖြစ်၏။**
**၁၅း၄၇ ဒုတိယလူမူကား၊ ကောင်းကင်က ဖြစ်တော်မူ၏။**

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဆက်ဆံဖြေရှင်းသောအခါ၊ ကိုယ်တော်၏ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းထင်ရှားခြင်းဖြစ်သော– ကိုယ်တော်၏ ဘုရားဆိုင်ရာ ဂုဏ်အင်္ဂါသုံးပါးအတွက် အစဉ်အမြဲဂရုပြုလေ့ရှိသည်။ ဘုရားသခင်သည် ဖြောင့်မတ်ခြင်း ဖြစ်သည်၊ ဘုရားသခင်သည် သန့်ရှင်းခြင်းဖြစ်သည်၊ ဘုရားသခင်သည် ဘုန်းထင်ရှားခြင်း၏ ဘုရား ဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် ကိုယ်တော်၏ နည်းလမ်း၊ ပြုမူဆောင်ရွက်ခြင်း၊ လုပ်ရှားမှုတို့အတွက် ဘုရားသခင်၏ အလုပ်နှင့်သက်ဆိုင်ရှိသည်။ ဘုရားလုပ်ဆောင်တော်မူသော အရာအားလုံးသည် ဖြောင့်မတ်ခြင်း ဖြစ်သည်။ သန့်ရှင်းခြင်းသည် ဘုရား၏ သဘောသဘာဝဖြစ်သည်။ သန့်ရှင်းခြင်းသည် ပြုမူလုပ်ဆောင်ခြင်း၏ အကြောင်းအရာမဟုတ်ဘဲ၊ သဘောသဘာဝ၏ အကြောင်းအရာ ဖြစ်သည်။ စားပွဲတစ်လုံး၏ သဘောသဘာဝသည် သစ်သားဖြစ်ပြီး၊ စာအုပ်တစ်အုပ်၏ သဘောသဘာဝသည် စက္ကူဖြစ်သည့်နည်းတူ၊ ဘုရားသခင်၏ သဘောသဘာဝသည် သန့်ရှင်းခြင်းဖြစ်သည်။ ဘုရားသခင်၏ လုပ်ဆောင်ခြင်းသည် ဖြောင့်မတ်တော်မူပြီး၊ ကိုယ်တော်၏ သဘောသဘာဝသည် သန့်ရှင်းသည်။ ဘုန်းတော်သည် ဘုရားကိုယ်တော်တိုင်၏ ထင်ရှားခြင်းဖြစ်သည်။ ဘုရားသခင်သည် ထင်ရှားလာသောအခါ၊ ထိုအရာသည် ဘုန်းတော်ဖြစ်သည်။ ထို့ကြောင့် ဖြောင့်မတ်ခြင်း၌ ဘုရားသခင်၏ နည်းလမ်းများကို ကျွန်ုပ်တို့မြင်ရပြီး၊ သန့်ရှင်းခြင်း၌ ဘုရားသခင်၏ သဘောသဘာဝကို ကျွန်ုပ်တို့မြင်ရကာ၊ ဘုန်းတော်၌ ဘုရားသခင်၏ ထင်ရှားခြင်းကို ကျွန်ုပ်တို့မြင်ရသည်။ (*Life- Study of Romans*, p. 203)

## ယနေ့ဖတ်စရာ

မဿဲ၊၆း၁၃သည် ဘုရားနိုင်ငံတော်၊ တန်ခိုးတော်နှင့် ဘုန်းတော်ကို နားလည်သဘောပေါက်၍၊ ချီးမွမ်းခြင်းဖြစ်သည်။ ဤအရာသည် သုံးပါးတစ်ပါးကို ရည်ညွှန်းခြင်း

လည်းဖြစ်သည်။ နိုင်ငံတော်သည် သားတော်၏နိုင်ငံတော်ဖြစ်ပြီး၊ ထိုနေရာတွင် ဘုရားသခင်၏တန်ခိုးတော်ကို လေ့ကျင့်လုပ်ဆောင်သည်။ တန်ခိုးတော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်ကို သယ်ဆောင်ပေးသော ဝိညာဉ်တော်၏အရာဖြစ်သည့်အတွက် ခမည်းတော်သည် ကိုယ်တော်၏ဘုန်းကို ထင်ရှားနိုင်ခြင်းဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့အား သခင်ဘုရားသွန်သင်ပေးသော ဆုတောင်းခြင်းမှာ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် အစဉ်အတိုင်းဖြစ်သည့် သုံးပါးတစ်ပါးနှင့်အစပြုပြီး၊ သားတော်၊ ဝိညာဉ်တော်နှင့် ခမည်းတော် အစဉ်အတိုင်းဖြစ်သည့် သုံးပါးတစ်ပါးဘုရားနှင့် အဆုံးသတ်ရမည်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်၏ အမြင့်ဆုံးသော သွန်သင်ခြင်း၌ သခင်ဘုရားသွန်သင်ပေးသော ဆုတောင်းခြင်းသည် ခမည်းတော်ဘုရားနှင့်အစပြု၍၊ ခမည်းတော်ဘုရားနှင့်ပင် အဆုံးသတ်ခြင်းဖြစ်သည်။ ခမည်းတော်ဘုရားသည် အစနှင့် အဆုံး၊ အာလဖာနှင့်ဩမေဃဖြစ်သည်။ (*The God - man Living*, p.100)

ဤအရာသည် ပြီးမြောက်ပြည့်စုံပြီလား။ ပြီးမြောက်ပြည့်စုံခြင်း မရှိသေးသည်မှာ သေချာပါသည်။ သို့သော် ဘုရားသခင်သည် လူကို ဤရည်ရွယ်ချက်ဖြင့် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ စာတန်သည် ဤအကြောင်းကို ကျွန်ုပ်တို့ထက် ပို၍သိသည်။ သမ္မာကျမ်းစာတွင် လူကိုဖန်ဆင်းပြီးနောက်၊ ဘုရား၏ အကြံအစည်တော်အတွက် ကိုယ်တော် ဖန်ဆင်းထားသောလူကို ဖျက်ဆီးရန် စာတန်သည် ချက်ချင်းရောက်လာကြောင်း ပြောဆိုထားသည်။ လူကျဆင်းသွားခဲ့သည်။ မည်သို့ပင်ဆိုစေ၊ ဘုရားသခင်သည် လူကို စွန့်လွှတ်တော်မမူ။ ဘုရားကိုယ်တော်တိုင်သည် လူဖြစ်လာခဲ့သည်။ ကိုယ်တော်သည် လူအထဲသို့ ဝင်ရောက်ရန်နှင့် သူကိုယ်တော်တိုင်ကို လူနှင့်အတူ တစ်လုံးတစ်ဝတည်းဖြစ်စေရန် ကြွလာခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်သည် ယေရှုဟုခေါ် သော ဒုတိယလူဖြစ်လာရန် ကြွလာခဲ့ခြင်းဖြစ်သည် (၁ကော၊၁၅း၄၇)။ ပထမလူသည် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေခြင်းမရှိသော်လည်း ဒုတိယလူသည် ပြည့်စုံစေခဲ့သည်။ ပထမ လူသည် စုပေါင်းသောလူဖြစ်ပြီး၊ ဒုတိယလူသည်လည်း စုပေါင်းသောလူဖြစ်သည်။ အာဒံသည် ပထမစုပေါင်းထားသောလူ၏ ဦးခေါင်းဖြစ်ပြီး၊ ခရစ်တော်သည် ဒုတိယလူ၏ ဦးခေါင်းတော်ဖြစ်သည်။ ဘုရားသခင်၏ အကြံအစည်တော်သည် ဒုတိယလူအားဖြင့် ပြည့်စုံရသည်။ လူအား အုပ်စိုးခြင်းအခွင့်ကို ပေးအပ်ခြင်း၌ ဘုရားသခင်၏ အကြံအစည်တော်ပြည့်စုံခြင်းသည် ခရစ်တော်နှင့် အစပြုသည်။

ဓမ္မသစ်ကျမ်း၌ ဟောပြောချက်သည် တစ်မူထူးခြားသောနည်းလမ်း၊ ကျွန်ုပ်တို့၏ အတွေးအခေါ် နှင့် ခြားနားသောနည်းလမ်း၌ အစပြုထားသည်။ ၎င်း၌ “နောင်တရ

ကြလော့။ ကောင်းကင်များ၏နိုင်ငံတော်သည် တည်လုနီးပြီ”ဟု ပြောထားသည်(မ၊ ၄း၁၇)။ *တည်လုနီးပြီ* ဟူသော စကားလုံးသည် “လာပြီ”ဟုဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်ကြွလာသောအခါ၊ ဘုရားသခင်၏နိုင်ငံတော်သည်လည်း ရောက်လာခြင်းဖြစ်သည်။ ခရစ်တော်သည် နိုင်ငံတော်ကို ဆောင်ယူလာသည်။ သေးငယ်သောလူ ယေရှုသည် ဘုရားသခင်၏ နိုင်ငံတော် ဖြစ်သည်။

လူအား အုပ်စိုးခြင်းအခွင့်ကိုပေးအပ်ခြင်း၌ ဘုရားသခင်ရည်ရွယ်ချက်၏ပြီးမြောက်ပြည့်စုံခြင်း၌ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်နှင့် သန့်ရှင်းသူအားလုံးပါဝင်သည့်အသင်းတော်တည်းဟူသော ကိုယ်ခန္ဓာတော် ပါဝင်သည်။ ဘုရားသခင်ရည်ရွယ်ချက်၏ပြီးမြောက်ပြည့်စုံခြင်းသည် ဦးခေါင်းတော်မျှသာမဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်လည်းပါဝင်သည်။ အသင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ(မ၊၁၆း၁၈)။ ကျမ်းစာ၌ သန့်ရှင်းသူများကို မရဏာနိုင်ငံ၏တံခါး(စာတန်၏တန်ခိုး)တို့သည် မနိုင်ရာဟု ပြောမထားပါ။ အကယ်၍ သန့်ရှင်းသူတို့သည် တစ်ဦးတည်း သီးခြားဖြစ်နေပါက၊ စာတန်၏တန်ခိုးသည် သန့်ရှင်းသူတို့ကို အောင်နိုင်မည်ဖြစ်သည်။ သင်သည် အသင်းတော်အထဲသို့ တည်ဆောက်ခြင်းခံရန် လိုအပ်သည်။ ခရစ်တော်နှင့်အတူတည်ဆောက်သော ကိုယ်ခန္ဓာတော်ကို စာတန်သည် ဘယ်သောအခါမျှ အနိုင်ယူ၍ မရပါ။ တည်ဆောက်သော အသင်းတော်ကို စာတန် အနိုင်ယူ၍ မရနိုင်ပါ။

သန့်ရှင်းသူတို့သည် ရန်သူကို ချည်နှောင်ရန် အခွင့်အာဏာတော် ပေးအပ်ခြင်းခံရသည် (မ၊၁၆း၁၉။ ၁၈း၁၈)။ မ၊၁၆း၁၉ ရှိ နှုတ်ကပတ်တော်သည် ပေတရုကို ပြောဆိုခြင်းဖြစ်သည်။ မ၊၁၈း၁၈ ရှိ နှုတ်ကပတ်တော်သည် ယုံကြည်သူတိုင်းကို ပြောထားခြင်းဖြစ်သည်။ ယနေ့ သန့်ရှင်းသူအားလုံးနှင့်အတူ အသင်းတော်သည် ချည်နှောင်ရန်နှင့် ဖြေလွှတ်ရန် အခွင့်အာဏာရှိသည်။ ကျွန်ုပ်တို့သည် ဆုတောင်းရုံမျှသာမဟုတ်ဘဲ၊ ချည်နှောင်ခြင်းနှင့် ဖြေလွှတ်ခြင်း၌ ဆုတောင်းသင့်ပါသည်။ (*Life- Study of Genesis,* pp. 83-84, 86).

*ပို၍ဖတ်ရန်- Life- Study of Genesis,* msgs.7-8; *The Experience of Life,* chs. 17-18

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ရော၊ အကြောင်းမူကား၊ တစ်ယောက်သောသူသည် မနာခံခြင်းအားဖြင့်၊**
**၅း၁၉ လူများတို့သည် အပြစ်သားများအဖြစ် ထုံးဖွဲ့ခံရသည်နည်းတူ၊ တစ်ယောက်သောသူသည် နာခံသောအားဖြင့် လူများတို့သည် ဖြောင့်မတ်သောသူများအဖြစ် ထုံးဖွဲ့ခံရကြ၏။**

**ဧ၊ ဝိနည်းအထုံးအဖွဲ့၌ရှိသော ပညတ်တရားတို့ကို ကိုယ်တော်၏အသွေး**
**၂း၁၅ အသား၌ ပယ်ရှင်းတော်မူသဖြင့်၊ ကိုယ်တော်ကိုယ်တိုင်၌ ထိုလူနှစ်စုတို့ကို လူသစ်တစ်ဦးတည်းအထဲသို့ ဖန်ဆင်းတော်မူ၍၊ ရန်ငြိမ်းစေပြီးလျှင်၊**

၁ကော၊၁၅း၄၇ ၌ "ရှေးဦးစွာသောလူသည် မြေကြီးက ဖြစ်သောကြောင့် မြေသားဖြစ်၏။ ဒုတိယလူမူကား၊ ကောင်းကင်က ဖြစ်တော်မူ၏"ဟု ပြောထားသည်။ ခရစ်တော်သည် နောက်ဆုံးသောအာဒံမျှသာမဟုတ်ဘဲ၊ ဒုတိယလူလည်းဖြစ်သည်။ ပထမဦးဆုံးသောအာဒံသည် ဖန်ဆင်းခြင်းအဟောင်း၌ လူဟောင်း၏ အစအဦးဖြစ်သည်။ နောက်ဆုံးသော အာဒံသည် ဖန်ဆင်းခြင်းအဟောင်း၌ လူဟောင်းကိုမြှုပ်နှံခြင်း၊ အဆုံးသတ်ခြင်းဖြစ်သည်။

ပထမလူဖြစ်သော အာဒံသည် ဖန်ဆင်းခြင်းအဟောင်း၏ ဦးခေါင်း၊ ဖန်ဆင်းခြင်း၌ ၎င်းကို ကိုယ်စားပြုခြင်း ဖြစ်သည်။ ဒုတိယလူဖြစ်သော ခရစ်တော်သည် ဖန်ဆင်းခြင်းအသစ်၏ ဦးခေါင်း၊ ရှင်ပြန်ထမြောက်ခြင်း၌ ၎င်းကို ကိုယ်စားပြုခြင်းဖြစ်သည်။ စကြာဝဠာတစ်ခုလုံး၌ ဤလူနှစ်ဦးသာ ရှိသည်။– ပထမလူဖြစ်သော အာဒံတွင် သူမှဆင်းသက်လာသောသူများ အားလုံးပါဝင်၍၊ ဒုတိယလူဖြစ်သော ခရစ်တော်တွင် ကိုယ်တော်၏ယုံကြည်သူများအားလုံး ပါဝင်သည်။ ကျွန်ုပ်တို့ယုံကြည်သူများသည် ဇာတိမွေးဖွားခြင်းအားဖြင့် ပထမလူ၌ ပါဝင်ကြပြီး၊ အသစ်တစ်ဖန်မွေးဖွားခြင်းအားဖြင့် ဒုတိယလူ၏ အစိတ်အပိုင်းများဖြစ်လာသည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ပထမလူအထဲမှ ဒုတိယလူအထဲသို့ ကျွန်ုပ်တို့အား ကူးပြောင်းပေးသည်။ ပထမလူ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ မူလအစသည် မြေကြီးဖြစ်၍၊ ကျွန်ုပ်တို့၏ ဇာတိသည် မြေသားဖြစ်သည်။ ဒုတိယလူ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ မူလအစသည် ဘုရားသခင်ဖြစ်၍ ကျွန်ုပ်တို့၏ သဘောသဘာဝသည် ကောင်းကင်ဆိုင်ရာဖြစ်သည်။ (*The Divine Dispensing of the Divine Trinity*, p. 72)

# ယနေ့ဖတ်စရာ

ကျွန်ုပ်တို့အား လူသစ်တစ်ဦးထဲသို့ ဖန်ဆင်းပေးရန်အလို့ငှါ၊ ဝိနည်းအထုံးအဖွဲ့ရှိ ပညတ်တရား၏ပညတ်ချက်များကို ခရစ်တော်ဖျက်သိမ်းလိုက်ခြင်း၏ အဓိကအရေးကြီးခြင်းကို ကျွန်ုပ်တို့ ဆက်လက်မြင်ရန်လိုအပ်သည်။

ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားများအား လူသစ်တစ်ဦးအထဲသို့ ဖန်ဆင်းခြင်းမှာ ထိုလူသစ်သည် စကြဝဠာဆိုင်ရာနှင့် စုပေါင်းခြင်းဖြစ်သည့် ဖြစ်တည်ခြင်းဖြစ်ကြောင်းကို ဖော်ပြသည်။ ယုံကြည်သူများစွာရှိသော်လည်း လူသစ်တစ်ဦးတည်းသာဖြစ်သည်။ ယုံကြည်သူများအားလုံးသည် ဤစုပေါင်းထားသော စကြာဝဠာဆိုင်ရာ လူသစ်တစ်ဦး၏ အစိတ်အပိုင်းဖြစ်သည်။ ဧဖက်သြဝါဒစာစောင်၌ ဖော်ပြထားသည့်အသင်းတော်၏ အမြင့်မားဆုံးသော ဖွင့်ပြချက်မှာ လူသစ်တစ်ဦးဖြစ်သည်။

အသစ်တစ်ဖန်မွေးဖွားခံခြင်းသည် ကယ်တင်ခံရခြင်းမျှသာမဟုတ်ဘဲ၊ အသစ်သို့ဖန်ဆင်းခံရခြင်း ဖြစ်သည်။ ပြန်လည်ဖန်ဆင်းခြင်းဖြစ်လာနိုင်ရန်အတွက် ခရစ်တော်သည် ကားတိုင်ပေါ်တွင် ဝိနည်းအထုံးအဖွဲ့များကို ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားများသည် ဝိနည်းအထုံးအဖွဲ့များကြောင့် ကွဲပြားခြားနားခဲ့ကြသည်။ သို့သော် ထိုလူနှစ်ဦးတို့သည် ဘုရားအနှစ်သာရရှိသော ခရစ်တော်၌ လူသစ်တစ်ဦး၊ စုပေါင်းထားသောလူအသစ်အထဲသို့ ဖန်ဆင်းခံရသည်။

လူသစ်တစ်ဦးကို မြင်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် လူဟောင်းကို မှန်ကန်စွာ နားလည်သဘောပေါက်ရန် လိုအပ်သည်။ ကျွန်ုပ်တို့အား လူသစ်ကိုဝတ်ဆင်ရန် တိုက်တွန်းခြင်းမပြုမီ ပေါလုက ကျွန်ုပ်တို့အား လူဟောင်းကို ချွတ်ပယ်ရန် ပြောဆိုထားသည် (ဧ၊ ၄း ၂၂)။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းပြီးနောက် ဘုရားသခင်သည် လူကို တစ်ဦးတစ်ယောက်တည်းသာမဟုတ်ဘဲ၊ စုပေါင်းသောဖြစ်တည်ခြင်းအဖြစ် ဖန်ဆင်းခဲ့သည်။ က၊ ၁း ၂၆ ၌ လူကို အနည်းကိန်း၌သော်လည်းကောင်း၊ အများကိန်း၌သော်လည်းကောင်း ပြောဆိုထားသည်။ "ဘုရားသခင်က ငါတို့ပုံသဏ္ဌာန်နှင့် တစ်ညီသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့။ သူတို့သည် အုပ်စိုးစေဟု အမိန့်တော်ရှိ၏"။ ဤသည်မှာ ဘုရားသခင်၏ရည်ရွယ်ချက်သည် အမြဲပင် စုပေါင်းထားသောလူတစ်ဦးကို ရရှိရန်သာဖြစ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ဘုရားဖန်ဆင်းထားသည့် စုပေါင်းထားသောလူသည် ကျဆင်းခြင်းဖြင့် ပျက်စီးသွားသောကြောင့်၊ ယခု ဘုရားသခင်အတွက် လူသစ်တစ်ဦးကို ရရှိရန် လိုအပ်နေသည်။ ဤလူသစ်ကို ထုတ်လုပ်ရန်အလို့ငှါ၊ ခရစ်တော်သည် အပြစ်၊ လူဟောင်း၏ကျဆင်းသွားသောဇာတိ၊ စာတန်နှင့် လောကကို ဆက်ဆံဖြေရှင်းရုံသာမက၊ ကျွန်ုပ်တို့ ဖော်ပြခဲ့

သည့်အတိုင်း ကိုယ်တော်သည် ဝိနည်းအထုံးအဖွဲ့များကိုလည်း ဖြေရှင်းခဲ့သည်။ လူသစ်ကိုရယူခြင်း၌ ဘုရားသခင်ကို အတားအဆီးဖြစ်စေဆုံးအရာမှာ ဝိနည်းအထုံးအဖွဲ့များဖြစ်သည်။ ခရစ်တော်သည် ကားတိုင်ပေါ်တွင် အသေခံစဉ်တွင် ကျွန်ုပ်တို့၏ အပြစ်များ၊ ကျွန်ုပ်တို့၏ လူဟောင်း၊ စာတန်နှင့် လောကကိုသာ သေစေရုံသာမဟုတ်ဘဲ၊ ဝိနည်းအထုံးအဖွဲ့အားလုံးကိုလည်း သေစေသည်။ ဝိနည်းအထုံးအဖွဲ့များကို သေစေခြင်းသည် ခွင့်လွှတ်ခြင်း၊ သန့်ရှင်းခြင်း၊ စာတန်ကို အောင်နိုင်ခြင်း သို့မဟုတ် အသက်ကိုဝေငှပေးခြင်းအတွက် မဟုတ်ဘဲ၊ လူသစ်တစ်ဦးကို ဖန်ဆင်းရန်အတွက်သာ လုံးလုံးဖြစ်သည်။

ကျွန်ုပ်တို့သည် ယော၊ ၁း၁နှင့် ၃း၁၆ ကဲ့သို့သော ကျမ်းပိုဒ်များကို ရင်းနှီးကြသော်လည်း၊ ဧ၊ ၂း၁၅ နှင့် မူရင်းနှီးမှုမရှိပါ။ ခရစ်တော်၏ အသွေးအသားသည် ကားတိုင်ပေါ်တွင် ရိုက်ထားခံရစဉ်တွင် ကိုယ်တော်သည် လူနှစ်စုဖြစ်သော ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားကို သူကိုယ်တော်တိုင်၌ လူသစ်တစ်ဦးအထဲသို့ ဖန်ဆင်းနိုင်ရန်အတွက် ဝိနည်းအထုံးအဖွဲ့များရှိ ပညတ်တရားများကို ဖျက်သိမ်းခဲ့သည်။ (*Life- Study of Ephesians*, pp. 654, 207-208)

*ပို၍ဖတ်ရန်- The One New Man, chs. 3-5; Life - Study of Ephesians,* msgs. 23-25

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ၄း၂၄ ဗျာ၊ ၂၂း၅ စစ်မှန်ခြင်း၏သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်း၌ ဘုရားသခင်ဖန်ဆင်းခဲ့သည့်အတိုင်း၊ လူသစ်ကို ယူတင်ဝတ်ဆင်မည့် အကြောင်းတည်း။ ထိုမြို့၌ ညဉ့်မရှိရ။ ဆီမီး၏အလင်းကို အလိုမရှိ။ နေ၏အလင်းရောင်ကိုလည်း အလိုမရှိ။ အကြောင်းမူကား ထာဝရအရှင်ဘုရားသခင်သည် သူတို့အပေါ်တွင် ရောင်ခြည်တော်ကို လွှတ်တော်မူ၍၊ သူတို့သည် ကာလအစဉ်အဆက် စိုးစံရကြလတံ့။**

ကမ္ဘာဦး၊၁၌ လူကို ဘုရားဖန်ဆင်းခြင်းသည် ဘုရား၏ဖန်ဆင်းခြင်းအသစ်၌ လူသစ်၏ပုံရိပ် ဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းခြင်းအဟောင်းသည် ဖန်ဆင်းခြင်းအသစ်၏ပုံရိပ်၊ ပုံစံဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်၏ဖန်ဆင်းခြင်းအဟောင်း၌ အလယ်ဗဟိုကျသော ဇာတ်ကောင်မှာ လူသားဖြစ်သည်။ ဖန်ဆင်းခြင်းအသစ်၌လည်း အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ဖန်ဆင်းခြင်းအဟောင်းနှင့် ဖန်ဆင်းခြင်းအသစ်နှစ်ခုလုံး၌ လူသည် အလယ်ဗဟိုဖြစ်သည်။

ဘုရားသခင်သည် သူ၏ပုံသဏ္ဍာန်နှင့်တစ်ညီတည်း လူကိုဖန်ဆင်းပြီး(က၊၁း ၂၆)၊ ကိုယ်တော်၏အုပ်စိုးခြင်းအခွင့်ကို လူအား ပေးအပ်ခဲ့သည်။ ပုံသဏ္ဍာန်သည် ထင်ရှားခြင်းအတွက် ဖြစ်သည်။ ဘုရားသခင်သည် လူအား သူ၏ထင်ရှားခြင်းဖြစ်ရန် အလိုရှိသည်။ သို့သော်ငြားလည်း၊ အုပ်စိုးခြင်းသည် ထင်ရှားခြင်း၏အကြောင်းမဟုတ်ဘဲ၊ ကိုယ်စားပြုခြင်း၏အကြောင်း ဖြစ်သည်။ ဘုရားသခင်သည် သူ၏ အုပ်စိုးခြင်းအတွက် သူ၏ အခွင့်အာဏာတော်၌ ကိုယ်တော့်ကို ကိုယ်စားပြုရန်အတွက် လူကို အလိုရှိသည်။

ပုံသဏ္ဍာန်သည် ဘုရားသခင်၏ အပြုသဘောဆောင်သော ရည်ရွယ်ချက်ကို ရည်ညွှန်းပြီး၊ အုပ်စိုးခြင်းသည် ဘုရားသခင်၏ အနုတ်လက္ခဏာဆောင်သော ရည်ရွယ်ချက်ကို ရည်ညွှန်းသည်။ ဘုရားသခင်၏ အပြုသဘောဆောင်သော ရည်ရွယ်ချက်မှာ လူသည် ကိုယ်တော့်ကို ထင်ရှားမည့်အကြောင်းဖြစ်ပြီး၊ ဘုရားသခင်၏ အနုတ်လက္ခဏာဆောင်သောရည်ရွယ်ချက်မှာ လူသည် ဘုရားသခင်၏ရန်သူ၊ စာတန်၊ မာရ်နတ်နှင့် ဆက်ဆံဖြေရှင်းမည့် အကြောင်းဖြစ်သည်။ (*The Conclusion of the New Testament*, p. 2302)

## ယနေ့ဖတ်စရာ

ဖန်ဆင်းခြင်းအဟောင်း၌ လူအားပေးအပ်ခဲ့သော အုပ်စိုးခြင်းသည် မြေကြီး အပေါ် အကန့်အသတ်ရှိသည်။ ဤသည်မှာ ဖန်ဆင်းခြင်းအဟောင်း၌ ဘုရားသခင်၏ ရန်သူကိုဆက်ဆံဖြေရှင်းခြင်းသည် မြေကြီးပေါ် တွင် ထိန်းချုပ်ခံရကြောင်းကို ဆိုလိုသည်။ မည်သို့ပင်ဆိုစေ၊ ဘုရားသခင်၏ ဖန်ဆင်းခြင်းအသစ်၌ အုပ်စိုးခြင်းသည် စကြာဝဠာ တစ်ခုလုံးသို့ ကျယ်ပြန့်လာခဲ့သည်။

နောက်ဆုံးတွင် လူသစ်တည်းဟူသော အသင်းတော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်၌ရှိသော လူဖြစ်သည်။ ဘုရားသခင်သည် လူကိုအလိုရှိသောကြောင့် ဖန်ဆင်းခြင်းအဟောင်း၌ ပုံရိပ်၊ ပုံစံကိုသာ ဖန်ဆင်းခဲ့၍ စစ်မှန်သောလူမဟုတ်ပါ။ စစ်မှန်သောလူသည် ကားတိုင်ပေါ် တွင် ကိုယ်တော်၏ အရာအားလုံးပါဝင်သော အသေခံခြင်းအားဖြင့် ခရစ်တော်ဖန်ဆင်းခဲ့သောလူ ဖြစ်သည်။ ဤလူကို လူသစ်ဟုခေါ် သည်။

လူသစ်ဟူသော ဝေါဟာရသည် ကျွန်ုပ်တို့အား လူဟောင်းကို သတိရစေသည်။ လူဟောင်းသည် ဘုရားသခင်၏ အကြံအစည်နှစ်ခုကို ပြည့်စုံစေခြင်းမရှိပါ။ မည်သို့ပင်ဆိုစေ ဘုရားသခင်၏ ဖန်ဆင်းခြင်းအသစ်၌ရှိသော လူသစ်သည် ဘုရားသခင်ကို ထင်ရှားရန်နှင့် ဘုရား၏ ရန်သူကို ဆက်ဆံဖြေရှင်းရန်ဖြစ်သော ရည်ရွယ်ချက်နှစ်ခုကို ပြည့်စုံစေခဲ့သည်။*(The Conclusion of the New Testament, p. 2302).*

ကမ္ဘာဦး၊၁အရ ဘုရားသခင်သည် လူကို သူ၏ ပုံသဏ္ဍာန်နှင့်တစ်ညီတည်း ဖန်ဆင်းခဲ့ပြီး၊ လူအား ဖန်ဆင်းခံအရာအားလုံးတို့အပေါ် တွင် အုပ်ချုပ်ရန် ကိုယ်တော်၏ အခွင့်အာဏာတော်ကို ပေးအပ်ခဲ့သည်။ လူသည် ဘုရား၏ ပုံသဏ္ဍာန်တော်နှင့် တညီသဏ္ဍာန်တည်းဖြစ်ခြင်းမှာ ဘုရားကိုထင်ရှားရန်ဖြစ်ပြီး၊ သူသည် ဘုရားသခင်ကို ကိုယ်စားပြုရန် ဘုရား၏ အခွင့်အာဏာတော်ကို လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားကို ကိုယ်စားပြုရန်နှင့် ကိုယ်တော်၏ ရန်သူကို နှိမ်နင်းရန် ဘုရား၏ အခွင့်အာဏာတော်ကို လိုအပ်သည်။

ဘုရားသခင်ကို ထင်ရှားရန် ဘုရား၏ ပြည့်ဝသော ပုံသဏ္ဍာန်တော်ရှိရန်နှင့် ကိုယ်တော်၏ ရန်သူကို နှိမ်နင်းရာ၌ ဘုရားကို ကိုယ်စားပြုရန် ဘုရား၏ ပြည့်စုံသော အခွင့်အာဏာတော်ကို သိရှိနားလည်ရန် အလို့ငှါ၊ ကျွန်ုပ်တို့၏ အသက်ဖြစ်သော ဘုရား ကျွန်ုပ်တို့၌ ရှိရမည်။ ထို့ကြောင့် ကမ္ဘာဦးကျမ်း၏ ပထမအခန်းကြီးနှစ်ခန်း၌ ပုံသဏ္ဍာန်တော်နှင့် အခွင့်အာဏာသာမက၊ အသက်ပင်ဖြင့်ပုံဆောင်ထားသော အသက်လည်းရှိသည်။ ကျွန်ုပ်တို့သည် အကြောင်းအရာနှစ်ခုအတွက် ဘုရားသခင်၏ ဘုရားအသက်ကို ယူ

ဆောင်ဖို့ လိုအပ်သည်၊ အပြုသဘောအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ထင်ရှားနိုင်ပြီး၊ အနုတ်လက္ခဏာအားဖြင့် ကိုယ်တော်၏ ရန်သူကို နှိမ်နင်းရန် ဘုရားကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ အခွင့်အာဏာတော်သည် နိုင်ငံတော်အကြောင်းဖြစ်သည်။ သမ္မာကျမ်းစာတစ်အုပ်လုံးတွင် နိုင်ငံတော်နှင့်စပ်လျဉ်းသော အခွင့်အာဏာ လမ်းကြောင်း ရှိသည်။ (*CWWL, 1972,* vol. 2, "The Kingdom," p.3)

ထာဝရကာလ၌ ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ဘုရားကို ထင်ရှားလိမ့်မည်။ ထို့ပြင်၊ ထာဝရကာလတွင် ယေရုရှလင်မြို့သစ်၌ ကယ်တင်ခံရသောသူအားလုံးသည် ဘုရားနှင့်အတူ ဘုရင်များအဖြစ် စိုးစံရမည်ဖြစ်သည် (ဗျာ၊ ၂၂း၅)။ ဤသည်မှာ ဘုရားကို ကိုယ်စားပြုသော အုပ်စိုးခြင်းဖြစ်လိမ့်မည်။

ကျွန်ုပ်တို့သည် ခေါ်ခြင်းခံရ၍၊ ကယ်တင်ခြင်းခံရသောအချိန်တွင် ဘုရားသခင်၏ အုပ်စိုးခြင်းနှင့် ပုံသဏ္ဌာန်ကို ဂရုမပြုခဲ့သော်လည်း၊ ဘုရားသခင်၏ ခေါ်တော်မူခြင်းနှင့် စကားပြောခြင်းအားဖြင့် အတွင်းပိုင်းနက်နဲခြင်း၌ ဤအကြောင်းအရာများအားလုံးသည် ကျိုးကြောင်းဆက်စပ်လျက်ရှိကြောင်းကို ခံစားနားလည်သိရှိရသည်။ ကယ်တင်ခြင်းခံရပြီးနောက်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အုပ်စိုးခြင်းအောက်တွင် ရှိရန်လိုအပ်ကြောင်းကို သိနားလည်လာသည်။ ဤသည်မှာ နိုင်ငံတော်၊ အုပ်စိုးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ အတွင်းပိုင်းနက်နဲခြင်း၌လည်း ကယ်တင်ခြင်းခံရပြီးနောက်တွင် ဘုရားကို ဘုန်းထင်ရှားရမည်ဟု ကျွန်ုပ်တို့ခံစားရသည်။ ဤသည်မှာ ဘုရားကိုထင်ရှားရန် ပုံသဏ္ဌာန်တော်၏ အကြောင်းဖြစ်သည်။ ဘုရားပြန်လည်ရယူခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ မူလအကြံအစည်တော်သို့ ပြန်လည်ရယူ၍၊ အစအဦးသို့ ပြန်လည်ခေါ်ဆောင်ပေးသောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ပါသည်။ (*Life-Study of Genesis,* p.537)

*ပို၍ဖတ်ရန်-* *CWWL, 1972,* vol.2,pp. 57-63; *The One New Man,* chs. 1-2; *The Conclusion of the New Testament,* msgs. 216-218

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

***Hymns*, # E- 892**

**ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ**

# အသက်ပင်နှင့်
# ကောင်းမကောင်းသိကျွမ်းရာအပင်

ဖတ်ရန်ကျမ်း။ ။ ကာ၊ ၂း၉၊ ၁၆–၁၇။ ယော၊ ၅း၃၉–၄၀။ ၂ကော၊ ၃း၆ခ

*Day 1*

**I. အသက်ပင်သည် လူထံသို့ အသက်ကို ထည့်သွင်းပေးသော၊ လူကို ဝမ်းမြောက်ခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းပေးသော ခရစ်တော်ကို ပုံဆောင်သည် (ကာ၊ ၂း၉။ ယော၊ ၁၄း၆က။ ၁၀း၁၀ခ။ ၆း၆၃။ ၁ကော၊ ၁၅း၄၅ခ။ cf. ယော၊ ၁၅း၁။ ထွ၊ ၁၅း၂၅)။**

က။ အသက်ပင်သည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်အရ ကမ္ဘာမြေသည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်ပြီး ဒေင်ဥယျာဉ်သည် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုဖြစ်ကာ အသက်ပင်သည် ဒေင်ဥယျာဉ်၏ အလယ်ဗဟိုဖြစ်သည်။

ခ။ စကြဝဠာတစ်ခုလုံးသည် ဤအသက်ပင်အပေါ် အလယ်ဗဟိုပြုထားကြောင်း ကျွန်ုပ်တို့သိမြင်ရမည်ဖြစ်သည်။ ဘုရားနှင့် လူအဖို့ ဤအသက်ပင်ထက် ပို၍ အလယ်ဗဟိုကျသော၊ အရေးကြီးသောအရာ မရှိပါ။

ဂ။ ဘုရားသခင်က လူကို အသက်ပင်ရှေ့တွင် ထားရှိခြင်းမှာ လူသည် ကိုယ်တော်ကို အသက်ဆိုင်ရာစားသုံးခြင်းနှင့် ဇီဝဆိုင်ရာကျေညက်သွားခြင်းဖြင့် လူ၏ အသက်အဖြစ်ရယူရန် ဘုရားသခင်အလိုတော်ရှိကြောင်းကို ညွှန်ပြသည်။ သို့မှသာ ဘုရားသခင်သည် လူသားဖြစ်ခြင်း၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်လာနိုင်မည်ဖြစ်သည် (ယော၊ ၆း၃၅၊ ၅၇)။

ဃ။ ယော၊ ၁း၁ နှင့် ၄ အရ အသက်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သော နှုတ်ကပတ်တော်ဖြစ်သည်။ ဘုရားသခင်၏ ဘုရားဆိုင်ရာ၊ ထာဝရနှင့် ဖန်ဆင်းမခံရသော ဤအသက်သည် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော(ကော၊ ၂း၉) ခရစ်တော်ဖြစ်သည် (ယော၊ ၁၁း၂၅။ ၁၄း၆ခ။ ကော၊ ၂း၄က)။

င။ အသက်ပင်သည် အသက်ရေစီးရာမြစ်တစ်လျှောက် ကြီးထွားနေခြင်းမှာ (ဗျာ၊ ၂၂း၁–၂)၊ ၎င်းသည် စပျစ်နွယ်ပင်ဖြစ်ကြောင်းကို ရည်ညွှန်း

သည်။ ခရစ်တော်သည် စပျစ်နွယ်ပင်ဖြစ်ပြီး (ယော၊၁၅း၁) အသက်လည်းဖြစ်သောကြောင့် ကိုယ်တော်သည် အသက်ပင်ဖြစ်သည်။

စ။ ခရစ်တော်သည် လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့အားဖြင့် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည်၊ သို့မှသာ လူသည် အသက်ကို ရရှိကာ ကိုယ်တော်ကို စားသုံးခြင်းဖြင့် အသက်ရှင်နိုင်မည်ဖြစ်သည် (၁ဝး၁ဝခ။ ၆း၅၁၊ ၅၇၊ ၆၃)။

*Day 2* **II. ကောင်းမကောင်းသိကျွမ်းရာအပင်သည် လူအဖို့သေခြင်း၏ အရင်းအမြစ်ဖြစ်သော စာတန်ကို ပုံဆောင်သည် (က၊ ၂း၉၊ ၁၇။ ဟေဗြဲ၊ ၂း၁၄)။**

က။ ကောင်းမကောင်းသိကျွမ်းရာအပင်သည် ဘုရားထံမှကွာသည့်အရာအားလုံး၊ ဘုရားသခင်မဟုတ်သည့်အရာအားလုံး၊ လိမ္မာပါးနပ်သူစာတန်က အသုံးချသွားနိုင်သည့် ကောင်းသောအရာများအပါအဝင် ဝိညာဉ်ရေးရာအရာများနှင့် ဘာသာရေးဆိုင်ရာအရာများကိုပုံဆောင်ပြီး လူထံသို့ သေခြင်းကို ယူဆောင်ပေးသည်။

ခ။ သိကျွမ်းရာအပင်သည် သေခြင်းကို ယူဆောင်လာသကဲ့သို့ ဘုရားသခင်မှုတ်သွင်းသော ကျမ်းစာနှင့် ဘုရားသခင်ပေးထားသော ပညတ်တော်ကိုပင်လျှင် စာတန်က အသုံးချသွားနိုင်သည် (ယော၊ ၅း၃၉–၄ဝ။ ၂ကော၊၃း၆)။

*Day 3* **III. လူအဖို့ ဘုရားသခင်၏ပထမပညတ်ချက်မှာ လူ၏ အပြုအမူမဟုတ်ဘဲ၊ လူ၏ အစားအစာနှင့်စပ်လျဉ်းသည် (က၊ ၂း၁၆–၁၇)။**

က။ စားသောက်ခြင်းသည် လူအဖို့ အရေးကြီးကာ ယင်းသည် အသက်သို့မဟုတ် သေခြင်း၏ အကြောင်းအရာဖြစ်သည်။ ဘုရားရှေ့တွင် လူ၏ အကျိုးရလဒ်နှင့် ပန်းတိုင်သည် သူစားသုံးသည့်အရာပေါ်တွင် လုံးလုံးမူတည်နေသည်။

ခ။ လူသည် အသက်ပင်ကို စားသုံးလျှင် ဘုရားသခင်ကို အသက်အဖြစ်ရရှိကာ ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေနိုင်မည်ဖြစ်သည်။ သူသည် သိကျွမ်းရာအပင်ကို စားသုံးလျှင် သေခြင်းဖြစ်သည့်စာတန်ကို ရရှိကာ သူ၏ရည်ရွယ်ချက်အတွက် မတရားသိမ်းပိုက်ခြင်းကို ခံရမည်ဖြစ်သည်။

ဂ။ လူထံသို့ သတိပေးချက်အဖြစ် ဘုရားသခင်၏ တားမြစ်ချက်ပညတ်တော်သည် အောက်ဖော်ပြပါအရာတို့ကို ရည်ညွှန်းသည် (အငယ်၊ ၁၆–၁၇။ cf. ငါ၊ ၂း၁)။

၁။ ၎င်းသည် လွတ်လပ်သောအလိုဆန္ဒနှင့်အတူ လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ကြီးမြတ်ခြင်းကို ရည်ညွှန်းပြီး၊ လူသည် အတင်းစေခိုင်းခံရခြင်းဖြင့်မဟုတ်ဘဲ၊ အလိုဆန္ဒရှိစွာ ဘုရားသခင်ကို ရွေးချယ်နိုင်ရန်ဖြစ်သည်။

၂။ ၎င်းသည် လူအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ရည်ညွှန်းသည်။

၃။ ၎င်းသည် လူက သူ၏ အသက်အဖြစ် သူ့အထဲသို့ ဘုရားသခင်ကို လက်ခံရရှိရန် အသက်ပင်ကို စားသုံးစေဖို့ ဘုရားသခင်အလိုတော်ရှိကြောင်းကို ရည်ညွှန်းသည်။

*Day 4* **IV. အသက်ပင်သည် လူကို ဘုရားသခင်အား မှီခိုမှုပြုစေသော်လည်း (ယော၊၁၅း၅)၊ သိကျွမ်းရာအပင်သည် လူကို ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်ရန်နှင့် ကိုယ်တော်ထံမှ အမှီအခိုကင်းစေရန်ဖြစ်စေသည် (cf. က၊၃း၅)။**

က။ အပင်နှစ်ပင်သည် လမ်းကြောင်းနှစ်ခုကို ထွက်ပေါ်စေသည် – အသက်၏ လမ်းကြောင်းနှင့် သေခြင်း၏ လမ်းကြောင်း – ယင်းသည် သမ္မာကျမ်းစာတစ်လျှောက်လုံး ဆက်သွားနေပြီး ဗျာဒိတ်ကျမ်းတွင် အဆုံးသတ်သည်။

ခ။ သေခြင်းသည် သိကျွမ်းရာအပင်အားဖြင့် (က၊ ၂း၁၇) အစပြုပြီး၊ ငရဲမီးအိုင်(ဗျာ၊ ၂၀း၁၀၊ ၁၄) ၌ အဆုံးသတ်သည်။ အသက်သည် အသက်ပင်အားဖြင့် အစပြုပြီး၊ အသက်ရေစီးသောမြို့တော်ဖြစ်သည့် ယေရုရှလင်မြို့သစ်၌ အဆုံးသတ်သည် (၂၂း၁–၂)။

*Day 5* **V. ကျွန်ုပ်တို့သည် ကျမ်းစာတစ်လျှောက်ရှိ အသက်ပင်၏ လမ်းကြောင်းကို မြင်ရန်လိုအပ်သည်။**

က။ အာဗေလသည် ဘုရားသခင်၏ နည်းလမ်း၌ ဘုရားသခင်ကို ဆက်သွယ်ခဲ့သည် (က၊၄း၄)။

ခ။ ရှေသနှင့် ဧနုတ်သည် သခင်ဘုရား၏ နာမတော်ကို ခေါ်ခဲ့ကြသည် (အငယ်၊ ၂၆)။

*Day 6*

ဂ။ နေတ်သည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းသည် (၅း ၂၂၊ ၂၄)။

ဃ။ နောသေည် ဘုရားနှင့်အတူ လျှောက်လှမ်းကာ ဘုရားနှင့်အတူတကွ လုပ်ဆောင်သည် (၆း၉၊ ၁၃–၁၄)။

င။ အာဗြဟံသည် ဘုရားသခင်ပေါ် ထွန်းခြင်း၌ အသက်ရှင်ပြီး သခင်ဘုရား၏ နာမတော်ကို ခေါ် ခဲ့သည် (တ၊၇း ၂။ က၊၁၂း၇–ဂ။ ၁၇း၁။ ၁ဂး၁)။

စ။ ဣဇာက်သည် ဘုရားသခင်ပေါ် ထွန်းခြင်း၌ အသက်ရှင်ပြီး သခင်ဘုရား၏ နာမတော်ကို ခေါ် ခဲ့သည် (၂၆း ၂၊ ၂၄–၂၅)။

ဆ။ ယာကုပ်သည် ဘုရားသခင်ပေါ် ထွန်းခြင်း၌ အသက်ရှင်ပြီး သခင်ဘုရား၏ နာမတော်ကို ခေါ် ခဲ့သည် (၃၅း၁၊ ၉။ ၄ဂး၃)။

ဇ။ မောရှေသည် ဘုရားသခင်၏ ပေါ် ထွန်းခြင်းနှင့် မျက်မှောက်တော်၌ အသက်ရှင်ခဲ့သည် (တ၊၇း၃၀။ ထွ၊၃း ၂၊ ၁၆။ ၃၃း၁၁၊ ၁၃–၁၅။ ၃၄း ၂၉။ ၂၅း၉)။

ဈ။ အစ္စရေးလူမျိုးသည် သခင်ဘုရား၏ မျက်မှောက်တော်၌ ခရီးသွားခဲ့ကြသည် (၁၃း ၂၁–၂၂။ တော၊၁၄း၁၄)။

ည။ ယောရှုသည် သခင်ဘုရား၏ မျက်မှောက်တော်၌ အသက်ရှင်ကာ လုပ်ဆောင်ခဲ့သည် (ယောရှု၊၁း၅–၉)။

ဋ။ ဂိဒေါင်သည် သခင်ဘုရား၏ မျက်မှောက်တော်၌ စစ်ပွဲကို တိုက်ခိုက်ခဲ့သည် (သူကြီး၊၆း၁၂၊ ၁၆)။

ဌ။ ရှမွေလသည် ဆုတောင်းခြင်းရှိပြီး၊ သခင်ဘုရား၏ နာမတော်ကို ခေါ် ခဲ့သည် (၁ရှမွေ၊၁၂း၂၃။ ၁၅း၁၁။ ဆာ၊၉၉း၆။ ယေ၊၁၅း၁)။

ဍ။ ဒါဝိဒ်သည် ဘုရားသခင်၌ ယုံကြည်ကိုးစားပြီး၊ ဘုရားသခင်ကို မျှော်ကြည့်ကာ ဘုရားသခင်ကို အသက်အဖြစ် မွေ့လျော်ဝမ်းမြောက်ခဲ့သည် (၁ရှမွေ၊၁၇း၂၇၊ ၄၅။ ၃၀း၆။ ဆာ၊၂၇း၄၊ ဂ၊ ၁၄။ ၃၆း၈–၉)။

ဎ။ ဒံယေလသည် ဘုရားသခင်ထံ စဉ်ဆက်မပြတ် ဆုတောင်းပြီး၊ ကိုယ်တော်ကို အမြဲတမ်း ဆက်သွယ်ခဲ့သည် (ဒံ၊၆း၁၀–၁၁။ ၉း ၂–၄။ ၁၀း၁–၃၊ ၁၂)။

ဏ။ ဘုရားသခင်၏ သားတော်ဖြစ်သော ယေရှုသည် ဘုရားသခင်အားဖြင့် အသက်ရှင်ခဲ့သည် (ယော၊၅း၁၉။ ၆း၅၇။ ၁၄း၁၀)။

တ။ ဓမ္မသစ်ယုံကြည်သူများသည် သခင်ဘုရားအားဖြင့် အသက်ရှင်ကာ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ကြသည် (၁၅း၅။ ၆း၅၇။ ၁၄း၁၉။ ၆း၃၅။ ၁၅း၁၁။ ၁၆း၂၄။ ၁၇း၁၃။ ၁ယော၊၁း၄)။

ထ။ ပေါလုသည် သခင်ဘုရားကို အသက်ရှင်ခဲ့သည် (ဂလ၊၂း၂၀။ ဖိလိ၊ ၁း၁၉–၂၀က)။

ဒ။ ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်သည် အသက်ဖြစ်သောခရစ်တော်အားဖြင့် အသက်ရှင်သည် (ဧ၊၁း၂၂–၂၃။ ကော၊ ၃း၄)။

ဓ။ ယေရုရှလင်မြို့သစ်သည် အသက်ပင်နှင့်အတူ အသက်ရေစီးရာမြစ်အားဖြင့် မစထောက်ပံ့ခြင်းခံရသည် (ဗျာ၊၂၂း၁–၂)။

## VI. ကျွန်ုပ်တို့သည် ကျမ်းစာတစ်လျှောက်ရှိ သိက္ခမ်းရာအပင်၏လမ်းကြောင်းကို မြင်ရန်လိုအပ်သည်။

က။ ကာဣနသည် ဘုရား၏နည်းလမ်း၌မဟုတ်ဘဲ၊ မိမိ၏နည်းလမ်း၌ ဘုရားသခင်ထံ ယဇ်ပူဇော်ခဲ့သည်။ မိမိ၏ညီကို သတ်ကာ သခင်ဘုရား၏မျက်မှောက်မှ ထွက်ခွာသွားခဲ့သည် (က၊၄း၃–၉၊ ၁၆)။

ခ။ သခင်ဘုရားရှေ့တွင် ခွန်အားကြီးသော မုဆိုးဖြစ်သည့် နိမ်ရောဒသည် ဘုရားသခင်ထံမှ လုံးလုံး လွတ်လပ်သည့်သူဖြစ်ပြီး မိမိအတွက် နိုင်ငံကို တည်ထောင်ကာ၊ သူ၏နိုင်ငံအစပြုခြင်းမှာ ဗာဗုလုန်ဖြစ်သည် (၁၀း၈–၁၁)။

ဂ။ ဗာဗုလုန်မှလူများသည် ကောင်စီဖွဲ့ကြပြီး ရလဒ်မှာ လူ၏နာမအတွက် မြင့်မားသောရဲတိုက်တည်ဆောက်ရန်နှင့် မိမိ၏ကျော်စောခြင်းအတွက် မြို့ကို တည်လုပ်ခြင်းဖြစ်သည် (၁၁း၃–၄)။

ဃ။ လောတသည် မိမိမြင်ရသည့်အတိုင်းရွေးချယ်မှုပြုခြင်းအားဖြင့် အသက်လမ်းကြောင်းမှ သွေဖည်သွားခဲ့သည် (၁၃း၁၀–၁၃၊ cf. ၁၄–၁၅၊ ၁၈)။

င။ ဧသောသည် မိမိ၏အာသီသကို ကျေနပ်စေရန်အတွက် သားဦးအရာကို ရောင်းခဲ့သည် (၂၅း၃၀–၃၄)။

စ။ ဖာရောဘုရင်သည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ပြီး၊ သူ၏စိတ်နှလုံးသည် ဘုရားထံ မာကျောခက်ထန်ခဲ့သည် (ထွ၊၅း၂။ ၇း၁၃၊

၂၂။ ၇း၁၅၊ ၁၉၊ ၃၂။ ၉း၃၄–၃၅)။

ဆ။ အာရုန်သည် လူများ၏စကားကို နားထောင်ကာ ရွှေရုပ်တုကို လုပ်ရန် လွတ်လပ်စွာပြုမူခဲ့သည် (၃၂း၁၊ ၄၊ ၂၄)။

ဇ။ နာဒပ်နှင့်အဘိဟုသည် ဘုရားသခင်ထံ "ထူးဆန်းသောမီး"ကို ပူဇော်ခဲ့ကြသည် (ဝတ်၊၁၀း၁–၂)။

ဈ။ မိရိအံနှင့် အာရုန်သည် ဘုရားသခင်ကို ဆက်သွယ်မှုပြုခြင်းအားဖြင့် မဟုတ်ဘဲ မိမိတို့စိတ်ဆန္ဒအရ မောရှေကို ဆန့်ကျင်ခဲ့ကြသည် (တော၊၁၂း၁–၂၊ ၉း၁၅)။

ည။ သူလျှိုဆယ်ယောက်သည် မိမိတို့အမြင်အားဖြင့် ခါနန်ပြည်၏ အခြေအနေကို ကြည့်သောကြောင့် ကျဆင်းသွားခဲ့ကြသည်။ သူတို့ကျဆင်းရခြင်းမှာ မိမိတို့အသိဉာဏ်အပေါ် မှီခိုကာ သခင်ဘုရားကို ကိုးစားရန် ငြင်းဆန်ခဲ့သောကြောင့်ဖြစ်သည် (၁၃း၂၀၊ ၃၂–၃၃၊ cf. ၃၀။ ၁၄း၆–၉)။

ဋ။ ကောရနှင့်အပေါင်းပါများသည် ဘုရားသခင်၏ကိုယ်စားပြုအခွင့်အာဏာကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည် (၁၆း၁–၃)။

ဌ။ ရှောလုသည် လွတ်လပ်စွာပြုမူကာ သခင်ဘုရားနောက်သို့ လိုက်ခြင်းမရှိပေ။ ထိုအစား၊ မိမိ၏ဆန္ဒအတိုင်း ရန်သူကို ဆက်ဆံဖြေရှင်းခဲ့သည် (၁ရှမွေ၊၁၅း၇၊ ၁၁၊ ၂၂–၂၃)။

ဍ။ အဗရှလုံသည် မိမိ၏ဖခင် ဒါဝိဒ်ရှင်ဘုရင်ကို ဆန့်ကျင်ပုန်ကန်ခဲ့သည် (၂ရှမွေ၊၁၅း၁၀–၁၃)။

ဎ။ အာဟပ်သည် ဆိုးညစ်သောရှင်ဘုရင်ဖြစ်ပြီး၊ ဆိုးညစ်ကာ ဒုစရိုက်ကိုပြုသောမိန်းမဖြစ်သည့် ယေဇဗေလကို လက်ထပ်၍ ထိုအချိန်က အကျော်ကြားဆုံးဖြစ်သည့် ဗာလဘုရားအတွက် ဗိမာန်တော်ကို တည်ဆောက်ခဲ့သည် (၁ဘုရင်၊၁၆း၃၀–၃၂)။

ဏ။ ယဇ်ပုရောဟိတ်အကြီးနှင့် ကျမ်းပြုဆရာများသည် သမ္မာကျမ်းစာ၏စာသားကို သိသော်လည်း သမ္မာကျမ်းစာ၏ အသက်ကို မသိကြပေ (မ၊၂း၄–၆)။

တ။ နိကောဒင်သည် အသိပညာကို ရှာဖွေသော်လည်း သူလိုအပ်နေသည့်အရာမှာ အသစ်သောအသက်ဖြစ်သည် (ယော၊၃း၁–၃)။

ဏ။ ဂျူးဘာသာရေးပုဂ္ဂိုလ်များသည် ထာဝရအသက်ကို ရမည်ဟုစိတ်ထင်နှင့် ကျမ်းစာကို ရှာဖွေသော်လည်း အသက်ဖြစ်သော သခင်ဘုရားထံသို့ လာလိုခြင်းမရှိကြပေ (၅း၃၉–၄၀)။

ဒ။ ကျမ်းပြုဆရာနှင့် ဖာရိရှဲများသည် ပညတ်တရားကို သိကျွမ်းခြင်းအားကိုင်စွဲထားသော်လည်း သူတို့သည် အပြစ်၏ကျွန်ခံခြင်းအောက်တွင်ရှိနေဆဲဖြစ်သည် (၈း၅၊ ၉၊ ၃၄)။

ဓ။ သခင်ဘုရားနှင့်အတူရှိသော တပည့်တော်များသည် မွေးစကပင်မျက်စိကန်းသောလူကို မြင်သောအချိန်၌ ဘာသာရေးထုံးတမ်းစဉ်လာ သိကျွမ်းခြင်းကို ကိုင်စွဲနေကြဆဲဖြစ်သည် (၉း၁–၃)။

န။ မာသသည် သိကျွမ်းရာလမ်းကြောင်းဖြင့် လွှမ်းမိုးခံရပြီး၊ နောက်ဆုံးသောနေ့၌ ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်သည့် ကောင်းမွန်သည့်သွန်သင်ခြင်းကို သိကျွမ်းခြင်းအား ကိုင်စွဲထားသည် (၁၁း၂၃–၂၅)။

ပ။ ပေတရုသည် ခမည်းတော်ထံမှ ဖွင့်ပြခြင်းကို ရရှိပြီးနောက် မိမိ၏အသိဉာဏ်သို့ လှည့်ပြန်ကာ သခင်ဘုရားအား ကားတိုင်သို့သွားခြင်းမှ နှောင့်ယှက်ရန် စာတန်အားဖြင့် အသုံးချခံရသည် (မ၊၁၆း၁၇၊ ၂၁–၂၃)။

ဖ။ ငွေအကြောင်းအမြဲစဉ်းစားနေသော ယုဒသည် မိမိကိုယ်ကို နတ်ဆိုးထံဖွင့်ပေးပြီး ငွေအသပြာသုံးဆယ်အတွက် သခင်ဘုရားကို သစ္စာဖောက်ခဲ့သည် (ယော၊၁၂း၄–၆။ ၁၃း၂၊ ၂၇။ မ၊၂၆း၁၅။ ၂၇း၅)။

ဗ။ မယုံကြည်သောဂျူးလူမျိုးများသည် သူတို့၏ပညတ်တရားကို စောင့်ထိန်းကာ ယင်းအတိုင်း သခင်ယေရှုကို သေစေရန် စီရင်ခဲ့သည် (ယော၊၁၉း၇)။

ဘ။ ထိပ်ဆုံးမှ ဘာသာရေးသမားဖြစ်သည့် တာရှုမြို့သားရှောလုသည် မိမိ၌ ဘုရားသခင်၏ သားတော်ဖွင့်ပြခြင်း မခံရမီအထိ အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်ခဲ့သည် (ဂလ၊၁း၁၃–၁၆။ ၂း၂၀)။

မ။ ကောရိန္သုယုံကြည်သူများသည် အသိပညာအားလုံး၌ကြွယ်ဝသော်လည်း ထောင်လွှားခြင်းရှိ၍ ခရစ်တော်၌ ကလေးသူငယ်အရွယ်သာရှိနေဆဲဖြစ်သည် (၁ကော၊၁း၅။ ၈း၁။ ၃း၁)။

ယ။ ဂနိတ်ရှိရသုတအတွေးအခေါ်သည် များစွာသောယုံကြည်သူများအား

ခရစ်တော်ကို သူတို့၏ အသက်အဖြစ် မွေ့လျော်ဝမ်းမြောက်မှုမှ နှောင့်ယှက်ကာ လမ်းလွဲစေခဲ့သည် (ကော၊ ၂း၈၊ cf. အငယ်၊၆)

လ။ အသင်းတော်၌ သဘောထားကွဲလွဲသောသူများသည် ကွဲပြားခြင်းကို ဖြစ်စေပြီး ဘုရားသခင့်စီမံကိန်း၏ သွန်သင်ခြင်းကို ဆန့်ကျင်လျက် ထိမိလဲစရာကို ဖြစ်ပေါ်စေသည် (ရော၊၁၆း၁၇။ ၁တိ၊၁း၄)။

ဝ။ ဗာလမ်၏ သွန်သင်ခြင်း၊ နိကောလ၏ သွန်သင်ခြင်းနှင့် ယေဇဗေလ၏ သွန်သင်ခြင်းသည် သခင်ဘုရားကို စားသောက်ခြင်းနှင့် မွေ့လျော်ခြင်းမှ လမ်းလွဲသွားသော ကနဦးအသင်းတော်များကို လှည့်စားခဲ့သည် (ဗျာ၊ ၂း၁၄–၁၅၊ ၂၀၊ ၂၄၊ ၇၊ ၁၇။ ၃း ၂၀)။

သ။ အန္တိခရစ်သည် တရားမဲ့သောသူ၊ ဖျက်ဆီးခြင်း၏ သားဖြစ်လိမ့်မည်ဖြစ်ပြီး၊ သူသည် သိက္ခမ်းခြင်းလမ်းကြောင်း၌ ကြီးမားသည့်သူဖြစ်ကာ သူ၏ လမ်းဆုံးမှာ သေခြင်း၏ အရင်းအမြစ်ဖြစ်သော စာတန်နှင့်အတူ ငရဲမီးအိုင်အထဲသို့ ချပစ်ခြင်းခံရမည်ဖြစ်သည် (၁၃း၅–၈။ ၂သက်၊ ၂း၃–၄။ ဗျာ၊၁၉း ၂၀။ ၂၀း၁၀)။

ဟ။ "ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကို ပေး၏" (၂ကော၊၃း၆ခ)။

၁။ သိက္ခမ်းရာအပင်က ပိုင်ဆိုင်သော ကျမ်းစာရှိစာသားသက်သက်သည် အသက်ကို သတ်တတ်သည်။ သို့သော် အသက်ပင်က ပိုင်ဆိုင်သော ဝိညာဉ်တော်သည် အသက်ကို ပေးသည်။

၂။ သိက္ခမ်းရာလမ်းကြောင်းအပြင် အသက်၏ လမ်းကြောင်းလည်း ရှိနေသည် (တရား၊၃၀း၁၉–၂၀)။ အသက်ကို ရွေးချယ်မှုအတွက် သခင်ဘုရားကို ချီးမွမ်းပါသည်။

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ထိုမြေထဲက အဆင်းလှ၍ စားဘွယ်ကောင်းသောအပင် အမျိုးမျိုးကို**
**၂း၉ ယေဟောဝါဘုရားသခင် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ်၌**
**အသက်ပင်လည်းရှိ၏။ ကောင်းမကောင်းကို သိကျွမ်းရာအပင်လည်းရှိ၏။**
**ယော၊ ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည် ဥယျာဉ်**
**၁၅း၁ စောင့်ဖြစ်တော်မူ၏။**
**၆း၄၈ ငါသည် အသက်မုန့်ဖြစ်၏။**

ကိုယ်တော်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေခြင်း၌ ဘုရားသခင်လုပ်ဆောင်ခြင်း၏ ဒုတိယအဆင့်မှာ အစားအစာပုံစံ၌ လူအတွက် အသက်တည်းဟူသော ခရစ်တော်၌ ကိုယ်ထင်ရှားသော သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သော အသက်ပင်ရှေ့တွင် ဖန်ဆင်းခံလူကို ချထားရန် ဖြစ်သည်။ ဘုရားသခင်က လူကို အသက်ပင်ရှေ့တွင် ထားရှိခြင်းမှာ လူသည် ကိုယ်တော်ကို အသက်ဆိုင်ရာစားသုံးခြင်းနှင့် ဇီဝဆိုင်ရာကျေညက်သွားခြင်းဖြင့် လူ၏ အသက်အဖြစ် ဘုရားကို ရယူရန် ဘုရားသခင်အလိုတော်ရှိကြောင်းကို ညွှန်ပြသည်။ သို့မှသာ ဘုရားသခင်သည် လူသားဖြစ်ခြင်း၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်လာနိုင်မည်ဖြစ်သည်။ ယော၊ ၁း၁ အရ၊ အသက်သည် ဘုရားကိုယ်တော်တိုင်ဖြစ်သော နှုတ်ကပတ်တော်၌ ရှိသည်။ ယော၊၁း၁ နှင့် ၄ အရ အသက်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သော နှုတ်ကပတ်တော်ဖြစ်သည်။ ဘုရားသခင်၏ ဘုရားဆိုင်ရာ၊ ထာဝရနှင့် ဖန်ဆင်းမခံရသော ဤအသက်သည် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော(ကော၊ ၂း၉) ခရစ်တော်ဖြစ်သည် (ယော၊ ၁၁း ၂၅။ ၁၄း၆ခ။ ကော၊ ၂း၄က)။ အသက်ပင်သည် အသက်ရေစီးရာမြစ်တစ်လျှောက် ကြီးထွားနေခြင်းမှာ (ဗျာ၊ ၂၂း၁–၂)၊ ၎င်းသည် စပျစ်နွယ်ပင်ဖြစ်ကြောင်းကို ရည်ညွှန်းသည်။ ခရစ်တော်သည် စပျစ်နွယ်ပင်ဖြစ်ပြီး (ယော၊၁၅း၁) အသက်လည်းဖြစ်သောကြောင့် ကိုယ်တော်သည် အသက်ပင်ဖြစ်သည်။ ခရစ်တော်သည် လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့အားဖြင့် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည်၊ သို့မှသာ လူသည် အသက်ကို ရရှိကာ ကိုယ်တော်ကို စားသုံးခြင်းဖြင့် အသက်ရှင်နိုင်မည်ဖြစ်သည် (၁၀း၁၀ခ။ ၆း၅၁၊ ၅၇၊ ၆၃)။ (Gen. 2;9, footnote 2)

## ယနေ့ဖတ်စရာ

အသက်ပင်သည် ဥယျာဉ်၏ အလယ်တွင် ရှိသည်။ အကယ်၍ ကျွန်ုပ်တို့သည် ကမ္ဘာဦး၊ ၂ ကို လေ့လာမည်ဆိုလျှင်၊ ကောင်းမကောင်းကိုသိကျွမ်းရာအပင်မှအပ၊

မည်သည့်အပင်ကိုမျှ အသက်ပင်ကဲ့သို့ အမည်ဖော်ပြထားခြင်းမရှိကြောင်းကို ကျွန်ုပ်တို့ သိနားလည်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားအပင်များ၏ အမည်ကို မသိပါ။ သို့သော်လည်း အသက်ပင်ဟုခေါ်သော အပင်၏ အမည်ကို ကျွန်ုပ်တို့သိပါသည်။ ဤသည်မှာ အသက်ပင်သည် အလယ်ဗဟိုဖြစ်ကြောင်းကို ပြသခြင်းဖြစ်သည်။

အသက်ပင်သည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်အရ ကမ္ဘာမြေသည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်ပြီး ဒေဝဥယျာဉ်သည် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုဖြစ်ကာ အသက်ပင်သည် ဒေဝဥယျာဉ်၏ အလယ်ဗဟိုဖြစ်သည်။ စကြဝဠာတစ်ခုလုံးသည် ဤအသက်ပင်အပေါ် အလယ်ဗဟိုပြုထားကြောင်း ကျွန်ုပ်တို့သိမြင်ရမည်ဖြစ်သည်။ ဘုရားနှင့် လူအဖို့ ဤအသက်ပင်ထက် ပို၍ အလယ်ဗဟိုကျသော၊ အရေးကြီးသောအရာ မရှိပါ။ ဥယျာဉ်၌ အသက်ပင်ရှေ့တွင် ရပ်လျက်ရှိသော လူကိုမြင်ရခြင်းမှာ အလွန်အဓိပ္ပါယ်ရှိပါသည်။

ဤအပင်သည် လူအား အသက်တည်းဟူသော ဘုရားကိုရရှိစေနိုင်သည်။ ဤအရာကို ကျွန်ုပ်တို့ မည်သို့သက်သေပြမည်နည်း။ သမ္မာကျမ်းစာ၏ နောက်စာစောင်များက ဘုရားသည် အသက်ဖြစ်သည်ကို ဖွင့်ပြသည်။ ထို့ကြောင့် ဥယျာဉ်၌ရှိသော အသက်ပင်က ဘုရားသခင်သည် အစားအစာပုံစံ၌ ကျွန်ုပ်တို့၏ အသက်ဖြစ်ရန် ရည်ရွယ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ယောဟန်ခရစ်ဝင်ကျမ်းအရ၊ တစ်နေ့တွင် ဘုရားသခင်သည် အသွေးအသား၌ ကြွလာခဲ့သည်(ယော၊ ၁း၁၊ ၁၄)။ ကိုယ်တော်၌ အသက်ရှိသည်(ယော၊ ၁း၄)။ ကမ္ဘာဦး၊ ၂ ၌ အသက်ပင်အဖြစ် ဖော်ပြထားသော အသက်သည် အသွေးအသား၌ရှိသော ဘုရားသခင်၊ ယေရှု၌လူ့ဇာတိခံခဲ့သော အသက်ဖြစ်သည်။ ယေရှုက သူကိုယ်တော်တိုင်သည် အသက်ဖြစ်ကြောင်း မိန့်တော်မူခဲ့သည်(ယော၊၁၄း၆)။ ထို့ပြင် ယော၊၁၅ က ခရစ်တော်သည် စပျစ်နွယ်ပင်ဖြစ်သည်ဟု ပြောဆိုထားသည်။ တစ်ဘက်၌ ကိုယ်တော်သည် အပင်ဖြစ်၍၊ အခြားတစ်ဘက်တွင် ကိုယ်တော်သည် အသက်ဖြစ်သည်။ ယောဟန်ခရစ်ဝင်ကျမ်းမှ ဤအပိုင်းအားလုံးကို အတူတကွထားသောအခါ၊ ယေရှုသည် အသက်ပင်ဖြစ်သည်ကို ကျွန်ုပ်တို့မြင်ရသည်။ ယေရှုက ကိုယ်တော်သည် အသက်မုန့်ဖြစ်သည်ဟု မိန့်တော်မူထားသည်။ ဆိုလိုရင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ထံ အစားအစာပုံစံ၌ အသက်ပင်အဖြစ် ကြွလာခဲ့သည်ကို ဆိုလိုသည်။

အနန္တတန်ခိုးရှင် ဘုရားသခင်အနေဖြင့် ယေရှုသည် မြင့်မြတ်တော်မူသည်။ သို့သော် ကိုယ်တော်သည် ကျွန်ုပ်တို့ထံ အစားအစာအဖြစ် ကြွလာသောအခါ၊ ကိုယ်တော်သည် နှိမ့်ချလှသည်။ ကိုယ်တော်သည် မုန့်တစ်လုံးဖြစ်သည်။ ကိုယ်တော်သည် စားပွဲ

အောက်တွင်ကျသော စားနုပ်စားပေါက်ဖြစ်သည်။ အစားအစာပုံစံ၌ ကျွန်ုပ်တို့ထံ အသက်အဖြစ် ကြွလာတော်မူသော ယေရှုသည် မြင့်မားပြီး၊ ကြီးမြတ်ခြင်းမရှိပါ။ ကိုယ်တော်သည် သေးငယ်၍၊ နှိမ့်ချတော်မူသည်။ ကျွန်ုပ်တို့စားသုံးသော အရာတိုင်းသည် ကျွန်ုပ်တို့ဖြစ်ခြင်းထက် သေးငယ်သောအရာဖြစ်ရမည်။ သို့မဟုတ်လျှင် ၎င်းကို ကျွန်ုပ်တို့ အထဲသို့ ယူဆောင်နိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ အစာသည် ကျွန်ုပ်တို့ထက် ကြီးမားနေသည်ဆိုပါက၊ ၎င်းကို စားသုံးနိုင်လောက်သည်အထိ သေးငယ်စွာ အစိတ်စိတ်ပိုင်းဖြတ်ရမည်။ ထို့ကြောင့် ယေရှုသည် ကျွန်ုပ်တို့ထံအသက်အဖြစ် အစားအစာပုံစံ၌ ကြွလာခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်က "ငါသည် အသက်မုန့်ဖြစ်၏" "ငါ့ကို စားသောသူသည် ငါ့ကြောင့်အသက်ရှင်လိမ့်မည်"(ယော၊၆း၄၈၊ ၅၇)။ သားတော်၌ ရှိသောဘုရားသည် အသက်ပင်ဖြစ်၍ အစားအစာအတွက် ကောင်းမွန်ပေသည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြင့် ကျွေးမွေးခြင်းခံရသည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို စားသုံးနိုင်သည်။

အသက်ပင်သည် လူအထဲသို့ အသက်ကိုထည့်သွင်းပေး၍၊ လူကိုဝမ်းမြောက်ကျေနပ်အားရစေသောခရစ်တော်ကို ပုံဆောင်သည် (cf. ယော၊ ၁၅း၁။ ထွက်၊ ၁၅း၂၅)။ ခရစ်တော်သည် ဘုရားအသက်ကို ကျွန်ုပ်တို့အထဲသို့ ထည့်သွင်းပေး၍ ကျွန်ုပ်တို့ကို ဝမ်းမြောက်ကျေနပ်အားရစေသည်။ ဤအရာကို ကျွန်ုပ်တို့အားလုံး သက်သေခံနိုင်သည်။ ကျွန်ုပ်တို့က "ဟာလေလုယ၊ ယေရှုသည် ကျွန်ုပ်အထဲသို့ အသက်ကိုထည့်သွင်းပေးပြီး။ ကိုယ်တော်သည် ကျွန်ုပ်ကိုအချိန်တိုင်း ကျေနပ်ဝမ်းမြောက်စေသည်"ဟု ပြောနိုင်သည်။ ဤသည်မှာ အသက်ပင်ဖြစ်သည်။ (*Life-study of Genesis*, pp. 140-141)

*ပို၍ဖတ်ရန် – Life-study of Genesis*,msg. 11

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ကောင်းမကောင်းသိကျွမ်းရာအပင်၏ အသီးကိုကား မစားရ။ စား**
**၂း၁၇ သောနေ့တွင် ဧကန်အမှန် သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။**
**၂ကော၊ ပဋိညာဉ်တရားသစ်၏ အမှုဆောင်များဖြစ်နိုင်သော အစွမ်းသတ္တိကို**
**၃း၆ ဘုရားသခင်သည် ငါတို့အား ပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်း**
**ဟောင်းတရား၏ အမှုဆောင်များကို မဆိုလို၊ ဝိညာဉ်တော်၏ အမှု**
**ဆောင်များကို ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကို**
**သတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကို ပေး၏။**

အသက်ပင်သည် မှန်သောအရင်းအမြစ်ဖြစ်သည့် ဘုရားသခင်ကို ပုံဆောင်သည့် ပုံဆောင်ချက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကမ္ဘာဦး၊ ၂ ကိုသာဖတ်မည်ဆိုလျှင်၊ အသက်ပင်၏ အဓိပ္ပါယ်ကို နားလည်နိုင်မည်မဟုတ်ပါ။ သို့သော် ယောဟန်ခရစ်ဝင်ကျမ်း၌ အသက်ပင်သည် အသက်ကို ဆိုလိုခြင်းဖြစ်ကြောင်း အခိုင်အမာနည်းလမ်း၌ ဖော်ပြထားသည်။ ယော၊၁း၁၄တွင် "ကိုယ်တော်၌ အသက်ရှိ၏"ဟူ၍ဆိုထားပြီး၊ ယော၊၁၅း၅၌ သခင်ယေရှုသည် စပျစ်နွယ်ပင်ဖြစ်ကြောင်း ပြောဆိုထားသည်။ ကျွန်ုပ်တို့သည် ဤကျမ်းပိုဒ်နှစ်ခုကို အတူတကွကြည့်မည်ဆိုလျှင်၊ ခရစ်တော်သည် အသက်ပင်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ သိနားလည်လာမည်ဖြစ်သည်။ ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော ယေရှုသည် အသက်ပင် ဖြစ်သည်။ ထိုကြောင့် ကမ္ဘာဦး၊ ၂ ၌ အသက်ပင်သည် အသက်၏ အရင်းအမြစ်ဖြစ်သော ဘုရားသခင်၏ ပုံဆောင်ချက်ဖြစ်သည်။

ဤအရင်းအမြစ်အပြင်၊ စကြဝဠာ၌ အခြားအရင်းအမြစ်ဖြစ်သော အခြားအပင် – သေခြင်းလည်းရှိသည်။ သို့သော်ငြားလည်း ဤအပင်ကို သေခြင်း၏ အပင်ဟူ၍ မခေါ်ဆိုပါ။ ၎င်းကို ကောင်းမကောင်းသိကျွမ်းရာအပင်ဟု ခေါ်ဆိုသည်။ ထိုသို့သော အပင်မျိုး ဤစကြဝဠာ၌ ရှိသည်။ ဤအပင်နှစ်ပင်သည် တစ်ပင်နှင့် တစ်ပင် ဆန့်ကျင်ဘက်ဖြစ်သည်။ အသက်ပင်သည် အသက်၏ အရင်းအမြစ်သော ဘုရားသခင်ကို ရည်ညွှန်းပြီး၊ ကောင်းမကောင်းသိကျွမ်းရာအပင်သည် သေခြင်း၏ အရင်းအမြစ်ဖြစ်သော စာတန်ကို ပုံဆောင်ခြင်းဖြစ်သည်။ ထိုကြောင့် ကမ္ဘာဦး၊ ၂ ၌ ကျွန်ုပ်တို့သည် အပင်နှစ်ပင်အားဖြင့် ပုံဆောင်သည့် အရင်းအမြစ်နှစ်ခုကို တွေ့ရှိရသည်။ (*Life-study of Genesis*, pp. 161-162)

# ယနေ့ဖတ်စရာ

အသက်ပင်၏ အလေ့အလာသည် မှီခိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် မှီခိုမှုရှိရမည်ဖြစ်သည်။ ကောင်းတာကိုသိခြင်း၏ နည်းလမ်းကို မယူဆောင်ပါနှင့်။ ထိုနည်းလမ်းသည် သေခြင်းရလဒ်အတွက် ဖြစ်သည်။

အသက်ပင်၏ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းတာကိုသိခြင်းအပင်သည်(က၊ ၂း ၁၇) မကောင်းတာကို သိခြင်းမျှသာမဟုတ်၍၊ ၎င်းကို ကောင်းမကောင်းသိကျွမ်းရာအပင်ဟု ခေါ် ဆိုသည်။ ကောင်းတာကိုသိကျွမ်းခြင်းနှင့် မကောင်းတာကိုသိကျွမ်းခြင်းနှစ်ခုလုံးသည် တစ်ပင်တည်းမှဆင်းသက်ခြင်းဖြစ်သည်။ ကောင်းတာကိုသိကျွမ်းခြင်းဖြစ်စေ၊ သို့မဟုတ် မကောင်းတာကိုသိကျွမ်းခြင်းဖြစ်စေ၊ အကြောင်းမဟုတ်ပါ။ သိကျွမ်းနေသမျှကာလပတ်လုံးသည် အသက်ပင်နှင့် မဆိုင်ပါ။ သိကျွမ်းခြင်း၏ အပင်နှင့်သာ သက်ဆိုင်သည်။

ကောင်းမကောင်းသိကျွမ်းရာအပင်သည် စာတန်ကို ပုံဆောင်ခြင်းဖြစ်သော်ငြားလည်း၊ သူ့ကို တိုက်ရိုက်ပုံဆောင်ခြင်းမဟုတ်ပါ။ ပထမဆုံး ၎င်းသည် ဘုရားနှင့်ကင်းကွာနေသောအရာတိုင်းကို ပုံဆောင်ခြင်းဖြစ်သည်၊ ထိုနောက် သွယ်ဝိုက်၍ စာတန်ကို ပုံဆောင်သည်၊ အကြောင်းမှာ စာတန်သည် ဘုရားနှင့်ကင်းကွာနေသောအရာများ၏ နောက်ကွယ်တွင် ပုန်းအောင်းနေ၍ ဖြစ်သည်။ စာတန်သည် ပုန်းအောင်းခြင်းကို နှစ်သက်သည်။

ဘုရားသခင်သည် လွန်စွာပွင့်လင်းပြီး အမြဲတမ်း ရှေ့တန်း၌သာရှိသည်။ သို့သော် စာတန်သည် ပါးနပ်ပြီး နောက်တန်း၌သာ အမြဲနေသည်။ စာတန်သည် ပါးနပ်သောကြောင့် သိကျွမ်းရာအပင်သည် သူ့ကို တိုက်ရိုက်ပုံဆောင်ခြင်းမဟုတ်ပါ။ ၎င်းသည် ကောင်းသောအရာများ၊ ကျမ်းစာဆိုင်ရာအရာများနှင့် ဘာသာရေးဆိုင်ရာအရာများအပါအဝင် ဘုရားနှင့်ကင်းကွာနေသောအရာအားလုံးကို ပုံဆောင်ခြင်းဖြစ်သည်။ အရာတစ်ခုသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ၎င်းသည် ဘုရားမပါရှိပါ၊ စာတန်သည် ထိုအရာကို အသုံးပြုနိုင်မည်ဖြစ်သည်။

ဘုရားနှင့်ကင်းကွာသောအရာများသည် အကြောင်းအရာသုံးခုအထဲသို့ ကျဆင်းသွားသည်၊– သိကျွမ်းခြင်း၊ ကောင်းခြင်း၊ မကောင်းခြင်းတို့ဖြစ်သည်။ သင်သည် ကောင်းသောအရာတစ်စုံတစ်ရာကို လုပ်ဆောင်ရန် ရည်ရွယ်ချက်ရှိသည် ဆိုပါစို့။ သို့သော် သင့်ဝိညာဉ်၏ နက်နဲရာထဲမှ သင့်အား ၎င်းကို မထိရန် နှင့် မလုပ်ဆောင်ရန် ခံစားစေမည်ဖြစ်သည်။ ကောင်းခြင်းနှင့် မကောင်းခြင်း၏ အလေ့အလာကို အသုံးမပြုပါနှင့်၊ အသက်၏

အလေ့အလာဖြင့် ပူးပေါင်းလုပ်ဆောင်ပါ။ သင်၏ အတွင်းထဲတွင် ငြိမ်သက်ခြင်းမရရှိပါက၊ ၎င်းမှာ သင်လုပ်ဆောင်ရန် ရည်ရွယ်သည့်အရာကို အသက်၏ဝိညာဉ်တော်သည် အလိုမရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။ သင်သည် ကိုယ်တော်နှင့် ပူးပေါင်းလုပ်ဆောင်ဖို့လိုသည်။ သင်လုပ်ဆောင်ပါက၊ သင်သည် အသက်ကို ရရှိမည်ဖြစ်သည်။

ပထမဆုံး သိကျွမ်းခြင်း၏ အပင်သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ စာတန်အသုံးပြုသော အရာအားလုံးကို ပုံဆောင်ခြင်းဖြစ်သည်။ ၎င်းသည် တိုက်ရိုက်စာတန်ကို ပုံဆောင်ခြင်းမဟုတ်ပါ၊ အကြောင်းမှာ စာတန်သည် ပုန်းအောင်းရန် နှစ်သက်သည်။ ပထမဆုံး စာတန်သည် လူအထဲသို့ ဝင်ရောက်လာသောအခါ၊ ထိုအရာကို သူသည် ပွင့်လင်းသောနည်းလမ်း၌ လုပ်ဆောင်မည်မဟုတ်ပါ။ သူသည် မြွေ၏ပုံသဏ္ဍာန်၌ ရောက်လာခြင်းဖြစ်သည်။ ကျမ်းစာ၏ အစအဦး၌ မြွေသည် လွန်စွာစဉ်းလဲပြီး၊ ဘုရား၏ ကျိန်ခြင်းအောက်တွင် အကျည်းတန်သောမြွေများနှင့် မတူဘဲ၊ အလွန်ဆွဲဆောင်မှုရှိခြင်းမှာ သိသာထင်ရှားသည်။ ဧဝသည် မြွေနှင့်စကားပြောသောအခါ၊ စာတန်သည် ၎င်းအထဲတွင် ရှိနေခြင်းကို သူမ မသိပါ။ ထိုနေရာ၌ စာတန်၏ အဆင်းအရောင်၏ အလေ့အလာရှိသည်။ သူသည် ပွင့်လင်းသောအဆင်းရောင် မရှိဘဲ၊ ပါးနပ်သည်။

သိကျွမ်းခြင်းအပင်တွင် ပါဝင်သောအရာများသည် ဘုရားနှင့်ကင်းကွာသောအရာများဖြစ်သည်။ သိကျွမ်းခြင်း၏ အပင်ဖြစ်သော စာတန်သည် ဘုရားလှူ့ဆော်ထားသောကျမ်းစာနှင့် ဘုရားပေးထားသောပညတ်တရားရှိ ကျမ်းစာသားများကိုပင် အသုံးချနိုင်သူဖြစ်သည်။ (*Life-study of Genesis,* pp. 165-167)

*ပို၍ဖတ်ရန်-* *Life-study of Genesis,* msg. 13

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ယေဟောဝါဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်**
**၁း၇–၉ မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရ**
**သောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင်**
**ကေန်အမှန်သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။**
**ဧ၊ ၂း၁ သို့ရာတွင်ကျူးလွန်ခြင်းများနှင့် ဒုစရိုက်အပြစ်များ၌ သေလျက်ရှိ**
**နေသော သင်တို့သည်၊**

လူအဖို့ ဘုရားသခင်၏ပထမပညတ်ချက်မှာ လူ၏အပြုအမူမဟုတ်ဘဲ၊ လူ၏အစားအစာနှင့်စပ်လျဉ်းသည်။ စားသောက်ခြင်းသည် လူအဖို့ အရေးကြီးကာ ယင်းသည် အသက် သို့မဟုတ် သေခြင်း၏ အကြောင်းအရာဖြစ်သည်။ ဘုရားရှေ့တွင် လူ၏အကျိုးရလဒ်နှင့် ပန်းတိုင်သည် သူစားသုံးသည့်အရာပေါ် တွင် လုံးလုံးမူတည်နေသည်။ လူသည် အသက်ပင်ကို စားသုံးလျှင် ဘုရားသခင်ကို အသက်အဖြစ် ရရှိကာ ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြည့်စုံစေနိုင်မည်ဖြစ်သည်။ သူသည် သိကျွမ်းရာအပင်ကို စားသုံးလျှင် သေခြင်းဖြစ်သည့်စာတန်ကို ရရှိကာ သူ၏ရည်ရွယ်ချက်အတွက် မတရားသိမ်းပိုက်ခြင်းကို ခံရမည်ဖြစ်သည်။

လူထံသို့ သတိပေးချက်အဖြစ် ဘုရားသခင်၏တားမြစ်ချက်ပညတ်တော်သည် ဖော်ပြပါအရာတို့ကို ရည်ညွှန်းသည်။ (၁)လွတ်လပ်သောအလိုဆန္ဒနှင့်အတူ လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ကြီးမြတ်ခြင်းကို ရည်ညွှန်းပြီး၊ လူသည် အတင်းစေခိုင်းခံရခြင်းဖြင့်မဟုတ်ဘဲ၊ အလိုဆန္ဒရှိစွာ ဘုရားသခင်ကို ရွေးချယ်နိုင်ရန်ဖြစ်သည်။ (၂) လူအတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ရည်ညွှန်းသည်။ (၃) လူက သူ၏အသက်အဖြစ် သူ့အထဲသို့ ဘုရားသခင်ကို လက်ခံရရှိရန် အသက်ပင်ကို စားသုံးစေဖို့ ဘုရားသခင်အလိုတော်ရှိကြောင်းကို ရည်ညွှန်းသည်။ (က၊ ၂း၁၇၊ မှတ်စု၊ ၁)။

## ယနေ့ဖတ်စရာ

က၊ ၂း၁၇ ၌ ဘုရားသခင်သည် လူအား သတိပေးချက်ထုတ်ပြန်၍၊ သူ့ကို တားမြစ်ချက် ပေးတော်မူခဲ့ကြောင်းကို ပြောထားသည်။ ဘုရားသခင်က လူသည် သေခြင်းကိုရရန် ဘုရားမှကင်းကွာသည့်အရာများကို ထိတွေ့ခြင်းမရှိဘဲ၊ အသက်ကို လက်ခံရရှိရန် ကိုယ်တော့်ကိုသာ ထိတွေ့စေရန်အလိုရှိသည်။ ဘုရားသခင်သည် အာဒံနှင့် ဧဝတို့အား "ကောင်းမကောင်းသိကျွမ်းရာ အပင်ကို မထိနှင့်။ အသက်ပင်ကိုသာ ထိတွေ့ပါ။ သင်

သည် အသက်ပင်ကို စားသုံးမည်ဆိုလျှင်၊ သင်သည် ငါ့ကိုရရှိပြီး၊ ငါ၏ အသက်ရှိမည်။ အကယ်၍ ကောင်းမကောင်းသိကျွမ်းရာအပင်ကို စားသုံးမည်ဆိုလျှင်၊ သင်သည် စာတန်ကို ယူဆောင်ခြင်းဖြစ်ပြီး၊ သူ၏ သေခြင်းကို ရရှိလိမ့်မည်ဖြစ်သည်"ဟု မိန့်တော်မူဟန်ရှိသည်။ ဤသည်မှာ ပညတ်ချက်မျှသာ မဟုတ်ပါ။ ၎င်းသည် သတိပေးချက်လည်းဖြစ်သည်။ စကြာဝဠာတစ်ခုလုံး၌ အရင်းအမြစ် နှစ်ခုသာရှိကြောင်းကို ကျွန်ုပ်တို့သိရှိရမည်။ တစ်ခုမှာ အသက်၏ အရင်းအမြစ်ဖြစ်ပြီး၊ အခြားတစ်ခုမှာ သေခြင်း၏ အရင်းအမြစ်ဖြစ်သည်။ မည်သည့် အရင်းအမြစ်အား သင်ထိတွေ့နေသည်ကို သတိပြုပါ။ အကယ်၍ ဘုရားကို ထိတွေ့မည်ဆိုပါက၊ သင်သည် အသက်၏ အရင်းအမြစ်နှင့် အသက်ကို ရရှိလိမ့်မည်ဖြစ်သည်။ စာတန်ကို ထိတွေ့မည်ဆိုပါက၊ သင်သည် သေခြင်း၏ အရင်းအမြစ်နှင့် သေခြင်းကို ရရှိလိမ့်မည်ဖြစ်သည်။ (*Life- Study of Genesis, p. 179).*

ကမ္ဘာဦးကျမ်းက ဘုရားသည် လူကိုဖန်ဆင်းပြီးနောက်၊ လူကို အသက်ပင်ရှေ့တွင် ထားတော်မူကြောင်းကို ဖော်ပြထားသည်။ ဘုရားသခင်သည် လူအား ပညတ်တရား၏ စာရင်းကို ပေးတော်မမူခဲ့ပါ။ ထိုအရာသည် ကျဆင်းခြင်းပြီးနောက် မောရှေ၏ အလုပ်ဖြစ်ပြီး၊ ကိုယ်တော်၏ ထာဝရအကြံအစည်တော်အတိုင်းဖြစ်သော ဘုရားသခင်၏ အလုပ်မဟုတ်ပါ။ ပညတ်တရားသည် ကမ္ဘာဦး၊ ၂ တွင် မရှိဘဲ၊ ထွက်မြောက်ရာ၊ ၂၀ ၌ ရှိသည်။ ကမ္ဘာဦး၊ ၂ သည် ဘုရားသခင်က သူ၏ ဖန်ဆင်းခံလူနှင့် ဆက်ဆံဖြေရှင်းခြင်းနှင့် စပ်ဆိုင်သော ပထမဆုံးသော ရုပ်ပုံကားချပ်ဖြစ်သည်။ သမ္မာကျမ်းစာ၌ ပထမဆုံးဖော်ပြခြင်းအဖြစ် ထိုကဲ့သို့သောအခြေခံအလေ့အလာ ရှိသည်။ သင်သည် ပထမဆုံးဖော်ပြချက်ကို ရရှိသည့်အခါတိုင်း၊ အလေ့အလာမှာ အမြဲပင် ချထားပြီးသားဖြစ်သည်။ လူနှင့် ဘုရားဆက်ဆံဖြေရှင်းခြင်း၏ ပထမဆုံးဖော်ပြချက်မှာ ဘုရားသခင်သည် အာဒံကို အသက်ပင်ရှေ့တွင် ချထားပြီး၊ သူ၏ စားသုံးခြင်းကို ဂရုစိုက်ရန် မိန့်မှာခဲ့သည် (အငယ်၊ ၁၆–၁၇)။ လူအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လုပ်ဆောင်ခြင်းအကြောင်းမဟုတ်ဘဲ၊ စားသုံးခြင်း အကြောင်းဖြစ်သည်။ အကယ်၍ လူသည် ကောင်းမွန်စွာနှင့် မှန်ကန်စွာ စားသုံးမည်ဆိုပါက၊ သူသည် မှန်ကန်ခြင်းရှိလိမ့်မည်ဖြစ်သည်။

ဤအသက်ပင်သည် ကျွန်ုပ်တို့အဖို့ အသက်ဖြစ်ရန် ဝိညာဉ်တော်တည်းဟူသော ခရစ်တော်၌ရှိသည့် ဘုရားသခင်ဖြစ်သည်။ ယင်းမှာ ဝိညာဉ်တော်တည်းဟူသော သားတော်နှင့် သားတော်၌ရှိသောခမည်းတော် – သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ကျွန်ုပ်တို့သခင်ဘုရားကို လက်ခံမရရှိမီက ကျွန်ုပ်တို့သည် ဘုရားအကြောင်းတစ်စုံတစ်ရာကိုမျှ စဉ်းစားခဲ့မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရသောအခါ သို့မဟုတ်

သတိပြန်လည်လာသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကိုးကွယ်ရန်အတွက် "အသင်းတော်သို့သွားရန်"၊ ကိုယ်တော့်ကို ကျေနပ်အားရစေရန် ကောင်းသောအရာများကို ဆောင်ရွက်ရန်အတွက် အကောင်းဆုံးလုပ်ဆောင်နိုင်ရန်နှင့် သခင်ဘုရားကို အစေခံရန်၊ မိမိတို့၏စိတ်ကို ချက်ချင်းပင် ဆုံးဖြတ်ကောင်းဆုံးဖြတ်ပေလိမ့်မည်။ ကျွန်ုပ်တို့၏ဇာတိတွေးခေါ်ခြင်းများအတိုင်းဖြစ်သော ဤစဉ်းစားခြင်းများသည် မှားယွင်းနေပါသည်။ ဘုရားသခင်၏ ရည်ရွယ်ချက်သည် ကျွန်ုပ်တို့ ကိုယ်တော့်ကိုအစေခံ၍၊ ကိုယ်တော့်ကို ကျေနပ်အားရစေသော ကောင်းသောအရာများကို လုပ်ဆောင်ရန်၊ သို့မဟုတ် ကျွန်ုပ်တို့သည် ထုံးတမ်းဓလေ့နှင့် ဘာသာတရား၏နည်းလမ်း၌ ကိုယ်တော့်ကို ဝတ်ပြုကိုးကွယ်ရန် မဟုတ်ပါ။ ဘုရားသခင်၏ရည်ရွယ်ချက်သည် ကိုယ်တော့်ကို စားသုံးရန်ဖြစ်သည်။ ကျွန်ုပ်တို့ ကိုယ်တော့်ကို စားသုံးရမည်။ ဘုရားသခင်သည် လူနှင့် ဆက်ဆံဖြေရှင်းခြင်း၏ ပထမဆုံးသော ရုပ်ပုံကားချပ်မှာ လုပ်ဆောင်ခြင်းရုပ်ပုံကားချပ်မဟုတ်ဘဲ၊ စားသုံးခြင်း၏ ရုပ်ပုံကားချပ်ဖြစ်သည်။

သခင်ဘုရားသည် ကျွန်ုပ်တို့အား ကိုယ်တော့်အတွက် တစ်စုံတစ်ရာကို လုပ်ဆောင်ရန်အတွက် ရည်ရွယ်ချက်မရှိကြောင်းကို ကျွန်ုပ်တို့အားလုံး ရှေ့ဦးစွာ သိနားလည်ရမည်။ သခင်ဘုရား၏ရည်ရွယ်ချက်မှာ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့အတွက် အစားအစာအဖြစ် သူကိုယ်တော်တိုင်ကို ပေးအပ်ရန်ဖြစ်သည်။ ယောဟန်ခရစ်ဝင်ကျမ်း၌ သခင်ဘုရားကို အသက်အဖြစ်ရှေ့ဦးစွာမြင်ရပြီး(၁း၄)၊ အသက်မုန့် (၆း၃၅)၊ အသက်ရေ( ၄း၁၄)နှင့် အသက်လေ(၂၀း၂၂)အဖြစ် တွေ့မြင်ကြရသည်။ ကိုယ်တော်သည် အသက်၊ အစားအစာ၊ သောက်စရာနှင့် လေဖြစ်သည်။ ဤအရာများအားလုံးတို့သည် သင့်အား လုပ်ဆောင်သောခရစ်ယာန်ဖြစ်စေရန်မဟုတ်ဘဲ၊ မွေ့လျော်ဝမ်းမြောက်ခြင်းရှိသော ခရစ်ယာန်ဖြစ်စေရန် ဖြစ်သည်။ သင်သည် သခင်ဘုရားကို အသက်၊ အစားအစာ၊ ရေနှင့် လေအဖြစ်မွေ့လျော်ဝမ်းမြောက်ရမည်။ သင်သည် ကိုယ်တော့်ကို ရှူသွင်းပြီး၊ ကိုယ်တော့်ကို သောက်သုံးကာ၊ ကိုယ်တော်၌ ကိုယ်တော်အားဖြင့် အသက်ရှင်ရန်အလို့ငှါ၊ ကိုယ်တော့်ကို စားသုံးရမည် ဖြစ်သည်။ (*CWWL, 1965,* vol. 2, "The Tree of Life," pp. 83, 85)

*ပို၍ဖတ်ရန်* – *Life-study of Genesis,* msg. 14; *CWWL, 1965,* vol. 2, "The Tree of Life," ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အ**
**၁၅း၅ ကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များ စွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ် အမှုကိုမျှ မတတ်နိုင်ကြ။**

**က၊ အကြောင်းမူကား ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်**
**၃း၅ လင်းလျက် ကောင်းမကောင်းကို သိ၍ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလ တံ့သည်ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။**

ကောင်းမကောင်းသိကျွမ်းရာအပင်သည် လူအဖို့ သေခြင်း၏ အရင်းအမြစ်ဖြစ်သော စာတန်ကို ပုံဆောင်သည် (ဟေဗြဲ၊ ၂း၁၄)။ ၎င်းသည် ဘုရားနှင့်ကင်းကွာသော အရာအားလုံးကိုလည်း ပုံဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်မှတ်သွင်းထားသော ကျမ်းစာနှင့် ဘုရားပေးအပ်ထားသောပညတ်တရားသည်ပင်လျှင်၊ သေခြင်းကိုယူဆောင်ရန် သိကျွမ်းခြင်း၏ အပင်ဖြစ်သော စာတန်အားဖြင့် အသုံးပြုခြင်းခံရသည်(ယော၊၅း၃၉–၄၀။ ၂ကော၊၃း၆ခ)။

အသက်ပင်သည် လူကို ဘုရားအပေါ် မှီခိုမှု ဖြစ်စေသည်(ယော၊၁၅း၅)၊ သိကျွမ်းရာအပင်သည် ဘုရားကို ဆန့်ကျင်ပုန်ကန်ရန်နှင့် ကိုယ်တော့်ကို မှီခိုခြင်းမရှိရန် လူကို ဖြစ်စေသည် (cf. က၊၃း၅)။ အပင်နှစ်ပင်သည် လမ်းကြောင်းနှစ်ခုကို ထွက်ပေါ်စေသည် – အသက်၏ လမ်းကြောင်းနှင့် သေခြင်း၏ လမ်းကြောင်း – ယင်းသည် သမ္မာ ကျမ်းစာတစ်လျှောက်လုံး ဆက်သွားနေပြီး ဗျာဒိတ်ကျမ်းတွင် အဆုံးသတ်သည် (ဗျာ၊၂၀း၁၀၊ ၁၄)။ သေခြင်းသည် သိကျွမ်းရာအပင်အားဖြင့် (က၊၂း၁၇) အစပြုပြီး၊ ငရဲမီးအိုင် (ဗျာ၊ ၂၀း၁၀၊ ၁၄) ၌ အဆုံးသတ်သည်။ အသက်သည် အသက်ပင်အားဖြင့် အစပြုပြီး၊ အသက်ရေစီးသောမြို့တော်ဖြစ်သည့် ယေရုရှလင်မြို့သစ်၌ အဆုံးသတ်သည် (၂၂း၁–၂)။ (Gen. 2;9, footnote 3)

## ယနေ့ဖတ်စရာ

ကမ္ဘာဦး၊ ၂ရှိ အသက်ပင်နှင့် သိကျွမ်းရာအပင်ဖြစ်သည့်၊ အပင်နှစ်ပင်၏ အကြောင်းမှတ်တမ်းသည် ရှေးသမိုင်းကြောင်းမျှသာမဟုတ်ဘဲ၊ ဤအပင်နှစ်ပင်သည် ယနေ့ ကျွန်ုပ်တို့နှင့်အတူရှိနေသေးသည်။ ကျွန်ုပ်တို့သည် ကျမ်းစာကို သေချာစွာဖတ်မည်ဆိုလျှင်၊ ကျမ်းစာတစ်ခုလုံးသည် လမ်းကြောင်းနှစ်ခုရှိကြောင်း ကျွန်ုပ်တို့ တွေ့ရှိလိမ့်

မည်ဖြစ်သည်၊– အသက်ပင်၏ လမ်းကြောင်းနှင့် သိက္ခမ်းရာအပင်၏ လမ်းကြောင်းတို့ ဖြစ်သည်။ ၎င်းတို့ကို အသက်လမ်းနှင့် သိက္ခမ်းခြင်း၏ လမ်းအဖြစ် အတိုကောက် ကျွန်ုပ်တို့ရည်ညွှန်းမည်ဖြစ်သည်။ ဤလမ်းနှစ်ခုသည် ကမ္ဘာဦးကျမ်းစာစောင်၌ အစပြုခဲ့ပြီး၊ နောက်ပိုင်းကျမ်းစာစောင်များတစ်လျှောက်မှ ၎င်းတို့၏ နောက်ဆုံးပန်းတိုင်ရောက်သည် အထိ ဆက်လက်သွားမည်ဖြစ်သည်။ အသက်လမ်း၏ ပန်းတိုင်သည် အသက်ပင်တစ်ဖန် ပြန်ပေါ်လာမည့် ယေရုရှလင်မြို့သစ် ဖြစ်လိမ့်မည်။ အသက်မြစ်ရေသည်လည်း မြို့တစ်ခုလုံးသို့ စီးဆင်းနေသည့်အတွက် ယေရုရှလင်မြို့၌ ၎င်းကို တွေ့ရမည်ဖြစ်သည်။ ထိုကြောင့် အသက်ရေ၏ မြို့ဖြစ်သည့် ယေရုရှလင်မြို့သစ်သည် အသက်ပင်လမ်း၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ သိက္ခမ်းခြင်း၏ လမ်းသည် တောက်ပသော ယေရုရှလင်မြို့နှင့်ဆန့်ကျင်ဘက်ဖြစ်သည့်၊ မီးအိုင်နှင့် အဆုံးသတ်လိမ့်မည်ဖြစ်သည်။ မြို့သည် အသက်ရေ၏ မြို့ဖြစ်သည်။ အိုင်သည် မီးလျှံအိုင်ဖြစ်သည်။

ကျမ်းစာ၌ ဖွင့်ပြခြင်းအတိုင်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပလ္လင်တော်မှ စီးထွက်သောစမ်းချောင်းနှစ်ခုကို မြင်ရမည်။ တစ်ခုသည် အသက်ရေစမ်းချောင်းဖြစ်ပြီး၊ အခြားတစ်ခုမှာ မီးလျှံချောင်းဖြစ်သည်။ အသက်ရေစမ်းချောင်းကို ယေဇ၊၄၇နှင့် ဗျာ၊ ၂၂ ၌ ဖွင့်ပြထားသည်။ ယေဇကျေလကျမ်း၌ အသက်ရေသည် ဘုရား၏ အိမ်တော်မှ ထွက်ပေါ်လာသည်။ ဗျာ၊၂၂ ၌ အသက်ရေသည် ဘုရားသခင်၏ ပလ္လင်တော်မှ စီးထွက်သည်။ ဒံ၊၇း၉–၁၀ ၌ ကျွန်ုပ်တို့သည် အခြားစမ်းချောင်း၊ မီးလျှံချောင်းသည် ဘုရားသခင်၏ ပလ္လင်တော်မှ စီးထွက်သည်ကို မြင်ရသည်။ အသက်ရေသည် ပြန်လည်လန်းဆန်းခြင်းနှင့် ရေလောင်းခြင်းအတွက်ဖြစ်သည်၊ သို့သော် မီးလျှံချောင်းသည် တရားစီရင်ခြင်းအတွက် ဖြစ်သည်။ ၎င်းသည် စကြဝဠာတစ်ခုလုံးကို တရားစီရင်မည်ဖြစ်သည်။ မြစ်ရေသည် ဘုရားသခင်၏ ပလ္လင်တော်မှ စီးထွက်၍၊ အပေါင်းလက္ခဏာဆောင်သော အရာအားလုံးကို ယေရုရှလင်မြို့သစ်အထဲသို့ စီးဆင်းစေမည်ဖြစ်သည်။ မီးလျှံချောင်းသည် ဘုရားသခင်၏ ပလ္လင်တော်မှ ထွက်ပေါ်လာပြီး၊ အနုတ်လက္ခဏာဆောင်သောအရာအားလုံးကို မီးအိုင်အထဲသို့ လှဲချမည်ဖြစ်သည်။ ကျမ်းစာ၏ အစပိုင်းတွင်၊ ကျွန်ုပ်တို့၌ အသက်လမ်းနှင့် ကောင်းမကောင်းသိက္ခမ်းရာလမ်းဖြစ်သည် လမ်းနှစ်လမ်းနှင့် အစပြုထားသည်။ ကျမ်းစာ၏ အဆုံးတွင် ကျွန်ုပ်တို့၌ ရလဒ်နှစ်ခု၊ ပြီးမြောက်ပြည့်စုံခြင်းနှစ်ခု– အသက်ရေစီးရာမြို့နှင့် မီးလျှံအိုင်တို့ ရှိသည်။

သင်မည်သည့်နေရာတွင် ရှိနေသနည်း။ သင်အဘယ်အရပ်သို့ သွားနေသနည်း။ သင်မည်သည့်လမ်းပေါ် ရှိနေသနည်း။ ရွေးနုတ်ခြင်းခံရသောသူများဖြစ်သည့် ကျွန်ုပ်တို့

သည် မှန်သောလမ်း၊ အသက်လမ်းပေါ် တွင် ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ လျှောက်လှမ်းခြင်းနှင့် ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းဖြစ်သည့်၊– ကျွန်ုပ်တို့ အသက်ရှင်ခြင်းနှင့် ဘုရားအတွက် လုပ်ဆောင်ခြင်းလမ်းသည် မှားသောလမ်းဖြစ်ကောင်းဖြစ်နိုင်သည်။ ကျမ်းစာသည် ပထမဦးစွာ လူတို့ကို သိကျွမ်းခြင်းလမ်းမှ ဝေးဝေးနေရန်နှင့် အသက်လမ်းပေါ် တွင် တည်နေရန်နှင့် လှည့်ပြန်ရန် သတိပေးထားသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရသည့်အတွက် ထာဝရကယ်တင်ခြင်းခံရ၍၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် ထာဝရစိတ်ချရသည်။ သို့သော်ငြားလည်း ကျမ်းစာသည် ကျွန်ုပ်တို့၏ နေ့စဉ် လျှောက်လှမ်းခြင်းနှင့် သခင်ဘုရားအတွက် ကျွန်ုပ်တို့လုပ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ သတိပေးထားသည်။ ဂလာတိစာစောင်၌ ပေါလုက ကျွန်ုပ်တို့အား ဝိညာဉ်တော်၌ လျှောက်လှမ်းရန်(၅း၁၆)နှင့် ဝိညာဉ်တော်ကို မျိုးကြဲရန်(၆း၇–၈) သတိပေးထားသည်။ ကျွန်ုပ်တို့သည် အသင်းတော်ကို ရွှေ၊ ငွေနှင့် ကျောက်ကောင်းများနှင့် တည်ဆောက်ပါက၊ ဤလုပ်ဆောင်မှုသည် ယေရုရှလင်မြို့သစ်တိုင်အောင် ဆက်လက်သွားလိမ့်မည်ဖြစ်သည်။ အခြားတစ်နည်း၌ ပေါလုက ကျွန်ုပ်တို့အား သစ်သား၊ မြက်ခြောက်နှင့် ကောက်ရိုးသည် မီးလောင်ကျွမ်းခြင်းအတွက်သာ အသုံးဝင်ကြောင်း သတိပေးသည်။ (*Life-study of Genesis,* pp. 181-183)

*ပို၍ဖတ်ရန်-* *Life-study of Genesis,* msg. 15

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ၄း၄ အာဗေလသည်လည်း မိမိသိုးစုတွင် အဦးဘွားသော သားအချို့နှင့်၊ သိုးဆီဥကိုဆောင်ခဲ့၏။ ယေဟောဝါသည် အာဗေလနှင့် သူ၏ပူဇော်သက္ကာကို ပမာဏပြုတော်မူ၏။**

**၅း၂၄ ဧနောက်သည် ဘုရားသခင်နှင့်အတူ သွားလာ၏။ နောက်တဖန် သူသည်မရှိ၊ အကြောင်းမူကား၊ ဘုရားသခင် သိမ်းယူတော်မူသော ကြောင့်တည်း။**

အပြင်ပန်းအားဖြင့် အသက်ပင်သည် လူအဖို့ ပိတ်ထားခဲ့ပြီဟု ထင်ရသည်။ အမှန်တွင် ဂတိထားတော်မူသော ရွေးနုတ်ခြင်းအားဖြင့် ၎င်းသည် ခေတ်ကာလတစ်လျှောက် ဘုရားလူများက ထိတွေ့၊ မွေ့လျော်ကာ တွေ့ကြုံခံစားရန်အတွက် ရရှိနိုင်ပြီဖြစ်သည်။ ယခုတွင် အရိုးရှင်းဆုံးသောနည်းလမ်း၌ ဤအသက်လမ်းကြောင်းရှိ အပြုသဘောဆောင်သောပုဂ္ဂိုလ်များကို ဖော်ပြလိုပါသည်။ အာဗေလအကြောင်းဖြင့် ကျွန်ုပ်တို့အစပြုကြမည်။

အာဗေလအသက်တာ၏ ထူးခြားသည့်လက္ခဏာမှာ သူသည် ဘုရားသခင်၏ နည်းလမ်း၌ ဘုရားကို ဆက်သွယ်ခြင်းဖြစ်သည် (က၊၄း၄)။ သင်သည် ဘုရားကို ဆက်သွယ်ခြင်းရှိနေသရွေ့ အရာအားလုံးသည် မှန်ကန်သည်ဟု မပြောပါနှင့်။ မည်သူ၏ နည်းလမ်း၌ ဘုရားကို ဆက်သွယ်သနည်း။ သင်၏ နည်းလမ်းလော၊ ဘုရား၏ နည်းလမ်းလော။ ကျွန်ုပ်တို့သည် အာဗေလ၏ ဥပမာကို လိုက်လျှောက်ကာ ကျွန်ုပ်တို့၏ စဉ်းစားခြင်း၊ ထင်မြင်ချက်နှင့် အတွေးအခေါ် တို့ကို ဘေးဖယ်ကာ ဘုရားသခင်ကို ဆက်သွယ်ရမည်ဖြစ်သည်။ "သခင်ဘုရား၊ ကျွန်ုပ်သည် ကိုယ်တော်၏ နည်းလမ်း၌ ကိုယ်တော်ကို ဆက်သွယ်ပါသည်။ ကျွန်ုပ်၏ စဉ်းစားခြင်း၊ ထင်မြင်ချက် သို့မဟုတ် အသိပညာအားဖြင့် ကိုယ်တော်ကို ဆက်သွယ်ခြင်းမဟုတ်ပါ။ သခင်ဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်၏ နည်းလမ်းဖြစ်ပါသည်။" ဤသို့ပြုမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်မည်ဖြစ်သည်။ အာဗေလသည် ဘုရားသခင်ကို အသက်ပင်အဖြစ် မွေ့လျော်စားသုံးခဲ့သည်။ သူသည် ဤအပင်၏ အသီးကို အမှန်ပင် စားသုံးခဲ့သည်။ (*Life-study of Genesis,* pp. 183-184)

## ယနေ့ဖတ်စရာ

အာဗေလအသတ်ခံရပြီးနောက် အသက်လမ်းကြောင်းသည် အဆုံးသတ်သွားပြီဟု ထင်ရသည်။ သို့သော်လည်း ရှေသနှင့် ဧနုတ်သည် ၎င်းကို ဆက်လက်လုပ်ဆောင်ရန်

ထွက်ပေါ် လာကြသည်။ ဤမျိုးဆက်နှစ်ခုတွင် သိသာထင်ရှားသည့် ဝိသေသလက္ခဏာ ရှိသည် – သူတို့သည် သခင်ဘုရား၏ နာမတော်ကို စတင် ခေါ် ခဲ့ကြသည် (က၊၄း ၂၆)။ သူတို့သည် ဆုတောင်းရုံသာမက သခင်ဘုရား၏ နာမတော်ကိုလည်း ခေါ် ခဲ့ကြသည်။ သင်သည် ဟေဗြဲစာနှင့် ဂရိစာ မူရင်းကို ဖတ်မည်ဆိုလျှင် ခေါ် ခြင်းဟူသော စကားလုံးမှာ ဟစ်ခေါ် ခြင်းကို ဆိုလိုပြီး၊ ဆုတောင်းရုံမျှသာမဟုတ်ကြောင်း မြင်ရမည်ဖြစ်သည်။ သခင်ဘုရား၏ နာမတော်ကို ခေါ် ခြင်းသည် ကိုယ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန်နှင့် စားသုံးရန်ဖြစ်သည်။

ဧနောက်အသက်တာ၏ ထူးခြားချက်မှာ သူသည် ဘုရားသခင်နှင့် လျှောက်လှမ်းခဲ့သည် (က၊၅း ၂၂၊ ၂၄)။ သူသည် ဘုရားသခင်အတွက် အလုပ်လုပ်ခြင်း သို့မဟုတ် ဘုရားအတွက် ကြီးမားသောအရာများကို လုပ်ဆောင်သည်ဟု မပြောထားဘဲ၊ သူသည် ဘုရားသခင်နှင့် လျှောက်လှမ်းခဲ့ကြောင်းကို ပြောထားသည်။ ဤအရာသည် အလွန်အဓိပ္ပာယ်ရှိသည်။ လူတစ်ဦးနှင့်အတူလျှောက်လှမ်းရန်အတွက် သင်သည် သူ့ကို နှစ်သက်ရမည်ဖြစ်သည်။ ကျွန်ုပ်သည် သင့်ကို မနှစ်သက်လျှင် သင်နှင့်အတူ ဘယ်သောအခါမှ လမ်းလျှောက်မည်မဟုတ်ပါ။ ရှေ့ဦးစွာ သင့်ကို ကျွန်ုပ်နှစ်သက်သည်၊ ထို့နောက် သင့်ကို ကျွန်ုပ်ချစ်သည်၊ ထိုအခါ ကျွန်ုပ်သည် သင်နှင့်အတူ ဆက်လက်၍ လျှောက်လှမ်းမည်ဖြစ်သည်။ ဧနောက်သည် ဘုရားသခင်နှင့် လျှောက်လှမ်းခြင်းက သူသည် ဘုရားသခင်ကို ချစ်ကြောင်းကို ပြသနေသည်။ သူသည် ဘုရားသခင်၏ မျက်မှောက်တော်၌ရှိရန် နှစ်သက်မြတ်နိုးသည်။ သူ၏ ချီဆောင်ခံရခြင်းအခြေခံမှာ သူသည် ဘုရားသခင်နှင့်အတူ နှစ်ပေါင်းသုံးရာအတွင်း လျှောက်ခြင်းဖြစ်သည်။ ဧနောက်သည် ကျွန်ုပ်တို့အဖို့ အကောင်းဆုံးသော ဥပမာကို ပေးထားခဲ့သည်။

နောသေည် ဧနောက်၏ ခြေလှမ်းကို လိုက်လျှောက်သူဖြစ်ကာ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့သည် (က၊၆း၉)။ အမှန်တွင် သူသည် ဘုရားသခင်နှင့်အတူ နှစ်ပေါင်းသုံးရာထက်မက လျှောက်လှမ်းခဲ့သည်။ နောသေည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းသည့်အတွက် ဘုရားသခင်သည် ထိုခေတ်ကာလတွင် ကိုယ်တော်လုပ်ဆောင်လိုသောအရာ၏ ရူပါရုံကို သူ့အားဖွင့်ပြခဲ့သည်။ နောသေည် ကျဆင်းသွားသောလူမျိုးနွယ်၏ လူရှစ်ဦးကို ကယ်တင်ရန်အတွက် သင်္ဘောကြီးရူပါရုံကို လက်ခံရရှိခဲ့သည်။ နောကဲ့သို့ပင် ကျွန်ုပ်တို့သည် မိမိတို့၏ အတွေးအခေါ် အတိုင်း မပြုမူသင့်ပေ။ ကျွန်ုပ်တို့လုပ်ဆောင်သမျှ၊ ပြုမူသမျှသည် သခင်ဘုရားနှင့်လျှောက်လှမ်းသည့်အချိန်တွင် ကျွန်ုပ်တို့လက်ခံရရှိသည့် ရူပါရုံအတိုင်းဖြစ်ရပေမည်။ သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့နေ့စဉ်လျှောက်လှမ်းခြင်း၌ ကျွန်ုပ်

တို့သည် ကိုယ်တော်၏ အလိုဆန္ဒ၊ ကိုယ်တော်၏ အသိဉာဏ်၊ ကိုယ်တော်၏ အလိုတော်ကို သိမြင်လာလိမ့်မည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စဉ်းစားခြင်းများ အတိုင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ အလိုဆန္ဒအတိုင်း လုပ်ဆောင်ကာ အစေခံနိုင်မည်ဖြစ်သည်။ နောဧသည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းဖြင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခဲ့သည်။

အာဗြဟံသည် ဘုန်းကြီးသောဘုရားသခင်၏ ပေါ်ထွန်းတော်မူခြင်း အားဖြင့် ဖြည့်ခြင်းခံရသည်။ အာဗြဟံသည် ခါလဒဲပြည် ဥရမြို့၌ရှိစဉ် ဘုန်းကြီးသောဘုရားသခင်သည် သူ့ထံ ပေါ်ထွန်းခဲ့ပြီး၊ သူ့ကို ဆွဲဆောင်ခဲ့သည် (တ၊၇း၂)။ ကမ္ဘာဦးကျမ်းရှိ မှတ်တမ်းအရ ဘုရားသခင်သည် အာဗြဟံထံ အကြိမ်တော်တော်များများ ပေါ်ထွန်းခဲ့ကြောင်းကို မြင်ရသည် (က၊၁၂း၇။ ၁၇း၁။ ၁၈း၁)။ အာဗြဟံသည် မိမိကိုယ်တိုင်အားဖြင့် ယုံကြည်ခြင်း၏ လူစွမ်းကောင်းမဟုတ်ခဲ့ပါ။ သူသည် ကျွန်ုပ်တို့ကဲ့သို့ပင် အားနည်းသူဖြစ်သည်။ ဘုန်းကြီးသောဘုရားသခင်သည် အာဗြဟံထံ အကြိမ်ကြိမ် ပေါ်ထွန်းခဲ့ပြီး၊ အချိန်တိုင်းတွင် ကိုယ်တော်၏ ဘုရားဆိုင်ရာဒြပ်သဘာဝများကို သူ့အထဲသို့ ဖြန့်ဖြူးကာ ထည့်သွင်းပေးခဲ့ပြီး၊ ဘုရားသခင်ကို ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ရန် တတ်စွမ်းစေခဲ့သည်။ အာဗြဟံသည် ဘုရားသခင်၏ ပေါ်ထွန်းတော်မူခြင်းအတိုင်း လျှောက်လှမ်းခဲ့သည်။

ဘုရားသခင်၏ ပေါ်ထွန်းတော်မူခြင်းကို တွေ့ကြုံခံစားခြင်းအပြင် အာဗြဟံသည် သခင်ဘုရား၏ နာမတော်ကို ခေါ်ခဲ့သည် (က၊၁၂း၇–၈)။ အာဗြဟံ၏ သား ဣဇာက်၊ သူ၏ မြေး ယာကုပ်တို့သည်လည်း သခင်ဘုရား၏ နာမတော်ကို ခေါ်ခဲ့ကြသည်။ ဤမျိုးဆက်သုံးဆက်သည် တူညီသောကြောင့် ဘုရားသခင်အား အာဗြဟံ၊ ဣဇာက်၊ ယာကုပ်၏ ဘုရားသခင်ဟု ခေါ်ဆိုသည်။ ဤအရာက ဘုရားသခင်သည် ကိုယ်တော်၏ ပေါ်ထွန်းတော်မူခြင်း၌ အသက်ရှင်သူနှင့် ကိုယ်တော်၏ နာမတော်ကို ခေါ်သော ကိုယ်တော်၏ လူများအဖို့ ဘုရားသခင်ဖြစ်ကြောင်းကို ဆိုလိုသည်။ အာဗြဟံသည် ဘုရားသခင်၏ ပေါ်ထွန်းတော်မူခြင်း၌ အသက်ရှင်ကာ သခင်ဘုရား၏ နာမတော်ကို ခေါ်သည့်အလျောက် သူသည် ကိုယ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခဲ့သည်။ (*Life-study of Genesis,* pp.184-187)

*ပို၍ဖတ်ရန်* – *Two Principles of Living; The Tree of Life,* ch.2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ထွက်၊ ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်ဟုမိန့်တော် ၃၃း၁၄ မူ၏။**

**ယော၊ အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍၊ ၆း၅၇ ငါသည် ခမည်းတော်ကြောင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကိုစားသော သူသည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်။**

ဘုရားသခင်သည် မောရှေထံသို့ မီးလောင်နေသောချုံ၊ မီးလောင်၍ ကျွမ်းသွားခြင်းမရှိသော ချုံ၏ရူပါရုံ၌ထင်ရှားတော်မူခဲ့သည်(ထွက်၊ ၃း ၂၊ ၁၆)။ မောရှေက အံ့ဩ၍၊ ဤချုံကို ကြည့်ရှုရန် သွားလေ၏။ ၎င်းမှာ ဘုရားသခင်သည် မောရှေအား “မောရှေ သင်သည် ဤချုံပုတ်နှင့်တူ၏။ သင်ကိုယ်တိုင်အားဖြင့် လောင်ကျွမ်းခြင်း သို့မဟုတ် လုပ်ဆောင်ခြင်းမပြုပါနှင့်။ သင်၌ ကောင်းသောစိတ်နှလုံးရှိ၏။ သို့သော်လည်း သင်သည် မှားယွင်းသောနည်းလမ်း၌ လျှောက်လှမ်းနေသည်”ဟု ပြောနေဟန်ရှိသည်။ မောရှေသည် သူ၏ကိုယ်ပိုင်သိနားလည်ခြင်း၊ သူ၏နည်းလမ်း၊ သူ၏ခွန်အားနှင့် သူ၏ကိုယ်ပိုင် လှုပ်ရှားလုပ်ဆောင်ခြင်းမှ ရပ်တန့်ရန် သင်ယူခဲ့သည်။ မောရှေသည် သခင်ဘုရား၏ မျက်မှောက်တော်နှင့် ပေါ်ထွန်းတော်မူခြင်း၌ သူ၏ဘိုးဘေးများနည်းတူ စတင် အသက်ရှင်ခဲ့သည်။ သူသည် သူကိုယ်တိုင်အားဖြင့် ပြုမူလုပ်ဆောင်ခြင်း မပြုတော့ပါ။ ထိုအချိန်မှစ၍ သူသည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်။ သူတို့ခရီးဆက်ရာတွင် အစ္စရေးလူမျိုးတို့အား ဦးဆောင်ရန်အတွက် သခင်ဘုရားသည် “ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကို ပေးမည်”ဟုသူ့အားမိန့်တော်မူ၏။ တစ်ဖန်၊ မောရှေက သခင်ဘုရားအား “ကိုယ်တော်တိုင်မသွားလျှင် အကျွန်ုပ်တို့ကို ဤအရပ်မှ ပို့ဆောင်တော်မမူပါနှင့်”ဟု (ထွက်၊ ၃၃း၁၃–၁၅)။ ဤသည်မှာ မောရှေသည် သခင်ဘုရားအတွက် သူလုပ်ဆောင်ရာ၌ သခင်ဘုရား၏မျက်မှောက်တော်ကို မရှိမဖြစ်လိုအပ်ကြောင်းကို သိကြောင်းဖော်ပြခြင်းဖြစ်သည်။ (*Life- Study of Genesis, pp. 189-190)*

## ယနေ့ဖတ်စရာ

မောရှေသည် အစ္စရေးအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ ခေါ်ထုတ်ခဲ့ပြီးနောက် ဘုရားသခင်သည် သူ့အားတောင်ထိပ်ပေါ် သို့ ခေါ်တော်မူသည်။ ထိုအရပ်၌ ရက်ပေါင်း လေးဆယ်ပတ်လုံးနေခဲ့သည်။ သူသည် တောင်ထိပ်ပေါ်၌ရှိစဉ်အခါ၊ သူသည် ဘုရားသခင်၏ရှခိနဘုန်းတော်နှင့် လုံးလုံးဖြည့်သွင်းပေးခြင်းကို ခံရသည်။ သူသည် တောင်ပေါ်

မှ ပြန်ဆင်းလာသောအခါ၊ ဘုရားသခင်၏ဘုန်းတော်သည် သူ၏မျက်နှာပေါ်တွင် တောက်ပလျက်ရှိ၏ (ထွက်၊၃၄း၂၉)။ ဤတောင်ထိပ်ပေါ်တွင် မောရှေသည် အသက်ပင်တည်းဟူသော ဘုရားသခင်ကို ပြည့်ဝစွာ တွေ့ကြုံခံစားခဲ့သည်။ အသက်ပင်သည် မယုံကြည်သောလူများထံမှ ပျောက်ကွယ်သွားခဲ့သော်လည်း၊ မောရှေကဲ့သို့သော ပုဂ္ဂိုလ်ထံ ပေါ်ထွန်းတော်မူခဲ့သည်။ မောရှေသည် ဘုန်းထင်ရှားသော တောင်ပေါ်တွင် အသက်ပင်တည်းဟူသော ဘုရားကို မွေ့လျော်ဝမ်းမြောက်ခဲ့သည်။

ဒါဝိဒ်သည် ဘုရား၌ယုံကြည်ကိုးစားသောသူ၊ ကိုယ်တော့်ကိုသာမျှော်ကြည့်သောသူဖြစ်သည် (၁ရှမွေ၊၁၇း၃၇၊ ၄၅။ ၃၀း၆)။ ဒါဝိဒ်အသက်တာ၏ လျှို့ဝှက်ချက်မှာ သူ၏အလိုဆန္ဒသည် ဘုရားသခင်၏ အိမ်တော်၌ စဉ်ဆက်မပြတ်ကိန်းဝပ်ကာ၊ ကိုယ်တော်၏လှပခြင်းကို မျှော်ကြည့်ရန်အတွက်သာ ဖြစ်သည် (ဆာ၊ ၂၇း၄၊ ၈၊ ၁၄)။ ဤသည်မှာ သူသည် ဘုရားသခင်၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် သူသည် ကြွယ်ဝခြင်းနှင့် ချမ်းသာမြစ်ရေအဖြစ် ဘုရားကို မွေ့လျော် ဝမ်းမြောက်ခဲ့သည် (ဆာ၊၃၆း ၈–၉)။ ဒါဝိဒ်က "ကိုယ်တော့်ထံမှာ အသက်စမ်းရေတွင်းရှိပါ၏"ဟု ပြောဆိုထားသည်။ ဤသည်မှာ ရှေးခေတ်အချိန်တွင်ပင် ဒါဝိဒ်သည် အသက်ပင်နှင့် သူ့အထဲမှ စီးထွက်သော မြစ်ရေအဖြစ် ဘုရားအသက်ကို မွေ့လျော်ဝမ်းမြောက်ခဲ့ကြောင်းကို သက်သေပြခြင်းဖြစ်သည်။

ဒံယေလ၏ဆုတောင်းခြင်းအသက်တာသည် သန့်ရှင်းသောအသက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူသည် ဗာဗုလုန်၏ဒိဋ္ဌိနယ်မြေ၌ သန့်ရှင်းသောအသက်တာကို အသက်ရှင်ခဲ့သည်။ ဥပမာ– ရုပ်တုများကို ရှေ့ဦးစွာပူဇော်၍၊ ဘုရင်နှင့် သူ၏လူများကို ကျွေးမွေးသောအစာ၊ ဘုရင်၏ အစားအသောက်ကို စားရန် ဒံယေလသည် ငြင်းဆန်ခဲ့သည် (ဒံ၊၁း၈)။ ဒံယေလသည် ထိုအစားအသောက်ကို ငြင်းပယ်ခဲ့ကာ၊ သူသည် ဘုရားကို အလွန်မွေ့လျော်ဝမ်းမြောက်ခဲ့သည်။ သူသည် အသက်ပင်တည်းဟူသော ဘုရားကို မွေ့လျော်ဝမ်းမြောက်ခဲ့သည်။

ဓမ္မသစ်ကျမ်း၌ အသက်လမ်းကြောင်းပေါ်တွင်ရှိသော ပထမလူပုဂ္ဂိုလ်မှာ သခင်ယေရှုဖြစ်သည်။ ယေရှုသည် အသက်ပင်ကို မွေ့လျော်ဝမ်းမြောက်ရုံသာမက၊ ကိုယ်တော်သည် အသက်ပင်ဖြစ်သည်။ ကိုယ်တော်သည် ခမည်းတော်ထံမှဆင်းသက်လာခဲ့၍၊ သူသည် ခမည်းတော်ကြောင့်အသက်ရှင်သည်ဟု သူကိုယ်တော်တိုင် မိန့်တော်မူထားသည် (ယော၊၆း၅၇)။ ကိုယ်တော်သည် အသိတရားနှင့် သင်ယူခြင်းအတိုင်း အသက်မရှင်ခဲ့ပါ။ ကိုယ်တော်သည် သူ့အတွင်းအလုပ်လုပ်ဆောင်နေသောသူ ခမည်းတော်အတိုင်း အသက်

ရှင်ခြင်း၊ လျှောက်လှမ်းခြင်းနှင့် လုပ်ဆောင်ခြင်းရှိခဲ့သည် (ယော၊၁၄း၁၀)။

ယနေ့ ကျွန်ုပ်တို့ဘာလုပ်ရမည်နည်း။ ကျွန်ုပ်တို့သည် ဘာကိုမျှ မလုပ်ဆောင်ရပါ။ ကျွန်ုပ်တို့သည် ရိုးရိုးလေး အသက်လမ်းကြောင်းပေါ် တွင် တည်နေကာ ဘုရားသခင်ကို ကျွန်ုပ်တို့၏ အသက်နှင့် ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် မွေ့လျော်ရမည်ဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဂရုစိုက်ပေးလိမ့်မည်ဖြစ်သည်။ သခင်ဘုရားကို ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၊ လျှောက်လှမ်းခြင်း၊ လုပ်ဆောင်ခြင်းနှင့် အသင်းတော်များ၏ တည်ဆောက်ခြင်းကို ရရှိမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့၌ ရှိသမျှအရာအားလုံးသည် ဘုရားသခင်၏ ဘုရားဆိုင်ရာဒြပ်သဘာဝအတိုင်းဖြစ်လာကာ၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေးအခေါ် အတိုင်း မဟုတ်တော့ပါ။ ကျွန်ုပ်တို့အားလုံးသည် အသက်လမ်းကြောင်းပေါ် တွင် ဆက်လက်ရပ်တည်နိုင်ရန် သခင်ဘုရားသည် ကျွန်ုပ်တို့အပေါ် ဂရုဏာတော်သက်ရောက်ပါစေ။

၂ကော၊၃း၆ က "ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကို ပေး၏"ဟု ပြောဆိုထားသည်။ သိကျွမ်းရာအပင်က ပိုင်ဆိုင်သော ကျမ်းစာရှိစာသားသက်သက်သည် အသက်ကို သတ်တတ်သည်။ သို့သော် အသက်ပင်က ပိုင်ဆိုင်သော ဝိညာဉ်တော်သည် အသက်ကို ပေးသည်။ ထို့ကြောင့် ကျွန်ုပ်တို့၌ ရွေးချယ်မှုရှိသည်။ ဤရွေးချယ်မှု၊ အသက်ကို ရွေးချယ်မှုအတွက် သခင်ဘုရားကို ချီးမွမ်းပါသည်။ သိကျွမ်းရာလမ်းကြောင်းအပြင် အသက်၏ လမ်းကြောင်းလည်း ရှိနေသည်။ ကျွန်ုပ်တို့သည် အသက်နှင့် သိကျွမ်းရာအကြား ရွေးချယ်မှုပြုရမည်။ ကျွန်ုပ်တို့သည် သေခြင်းနှင့် အသက်အကြား ရွေးချယ်မှုပြုရမည်ဖြစ်သည်။ (*Life-study of Genesis*, pp. 190, 192-195, 211-212)

*ပို၍ဖတ်ရန်* – *Life-study of Genesis*,msg. 13

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

***Hymns,* # E- 1194**

၁။ ယနေ့ ကျွန်ုပ်တို့သက်ရှင်ရန် လမ်းကြောင်းနှစ်ခုရှိ
အသက်လမ်းကြောင်းသည် ခရစ်တော်ထံ ပို့ဆောင်ပေးမည်
သို့သော် သိကျွမ်းရာသည် ကျွန်ုပ်တို့ကို သေစေမည်
မည်သည့်လမ်းကြောင်း၌ သက်ရှင်ကြောင်း ဂရုပြုရန်လို။

ဘုရားသက်လမ်းကြောင်း၌ ကျွန်ုပ်တို့ရပ်တည်နေမည်
သေခြင်းဖြစ်စေသော သိကျွမ်းရာကို ဂရုမစိုက်
နာမတော် နေ့စဉ်ခေါ်ကာ ကိုယ်တော်ကို ထိတွေ့မည်
ကိုယ်တော်၏မျက်မှောက်တော်၌ ကျွန်ုပ်တို့သက်ရှင်နေမည်။

၂။ အာဗေလကဲ့သို့ ကိုယ်တော်ကို လုံးလုံးဆက်သွယ်မည်
သိကျွမ်းခြင်းဖြင့်မဟုတ် သစ်လွင်လန်းဆန်းအသက်ဖြင့်
နာမတော်ကို စတင်ခေါ်ဆိုသူ နေ့တ်နည်းတူ
ဧနောက်ကဲ့သို့ ကိုယ်တော်နှင့်အတူ ကျွန်ုပ်လျှောက်လှမ်း။

၃။ အာဗြဟံကဲ့သို့ သက်ရှင်ကာ လျှောက်လှမ်းရန် စောင့်ထိန်း
ကိုယ်တော့်သန့်ရှင်းမျက်မှောက်တော် ထည့်သွင်းပေးသည့်နည်းတူ
ဣဇာက်၊ ယာကုပ်နှင့် မောရှေသည် ဤလမ်းတိုင်းသက်ရှင်
နေ့စဉ် ကိုယ်တော့်မျက်မှောက်တော်၌ မှီခိုကာ သက်ရှင်။

၄။ အသက်ပေးသောသစ်ပင်ကို ဒါဝိဒ်စားသောက်မွေ့လျော်
ဒံယေလသည် ဆုတောင်းကာ ကိုယ်တော်၌ မြဲသက်ရှင်
သက်တာပြည့်စုံရန် ခမည်းတော်ဖြင့် ယေရှုသက်ရှင်
ရှင်သန်သော သက်ပင် ကိုယ်ခန္ဓာတော် ယခု စားသောက်။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ